# မွတ်စ်လင်မ် ရင်သွေးငယ်များအတွက် သိမှတ်ဖွယ်ရာများ

شركاء التنفيذ:

دار الإسلام جمعية الربوة رواد الترجمة المحتوى الإسلامي

يتاح طباعة هذا الإصدار ونشره بأي وسيلة مع الالتزام بالإشارة إلى المصدر وعدم التغيير في النص.

Telephone: +966114454900
ceo@rabwah.sa
P.O.BOX: 29465
RIYADH: 11557
www.islamhouse.com

## စကားချီး

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ ချီးမွမ်းထောမနာပြုခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူ၏။

* ဤသည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ သာသနာတော်နှင့် စပ်လျဉ်း၍ မွတ်စ်လင်မ်ကလေးများ မဖြစ်မနေသိရှိနားလည်ထားရမည့် အမိန့်ပညတ်ချက်များဖြစ်ပြီး မိဘများအနေဖြင့် ဤသာသနာ့အသိပညာကို မိမိတို့သားသမီးများအား ငယ်ရွယ်စဉ်ကပင် သင်ကြားပေးရန် တာဝန်ရှိပေသည်။

* ဤစာအုပ်သည် အကီဒဟ် ယုံကြည်ချက်၊ ဖိက်ဟ် အစ္စလာမ့် ဥပဒေ၊ တမန်တော်မြတ်၏ ဘဝဖြစ်စဉ်၊ ယဉ်ကျေးမှုများ၊ ကျမ်းမြတ်ကုရ်အာန်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဟဒီးဆ်သြဝါဒတော်များ၊ ကိုယ်ကျင့်တရားများနှင့် ဇိက်ရ်ဒုအာများ ပါဝင်သော လွယ်ကူပြည့်စုံသည့် သင်ရိုးတစ်ခုဖြစ်သည်။ ကလေးငယ်များသာမက အသက်အရွယ်မရွေး မွတ်စ်လင်မ်တိုင်းနှင့် သစ်လွင်မွတ်စ်လင်မ်တို့အတွက်လည်း သင့်တော်ပေသည်။ ဤစာအုပ်အား သင်ကြားရှင်းပြရန်နှင့် ကျက်မှတ်ရန်အတွက် အိမ်များ၊ ကလေးထိန်းကျောင်းများ၊ စာသင်ကျောင်းများတွင်ထားရှိသင့်သည်။ကျွန်တော်သည် ဤသာသနာ့အမိန့်ပညတ်ချက်များကို ဘာသာရပ်အလိုက် ခေါင်းစဉ်များဖြင့် စီစဉ်ထားပြီး အမေး၊အဖြေ ပုံစံမျိုး ပြုလုပ်ထားသည့်အတွက် ဦးနှောက်ကို

ပို၍လှုံ့ဆော်ပေးကာ ကျက်မှတ်ရာတွင် ပို၍မှတ်မိစေပါသည်။ သင်ကြားသည့်ဆရာအနေဖြင့် ကျောင်းသားများ၏ အသက်အရွယ်နှင့် လိုက်ဖက်သောကဏ္ဍကို ရွေးချယ်သင်ကြားပေးနိုင်သည်။

ဤစာအုပ်ကို လက်ခံသဘောတူရန်နှင့် ၎င်းဖြင့် အကျိုးဖြစ်ထွန်းစေရန်အတွက် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် ကျွန်တော်မျိုး ဒုအာဆုမွန်တောင်းခံအပ်ပါသည်။

ဤသင်ရိုးသည် အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူသည့် အောက်ပါအာယသ်ပေါ်တွင် အခြေခံပါသည်။:

﴿يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ قُوٓاْ أَنفُسَكُمۡ وَأَهۡلِيكُمۡ نَارٗا وَقُودُهَا ٱلنَّاسُ وَٱلۡحِجَارَةُ عَلَيۡهَا مَلَـٰٓئِكَةٌ غِلَاظٞ شِدَادٞ لَّا يَعۡصُونَ ٱللَّهَ مَآ أَمَرَهُمۡ وَيَفۡعَلُونَ مَا يُؤۡمَرُونَ ٦﴾ [التحريم: 6]

{ အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်များကိုလည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားတို့ကိုလည်းကောင်း၊ (ငရဲ)မီး (ဘေး)မှ ကင်းလွတ်စေကြလေကုန်။ ယင်း(ငရဲ)မီး၏ လောင်စာများမှာ လူများနှင့်ကျောက်တုံးများ ဖြစ်ကြ၏။ ယင်း(ငရဲ)မီး၌ ညှာတာမှုကင်းမဲ့၊ စိတ်ဓာတ် ခက်ထန်ကြမ်းတမ်းသော၊ လွန်စွာပြင်းထန် ကြံ့ခိုင်သော "မလာအိကဟ်" ကောင်းကင်တမန်များသည် (စောင့်ကြပ်လျက်)ရှိကြကုန်၏။ ထို "မလာအိကဟ်" ကောင်းကင်တမန်တို့မှာ အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်က ၎င်းတို့ကို ပေးတော်မူသော အမိန့်တော်နှင့်စပ်လျဉ်း၍ ဖီဆန်ကြသည် မရှိသည့်အပြင် မိမိတို့ အမိန့်ပေးတော်မူခြင်း ခံကြရသည်ကို (မဆိုင်းမတွ) ပြုလုပ် ဆောင်ရွက်လေ့ရှိကြကုန်၏။[စူရဟ် သဟ်ရီးမ် အာယသ်-၆]

ထို့အတူ အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗာစ် (رَضِيَ اللهُ عَنْهُمَا) ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်သြဝါဒတော်ပေါ်တွင် အခြေခံထားသည်။ ၎င်းကပြောကြားခဲ့သည်မှာ-

တစ်နေ့ ကျွန်တော်သည် တမန်တော်မြတ်(ﷺ)၏ နောက်တွင် လိုက်ပါစီးနင်းခဲ့သည်။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ -အို- ကောင်လေး ငါကိုယ်တော် သင့်အား အချို့သောစကားရပ်များကို သင်ပေးတော်မူမည်။ သင်အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အရှင်မြတ်သည် သင့်အားထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အလ္လာဟ်အရှင်မြတ်သည် သင့်ရှေ့မှ ကူညီတော်မူလိမ့်မည်။ သင်တောင်းခံမည်ဆိုပါက အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ တောင်းခံပါ။ သင်အကူအညီတောင်းမည်ဆိုပါကလည်း အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ အကူအညီတောင်းခံပါ။ အသင်ကောင်းစွာ မှတ်သားပါ။ အကယ်၍ လူသားထုတစ်ရပ်လုံး သင့်အား တစ်စုံတစ်ရာ အကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့် အကျိုးကိုမျှ ပြုနိုင်ကြမည်မဟုတ်ပေ။ အကယ်၍ လူသားထုတစ်ရပ်လုံး သင့်အား တစ်စုံတစ်ရာ ဆိုးကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့်ဆိုးကျိုးကိုမျှ ပေးနိုင်ကြမည်မဟုတ်ပေ။ (သက္ကဒီရ်အား ရေးမှတ်သည့်) ကလောင်တံများလည်း မယူခြင်းခံလိုက်ရပြီး (ရေးမှတ်ထားသည့်) မှတ်တမ်းများလည်း ခြောက်သွေ့သွားပြီ ဖြစ်သည်။(သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း)

ကလေးငယ်များကို ပညာသင်ကြားပေးခြင်း၏ အရေးပါမှု-

ကလေးငယ်များအား ၎င်းတို့၏ဘာသာရေးဆိုင်ရာ လိုအပ်ချက်များအား သင်ကြားပေးရန် မွတ်စ်လင်မ်တိုင်းတွင် တာဝန်ရှိသည်။ သို့မှသာ ၎င်းတို့အနေဖြင့် အစ္စလာမ့်ဓမ္မလမ်းစဉ်ပေါ်တွင် ပြည့်စုံသည့် လူသားတစ်ဦးဖြစ်လာပြီး အီမာန်ယုံကြည်မှု၏ လမ်းကြောင်းပေါ်တွင် မှန်ကန်ကောင်းမွန်သည့် 'မုဝဟ်ဟိဒ်'တစ်ဆူတည်းသောအရှင်ကို ယုံကြည်ကိုးကွယ်သူဖြစ်လာပေမည်။

အိမာမ် အစ်ဗ်နုအဗီ ဇိုက်ဒ် အလ်ကိုင်ရဝါနီ (رَحِمَهُ اللهُ)က ပြောကြားခဲ့သည်။

"ကလေးများအသက် ခုနစ်နှစ်သို့ရောက်သည့်အခါ ဆွလာသ်ဝတ်ပြုရန် အမိန့်ပေးခိုင်းထားပြီး ဆယ်နှစ်သို့ရောက်သည့်အခါ ဆွလာသ်ဝတ်မပြုပါက ရိုက်၍ဆုံးမရန်နှင့် ၎င်းတို့အား အိပ်ယာခွဲသိပ်ရန် ဟဒီးဆ်တော်တွင် လာရှိထားသည်။ ထိုနည်းတူ ၎င်းတို့အရွယ်မရောက်မီအလျင် အလ္လာဟ်အရှင်မြတ်က ကျေးကျွန်များအပေါ်တွင်  ဖရ်သ္ဖ်အဖြစ် သတ်မှတ်ထားသော  ရွတ်ဖတ်မှုများနှင့် ကျင့်ဆောင်မှုများကို သင်ကြားပေးသင့်သည်။ ဤနည်းအားဖြင့် အရွယ်ရောက်လာသည့်အခါ ၎င်းတို့၏နှလုံးသားထဲတွင် အရှင်မြတ်၏အမိန့်နာခံမှုပေါ်တွင်တည်ငြိမ်သွားကာ ၎င်းတို့၏ စိတ်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများသည်လည်း အမိန့်နာခံမှုဖြင့် အသားကျသွားမည်ဖြစ်သည်။"မုကဒ်ဒိမဟ် အဗီဇိုက်ဒ် အလ်ကိုင်းရဝါနီ (စာ-၅)

*****

**ယုံကြည်မှုကဏ္ဍအကီဒဟ် ယုံကြည်မှုဆိုင်ရာ အသိပညာ။အစ္စလာမ့် အကီဒဟ်ယုံကြည်ချက်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အဖြစ်လည်းကောင်း၊ အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခြင်းခံထိုက်ကြောင်းကို လည်းကောင်း၊ အရှင်မြတ်၏ နာမတော်များ ဂုဏ်တော်များကိုလည်းကောင်း၊ အရှင်မြတ်၏ မလာအိကဟ် ကောင်းကင်တမန်များကိုလည်းကောင်း၊ အရှင်မြတ်၏ ကျမ်းဂန်များကိုလည်းကောင်း၊ အရှင်မြတ်၏ ရစူလ်တမန်တော်များကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက္ကဒီရ် အကောင်း အဆိုး သတ်မှတ်ချက်ကိုလည်းကောင်း၊ အခြားသောအကွယ်ဆိုင်ရာ ကိစ္စရပ်များနှင့် သာသနာရေး အခြေခံယုံကြည်ချက်များအားလုံးကိုလည်းကောင်း၊ အကီဒဟ် ယုံကြည်ချက်ဆိုင်ရာကဏ္ဍတွင်လည်းကောင်း၊ ‘السلف الصالح’ ရှေးသူမွန်သူမြတ်တို့က တညီတညွတ်တည်း လက်ခံယုံကြည့်ခဲ့သည့်အချက်များကို လည်းကောင်း၊ အခြားယုံကြည်ချက်ဆိုင်ရာ မတ်စ်အလဟ်များကိုလည်းကောင်း ခိုင်မာစွာသက်ဝင်ယုံကြည်ခြင်းဖြစ်သည်။**

မေး (၁) သင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မှာ မည်သူနည်း။

ဖြေ။ ကျွန်တေ့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မှာ အလ္လာဟ်အရှင်မြတ်ဖြစ်သည်။ ထိုအရှင်မြတ်သည် ကျွန်တော်နှင့်တကွ စကြဝဠာခပ်သိမ်းအား မိမိ၏ကျေးဇူးတော်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ထိုအရှင်မြတ်သည် ကျွန်တော်၏ခဝပ်ကိုးကွယ်ရာ အရှင်ဖြစ်ပြီး ထိုအရှင်မြတ်မှပ အခြားခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍မရှိပါ။ ထိုအရှင်မြတ်သည် စကြဝဠာအတွင်းရှိ အရာခပ်သိမ်းကို

ဖန်ဆင်းတော်မူသောအရှင်၊ စိုးပိုင်တော်မူသောအရှင်၊
ရိုဇီရိက္ခာချီးမြှင့်တော်မူသောအရှင်၊ စီမံခန့်ခွဲတော်မူသောအရှင်ဖြစ်တော်မူသည်။

အထောက်အထား။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ :

﴿ٱلۡحَمۡدُ لِلَّهِ رَبِّ ٱلۡعَٰلَمِينَ ٢﴾ [الفاتحة: 2]

ချီးမွမ်းထောမနာခြင်း ဟူဟူသမျှသည် စကြဝဠာ အပေါင်းတို့ကို (မဖြစ်ပေါ် မီကစ၍ ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့်) ပြုစုပျိုးထောင်တော်မူသော အလ္လာဟ်အရှင်မြတ် အဖို့သာတည်း။[စူရဟ် ဖာသိဟဟ် အာယသ်-၂]

မေး (၂) သင်၏သာသနာမှာ အဘယ်နည်း။

ဖြေ။ ကျွန်တော်၏ သာသနာမှာ အစ္စလာမ်ဖြစ်သည်။ အစ္စလာမ်ဆိုသည်မှာ သောင်ဟီးဒ်တရားကို သက်ဝင်ယုံကြည်ကာ အလ္လာဟ်အရှင်မြတ်ထံ နာခံအပ်နှင်းခြင်း၊ အရှင်မြတ်၏အမိန့်တော်များကို အကောင်အထည်ဖော်ခြင်း၊ ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုနှင့် ဖက်စပ်ယှဉ်တွဲ ကိုးကွယ်သူများမှ ကင်းရှင်းခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿إِنَّ ٱلدِّينَ عِندَ ٱللَّهِ ٱلۡإِسۡلَٰمُۗ ١٩﴾ [آل عمران: 19]

မချွတ်ကေန် အလ္လာဟ်အရှင်မြတ်အထံတော်၌ (နှစ်မြို့တော်မူပြီးဖြစ်သော) "ဒီန်" သာသနာမှာ မူကား အစ္စလာမ် သာသနာတော်ပင်တည်း။[စူရဟ် အာလိအင်မ်ရာန် အာယသ်-၁၉]

မေး (၃) သင်၏ နဗီတမန်တော်မှာ မည်သူနည်း။

ဖြေ။ တမန်တော် မုဟမ္မဒ်(ﷺ) ဖြစ်ပါသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿مُّحَمَّدٞ رَّسُولُ ٱللَّهِۚ ٢٩﴾ [الفتح: 29]

(မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်သည်။...) [စူရဟ် ဖသ်ဟ် အာယသ်-၂၉]

မေး (၄) ကလိမဟ်သောင်ဟီးဒ်ကို ဖော်ပြပါ။ ယင်း ကလိမဟ်တော်၏ အဓိပ္ပါယ်မှာ အဘယ်နည်း။

ဖြေ။ ကလိမဟ်သောင်ဟီးဒ်မှာ

(لَا إِلٰهَ إِلَّا اللهُ)

ဖြစ်ပါသည်။ ၎င်း၏အဓိပ္ပါယ်မှာ 'အလ္လာဟ်အရှင်မြတ်မှအပ စစ်မှန်သည့် ကိုးကွယ်ရာအရှင်ဟူ၍လုံး၀မရှိ'။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿فَٱعۡلَمۡ أَنَّهُۥ لَآ إِلَٰهَ إِلَّا ٱللَّهُ ١٩﴾ [محمد: 19]

﴾ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်၊) အလ္လာဟ် အရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်း မရှိကြောင်း ကောင်းစွာသိရှိယုံကြည်ထားပါလေ။ [စူရဟ် မုဟမ္မဒ် အာယသ်-၁၉]

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿ذَٰلِكَ بِأَنَّ ٱللَّهَ هُوَ ٱلۡحَقُّ وَأَنَّ مَا يَدۡعُونَ مِن دُونِهِۦ هُوَ ٱلۡبَٰطِلُ وَأَنَّ ٱللَّهَ هُوَ ٱلۡعَلِيُّ ٱلۡكَبِيرُ ٦٢﴾ [الحج: 62]

﴿ဤ(သို့ကူညီတော်မူခြင်းကား) အလ္လာဟ်အရှင်မြတ်သည်သာလျှင် မှန်ကန်သော အရှင်ဖြစ်တော်မူ၍ ထိုသူတို့ ဟစ်ခေါ်(တသကိုးကွယ်)ကြသော အရာများမှာမူကား (လုံး၀)မှားသောကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အလွန်မြင့်မြတ်တော်မူသောအရှင်၊ အလွန်ကြီးကဲတော်မူသောအရှင် ဖြစ်တော်မူသောကြောင့်လည်းကောင်း၊ ဖြစ်ချေသတည်း။[စူရဟ် ဟဂ်ျ အာယသ်- ၆၂]

မေး (၅) ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မှာနည်း။

ဖြေ။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်ပေါ်၌ အဖန်ဆင်းခံအားလုံးနှင့် အရ်ရှ် ပလ္လင်တော်၏ အထက်တွင် စံမြန်းနေတော်မူသည်။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ-

﴿ٱلرَّحۡمَٰنُ عَلَى ٱلۡعَرۡشِ ٱسۡتَوَىٰ۝٥﴾ [طه: 5]

﴿(ရဟ်မာန် အနန္တကရုဏာတော်ရှင်ကား အရ်ရှ် ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူ၏။) [စူရဟ် သွာဟာ အာယသ်-၅]

အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ

﴿وَهُوَ ٱلۡقَاهِرُ فَوۡقَ عِبَادِهِۦۚ وَهُوَ ٱلۡحَكِيمُ ٱلۡخَبِيرُ ۝١٨﴾ [الأنعام: 18]

(၎င်းပြင် ထိုအရှင်မြတ်သည် မိမိကျွန်များအပေါ်ဝယ် နိုင်နင်းလွှမ်းမိုးတော်မူသော အရှင်မြတ်လည်းဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် အလွန်ပြည့်စုံတော်မူသောအရှင်၊ (သတင်းအလုံးစုံတို့ကို) အကြွင်းမဲ့ ကြားသိတော်မူသောအရှင်မြတ်လည်း ဖြစ်တော်မူပေသတည်း။) [စူရဟ် အန်အာမ် အာယသ်- ၁၈]

မေး (၆) မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေခံခြင်း၏ အလိုသဘောမှာ အဘယ်နည်း။

ဖြေ။ ၎င်း၏အလိုသဘောမှာ- အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား စကြဝဠာခပ်သိမ်းအတွက် ဝမ်းမြောက်ဖွယ် သတင်းပြောကြားသူအဖြစ်လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူခဲ့သည်။

ကျွန်ုပ်တို့ အပေါ်တွင်-

၁။ တမန်တော်မြတ်၏ အမိန့်ကို နာခံရန်။

၂။ တမန်တော်မြတ် သတင်းပေးခဲ့သည့် အကြောင်းအရာများကို ထောက်ခံယုံကြည်ရန်။

၃။ တမန်တော်မြတ်၏အမိန့်ကို ဖီဆန်ခြင်းမပြုရန်။

၄။ တမန်တော်မြတ်၏ ရှရီအဟ် တရားလမ်းစဉ်အတိုင်းသာ အလ္လာဟ်အရှင်မြတ်ကို ခဝပ်ကိုးကွယ်ရန်နှင့် စွန္နသ်တော်ကို လိုက်နာကျင့်သုံးပြီး ဗိဒ်အဟ် တရားသစ်တီထွင်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿مَّن يُطِعِ ٱلرَّسُولَ فَقَدۡ أَطَاعَ ٱللَّهَۖ ٨٠﴾ [النساء: 80]

(မည်သူမဆို ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာပါလျှင်၊ ထိုသူသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသည်မည်၏။) [စူရဟ် နိစာအ် အာယသ်

၈၀]အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَمَا يَنطِقُ عَنِ ٱلۡهَوَىٰٓ ٣ إِنۡ هُوَ إِلَّا وَحۡيٞ يُوحَىٰ ٤﴾ [النجم: 3-4]

(ထိုမှတစ်ပါး ထိုအဖော် (တမန်တော်မြတ်မုဟမ္မဒ်)သည် (မိမိ)စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ။ إِنۡ هُوَယင်းပြောဆိုမှုကား (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်း ခံရလေသော ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်။) [စူရဟ် နဂျမ် အာယသ်- ၃၊၄]

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿لَّقَدۡ كَانَ لَكُمۡ فِي رَسُولِ ٱللَّهِ أُسۡوَةٌ حَسَنَةٞ لِّمَن كَانَ يَرۡجُواْ ٱللَّهَ وَٱلۡيَوۡمَ ٱلۡأٓخِرَ وَذَكَرَ ٱللَّهَ كَثِيرٗا ٢١﴾ [الأحزاب: 21]

(ဧကန်မလွဲ အသင်တို့အဖို့ (ဝါ) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ကြောက်ရွံ့သည့်ပြင် အလ္လာဟ်အရှင်မြတ်အား များစွာအောက်မေ့တသ သတိရလျက်ရှိသူ၏အဖို့ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်မြတ်၌ မွန်မြတ်လှစွာသော စံနမူနာသည်ရှိပေသည်။) [စူရဟ် အဟ်ဇာဗ် အာယသ်-၂၁]

မေး (၇) အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အဘယ်ကြောင့် ဖန်ဆင်းခဲ့ပါသနည်း။

ဖြေ။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား တစ်ပါးတည်းဖြစ်တော်မူသော တုဖက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ရန်အတွက် ဖန်ဆင်းတော်မူခဲ့သည်။

ပျော်ရွှင်မြူးတူးရန်နှင့် ကစားခုန်စားရန်အတွက် ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَمَا خَلَقْتُ ٱلْجِنَّ وَٱلْإِنسَ إِلَّا لِيَعْبُدُونِ﴿٥٦﴾﴾ [الذاريات: -56]

(စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်န်သတ္တဝါတို့အားလည်းကောင်း၊ မနုဿလူသားတို့အားလည်းကောင်း၊ ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရန်သာလျှင်ဖန်ဆင်းတော်မူခဲ့၏။) [စူရဟ် ဇာ‌းရိယာသ် အာယသ်- ၅၆].

မေး (၈) 'အိဗာဒဟ်' ခဝပ်ကိုးကွယ်မှုဆိုသည်မှာ အဘယ်နည်း။

ဖြေ။ အိဗာဒဟ် ဟူသည် အလ္လာဟ်အရှင်မြတ် ချစ်ခင်နှစ်သက်သည့် စိတ်အတွင်းပိုင်းဆိုင်ရာနှင့် ပြင်ပခန္ဓာကိုယ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများ၊ အပြောအဆိုများ အားလုံးကို အိဗာဒဟ် ဟု ခေါ်သည်။

ပြင်ပခန္ဓာကိုယ်ပိုင်းဆိုင်ရာအိဗာဒဟ်မှာ- ဥပမာအားဖြင့် နှုတ်လျှာဖြင့်

"سُبْحَانَ اللهِ، اَلْحَمْدُ لِلّٰهِ، اَللّٰهُ أَكْبَر"

ရွတ်ဆိုကာ အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်း၊ ဆွလာသ် ဆောက်တည်ခြင်း၊ ဟဂ်ျပြုခြင်း စသည်တို့ဖြစ်သည်။

စိတ်အတွင်းပိုင်းဆိုင်ရာ အိဗာဒဟ်မှာ- ဥပမာအားဖြင့် အလ္လာဟ်အရှင်မြတ်အား ယုံပုံအားကိုးခြင်း၊ ကြောက်ရွံ့ခြင်း၊ မျှော်လင့်ချက်ထားခြင်း စသည်တို့ဖြစ်သည်။

မေး (၉) ကျွန်ုပ်တို့အပေါ်တွင်ရှိသော အကြီးမားဆုံး တာဝန်မှာ အဘယ်နည်း။

ဖြေ။ ကျွန်ုပ်တို့အပေါ်တွင်ရှိသော အကြီးမားဆုံး တာဝန်မှာ 'သောင်ဟီးဒ်'အလ္လာဟ်အရှင်မြတ် တစ်ဆူတည်းကိုသာ ခဝပ်ကိုးကွယ်

ခံထိုက်သောအရှင်အဖြစ်
သတ်မှတ်ခြင်းဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿جَزَآؤُهُمۡ عِندَ رَبِّهِمۡ جَنَّٰتُ عَدۡنٖ تَجۡرِي مِن تَحۡتِهَا ٱلۡأَنۡهَٰرُ خَٰلِدِينَ فِيهَآ أَبَدٗاۖ رَّضِيَ ٱللَّهُ عَنۡهُمۡ وَرَضُواْ عَنۡهُۚ ذَٰلِكَ لِمَنۡ خَشِيَ رَبَّهُۥ ٨﴾ [البينة: 8]

စင်စစ်သော်ကား ထိုသူတို့သည် ဆည်းကပ် ကိုးကွယ်မှုကို အလ္လာဟ်အရှင်မြတ်အားသာလျှင် ရည်စူး၍ သန့်သန့်ပြုကြလျက် အာရုံစူးစိုက်ကာ ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ကြရန်လည်းကောင်း၊ ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြရန်လည်းကောင်း၊ ဇကာသ်ပေးဆောင်ကြရန်လည်းကောင်း၊ အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရသည်မဟုတ်ပေ။

မေး (၁၀) သောင်ဟီးဒ် အမျိုးအစားများကို ဖော်ပြပါ။

ဖြေ။ သောင်ဟီးဒ် အမျိုးအစားများမှာ- (၁) သောင်ဟီးဒ် ရုဗူဗီယဟ် - အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းတော်မူသောအရှင်၊ ရိုဇီရိက္ခာချီးမြှင့်တော်မူသောအရှင်၊ စိုးပိုင်တော်မူသောအရှင်၊ စီမံခန့်ခွဲတော်မူသောအရှင်၊ တစ်ပါးတည်းဖြစ်တော်မူသော တုဖက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော အရှင်ဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း။

(၂) သောင်ဟီးဒ် အုလူဟီယဟ် - အလ္လာဟ်အရှင်မြတ်တစ်ဆူတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်း၊ အလ္လာဟ်အရှင်မြတ်မှအပ မည်သည့်အရာကိုမျှ ခဝပ်ကိုးကွယ်မှု မပြုခြင်း။

(၃) သောင်ဟီးဒ် အတ်စ်မာအု ဝဆ့်ဆွဖာသ် - ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်တွင် လာရှိသည့် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်၊

နာမတော်များကို ပမာပေးခြင်း၊ ခိုင်းနှိုင်းခြင်း၊ အဓိပ္ပါယ်ကို
ငြင်းပယ်ခြင်းတို့မပြုဘဲ သက်ဝင်ယုံကြည်ခြင်း။

သောင်ဟီးဒ်အမျိုးအစားသုံးမျိုးနှင့် ပတ်သက်သည့် အထောက်အထားမှာ-
အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

﴿رَّبُّ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضِ وَمَا بَيۡنَهُمَا فَٱعۡبُدۡهُ وَٱصۡطَبِرۡ لِعِبَٰدَتِهِۦۚ هَلۡ تَعۡلَمُ لَهُۥ سَمِيّٗا ٦٥﴾ [مريم: 56]

(ထိုအရှင်မြတ်သည်) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်း မိုးကောင်းကင်နှင့်ပထဝီမြေနှစ်ခုစလုံး၏အကြား၌ ရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုအရှင်မြတ်အားခဝပ်ကိုးကွယ်ပါလေ။ ၎င်းပြင် ထိုအရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ တည်ကြည်စွဲမြဲစွာ ရှိပါလေ။ ထိုအရှင်မြတ်နှင့် အမည်အားဖြင့် တူညီမှု (မည်သည့် အရာတွင်မျှ ဆင်တူယိုးမှားပင် မရှိနိုင်သည်) ကို အသင်သိပါသလော။)[စူရဟ် မရ်ယမ် အာယသ်- ၆၅]

မေး (၁၁) အကြီးဆုံးအပြစ်အကုသိုလ်မှာ အဘယ်နည်း။

ဖြေ။ အကြီးဆုံးအပြစ်အကုသိုလ်မှာ အလ္လာဟ်အရှင်မြတ်နှင့်
'ရှိရ်က်'ပြုခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿إِنَّ ٱللَّهَ لَا يَغۡفِرُ أَن يُشۡرَكَ بِهِۦ وَيَغۡفِرُ مَا دُونَ ذَٰلِكَ لِمَن يَشَآءُۚ وَمَن يُشۡرِكۡ بِٱللَّهِ فَقَدِ ٱفۡتَرَىٰٓ إِثۡمًا عَظِيمًا ٤٨﴾ [النساء: 48]

(ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာကို မိမိနှင့် တွဲဘက်ယှဉ်ပြိုင်ကိုးကွယ်ခြင်းကို လွတ်ငြိမ်းချမ်းသာခွင့် အလျှင်းပေးတော်မူမည်မဟုတ်ပေ။ သို့ရာတွင် ထိုတွဲဖက်ယှဉ်ပြိုင် ကိုးကွယ်မှုမှတစ်ပါး အခြားပြစ်မှုဒုစရိုက်တို့ကိုမူကား မိမိအလိုရှိတော်မူသောသူအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူအံ့။ အမှန်စင်စစ်သော်ကား မည်သူမဆို တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ပါမူ ထိုသူသည် ဧကန်မလွဲ အလွန်ကြီးလေးလှစွာသော ပြစ်မှုဒုစရိုက်ကို ကျူးလွန်ခဲ့လေသတည်း။) [စူရဟ် နိစာအ် အာယသ်- ၄၈]

မေး (၁၂) ရှိရ်က်နှင့် ၎င်း၏အမျိုးအစားများကိုဖော်ပြပါ။

ဖြေ။ ရှိရ်က် ဆိုသည်မှာ လူသားသည် ဖန်ဆင်းခြင်း၌လည်းကောင်း၊ ခဝပ်ကိုးကွယ်ခြင်း၌လည်းကောင်း၊ ဂုဏ်တော်နာမတော်များကို ပိုင်ဆိုင်ရာတွင်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့်အတူအခြားတစ်စုံတစ်ရာကို တွဲဘက်ယှဉ်ဘက်အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။အိဗာဒသ် ခဝပ်ကိုးကွယ်မှု အမျိုးအစားများအနက်တစ်ခုခုကို အလ္လာဟ်အရှင်မြတ်အပြင် အခြားတစ်စုံတစ်ရာအတွက် ပြုလုပ်ခြင်းသည် ရှိရ်က်ပြုခြင်းတွင် ပါဝင်သည်။

ရှိရ်က် အမျိုးအစားများမှာ -

- ရှိရ်က်အက္ကဗရ် (ရှိရ်က် အကြီး) ဥပမာ- အလ္လာဟ်အရှင်မြတ်အပြင် အခြားသူထံ ဒုအာတောင်းခံခြင်း၊ အလ္လာဟ်အရှင်မြတ်အပြင် အခြားသူအား စဂျ်ဒဟ် ဦးချခြင်း၊ အဖန်ဆင်းခံအတွက် ရည်စူး၍ သားကောင်လှီးခြင်း။

- ရှိရ်က် အဆ္ဂဖရ် (ရှိရ်က် အသေး) ၎င်းသည် အစ္စလာမ့်ဘောင်အပြင်သို့ မရောက်စေပါ။ ဥပမာ- အဖန်ဆင်းခံဖြင့် ကစမ်ကျိန်ဆိုခြင်း၊ ကောင်းကျိုးရရှိရန်

သို့မဟုတ် ဆိုးကျိုးမှဖယ်ရှားပေးရန်အတွက် အဆောင်၊ လက်ဖွဲ့ ချိတ်ဆွဲခြင်း၊ အခြားသူများကြည့်ရှုနေသည့်အတွက် ဆွလာသ်ကို လှပကောင်းမွန်စွာ ဝတ်ပြုခြင်းကဲ့သို့ ပြစားခြင်း။.

မေး (၁၃) အလ္လာဟ်အရှင်မြတ်မှအပ အကွယ်ကိုသိရှိသူဟူ၍ ရှိပါသလား။

ဖြေ။ အလ္လာဟ်အရှင်မြတ်မှအပ မည်သူမျှ အကွယ်ကို မသိနိုင်ပါ။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿قُل لَّا يَعْلَمُ مَن فِي ٱلسَّمَٰوَٰتِ وَٱلْأَرْضِ ٱلْغَيْبَ إِلَّا ٱللَّهُ ۚ وَمَا يَشْعُرُونَ أَيَّانَ يُبْعَثُونَ﴿٦٥﴾﴾ [النمل: 65]

(အသင်သည် ပြောကြားပါလေ။ (အချင်းတို့)အကွယ်၌ရှိသော အရာများကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး၊ မိုးကောင်းကင်၌ရှိသူတို့သည် လည်းကောင်း၊ ပထဝီမြေ၌ရှိသူတို့သည် လည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှပင် မသိချေ။ ထို့အတူ မိမိတို့သည် မည်သည့်အချိန်အခါ၌ ရှင်ပြန်ထစေခြင်းခံကြရမည်ကိုလည်း ၎င်းတို့မသိကြပေ။) [စူရဟ် နမ်လ် အာယသ်- ၆၅]

မေး (၁၄) အီမာန်၏မဏ္ဍိုင်များကို ဖော်ပြပါ။အီမာန်၏ မဏ္ဍိုင်(၆) ခုရှိသည်။ ၎င်းတို့မှာ-

(၁) အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ခြင်း။

(၂) အရှင်မြတ်၏ ကောင်းကင်တမန်များကို သက်ဝင်ယုံကြည်ခြင်း။

(၃) အရှင်မြတ်၏ကျမ်းဂန်များကို သက်ဝင်ယုံကြည်ခြင်း။

(၄) အရှင်မြတ်၏ ရစူလ်တမန်တော်များကို သက်ဝင်ယုံကြည်ခြင်း။

(၅) နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ခြင်း။

(၆) အကောင်း၊ အဆိုး သက္ကဒီရ်သတ်မှတ်ချက်ကို သက်ဝင်ယုံကြည်ခြင်း။

၎င်း၏ အထောက်အထားမှာ မွတ်စ်လင်မ်ကျမ်းတွင် လာရှိသော ကျော်ကြားသည့် ဂျိဗ်ရီးလ် (عَلَيْهِ السَّلَامُ) ၏ ဟဒီးဆ်တော်ဖြစ်သည်။ဂျိဗ်ရီးလ် (عَلَيْهِ السَّلَامُ)က တမန်တော်မြတ်(ﷺ)အား ကျွန်ုပ်အားအီမာန်နှင့်ပတ်သက်၍ ပြောပြပါဟု လျှောက်ထားခဲ့သည်။ ကိုယ်တော်ကဖြေကြားသည်မှာ အီမာန်ဟူသည် သင့်အနေဖြင့်အလ္လာဟ်အရှင်မြတ်ကို လည်းကောင်း၊ အရှင်မြတ်၏ ကောင်းကင်တမန်များကို လည်းကောင်း၊ အရှင်မြတ်၏ ကျမ်းဂန်များကို လည်းကောင်း၊ အရှင်မြတ်၏ ရစူလ်တမန်တော်များကို လည်းကောင်း၊ နောက်ဆုံးနေ့အားလည်းကောင်း၊ သက္ကဒီရ်အရှင်မြတ်၏အကောင်း၊အဆိုး သတ်မှတ်ချက်ကိုလည်းကောင်း သက်ဝင်ယုံကြည်ခြင်းဖြစ်သည်။

မေး (၁၅) အီမာန်၏မဏ္ဍိုင်များကို ရှင်းပြပါ။

ဖြေ။ အလ္လာဟ်အရှင်မြတ်ကို အီမာန်သက်ဝင်ယုံကြည်ခြင်း။

အလ္လာဟ်အရှင်မြတ်သည် သင့်အားဖန်ဆင်းတော်မူသောအရှင်၊ စားနပ်ရိက္ခာချီးမြှင့်တော်မူသောအရှင်၊ ထိုအရှင်မြတ် တစ်ပါးတည်းကသာ အဖန်ဆင်းခံများကို စိုးပိုင်တော်မူပြီး စီမံခန့်ခွဲတော်မူသောအရှင်ဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း။

ထိုအရှင်မြတ်သာလျှင် ခဝပ်ကိုးကွယ်ခြင်းခံထိုက်တော်မူပြီး ထိုအရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သော အရှင်ဟူ၍အလျင်းမရှိ။ ဖန်ဆင်းခြင်း၊ အမိန့်အာဏာ၊ စီရင်ဆုံးဖြတ်ခြင်း၊ ရှရီအဟ် တရားလမ်းစဉ် သတ်မှတ်ပြဌာန်းခြင်း စသည့်အလုံးစုံကို ထိုအရှင်မြတ်တစ်ပါးတည်းကသာ ပိုင်ဆိုင်တော်မူပြီး အရှင်မြတ်၌ ဖက်စပ်ယှဉ်တွဲမည့်သူဟူ၍ အလျင်းမရှိပါ။

ထိုအရှင်မြတ်သည် ကြီးကျယ်တော်မူသောအရှင်၊ ကြီးမြတ်တော်မူသာအရှင်၊ ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူသော ပြီးပြည့်စုံသည့်အရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်တွင် လှပသည့် နာမတော်များနှင့် ကြီးကျယ်မြင့်မြတ်သည့် ဂုဏ်တော်များရှိသည်။ ထိုအရှင်မြတ်နှင့် ဂုဏ်ရည်တူဟူ၍ အလျဉ်းမရှိ၊ ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူသော အရှင်မြတ်သည် မည်သည့်အရာနှင့်မျှတူဆင်ခြင်းမရှိပေ။

ကောင်းကင်တမန်များကို အီမာန်သက်ဝင်ယုံကြည်ခြင်း။

ကောင်းကင်တမန်များသည် အဖန်ဆင်းခံများပင်ဖြစ်ပြီး အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား နူရ်အလင်းရောင်ဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်နှင့် အမိန့်တော်ကို အပြည့်အဝနာခံရန်အတွက် ဖန်ဆင်းခံရခြင်း ဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَقَالُواْ ٱتَّخَذَ ٱلرَّحۡمَٰنُ وَلَدٗاۗ سُبۡحَٰنَهُۥۚ بَلۡ عِبَادٞ مُّكۡرَمُونَ ٢٦ لَا يَسۡبِقُونَهُۥ بِٱلۡقَوۡلِ وَهُم بِأَمۡرِهِۦ يَعۡمَلُونَ ٢٧﴾ [الأنبياء: 26-27]

ထိုမှတစ်ပါး ၎င်းတို့က "ရဟ်မာန်" အနန္တကရုဏာတော်ရှင်သည်(မလာအိကဟ် ကောင်းကင်တမန်များအား)သားသမီးပြုလုပ်တော်မူခဲ့သည်ဟု (စွပ်စွဲ)ပြောဆိုကြကုန်၏။ ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား (ကောင်းကင်တမန်သည်ထိုအရှင်မြတ်၏သားသမီးများ မဟုတ်ကြချေ။ ထိုအရှင်မြတ်၏) မြင့်မြတ်သော ကျွန်များပင် ဖြစ်ကြကုန်၏။ ယင်း(ကောင်းကင်တမန်)တို့မူကား ထိုအရှင်မြတ်၏ရှေ့တော်သို့ကျူး၍ စကားပြောဆိုနိုင်ကြသည် အလျှင်းမဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည်

ထိုအရှင်မြတ်၏အမိန့်တော်ကိုသာ (တစ်သွေမတိမ်း)လိုက်နာ ဆောင်ရွက်ကြကုန်၏။[စူရဟ် အန်ဗိယာအ် အာယသ် -၂၆၊၂၇]

တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်။'မလာအိကဟ်' ကောင်းကင်တမန်များသည် နူးရ်ရောင်ခြည်ဖြင့် ဖန်ဆင်းခြင်းခံရသည်။(မွတ်စ်လင်မ်ကျမ်း)

၎င်းတို့အနက် ဂျိဗ်ရီးလ် (عَلَيْهِ السَّلَامُ) သည် နဗီတမန်တော်များထံ ဝဟီပို့ဆောင်ပေးသည့် ကောင်းကင်တမန် ဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَإِنَّهُۥ لَتَنزِيلُ رَبِّ ٱلْعَٰلَمِينَ۝١٩٢ نَزَلَ بِهِ ٱلرُّوحُ ٱلْأَمِينُ۝١٩٣ عَلَىٰ قَلْبِكَ لِتَكُونَ مِنَ ٱلْمُنذِرِينَ۝١٩٤ بِلِسَانٍ عَرَبِيٍّ مُّبِينٍ۝١٩٥﴾ [الشعراء: 192-195]

(၎င်းပြင် မလွဲဧကန် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် စကြာဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသည့်အရှင် ချပေးတော်မူသော (ကျမ်းဂန်ပင်) ဖြစ်ချေသည်။ * "အရ်ရူဟုလ်အမီန်" (ယုံကြည်စိတ်ချအပ်သောဝိညာဉ်တော်) ကောင်းကင်တမန်ဂျိဗ်ရီလ်သည် ယင်း (ကုန်အာန်ကျမ်းတော်မြတ်)ကို ယူဆောင်ချပေးခဲ့လေသည်။ * အသင်၏ စိတ်နှလုံးပေါ်၌ အသင်သည် သတိပေးနှိုးဆော်သူတို့တွင် အပါအဝင် ဖြစ်အံ့သောငှာ။ ရှင်းလင်းသော အရဗီဘာသာဖြင့်။) [စူရဟ် ရှုအရာအ် အာယသ်- ၁၉၂-၁၉၅]

ကျမ်းဂန်များကို အီမာန်သက်ဝင်ယုံကြည်ခြင်း။

ထိုကျမ်းဂန်များကို အလ္လာဟ်အရှင်မြတ်က မိမိ၏ရစူလ်တမန်တော်များအပေါ်သို့ ချပေးတော်မူခဲ့သည်။ ၎င်းတို့မှာ-

(၁) ကုရ်အာန်ကျမ်း- ၎င်းကို တမန်တော်မုဟမ္မဒ်(ﷺ)ပေါ်သို့ ချပေးတော်မူခဲ့သည်။

(၂) အင်န်ဂျီလ်ကျမ်း- ၎င်းကို တမန်တော်အီစာ (عَلَيْهِ السَّلَامُ) ပေါ်သို့ ချပေးတော်မူခဲ့သည်။

(၃) သောင်ရာသ်ကျမ်း- ၎င်းကို တမန်တော်မူဆာ (عَلَيْهِ السَّلَامُ) ပေါ်သို့ ချပေးတော်မူခဲ့သည်။

(၄) ဇဗူရ်ကျမ်း- ၎င်းကို တမန်တော်ဒါဝူးဒ် (عَلَيْهِ السَّلَامُ) ပေါ်သို့ ချပေးတော်မူခဲ့သည်။

(၅) ဆွဟီဖဟ် ကျမ်းငယ်များ- ၎င်းတို့ကို တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ) နှင့် တမန်တော်မူစာ (عَلَيْهِ السَّلَامُ) အပေါ်သို့ ချပေးတော်မူခဲ့သည်။

ရစူလ်တမန်တော်များကို အီမာန်သက်ဝင်ယုံကြည်ခြင်း။

ရစူလ်တမန်တော်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်က မိမိ၏ဗန္ဒာကျေးကျွန်များကို သာသနာအား သင်ကြားပြသပေးရန်အတွက်လည်းကောင်း၊ ကောင်းမှုများနှင့် ဂျန္နသ်သုခဘုံ၏ သတင်းကောင်းပေးရန်အတွက်လည်းကောင်း၊ မကောင်းမှုနှင့် ဂျဟန္နမ်ငရဲမီးဘေးမှ သတိပေးခြိမ်းခြောက်ရန်အတွက်လည်းကောင်း အလ္လာဟ်အရှင်မြတ်က စေလွှတ်ခဲ့သည့် ပုဂ္ဂိုလ်များဖြစ်သည်။

ရစူလ်တမန်တော်များအနက် အမွန်မြတ်ဆုံးမှာ စိတ်ဓာတ်ကြံ့ခိုင်သော ဖွဲ့သတ္တိနှင့်ပြည့်စုံသော ရစူလ်တမန်တော်များဖြစ်သည်။ ၎င်းတို့မှာ-

နူးဟ် (عَلَيْهِ السَّلَامُ)

အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)

မူစာ (عَلَيْهِ السَّلَامُ)

အီစာ (عَلَيْهِ السَّلَامُ)

မုဟမ္မဒ် (ﷺ) တို့ဖြစ်သည်။

နောက်ဆုံးနေ့ကို အီမာန်သက်ဝင်ယုံကြည်ခြင်း။

နောက်ဆုံးနေ့ဟူသည် ကဗရ်သင်္ချိုင်းထဲတွင် သေဆုံးပြီးနောက်ပိုင်း ပြန်လည်ရှင်ပြန်ထမြောက်ပြီး စာရင်းစစ်ဆေးသည့်နေ့၊ ကိယာမသ်နေ့ ဖြစ်ပြီး သုခဘုံသားများသည် မိမိတို့နေထိုင်ရမည့် နေရာဌာနများတွင်လည်းကောင်း၊ ငရဲသားများသည် မိမိတို့နေထိုင်ရမည့် နေရာဌာနများတွင်လည်းကောင်း နေထိုင်ကြမည်ဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿كُلُّ نَفۡسٖ ذَآئِقَةُ ٱلۡمَوۡتِۗ وَإِنَّمَا تُوَفَّوۡنَ أُجُورَكُمۡ يَوۡمَ ٱلۡقِيَٰمَةِۖ فَمَن زُحۡزِحَ عَنِ ٱلنَّارِ وَأُدۡخِلَ ٱلۡجَنَّةَ فَقَدۡ فَازَۗ وَمَا ٱلۡحَيَوٰةُ ٱلدُّنۡيَآ إِلَّا مَتَٰعُ ٱلۡغُرُورِ ١٨٥﴾ [آل عمران: 185]

(သက်ရှိသတ္တဝါတိုင်းသည် မရဏ သေခြင်းတရား၏ရသာကို မြည်းစမ်းကြရမည်။ တဖန် အသင်တို့သည်ကိယာမတ်ခေါ် (သေပြီးနောက်) ရှင်ပြန်ထရမည့်နေ့၌သာလျှင် မိမိတို့၏(ကောင်းမှု၊ မကောင်းမှုတို့၏)အကျိုးများကို အပြည့်အစုံပေးခြင်း ခံကြရပေမည်။ သို့ဖြစ်ပေရာ အကြင်သူသည် ငရဲမီးဘေးမှ ဖယ်ရှားခြင်းခံရ၍ ဂျန္နသ်အမတသုခဘုံသို့ ဝင်ရောက်စေခြင်းကိုခံရအံ့။ သို့ဖြစ်လျှင် ထိုသူသာလျှင်စင်စစ်ကေန် အောင်မြင်သောသူဖြစ်ပေသည်။ အမှန်သော်ကား (နောင်တမလွန်ဘဝသည်သာလျှင် အမြဲခံစားရမည့်ဘဝဖြစ်၍ ဤပစ္စက္ခ မျက်မှောက်) လောကီဘဝသည်ကား ထင်ယောင်ထင်မှားဖြစ်စေသောပစ္စည်းမျှသာ ဖြစ်ချေသည်။)[စူရဟ် အာလိ အင်မ်ရာန် အာယသ်- ၁၈၅]

အကောင်း၊ အဆိုး သက္ကဒီရ်သတ်မှတ်ချက်ကို အီမာန်သက်ဝင်ယုံကြည်ခြင်း။

သက္ကဒီရ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် စကြဝဠာ၌ ဖြစ်ပျက်မည့်အရာမှန်သမျှကို အကြွင်းမဲ့သိရှိတော်မူပြီး ထိုသို့သိတော်မူသည့်အတိုင်း (လောင်ဟိမဟ်ဖူဇ်) သင်ပုန်းတွင်

ရေးမှတ်တော်မူခဲ့သည်။ ၎င်းနောက် ထိုအရာများကို ဖြစ်ပေါ်လာစေရန်အလိုရှိခဲ့ပြီး ဖန်းဆင်းတော်မူခဲ့ကြောင်းကို သက်ဝင်ယုံကြည်ခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿إِنَّا كُلَّ شَيۡءٍ خَلَقۡنَٰهُ بِقَدَرٖ ٤٩﴾ [القمر: 49]

(ကေန်မလွဲ ငါအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ချင့်ချိန်၍ ဖန်ဆင်းတော်မူခဲ့၏။)

[စူရဟ် ကမရ် အာယသ်- ၄၉]

ပထမအဆင့်။ အလ္လာဟ်အရှင်မြတ်၏ 'အိလ်မ်' အသိပညာ၊ အရှင်မြတ်သည် အရာခပ်သိမ်းကို မဖြစ်ပေါ်မီနှင့် ဖြစ်ပေါ်ပြီးနောက်ပိုင်း အလုံးစုံကို ကြိုတင်သိရှိတော်မူသည်။

အထောက်အထားမှာ- အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

﴿إِنَّ ٱللَّهَ عِندَهُۥ عِلۡمُ ٱلسَّاعَةِ وَيُنَزِّلُ ٱلۡغَيۡثَ وَيَعۡلَمُ مَا فِي ٱلۡأَرۡحَامِۖ وَمَا تَدۡرِي نَفۡسٞ مَّاذَا تَكۡسِبُ غَدٗاۖ وَمَا تَدۡرِي نَفۡسُۢ بِأَيِّ أَرۡضٖ تَمُوتُۚ إِنَّ ٱللَّهَ عَلِيمٌ خَبِيرُۢ ٣٤﴾ [لقمان: 34]

(ကေန်မလွဲ ရှင်ပြန်ထမည့်အချိန်ကို သိမြင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၌သာရှိပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် မိုးရေကို ချပေးတော်မူ၏။ ထိုမှတစ်ပါး(မိခင်များ၏) သားအိမ်များ၌ မည်သည့်အရာ ရှိသည်ကိုလည်းထိုအရှင်မြတ်သာလျှင် သိတော်မူ၏။

စင်စစ်သော်ကား မည်သူတစ်ဦးတယောက်မျှပင် ၎င်းမှာ နက်ဖြန်မည်သည့်အမှုကိစ္စပြုလုပ်မည်ကို မသိနိုင်ပေ။ ထိုနည်းတူစွာ မည်သူတစ်ဦးတစ်ယောက်မျှပင် ၎င်းမှာ မည်သည့်မြေ (အရပ်ဒေသ)၌ သေဆုံးမည်ကို မသိနိုင်ပေ။ မလွဲကေန် အလ္လာဟ်အရှင်မြတ်သာလျှင်အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ကြားသိတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။)[စူရဟ် လွက်မာန် အာယသ်- ၃၄]

ဒုတိယအဆင့်။ အလ္လာဟ်အရှင်မြတ်သည် သိတော်မူသည့်အတိုင်း (လောင်ဟိမဟ်ဖူဇ်) သင်ပုန်းတွင် ရေးမှတ်တော်မူခဲ့သည်။ ထိုကြောင့် ဖြစ်ခဲ့သမျှအရာတိုင်းနှင့် ဖြစ်ပေါ်လာမည့်အရာတိုင်းသည် အရှင်မြတ်ထံတော်ပါးရှိ မှတ်တမ်းစာအုပ်ထဲတွင် ရေးသားမှတ်တမ်းတင်ထားပြီးဖြစ်သည်။

အထောက်အထားမှာ- အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

﴿۞ وَعِندَهُۥ مَفَاتِحُ ٱلۡغَيۡبِ لَا يَعۡلَمُهَآ إِلَّا هُوَۚ وَيَعۡلَمُ مَا فِي ٱلۡبَرِّ وَٱلۡبَحۡرِۚ وَمَا تَسۡقُطُ مِن وَرَقَةٍ إِلَّا يَعۡلَمُهَا وَلَا حَبَّةٖ فِي ظُلُمَٰتِ ٱلۡأَرۡضِ وَلَا رَطۡبٖ وَلَا يَابِسٍ إِلَّا فِي كِتَٰبٖ مُّبِينٖ ٥٩﴾ [الأنعام: 59]

﴿ငင်းပြင် ထိုအရှင်မြတ်အထံတော်တွင် အကွယ်၌ရှိသောအရာများ၏ [သော့များသည်ရှိ၏]။ [(တနည်း) ဘဏ္ဍာတော်များသည်ရှိ၏။] ယင်း(သော့များ-ဘဏ္ဍာတော်များကို)ထိုအရှင်မြတ်မှတစ်ပါး မည်သူမျှမသိချေ။ ၎င်းပြင် ထိုအရှင်မြတ်သည် သာလျှင် ပထဝီမြေ၌ ရှိရှိသမျှသော အရာတို့ကိုလည်းကောင်း၊ သမုဒ္ဒရာ ပင်လယ်၌ ရှိရှိသမျှသော အရာတို့ကိုလည်းကောင်း သိရှိတော်မူ၏။ ထို့ပြင်တဝ သစ်ရွက်တစ်ရွက်ကြွေကျသည်ကိုပင် ထိုအရှင်မြတ်သည် သိရှိတော်မူ၏။ ၎င်းပြင် ပထဝီမြေ၏အမှောင်အထပ်ထပ်တွင် ကျနေသော (သစ်)စေ့ ဟူသရွေ့တို့သည်လည်းကောင်း၊ စိမ်းစိုသောအရာဝတ္ထု ဟူသရွေ့တို့သည်လည်းကောင်း၊ သွေ့ခြောက်သော အရာဝတ္ထုဟူသရွေ့တို့သည်လည်းကောင်း၊ ရှင်းလင်းထင်ရှားသော (မှတ်တမ်း) တော်စာအုပ်တွင်ရှိကုန်၏။[စူရဟ် အန်အာမ် အာယသ်- ၅၉]

တတိယအဆင့်။ အရာခပ်သိမ်းသည် အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့်သာ ဖြစ်ပေါ်လာသည်။ အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိဘဲ မည်သည့်အရာ၊ မည်သည့်အဖန်ဆင်းခံမျှ မဖြစ်ပေါ်လာနိုင်ပေ။လူသားသည် ရွေးချယ်ခြင်း၊ အလိုဆန္ဒထားခြင်းတို့ ပြုလုပ်နိုင်သည်။ သို့သော် ထိုအလိုဆန္ဒများအားလုံးသည် အလ္လာဟ်အရှင်မြတ် အလိုတော်ရှိပြီးမှသာလျှင် ဖြစ်ပေါ်လာနိုင်မည်။

အထောက်အထားမှာ- အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

﴿لِمَن شَآءَ مِنكُمۡ أَن يَسۡتَقِيمَ ۝٢٨ وَمَا تَشَآءُونَ إِلَّآ أَن يَشَآءَ ٱللَّهُ رَبُّ ٱلۡعَٰلَمِينَ ۝٢٩﴾ [التكوير: 28-29]

(အထူးသဖြင့်) အသင်တို့အနက် ဖြောင့်မတ်စွာ သွားလိုသူ၏အဖို့။ ၂၉။စင်စစ်သော်ကား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူမှသာလျှင် အသင်တို့သည် အလိုရှိနိုင်ကြပေမည်တကား။) [စူရဟ် သက္ကဝီးရ် အာယသ်- ၂၈၊၂၉]

စတုတ္ထအဆင့်။ အရာခပ်သိမ်းသည် အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားသည့် အဖန်ဆင်းခံများဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း။ အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများ၏ရုပ်နာမ်ကို ဖန်ဆင်းတော်မူခဲ့ပြီး ၎င်းတို့အရည်အသွေးများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် အရာအားလုံးကို ဖန်ဆင်းတော်မူခဲ့သည်။

အထောက်အထားမှာ- အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

﴿وَٱللَّهُ خَلَقَكُمۡ وَمَا تَعۡمَلُونَ۝٩٦﴾ [الصافات: 96]

(စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့အားလည်းကောင်း၊ အသင်တို့ ပြုလုပ်ကျင့်မူကြသော အရာများကိုလည်းကောင်း၊ (အားလုံးကိုပင်)ဖန်ဆင်းတော်မူခဲ့၏။) [ စူရဟ် ဆွာဖ်ဖာသ် အာယသ်-၉၆]

မေး (၁၆) ကုရ်အာန်ကျမ်းမြတ်ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ကုရ်အာန်ကျမ်းမြတ်သည် 'ကလာမွလ္လာဟ်' အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဠ်တော်ဖြစ်ပြီး အဖန်ဆင်းခံမဟုတ်ပါ။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَإِنۡ أَحَدٞ مِّنَ ٱلۡمُشۡرِكِينَ ٱسۡتَجَارَكَ فَأَجِرۡهُ حَتَّىٰ يَسۡمَعَ كَلَٰمَ ٱللَّهِ ثُمَّ أَبۡلِغۡهُ مَأۡمَنَهُۥۚ ذَٰلِكَ بِأَنَّهُمۡ قَوۡمٞ لَّا يَعۡلَمُونَ ۝٦﴾ [التوبة: 6]

(တစ်ဖန် အကယ်၍ (ပဋိညာဉ်ကိုချိုးဖောက်သော) မွတ်ရှ်ရစ်က်တို့အနက်မှ တစ်ဦးတစ်ယောက်သောသူသည် အသင့်ထံတွင် အကာအကွယ်ရလိုခဲ့ပါလျှင် အသင်သည်ထိုသူအား ၎င်းသည် အလ္လာဟ်အရှင်မြတ်၏အာယတ်တော်ကိုကြားနာနိုင်အံ့သောငှာ ကာကွယ်ပါလေ။...) [စူရဟ် သောင်ဗဟ် အာယသ်-၆]

ဟဒီးဆ်တော်တွင် လာရှိသည်မှာ-အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများထက် ပို၍ထွတ်မြတ်တော်မူသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဌ်တော်သည်လည်း အခြားစကားများအားလုံးထက် ပို၍ထွတ်မြတ်ပေသည်။(သိရ်မိဇီကျမ်း)

မေး (၁၇) စွန္နဟ်ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)၏ မိန့်ကြားချက်များ၊ လုပ်ဆောင်မှုများ၊ ထောက်ခံမှုများ၊ တမန်တော်မြတ်၏ ရုပ်ဆင်းသဏ္ဍာန်နှင့် အကျင့်စာရိတ္တအားလုံးကို စွန္နဟ်ဟုခေါ်သည်။.

မေး (၁၈) ဗိဒ်အဟ် တရားသစ်တီထွင်ခြင်းဆိုသည်မှာ အဘယ်နည်း။ တရားသစ်တီထွင်ခြင်းအား လက်ခံခွင့်ရှိပါသလား။

ဖြေ။ တမန်တော်မြတ်(ﷺ)နှင့် ဆွဟာဗဟ် သာဝကများ၏ ခေတ်ကာလတွင် မရှိခဲ့သော လူတို့တီထွင်ထားသည့် သာသနာရေးဆိုင်ရာ ကိစ္စရပ်တိုင်းကို ဗိဒ်အဟ်ဟုခေါ်သည်။

တရားသစ်တီထွင်ခြင်းအား လက်ခံခွင့်မရှိဘဲ ငြင်းပယ်ရမည်ဖြစ်သည်။

တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူထားသည်မှာ-( ဗိဒ်အဟ် တရားသစ်တီထွင်မှုတိုင်းသည်

လမ်းများပင်ဖြစ်သည်။)(အဗူဒါဝူးဒ်ကျမ်း)တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူထားသည်မှာ-အကြင်သူသည် မည်သည့်အမလ်ကောင်းမှုကိုမဆို ပြုလုပ်ရာတွင် ငါတမန်တော်၏ အမိန့်မပါရှိခဲ့လျှင် ထိုအရာသည် ပယ်ချခြင်းခံရမည်ဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

၎င်း၏ဥပမာများမှာ- ဝုဆွူပြုရာတွင် လေးကြိမ်ဆေးကြောခြင်းကဲ့သို့ အိဗာဒသ် ခဝပ်ကိုးကွယ်မှုတွင် အပိုတိုးခြင်း၊ တမန်တော်မြတ်(ﷺ)နှင့် ဆွဟာဗဟ်များမပြုလုပ်ခဲ့သော တမန်တော်မွေးနေ့ အခမ်းအနားကျင်းပခြင်း စသည်တို့ဖြစ်သည်။

မေး (၁၉) ဝလာအ် နှင့် ဗရာအ် ယုံကြည်ချက်အကြောင်း တင်ပြပါ။

ဖြေ။ ဝလာအ်ဆိုသည်မှာ မုအ်မင်န်သက်ဝင်ယုံကြည်သူများကို ချစ်ခင်ခြင်း၊ ကူညီယိုင်းပင်းခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَٱلۡمُؤۡمِنُونَ وَٱلۡمُؤۡمِنَٰتُ بَعۡضُهُمۡ أَوۡلِيَآءُ بَعۡضٖۚ ٧١﴾ [التوبة: 71]

(ထိုနည်းတူစွာ မုအ်မင်န်သက်ဝင်ယုံကြည်သောသူယောကျ်ား၊ မိန်းမတို့သည်လည်း(သာသနာရေးတွင်)အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများပင် ဖြစ်ကြကုန်၏။...) [စူရဟ် သောင်ဗဟ် အာယသ်- ၇၁]

ဗရာအ်ဆိုသည်မှာ ကာဖိရ်သွေဖည်ငြင်းပယ်သူများကို မုန်းတီးခြင်း၊ ရန်ငြိုးထားခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿قَدۡ كَانَتۡ لَكُمۡ أُسۡوَةٌ حَسَنَةٞ فِيٓ إِبۡرَٰهِيمَ وَٱلَّذِينَ مَعَهُۥٓ إِذۡ قَالُواْ لِقَوۡمِهِمۡ إِنَّا بُرَءَٰٓؤُاْ مِنكُمۡ وَمِمَّا تَعۡبُدُونَ مِن دُونِ ٱللَّهِ كَفَرۡنَا بِكُمۡ وَبَدَا بَيۡنَنَا وَبَيۡنَكُمُ ٱلۡعَدَٰوَةُ وَٱلۡبَغۡضَآءُ أَبَدًا حَتَّىٰ تُؤۡمِنُواْ بِٱللَّهِ وَحۡدَهُۥٓ ٤﴾ [الممتحنة: 4]

ကေန်အမှန် အသင်တို့အဖို့ (နဗီတမန်တော်) 'အိဗ်ရာဟီမ်' ၌လည်းကောင်း၊ ထို(နဗီတမန်တော်) အိဗ်ရာဟီမ်နှင့်အတူရှိခဲ့ကြသော သူတို့၌လည်းကောင်း၊ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။ တစ်ရံရောအခါဝယ် ၎င်းတို့သည် မိမိတို့၏ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့ကြကုန်၏။ ကေန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့နှင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့ ဆည်းကပ်ကိုးကွယ်ကြသော အရာများနှင့်လည်းကောင်း၊ မပတ်သက်သူများပင် ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အသင်တို့အား ငြင်းပယ်လိုက်ကြပြီ။ အသင်တို့သည် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား မယုံကြည်သမျှ ကာလပတ်လုံး ကျွန်ုပ်တို့နှင့် အသင်တို့၏အကြား၌ ရန်ငြိုးသည်လည်းကောင်း၊ မုန်းတီးမှုသည်လည်းကောင်း၊ အမြဲမပြတ် ဖြစ်ပေါ်လျက် ရှိနေမည်သာ။[စူရဟ် မွမ်သဟိနာ အာယသ်-၄]

မေး (၂၀) အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာမှအပ အခြားသာသနာကို လက်ခံတော်မူပါသလား။

ဖြေ။ အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာမှအပ အခြားသာသနာကို လက်ခံတော်မူမည်မဟုတ်ပါ။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَمَن يَبۡتَغِ غَيۡرَ ٱلۡإِسۡلَٰمِ دِينٗا فَلَن يُقۡبَلَ مِنۡهُ وَهُوَ فِي ٱلۡأٓخِرَةِ مِنَ ٱلۡخَٰسِرِينَ٨٥﴾ [آل عمران: 85]

﴿ထို့ပြင်တဝ မည်သူမဆို အစ္စလာမ် သာသနာမှတစ်ပါး အခြားသာသနာ တစ်ရပ်ရပ်ကို ရှာဖွေစူးစမ်းပါမူထိုသူ၏ထံမှ (ထိုသူရှာဖွေသော သာသနာသည် အလ္လာဟ်အရှင်မြတ်အထံတော်၌) လက်ခံသဘောတူတော်မူခြင်းကိုအလျင်းခံရမည် မဟုတ်ပေ။ ၎င်းပြင် ထိုသူသည် နောင်တမလွန်ဘဝ၌လည်း ဆုံးရှုံးသူများအနက် တစ်ဦးအပါအဝင်ဖြစ်ပေမည်။) [စူရဟ် အားလိအင်မ်ရာန် အာယသ်- ၈၅]

မေး (၂၁) ကုဖ်ရ် သွေဖည်ငြင်းပယ်မှုသည် အပြောအဆိုကြောင့်လည်းကောင်း၊ လုပ်ရပ်ကြောင့်လည်းကောင်း၊ ယုံကြည်ချက်ကြောင့်လည်းကောင်း ဖြစ်ပေါ်နိုင်သည်။ ၎င်းတို့၏ ဥပမာများကိုဖော်ပြပါ။

ဖြေ။ အပြောအဆိုကြောင့် ကုဖ်ရ်ထိုက်သည့် ဥပမာ- အလ္လာဟ်အရှင်မြတ် သို့မဟုတ် အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)အား ဆဲဆိုခြင်း။

လုပ်ရပ်ကြောင့် ကုဖ်ရ်ထိုက်သည့် ဥပမာ- ကုရ်အာန်ကျမ်းမြတ်ကို သေးသိမ်အောင်ပြုခြင်း၊ အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကို စဂျ်ဒဟ် ဦးချခြင်း။

ယုံကြည်ချက်ကြောင့် ကုဖ်ရ်ထိုက်သည့် ဥပမာ- အလ္လာဟ်အရှင်မြတ်အပြင် ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူရှိသည်ဟု ယုံကြည်ခြင်း၊ အလ္လာဟ်အရှင်မြတ်နှင့်အတူ အခြားဖန်ဆင်းရှင်တစ်ပါးပါး ရှိသည်ဟု ယုံကြည်ခြင်း။

မေး (၂၂) 'နိဖာက်'ဆိုသည်မှာ အဘယ်နည်း။'နိဖာက်'၏ အမျိုးအစားများကို ဖော်ပြပါ။

ဖြေ။ 'နိဖာက်'ဆိုသည်မှာ အယောင်ဆောင်ခြင်းဖြစ်ပြီး ၎င်း၏ အမျိုးအစားများမှာ-

(၁) နိဖာက်အကြီး။ ။ အပေါ်ယံအားဖြင့် အီမာန်ရှိကြောင်းဖော်ပြထားပြီး စိတ်ထဲတွင် ကုဖ်ရ် သွေဖည်ငြင်းပယ်မှုကို ဖုံးကွယ်ထားခြင်းဖြစ်သည်။

ယင်းသည် အစ္စလာမ့်ဘောင်အပြင်သို့ရောက်ရှိစေသည့် ကုဖ်ရ် သွေဖည်ငြင်းပယ်မှုပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿إِنَّ ٱلۡمُنَٰفِقِينَ فِي ٱلدَّرۡكِ ٱلۡأَسۡفَلِ مِنَ ٱلنَّارِ وَلَن تَجِدَ لَهُمۡ نَصِيرًا ١٤٥﴾ [النساء: 145]

(ကေန်အမှန် 'မုနာဖစ်က်' အယောင်ဆောင် မွတ်စ်လင်မ်တို့သည် ငရဲဘုံ၏အောက်ဆုံးအထပ်၌ ရှိကြလတ္တံ့။ ၎င်းပြင် အသင်သည် ထိုသူတို့အဖို့ ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်ကိုမျှ တွေ့ရှိရမည်မဟုတ်ပေ။) [စူရဟ် နိစာအ် အာယသ် - ၁၄၅]

(၂) နိဖာက်အသေး။

ဥပမာ- လိမ်လည်ခြင်း၊ ကတိဖျက်ခြင်း၊ ယုံကြည်စွာအပ်နှံမှုကို အလွဲသုံးစားပြုခြင်း စသည်တို့ဖြစ်သည်။

၎င်းသည် အစ္စလာမ့်ဘောင်အပြင်သို့ မရောက်စေသော်လည်း အပြစ်အကုသိုလ်ကြီးများထဲတွင်ပါဝင်ပြီး ကျူးလွန်သူသည် အဇာဗ် အပြစ်ဒဏ်ပေးခြင်း ခံရမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) မိန့်ကြားတော်မူသည်မှာ- (မုနာဖစ်က်) မွတ်စ်လင်မ်အယောင်ဆောင်၏ လက္ခဏာသုံးခုရှိသည်။(၁)စကားပြောသည့်အခါ လိမ်လည်သည်။ (၂)ကတိပြုသည့်အခါ ဖောက်ဖျက်သည်။ (၃)ယုံကြည်အပ်နှံခြင်းခံရသည့်အခါ အလွဲသုံးစားပြုသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း).

မေး (၂၃) နောက်ဆုံး နဗီရစူလ်တမန်တော်မှာ မည်သူနည်း။

ဖြေ။ မုဟမ္မဒ် (ﷺ)သည် နောက်ဆုံး နဗီရစူလ်တမန်တော်ဖြစ်တော်မူသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿مَّا كَانَ مُحَمَّدٌ أَبَآ أَحَدٍ مِّن رِّجَالِكُمۡ وَلَٰكِن رَّسُولَ ٱللَّهِ وَخَاتَمَ ٱلنَّبِيِّـۧنَۗ وَكَانَ ٱللَّهُ بِكُلِّ شَيۡءٍ عَلِيمًا ٤٠﴾ [الأحزاب: 40]

(မုဟမ္မဒ်သည် အသင်တို့ယောကျ်ားများအနက် မည်သူတစ်ဦးတစ်ယောက်၏ဖခင်မျှမဟုတ်ပေ။ စင်စစ်မှာမူကား (မုဟမ္မဒ်သည်) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်သည်လည်းကောင်း၊ နဗီတမန်တော် အပေါင်းတို့(၏နုဗုဝသ်) ကို အဆုံးသတ်သူသည်လည်းကောင်း ဖြစ်ပေသည်။...) [စူရဟ် အဟ်ဇာဗ် အာယသ်- ၄၀]

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ- ငါကိုယ်တော်သည် နောက်ဆုံးနဗီတမန်တော်ဖြစ်တော်မူပြီး ငါကိုယ်တော်၏နောက်တွင် မည်သည့်နဗီတမန်တော်မျှ ပွင့်ပေါ်မည်မဟုတ်ပေ။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)

မေး (၂၄) မုအ်ဂျိဇဟ် ဆိုသည်မှာအဘယ်နည်း။

ဖြေ။ အလ္လာဟ်အရှင်မြတ်က မိမိ၏နဗီတမန်တော်များအား ၎င်းတို့၏မှန်ကန်မှုကို သက်သေပြရန်အတွက် ချီးမြှင့်ထားသော သဘာဝနှင့်ဆန့်ကျင်ဘက် ကိစ္စများကို မုအ်ဂျိဇဟ်ဟု ခေါ်သည်။ ဥပမာ-

- တမန်တော်မြတ် (ﷺ)အတွက် လနှစ်ခြမ်းကွဲခဲ့ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿ٱقۡتَرَبَتِ ٱلسَّاعَةُ وَٱنشَقَّ ٱلۡقَمَرُ۝١ وَإِن يَرَوۡاْ ءَايَةٗ يُعۡرِضُواْ وَيَقُولُواْ سِحۡرٞ مُّسۡتَمِرّٞ۝٢ وَكَذَّبُواْ وَٱتَّبَعُوٓاْ أَهۡوَآءَهُمۡۚ وَكُلُّ أَمۡرٖ مُّسۡتَقِرّٞ ۝٣﴾ [القمر: 1-3]

(‘ကိယာမတ်’ ရှင်ပြန်ထရန် အချိန်ကာလသည် နီးကပ်၍လာခဲ့ချေပြီ။ ၎င်းပြင် ‘လ’သည် (နှစ်ခြမ်း) ကွဲခဲ့လေပြီ။* သို့ရာတွင် ၎င်းတို့သည် သက်သေလက္ခဏာ တစ်စုံတစ်ရာကို တွေ့မြင်ကြလျှင် ကျောခိုင်း၍ သွားကြသည့်ပြင် (ဤသည်)အစွန့်ရှည်သော ရှေးအစဉ် အလာဖြစ်သော ပဉ္စလက်အတတ်ပညာဖြစ်သည်ဟူ၍ ပြောဆိုလေ့ ရှိခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ၍ မိမိတို့၏ အလိုဆန္ဒများကိုသာ လိုက်နာခဲ့ကြကုန်၏။ စင်စစ်သော်ကား အရေးကိစ္စတိုင်းမှာ (သတ်မှတ်ထားသော အချိန်ကာလတွင်) ဆုံးဖြတ်ပြီး ဖြစ်၏။) [စူရဟ် ကမရ် အာယသ် ၁-၃]

- တမန်တော‌မူစာ (عَلَيْهِ السَّلاَمُ) အတွက်ပင်လယ်နှစ်ခြမ်းကွဲသွားပြီး ဖိရ်အောင်နှင့် သူ၏တပ်သားများ ရေနစ်သွားခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَإِذۡ فَرَقۡنَا بِكُمُ ٱلۡبَحۡرَ فَأَنجَيۡنَٰكُمۡ وَأَغۡرَقۡنَآ ءَالَ فِرۡعَوۡنَ وَأَنتُمۡ تَنظُرُونَ۝٥٠﴾ [البقرة: 50]

(အို-အစ္စရာအီလီမျိုးနွယ် အပေါင်းတို့၊ ပြန်လည်အောက်မေ့ သတိရကြကုန်) တရံရောအခါ၊ ငါအရှင်သည် (အသင်တို့ကူးဖြတ် လျှောက်သွား နိုင်ကြရန်အလို့ငှာ) ပင်လယ်ကိုပင်ခွဲ၍ အသင်တို့အား ဖိရ်အောင်န်၏ အခြွေအရံတို့၏ဘေးမှ ကယ်တင်တော်မူခဲ့၏။ ထို့နောက် ဖိရ်အောင်န်၏အခြွေအရံများကို ငါအရှင်သည် (အသင်တို့ မျက်မှောက်၌ပင်) နှစ်မြှုပ်တော်မူလိုက်သည်။ ထိုအချိန် အသင်တို့သည် မိမိတို့ကိုယ်တိုင် (ဤအချင်းအရာများကို) ကြည့်နေကြကုန်သည်။[စူရဟ် ဗကရဟ် အာယသ်- ၅၀]

မေး (၂၅) ဆွဟာဗဟ်ဆိုသည်မှာ မည်သူနည်း။ ၎င်းတို့အား အချစ်ထားရန် လိုအပ်ပါသလား။

ဖြေ။ အီမာန်နှင့်တကွ တမန်တော်မြတ် (ﷺ)အားမြင်တွေ့ခဲ့ပြီး အစ္စလာမ်သာသနာပေါ်၌ပင် ကွယ်လွန်သွားသူကို ဆွဟာဗဟ်ဟု ခေါ်သည်။

ကျွန်ုပ်တို့သည် ဆွဟာဗဟ် သာဝကကြီးများအပေါ် အချစ်ထားကာ ၎င်းတို့အားနောက်လိုက်မှုပြုရမည်။ ၎င်းတို့သည် နဗီတမန်တော်များ၏နောက်တွင် လူသားတို့အနက် အကောင်းဆုံး အမွန်မြတ်ဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဆွဟာဗဟ်ကြီးများအနက် ခလီဖာကြီး (၄)ပါးသည် အမွန်မြတ်ဆုံး ဖြစ်သည်။၎င်းတို့မှာ-

အဗူဗက်ရ် (رَضِيَ اللَّهُ عَنْهُ)

အုမရ် (رَضِيَ اللَّهُ عَنْهُ)

အွတ်စ်မာန် (رَضِيَ اللَّهُ عَنْهُ)

အလီ (رَضِـيَ اللَّهُ عَنْهُ) တို့ဖြစ်ကြသည်။အလ္လာဟ်အရှင်မြတ်က ဆွဟာဗဟ် (رضـي الله عنهم)ကြီးများနှင့် ပတ်သက်၍ မိန့်ကြားတော်မူသည်မှာ-

﴿وَٱلسَّٰبِقُونَ ٱلۡأَوَّلُونَ مِنَ ٱلۡمُهَٰجِرِينَ وَٱلۡأَنصَارِ وَٱلَّذِينَ ٱتَّبَعُوهُم بِإِحۡسَٰنٖ رَّضِيَ ٱللَّهُ عَنۡهُمۡ وَرَضُواْ عَنۡهُ وَأَعَدَّ لَهُمۡ جَنَّٰتٖ تَجۡرِي تَحۡتَهَا ٱلۡأَنۡهَٰرُ خَٰلِدِينَ فِيهَآ أَبَدٗاۚ ذَٰلِكَ ٱلۡفَوۡزُ ٱلۡعَظِيمُ ١٠٠﴾ [التوبة: 100]

(အီမာန်သက်ဝင်ယုံကြည်ရာတွင် အွမ္မတ်သားအားလုံးတို့ထက်) ရှေးဦးပထမဖြစ်ကြကုန်သော မုဟာဂျီရိန်(သာဝကကြီး)များသည်လည်းကောင်း၊ အန်ဆွာရ်(သာဝကကြီး)များသည်လည်းကောင်း၊ ထို(မုဟာဂျီရိန်နှင့် အန်ဆွာရ်)တို့၏နောက်သို့ကောင်းမွန်စွာ လိုက်ရဲကြသူတို့သည်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အပေါ်၌ ကျေနပ်တော်မူခဲ့လေပြီ၊ ထိုသူတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ခဲ့ကြလေပြီ၊ ၎င်းပြင် ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ အကြင်ဥယျာဉ်များကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူခဲ့လေသည်။ထိုဥယျာဉ်များ၏အောက်၌ စမ်းချောင်းများ စီးတွေလျက်ရှိကြပေသည်။ (၎င်းတို့သည်) ထိုဥယျာဉ်များတွင် ထာဝစဉ်နေထိုင် စံမြန်းလျက်ရှိကြပေမည်။ ဤကား ကြီးကျယ် မြင့်မြတ်လှသော အောင်မြင်မှုပင်တည်း။)[စူရဟ် သောင်ဗဟ် အာယသ်- ၁၀၀]

မေး (၂၆) မည်သူတို့သည် မုအ်မင်န်တို့၏ မိခင်မွန်များဖြစ်ကြပါသနည်း။

ဖြေ။ တမန်တော်မြတ် (ﷺ)၏ ကြင်ရာတော်များသည် မုအ်မင်န်တို့၏ မိခင်မွန်များဖြစ်ကြပါသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿ٱلنَّبِيُّ أَوۡلَىٰ بِٱلۡمُؤۡمِنِينَ مِنۡ أَنفُسِهِمۡۖ وَأَزۡوَٰجُهُۥٓ أُمَّهَٰتُهُمۡۗ وَأُوْلُواْ ٱلۡأَرۡحَامِ بَعۡضُهُمۡ أَوۡلَىٰ بِبَعۡضٖ فِي كِتَٰبِ ٱللَّهِ مِنَ ٱلۡمُؤۡمِنِينَ وَٱلۡمُهَٰجِرِينَ إِلَّآ أَن تَفۡعَلُوٓاْ إِلَىٰٓ أَوۡلِيَآئِكُم مَّعۡرُوفٗاۚ كَانَ ذَٰلِكَ فِي ٱلۡكِتَٰبِ مَسۡطُورٗا ٦﴾ [الأحزاب: 6]

(နဗီတမန်တော်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့နှင့် ၎င်းတို့ကိုယ်တိုင်ထက်ပင် ပိုမို၍နီးစပ်၏။၎င်းပြင် ထိုနဗီတမန်တော်မြတ်၏ ကြင်ရာတော်များသည်မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ မိခင်များပင် ဖြစ်ကြကုန်၏။)[စူရဟ် အဟ်ဇာဗ် အာယသ်- ၆]

မေး (၂၇) တမန်တော်မြတ် (ﷺ)၏ 'အဟ်လွလ် ဗိုင်းသ်' အိမ်တော်သူ အိမ်တော်သားများနှင့် ပတ်သက်၍ ကျွန်ုပ်တို့အပေါ်၌ မည်သို့တာဝန်ရှိပါသနည်း။

ဖြေ။ 'အာလု ဗိုင်းသ်'ဆိုသည်မှာ တမန်တော်မြတ်(ﷺ)၏ ကြင်ရာတော်များ၊ သားစဉ်မြေးဆက်များ၊ ဗနူဟာရှင်မ်နှင့် ဗနူမွသ်သွလိဗ် မျိုးနွယ်ဝင်တို့မှ အီမာန်သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ၎င်းတို့အား ချစ်မြတ်နိုးပြီး ကူညီရမည်။ ၎င်းတို့အား မုန်းတီးသူကို ကျွန်ုပ်တို့မုန်းတီးရမည်။ သို့သော် ၎င်းတို့နှင့် ပတ်သက်၍ အလွန်အကြူး အစွန်းရောက်ခြင်း မရှိရပါ။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَقَرۡنَ فِي بُيُوتِكُنَّ وَلَا تَبَرَّجۡنَ تَبَرُّجَ ٱلۡجَٰهِلِيَّةِ ٱلۡأُولَىٰۖ وَأَقِمۡنَ ٱلصَّلَوٰةَ وَءَاتِينَ ٱلزَّكَوٰةَ وَأَطِعۡنَ ٱللَّهَ
وَرَسُولَهُۥٓۚ إِنَّمَا يُرِيدُ ٱللَّهُ لِيُذۡهِبَ عَنكُمُ ٱلرِّجۡسَ أَهۡلَ ٱلۡبَيۡتِ وَيُطَهِّرَكُمۡ تَطۡهِيرٗا ٣٣﴾ [الأحزاب: 33]

(အို-(နဗီတမန်တော်မြတ်၏) အိမ်တော်သူ အိမ်တော်သားတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့မှမစင်ကြယ်မှုကို ပပျောက်စေတော်မူရန်နှင့် အသင်တို့အားကောင်းမွန်စွာ စင်ကြယ်သန့်ရှင်းတော်မူရန် ကိုသာလျှင်ရည်စူးတော်မူ၏၊) [စူရဟ် အဟ်ဇာဗ် အာယသ်- ၃၃]

ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်မှာငါကိုယ်တော်သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရန်နှင့် ငါကိုယ်တော်၏ အိမ်တော်သူ အိမ်တော်သားများနှင့် ပတ်သက်သည့် ဝတ္တရားများကို ကျေပွန်ရန်

သတိပေးနေခြင်းဖြစ်သည်။ ငါကိုယ်တော်သည် အသင်တို့အား
အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရန်နှင့် ငါကိုယ်တော်၏ အိမ်တော်သူ
အိမ်တော်သားများနှင့် ပတ်သက်သည့် ဝတ္တရားများကို ကျေပွန်ရန်
သတိပေးနေခြင်းဖြစ်သည်။ ငါကိုယ်တော်သည် အသင်တို့အား
အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရန်နှင့် ငါကိုယ်တော်၏ အိမ်တော်သူ
အိမ်တော်သားများနှင့် ပတ်သက်သည့် ဝတ္တရားများကို ကျေပွန်ရန်
သတိပေးနေခြင်းဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

**မေး (၂၈) မွတ်စ်လင်မ်တို့အား အုပ်ချုပ်သည့်ခေါင်းဆောင်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့အပေါ်၌ မည်သို့ တာဝန်ရှိပါသနည်း။**

ဖြေ။ ကျွန်ုပ်တို့သည် ၎င်းတို့အား ဂုဏ်ပေးလေးစားရမည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို ဖီဆန်သည့်ကိစ္စမျိုးမှလွဲ၍ အခြားကဏ္ဍများတွင် ၎င်းတို့၏အမိန့်ကို နာခံရမည်။ ပေါ်လွင်ထင်ရှားသည့် ကုဖ်ရ်သွေဖည်မှုကို မမြင်ရသေးသမျှ ၎င်းတို့အား ဆန့်ကျင်ပုန်ကန်ခြင်း မပြုရပါ။ ၎င်းတို့အတွက် ဒုအာဆုမွန်တောင်းခံပေးပြီးလျှို့ဝှက်စွာပင် ဆုံးမပဲ့ပြင်ပေးရမည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ أَطِيعُواْ ٱللَّهَ وَأَطِيعُواْ ٱلرَّسُولَ وَأُوْلِي ٱلۡأَمۡرِ مِنكُمۡۖ فَإِن تَنَٰزَعۡتُمۡ فِي شَيۡءٖ فَرُدُّوهُ إِلَى ٱللَّهِ وَٱلرَّسُولِ إِن كُنتُمۡ تُؤۡمِنُونَ بِٱللَّهِ وَٱلۡيَوۡمِ ٱلۡأٓخِرِۚ ذَٰلِكَ خَيۡرٞ وَأَحۡسَنُ تَأۡوِيلًا ٥٩﴾ [النساء: 59]

(အို- သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြလေကုန်၊ ထိုနည်းတူစွာ အသင်တို့သည် ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊ မိမိတို့အနက်မှ အာဏာပိုင်များ၏အမိန့်ကိုလည်းကောင်း လိုက်နာကြလေကုန်။ တစ်ဖန် အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားခဲ့ကြသော်၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြပါလျှင် ထိုကိစ္စကို အလ္လာဟ်အရှင်မြတ်၏ အထံတော်သို့လည်းကောင်း၊ ရစူလ်တမန်တော်၏ထံသို့လည်းကောင်း၊ ပြန်လည်၍ ပို့သကြလေကုန်။ ဤ (သို့ ပြုလုပ်ခြင်း) သည်ကား (အသင်တို့အဖို့ ဤမျက်မှောက်လောကီဘဝ၌) အမွန်မြတ်ဆုံးဖြစ်သည့်အပြင်၊ (နောင်တမလွန်ဘဝ၌လည်း) အကျိုးအာနိသင်အားဖြင့် အကောင်းဆုံးပင် ဖြစ်ချေသတည်း။)[စူရဟ် နိစာအ် အာယသ်- ၅၉]

မေး (၂၉) မုအ်မင်န်များ နေထိုင်ရမည့် နေရာဌာနမှာ အဘယ်နည်း။

ဖြေ။ မုအ်မင်န်များ နေထိုင်ရမည့် နေရာဌာနမှာ ဂျန္နသ်သုခဘုံဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ-

﴿إِنَّ ٱللَّهَ يُدۡخِلُ ٱلَّذِينَ ءَامَنُواْ وَعَمِلُواْ ٱلصَّٰلِحَٰتِ جَنَّٰتٖ تَجۡرِي مِن تَحۡتِهَا ٱلۡأَنۡهَٰرُۖ ١٢﴾ [محمد: 12]

(ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် 'အီမာန်'သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမှုများကို ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူပေမည်။ ယင်းဥယျာဉ်များ၏ အောက်၌ ရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။...) [စူရဟ် မုဟမ္မဒ် အာယသ် - ၁၂]

မေး (၃၀) ကာဖိရ်များ နေထိုင်ရမည့် နေရာဌာနမှာ အဘယ်နည်း။

ဖြေ။ ကာဖိရ်များ နေထိုင်ရမည့် နေရာဌာနမှာ ဂျဟန္နမ်ငရဲဘုံ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ-

﴿فَإِن لَّمۡ تَفۡعَلُواْ وَلَن تَفۡعَلُواْ فَٱتَّقُواْ ٱلنَّارَ ٱلَّتِي وَقُودُهَا ٱلنَّاسُ وَٱلۡحِجَارَةُۖ أُعِدَّتۡ لِلۡكَٰفِرِينَ ٢٤﴾ [البقرة: 24]

(သို့ဖြစ်ရာ အသင်တို့သည် ငရဲမီးဘေးမှ ဝေးစွာရှောင်ရှားကြကုန်၊ ထိုမီး၏မီးစာမှာ (အယူမှောက်မှားသော) ကာဖိရ်များနှင့် (ထိုကာဖိရ်များ ဆည်းကပ်ကိုးကွယ်ကြသည့်) ကျောက်တုံးများ ဖြစ်ချေသည်။ ထိုမီးသည် ကာဖိရ်များအဘို့ အသင့်ပြုလုပ်ထားရှိပြီး ဖြစ်ပေသည်။) [စူရဟ် ဗကရဟ် အာယသ် - ၂၄]

မေး (၃၁) ခေါင်းဖ်နှင့် ရဂျာအ် ဆိုသည်မှာအဘယ်နည်း။ အထောက်ထားနှင့်တကွ ဖော်ပြပါ။

ဖြေ။ ခေါင်းဖ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ အဇာဗ်ပြစ်ဒဏ်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။

ရဂျာအ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ် ချီးမြှင့်မည့် အကျိုးစဝါဗ်များ၊ အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးမှုနှင့် အရှင်မြတ်၏ ကရုဏာတော်အား မျှော်လင့်ချက်ထားခြင်းဖြစ်သည်။

အထောက်အထား- အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ-

﴿أُوْلَٰٓئِكَ ٱلَّذِينَ يَدۡعُونَ يَبۡتَغُونَ إِلَىٰ رَبِّهِمُ ٱلۡوَسِيلَةَ أَيُّهُمۡ أَقۡرَبُ وَيَرۡجُونَ رَحۡمَتَهُۥ وَيَخَافُونَ عَذَابَهُۥٓۚ إِنَّ عَذَابَ رَبِّكَ كَانَ مَحۡذُورٗا٥٧﴾ [الإسراء: 57]

﴿(ဤသူတို့သည် ယင်းကာဖိရ်တို့ ဟစ်ခေါ်လျက်ရှိကြသောသူများပင်၊ ထိုသူတို့သည် မိမိတို့အနက် မည်သူသည်(ထိုအရှင်မြတ်နှင့်) အနီးကပ်ဆုံးဖြစ်အံ့နည်းဟူ၍ မိမိတို့အားဖန်ဆင်းတော်မူသောအရှင်မြတ် အထံတော်သို့ ချဉ်းကပ်မှုကိုရှာဖွေဆည်းပူးလျက် ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ထိုအရှင်မြတ်၏ကရုဏာတော်ကိုလည်း မျှော်လင့်လျှက်ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ထိုအရှင်မြတ်၏ပြစ်ဒဏ်ကိုလည်းကြောက်ရွံ့စိုးရိမ်လျက်ရှိကြကုန်၏။ ဧကန်မလွဲ အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ပြစ်ဒဏ်သည်အလွန်ကြောက်မက်ဖွယ်ပင် ဖြစ်ချေသတည်း။)[ စူရဟ် အစ္စရာအ် အာယသ် - ၅၇]

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿۞نَبِّئۡ عِبَادِيٓ أَنِّيٓ أَنَا ٱلۡغَفُورُ ٱلرَّحِيمُ٤٩ وَأَنَّ عَذَابِي هُوَ ٱلۡعَذَابُ ٱلۡأَلِيمُ٥٠﴾ [الحجر: 49-50]

((အို-နဗီတမန်တော်) အသင်သည် ငါအရှင်မြတ်၏ကျွန်များအား ဧကန်မလွဲ ငါအရှင်မြတ်သည်သာလျှင်အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနား ကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူကြောင်း ပြောကြားပါလေ။ ထိုမှတစ်ပါး ဧကန်မလွဲ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်း အလွန်ပြင်းထန်သောပြစ်ဒဏ်ဖြစ်ကြောင်းကိုလည်း (အသင်သည် ပြောကြားလိုက်ပါလေ)) [စူရဟ် ဟိဂ်ျရ် အာယသ် - ၄၉၊ ၅၀]

မေး (၃၂) ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်၊ နာမတော် အချို့ကိုဖော်ပြပါ။

ဖြေ။ အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်၊ နာမတော်အချို့မှာ- အလ္လာဟ်၊ အရ်ရဗ်၊ အရ်ရဟ်မာန်၊ အတ်စ်စမီးအ်၊ အလ်ဗဆီြးရ်၊ အလ်အလီးမ်၊

အန်ရစ်ဇာက်၊ အလ်ဟိုင်းယ်၊ အလ်အဇ္ဇီးမ် စသည်တို့ဖြစ်ပြီး အခြားလှပသောနာမတော်များ၊ မြင့်မြတ်သော ဂုဏ်တော်များလည်း ရှိပေသည်။.

မေး (၃၃) ထိုနာမတော်များကို ရှင်းပြပါ။

ဖြေ။ အလ္လာဟ် - တုဖက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော ခဝပ်ကိုးကွယ်ခြင်းခံထိုက်မူသော တစ်ပါးတည်းသောအရှင်။

အန်ရဗ် - အရာရာတိုင်းကို ဖန်ဆင်းမွေးမြူ ကျွေးမွေးစောင့်ရှောက်ကာ စိုးပိုင်တော်မူပြီးစီမံခန့်ခွဲတော်မူသည့် တစ်ပါးတည်းသောအရှင်။

အတ်စ်စမီးအ် - အရာခပ်သိမ်းကို အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အမျိုးမျိုးသော မတူညီသည့် အသံများကို ကြားတော်မူသောအရှင်။

အလ်ဗဆွီးရ် - ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အရာခပ်သိမ်းအလုံးစုံကို အကြွင်းမဲ့မြင်တော်မူသောအရှင်။

အလ်အလီးမ် - အရာရာတိုင်း၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အလုံးစုံကို အကြွင်းမဲ့သိတော်မူသောအရှင်။

အန်ရဟ်မာန် - အဖန်ဆင်းခံများ၊ သက်ရှိ၊ သက်မဲ့များအားလုံးကို ကရုဏာနာထားတော်မူသောအရှင်။ ကျေးကျွန်များနှင့် အဖန်ဆင်းခံတိုင်းသည် အရှင်မြတ်၏ကရုဏာတော်အောက်တွင် ရှိနေကြသည်။

အန်ရဇ်ဇာက် - လူသားများ၊ ဂျင်န်များ၊ တိရစ္ဆာန်များအပါအဝင် အဖန်ဆင်းခံတိုင်းအား ရိုဇီရိက္ခာချီးမြှင့်တော်မူသောအရှင်။

အလ်ဟိုင်းယ် - သေဆုံးခြင်းမရှိ အမြဲထာဝရ ရှင်နေတော်မူသောအရှင်၊ အဖန်ဆင်းခံတိုင်းသည် သေဆုံးကြရသည်။

အလ်အဇီဇ်း - နာမတော်များ၊ ဂုဏ်တော်များနှင့် လုပ်ဆောင်မှုများအားလုံးတွင် ပြီးပြည့်စုံမှုနှင့် ကြီးမြတ်မှုအလုံးစုံကို ပိုင်ဆိုင်တော်မူသောအရှင်။အလ်ဟကီးမ် - မိမိဖန်ဆင်းမှုအား အလှပဆုံး အခိုင်ခံ့ဆုံးဖြစ်အောင် ပြုလုပ်တော်မူသောအရှင်။ အရှင်မြတ်၏ ဖန်ဆင်းမှုနှင့် အမိန့်တော်များအားလုံးသည် ဟိကမ်မသ်အမြော်အမြင်ဖြင့် ပြည့်စုံတော်မူသည်။ဟိကမ်မသ်ဟူသည် အရာရာတိုင်းကို သူနေရာနှင့်သူ သူ့အဆင့်အတန်းနှင့်သူ ထားခြင်းဖြစ်သည်။

မေး (၃၄) အစ္စလာမ့်သာသနာ့ပညာရှင်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့အပေါ်တွင် မည်သို့တာဝန်ရှိပါသနည်း။

ဖြေ။ ကျွန်ုပ်တို့သည် အစ္စလာမ့်သာသနာ့ပညာရှင်များအား ချစ်မြတ်နိုးရမည်။ ရှရီအဟ် တရားတော်ဆိုင်ရာ ကိစ္စရပ်များနှင့် သာသနာရေးဆိုင်ရာ ပြဿနာများကို ၎င်းထံမေးမြန်းရမည်။ ကျွန်ုပ်တို့သည် ၎င်းတို့နှင့်ပတ်သက်၍ အကောင်းကိုသာ ပြောဆိုရမည်။ မည်သူမဆို သာသနာ့ပညာရှင်များအား မကောင်းပြောဆိုပါက ထိုသူသည် လမ်းလွဲနေသူပင်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا قِيلَ لَكُمۡ تَفَسَّحُواْ فِي ٱلۡمَجَٰلِسِ فَٱفۡسَحُواْ يَفۡسَحِ ٱللَّهُ لَكُمۡۖ وَإِذَا قِيلَ ٱنشُزُواْ فَٱنشُزُواْ يَرۡفَعِ ٱللَّهُ ٱلَّذِينَ ءَامَنُواْ مِنكُمۡ وَٱلَّذِينَ أُوتُواْ ٱلۡعِلۡمَ دَرَجَٰتٖۚ وَٱللَّهُ بِمَا تَعۡمَلُونَ خَبِيرٞ ١١﴾ [المجادلة: 11]

﴾(အရှင်မြတ်သည် အသင်တို့အနက် မုအ်မင်န်
သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ အသိပညာ ချီးမြှင့်ပေးသနားတော်မူခြင်း
ခံခဲ့ကြရသောသူတို့အားလည်းကောင်း၊ အဆင့်အတန်းများစွာ
မြှင့်တင်ပေးတော်မူပေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့
ကျင့်မူသမျှတို့ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်မြတ်ပင်
ဖြစ်တော်မူပေသတည်း။)[စူရဟ် မုဂျာဒလဟ် အာယသ် - ၁၁].

မေး (၃၅) မည်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ အချစ်တော် ဝလီသူတော်စင်များ ဖြစ်ကြပါသနည်း။

ဖြေ။ သက္ကဝါတရားရှိသော မုအ်မင်န်များသည် အလ္လာဟ်အရှင်မြတ်၏ အချစ်တော် ဝလီသူတော်စင်များဖြစ်ကြပါသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿أَلَآ إِنَّ أَوۡلِيَآءَ ٱللَّهِ لَا خَوۡفٌ عَلَيۡهِمۡ وَلَا هُمۡ يَحۡزَنُونَ ۝٦٢ ٱلَّذِينَ ءَامَنُواْ وَكَانُواْ يَتَّقُونَ ۝٦٣﴾ [يونس: 62-63]

((အို-ကြားနာသူ အပေါင်းတို့ အသင်တို့သည်) သတိပြုကြလေကုန်။
အလ္လာဟ်အရှင်မြတ်၏ အဆွေတော်တို့အပေါ်၌မူကား
တစ်စုံတစ်ရာကြောက်ရွံ့စိုးရိမ်ဖွယ်ရာလည်းရှိလိမ့်မည်မဟုတ်ပေ၊ ထို့ပြင် ၎င်းတို့သည်
ဝမ်းနည်းပူဆွေးကြမည်လည်းမဟုတ်ချေ။ ၎င်း(အဆွေတော်)တို့သည် အကြင်သူတို့ပင်
ထိုသူတို့သည် အီမာန်ယုံကြည်မှုထားရှိကြသည့်ပြင် (ပြစ်မှုဒုစရိုက်များမှလည်း)
ရှောင်ကြဉ်လျက် ရှိခဲ့ကြကုန်သတည်း။) [စူရဟ် ယူနွတ်စ် အာယသ် - ၆၂၊၆၃].

မေး (၃၆) အီမာန်တွင် အပြောအဆိုနှင့် အမလ်ကျင့်ဆောင်မှုပါဝင်ပါသလား။

ဖြေ။ အီမာန်တွင် ပြောဆိုခြင်း၊ အမလ်ကျင့်သုံးခြင်း၊
သက်ဝင်ယုံကြည်ခြင်းတို့ပါဝင်သည်။ သို့ဖြစ်၍ အီမာန်ဟူသည်

နှုတ်ဖြင့်ဝန်ခံပြောဆိုခြင်း၊ နှလုံးသားဖြင့် သက်ဝင်ယုံကြည်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများဖြင့် အမလ်ကျင့်သုံးခြင်းဖြစ်သည်။အဗူဟုရိုင်ရဟ် (رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ပြောကြားခဲ့သည်။

တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ-အီမာန် သက်ဝင်ယုံကြည်မှု၌ အကိုင်းအလက် (အစိတ်အပိုင်း) ခုနစ်ဆယ်ကျော် သို့မဟုတ် ခြောက်ဆယ်ကျော် ရှိသည်။ ၎င်းတို့အနက် အမြင့်မြတ်ဆုံးမှာ

"لَا إِلٰهَ إِلَّا اللهُ "

ရွတ်ဆိုခြင်းဖြစ်ပြီး အနိမ့်ဆုံးမှာ လမ်းပေါ်မှ ဒုက္ခဖြစ်စေမည့် အရာကို ဖယ်ရှားပေးခြင်းဖြစ်သည်။ အရှက်တရားသည် အီမာန်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

မေး (၃၇) အီမာန်ယုံကြည်မှုသည် တိုးတက်ခြင်း၊ လျော့နည်းခြင်းရှိပါသလား။

ဖြေ။ အီမာန်ယုံကြည်မှုသည် အမိန့်နာခံမှုဖြင့် တိုးတက်ပြီး၊ အမိန့်ဖီဆန်မှုဖြင့် လျော့နည်းကျဆင်းသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿إِنَّمَا ٱلْمُؤْمِنُونَ ٱلَّذِينَ إِذَا ذُكِرَ ٱللَّهُ وَجِلَتْ قُلُوبُهُمْ وَإِذَا تُلِيَتْ عَلَيْهِمْ ءَايَٰتُهُۥ زَادَتْهُمْ إِيمَٰنًا وَعَلَىٰ رَبِّهِمْ يَتَوَكَّلُونَ۝٢﴾ [الأنفال: 2]

﴿(အကြင်သူတို့သည်သာလျှင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ (အစစ်အမှန်များ) ဖြစ်ကြကုန်၏။ (၎င်းတို့ရှေ့ဝယ်) အလ္လာဟ်အရှင်မြတ်အားသတိရခဲ့လျှင်၊ ၎င်းတို့၏စိတ်နှလုံးများသည် ထိတ်လန့်သွားကြကုန်၏။ ထို့ပြင်အကယ်၍ ၎င်းတို့ရှေ့၌ ထိုအရှင်မြတ်၏အာယတ်တော်များကို ဖတ်ကြားခဲ့ပါမူ၊ ထိုအာယတ်တော်များသည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကို တိုးပွားခိုင်မြဲစေကြကုန်၏။ ထို့မှတစ်ပါး ၎င်းတို့သည် (မိမိတို့၏ကိစ္စအဝဝ၌) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အပေါ်၌ပင် ယုံကြည်စိတ်ချလွှဲအပ်ကြကုန်သတည်း။) [စူရဟ် အန်ဖာလ် အာယသ်-၂]

မေး (၃၈) အိဟ်စာန် ဆိုသည်မှာအဘယ်နည်း။

ဖြေ။ အိဟ်စာန် ဆိုသည်မှာ သင်သည် အလ္လာဟ်အရှင်မြတ်အား မြင်တွေ့နေရသကဲ့သို့ မှတ်ယူပြီး အိဗာဒသ်လုပ်ပါ။ အကယ်၍ သင်သည်အလ္လာဟ်အရှင်မြတ်အား မမြင်တွေ့နိုင်လျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အားမြင်တွေ့နေတော်မူသည်ဟု မှတ်ယူပါ။

မေး (၃၉) မည်သည့်ချိန်တွင် အမလ်ကောင်းမှုများသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် လက်ခံသဘောတူခြင်းခံရမည်နည်း။

ဖြေ။ အမလ်ကောင်းမှုများ လက်ခံသဘောတူခြင်းခံရရန် စည်းကမ်းချက် (၂)ခုရှိသည်။ ၎င်းတို့မှာ

(၁) အလ္လာဟ်အရှင်မြတ်အတွက်သာ သီးသန့် ရည်စူး၍ ပြုလုပ်ခြင်း။

(၂) တမန်တော်မြတ်(ﷺ)၏ စွန္နသ်တော်နှင့် ကိုက်ညီခြင်း။

မေး (၄၀) အလ္လာဟ်အရှင်မြတ်အပေါ်‘သဝက္ကုလ်’ ယုံပုံအားကိုးခြင်းဆိုသည်မှာ အဘယ်နည်း။

ဖြေ။ သဝက္ကုလ်ဆိုသည်မှာ ကောင်းကျိုးများကို ရယူခြင်းနှင့် ဆိုးကျိုးများကို ဖယ်ရှားရာတွင် အကြောင်းခံများကို ကိုင်တွယ်ပြီး အလ္လာဟ်အရှင်မြတ်အပေါ် အားကိုးအားထားပြုခြင်းကို ခေါ်ဆိုသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَمَن يَتَوَكَّلۡ عَلَى ٱللَّهِ فَهُوَ حَسۡبُهُۥٓ ٣﴾ [الطلاق: 3]

... ﴾(ထိုမှတစ်ပါး မည်သူမဆို အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်အားထားပါမူ ထိုအရှင်မြတ်သည် ထိုသူ၏အဖို့ လုံလောက်တော်မူ၏။...) [စူရဟ် သွလာက် အာယသ် - ၃]

၏ အဓိပ္ပါယ်မှာ ထိုသူ၏အဖို့ လုံလောက်တော်မူ၏ဟူ၍ ဖြစ်သည်။

မေး (၄၁) ကောင်းရာညွှန်ကြားခြင်းနှင့် မကောင်းမှုမှ တားမြစ်ခြင်းဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ကောင်းရာညွှန်ကြားခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏အမိန့်အား နာခံရန်တိုက်တွန်းခြင်းဖြစ်သည်။ မကောင်းမှုမှ တားမြစ်ခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏အမိန့်ဖီဆန်မှုမှ တားမြစ်ခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿كُنتُمۡ خَيۡرَ أُمَّةٍ أُخۡرِجَتۡ لِلنَّاسِ تَأۡمُرُونَ بِٱلۡمَعۡرُوفِ وَتَنۡهَوۡنَ عَنِ ٱلۡمُنكَرِ وَتُؤۡمِنُونَ بِٱللَّهِۗ وَلَوۡ ءَامَنَ أَهۡلُ ٱلۡكِتَٰبِ لَكَانَ خَيۡرٗا لَّهُمۚ مِّنۡهُمُ ٱلۡمُؤۡمِنُونَ وَأَكۡثَرُهُمُ ٱلۡفَٰسِقُونَ ١١٠﴾ [آل عمران: 110]

((အို-မွတ်စ်လင်မ်အပေါင်းတို့) အသင်တို့သည် လူခပင်းတို့အဖို့ (တရားဓမ္မ ညွှန်ကြားရန်အလို့ငှာ) ထွက်ပေါ်လာကြကုန်သော အကောင်းဆုံးသော သာသနာ၀င် လူစုပင်တည်း။(အကြောင်းမူကား) အသင်တို့သည် ကောင်းမြတ်သော ကိစ္စများကို (ပြုလုပ်ကြရန်) ညွှန်ကြားကြသည့်ပြင် စက်ဆုပ် ရွံ့ရှာဖွယ်ရာများမှလည်း မြစ်တားကြကုန်၏။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြကုန်၏။) [စူရဟ် အာလိအင်မ်ရန် အာယသ် - ၁၁၀]

မေး (၄၂) မည်သူတို့သည် အဟ်လွတ်စွန္နဟ် ၀လ်ဂျမာအဟ် ဖြစ်ကြပါသနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)နှင့် ဆွဟာဗဟ်သာ၀ကများ၏ လမ်းစဉ်အတိုင်း ပြောဆိုသူ၊ လက်တွေ့ကျင့်ကြံသူ၊ ယုံကြည်ချက်ထားသူသည် အဟ်လွတ်စွန္နဟ် ၀လ်ဂျမာအဟ်ဖြစ်သည်။

အဟ်လွတ်စွန္နဟ် ဟုအမည်ပေးထားခြင်းသည် တမန်တော်မြတ်(ﷺ)၏ စွန္နသ်တော်ကိုနောက်လိုက်ပြီး တရားသစ်တီထွင်မှုကို စွန့်လွှတ်သည့်အတွက်ကြောင့်ဖြစ်သည်။

အလ်ဂျမာအဟ် ဟူသည် ၎င်းတို့သည် အမှန်တရားပေါ်တွင် စုစည်းညီညွတ်ကြပြီး ထိုလမ်းစဉ်ပေါ်မှ ခွဲထွက်ခြင်းမရှိသောကြောင့်ဖြစ်သည်။တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ- “ဧကန်အမှန်ပင် ဗနီအစ္စရာအီးလ်တို့တွင် ခုနစ်ဆယ့်နှစ်သင်း ကွဲခဲ့ကြပြီး ငါကိုယ်တော်၏ အွမ္မသ်သားများတွင် ခုနစ်ဆယ့်သုံးသင်း ကွဲကြလိမ့်မည်။ အသင်းတစ်သင်းမှအပ ကျန်အသင်းများအားလုံးသည် ငရဲသို့လားကြရမည်ဖြစ်သည်။ သာ၀ကကြီးများက ထို(ငရဲမီးမှ လွတ်မြောက်မည့်)အသင်းမှာ မည်သူတို့ပါနည်းဟု မေးလျှောက်ကြရာ

ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ ငါကိုယ်တော်နှင့် ငါ၏သာဝကများ၏ လမ်းစဉ်ပေါ်တွင်ရှိနေသူများဖြစ်သည်။”(သိရ်မိဇီကျမ်း).

## ဖိက်ဟ်ကဏ္ဍ။

ဖိက်ဟ်ဆိုင်ရာ အသိပညာ။ဖိက်ဟ်ဆိုသည်မှာ
လက်တွေ့လိုက်နာကျင့်သုံးရသောရှရီအသ်တရားတော်ဆိုင်ရာ
အမိန့်ပညတ်ချက်များနှင့် သက်ဆိုင်သည့် ပညာဖြစ်သည်။ ဥပမာ- သွဟာရသ်၊
ဆွလာသ်၊ ဇကာသ်၊ ဆွိယာမ်၊ ဟဂျ်၊ ဂျီဟာဒ်နှင့် အခြား အမလ်ကျင့်သုံးမှုဆိုင်ရာ
ရှရီအသ်ကဏ္ဍများ။

မေး (၁) သွဟာရသ် သန့်ရှင်းစင်ကြယ်မှုအကြောင်း တင်ပြပါ။

ဖြေ။ သွဟာရသ်ဟူသည် ဟဒတ်စ်( အမိန့်အရ မသန့်ဖြစ်ခြင်း)နှင့် ခဗဆ်(အညစ်အကြေး)တို့မှ သန့်ရှင်းစင်ကြယ်အောင်ပြုခြင်းဖြစ်ပြီး ဆွလာသ်ကို အတားအဆီးဖြစ်စေသည့်အရာများကို ကင်းစင်အောင်ပြုခြင်းဖြစ်သည်။တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ- သန့်ရှင်းစင်ကြယ်မှုသည် ဆွလာသ်၏ သော့တံဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း)

ခဗဆ်မှ သန့်ရှင်းစင်ကြယ်ခြင်းဆိုသည်မှာ မွတ်စ်လင်မ်တစ်ဦးသည် မိမိ၏ခန္ဓာကိုယ်၊ အဝတ်အစားနှင့် ဆွလာသ်ဝတ်ပြုမည့်နေရာတွင် လူးပေနေသည့် အညစ်အကြေးများကို ပပျောက်ကင်းစင်အောင် ပြုလုပ်ခြင်းဖြစ်သည်။

ဟဒတ်စ်မှ သန့်ရှင်းစင်ကြယ်ခြင်းဆိုသည်မှာ သန့်စင်သည့်ရေဖြင့် ဝုဿူပြုခြင်း သို့မဟုတ် ရေချိုးခြင်း၊ ရေမရှိပါက သို့မဟုတ် ရေသုံးစွဲနိုင်စွမ်းမရှိပါက သယမ်မွမ် (မြေကြီးဖြင့်သန့်စင်မှုရယူခြင်း) ဖြင့် သန့်ရှင်းစင်ကြယ်မှု ပြုခြင်းဖြစ်သည်။

## မေး (၂) အညစ်အကြေးပေကျံနေသောအရာအား မည်သို့သန့်ရှင်းစင်ကြယ်အောင်ပြုရမည်နည်း။

ဖြေ။ သန့်ရှင်းစင်ကြယ်သွားသည်အထိ ရေဖြင့်ဆေးကြောရမည်။

အကယ်၍ ခွေးသည် တစ်စုံတစ်ရာကိုလျက်ခဲ့ပါက ခုနစ်ကြိမ်ဆေးကြောရမည်ဖြစ်ပြီး ပထမအကြိမ်တွင် မြေကြီးဖြင့်ပွတ်တိုက်ဆေးကြောရမည်။အဗူဟုရိုင်ရဟ်( رَضِيَ اللّٰهُ عَنْهُ)ကဆင့်ပြန်ပြောကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)က မိန့်ကြားတော်မူသည်။အသင်တို့အနက် တစ်ဦးတစ်ယောက်၏ အိုး၊ခွက်ထဲသို့ ခွေးကလျှာဖြင့်လျက်ခဲ့ပါက ထိုအိုး၊ ခွက်အား (၇)ကြိမ်ဆေးကြောပါ။ ယင်း(၇)ကြိမ်အနက် ပထမဦးဆုံးအကြိမ်ကို မြေဖြင့်ပွတ်တိုက်ဆေးကြောပါ။(မွတ်စ်လင်မ်ကျမ်း)

## မေး (၃) ဝုဿွူ၏ မွန်မြတ်မှုကို ဖော်ပြပါ။

ဖြေ။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်။မွတ်စ်လင်မ် (သို့မဟုတ်) မုအ်မင်န် ကျေးကျွန်တစ်ဦးသည် ဝုဿွူပြုသည့်အခါ ၎င်း၏မျက်နှာကိုဆေးကြောလိုက်ပါက သူ၏မျက်လုံးနှင့်ကြည့်၍ ကျူးလွန်ခဲ့သည့် အပြစ်တိုင်းသည် ရေနှင့်အတူ (သို့မဟုတ်) နောက်ဆုံးရေစက်နှင့်အတူ မျက်နှာမှကျဆင်းသွားမည်။ ၎င်းသည်မိမိလက်နှစ်ဖက်ကို ဆေးကြောသည့်အခါ လက်ဖြင့်ကျူးလွန်ခဲ့သည့် အပြစ်တိုင်းသည် ရေနှင့်အတူ (သို့မဟုတ်) နောက်ဆုံးရေစက်နှင့်အတူ လက်မှကျဆင်းသွားမည်။ ၎င်းသည်မိမိခြေနှစ်ဖက်ကို ဆေးကြောသည့်အခါ ခြေဖြင့်လျှောက်လှမ်း၍ ကျူးလွန်ခဲ့သည့် အပြစ်တိုင်းသည် ရေနှင့်အတူ

(သို့မဟုတ်) နောက်ဆုံးရေစက်နှင့်အတူ ခြေထောက်မှကျဆင်းသွားမည်။ နောက်ဆုံး အပြစ်များမှကင်းစင်၍ ထွက်လာမည်ဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

မေး (၄) ဝုသွူမည်သို့ပြုရမည်နည်း။

ဖြေ။ လက်နှစ်ဖက်ကို လက်ကောက်ဝတ်အထိ သုံးကြိမ်ဆေးကြောရမည်။

ပလုတ်ကျင်းခြင်း၊ နှာခေါင်းထဲသို့ ရေသွင်းခြင်း၊ ရေညှစ်ထုတ်ခြင်းတို့ကို သုံးကြိမ်ပြုလုပ်ရမည်။

ပလုတ်ကျင်းခြင်း ဆိုသည်မှာ ပါးစပ်ထဲသို့ရေထည့်ကာ လှုပ်ရမ်းပြီး ထွေးထုတ်ခြင်းဖြစ်သည်။

နှာခေါင်းထဲသို့ ရေသွင်းခြင်းဆိုသည်မှာ ညာဖက်လက်ဖြင့်ရေယူပြီး နှာခေါင်းတွင်းသို့ ရှူသွင်းခြင်းဖြစ်သည်။

ရေညှစ်ထုတ်ခြင်းဆိုသည်မှာ နှာခေါင်းတွင်းသို့ရေထည့်ပြီးနောက် လက်ဝဲလက်ဖြင့် ညှစ်ထုတ်ခြင်းဖြစ်သည်။

ထို့နောက် မျက်နှာကို သုံးကြိမ်ဆေးကြောရမည်။

ထို့နောက် လက်နှစ်ဖက်ကို တံတောင်ဆစ်အထိ သုံးကြိမ်ဆေးကြောရမည်။

ထို့နောက် လက်နှစ်ဖက်ဖြင့် ဦးခေါင်းအရှေ့ဖက်မှ အနောက်ဖက်အထိ၊ အနောက်ဖက်မှ အရှေ့ဖက်အထိ တစ်ကြိမ် မစဟ်ပြုပွတ်သပ်ရမည်။ နားနှစ်ဖက်အား မစဟ်ပြုရမည်။

ထို့နောက် ခြေထောက်နှစ်ဖက်အား ခြေမျက်စိအထိ သုံးကြိမ်ဆေးကြောရမည်။

ဤသည်ပြည့်စုံသည့် ဝုဿွူဖြစ်ပြီး ဤအတိုင်းပင် ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်းတို့တွင် တမန်တော်မြတ်(ﷺ)၏ ဟဒီးဆ်သြဝါဒတော်များ လာရှိထားပြီး ၎င်းတို့ကို သာဝကြီး အွတ်စ်မာန်နှင့် သာဝကကြီး အဗ်ဒုလ္လာဗင်န်ဇိုက်ဒ်တို့အပြင် အခြားဆွဟာဗဟ် (رَضِيَ اللَّهُ عَنْهُمْ)တို့က ဆင့်ပြန်ထားသည်။ထို့အတူ ဗုခါရီကျမ်းနှင့် အခြားကျမ်းများတွင် " တမန်တော်မြတ် (ﷺ)သည် ဝုဿွူပြုရာတွင် တစ်ကြိမ်စီ၊ တစ်ကြိမ်စီဆေးကြောတော်မူသည်။ ကိုယ်တော်သည် ဝုဿွူပြုရာတွင် နှစ်ကြိမ်စီ၊ နှစ်ကြိမ်စီဆေးကြောတော်မူသည်။"ဟူ၍လည်း ဆင့်ပြန်ချက်များလာရှိထားသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်သည် ဝုဿွူပြုရာတွင် ဆေးကြောရမည့်အစိတ်အပိုင်းများကို တစ်ကြိမ်စီ သို့မဟုတ် နှစ်ကြိမ်စီ ဆေးကြောတော်မူခြင်းဖြစ်သည်။

မေး (၅) ဝုဿွူ၏ ဖရ်ဆွ်ဆိုသည်မှာ အဘယ်နည်း။ ၎င်းတို့ကိုဖော်ပြပါ။

ဖြေ။ ဝုဿွူ၏ ဖရ်ဆွ်ဆိုသည်မှာ မွတ်စ်လင်မ်တစ်ဦးအနေဖြင့် ထိုအချက်များအနက်မှ တစ်ချက်လွတ်သွားလျှင် ဝုဿွူအထမြောက်မည် မဟုတ်ပါ။ ၎င်းတို့မှာ-

(၁) မျက်နှာဆေးကြောခြင်း။ ယင်း၌ ပလုတ်ကျင်းခြင်း၊ နှာခေါင်းထဲသို့ ရေသွင်းခြင်းတို့ပါဝင်သည်။

(၂) လက်နှစ်ဖက်ကို တံတောင်ဆစ်အထိ ဆေးကြောခြင်း။

(၃) ဦးခေါင်းအား မစဟ်ပြုပွတ်သပ်ခြင်း၊ ယင်း၌နားရွက်နှစ်ဖက်အား မစဟ်ပြုခြင်းလည်းပါဝင်သည်။

(၄) ခြေထောက်နှစ်ဖက်အား ခြေမျက်စိအထိ ဆေးကြောခြင်း။

(၅) အစိတ်အပိုင်းများကို အစဉ်လိုက်ဆေးကြောခြင်း။ မျက်နှာကိုဆေးကြောရမည်၊ ၎င်းနောက် လက်နှစ်ဖက်ကို ဆေးကြောရမည်၊ ၎င်းနောက် ဦးခေါင်းအား မစဟ်ပြုရမည်၊ ၎င်းနောက် ခြေနှစ်ဖက်အား ဆေးကြောရမည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا قُمۡتُمۡ إِلَى ٱلصَّلَوٰةِ فَٱغۡسِلُواْ وُجُوهَكُمۡ وَأَيۡدِيَكُمۡ إِلَى ٱلۡمَرَافِقِ وَٱمۡسَحُواْ بِرُءُوسِكُمۡ وَأَرۡجُلَكُمۡ إِلَى ٱلۡكَعۡبَيۡنِۚ ٦﴾ [المائدة: 6]

အို- အီမာန် ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် ဆွလာသ် ဝတ်ပြုရန် ရပ်ကြသောအခါ အသင်တို့၏ မျက်နှာများနှင့် အသင်တို့၏ လက်များကို တံတောင်ဆစ်များ အပါအဝင် ဆေးကြောကြပါ။ ၎င်းပြင် အသင်တို့သည် အသင်တို့၏ ဦးခေါင်းများကို ပွတ်သပ်ကြပါ။ ၎င်းပြင် အသင်တို့၏ ခြေများကိုလည်း ခြေမျက်စိနှစ်ခုအပါအဝင် ဆေးကြောကြပါ။[စူရဟ် မာအိဒဟ် အာယသ် - ၆]

(၆) တစ်ဆက်တည်းပြုလုပ်ခြင်း။ ဝုဿွူပြုရာတွင် အစိတ်အပိုင်းတစ်ခုအား ဆေးကြောပြီးနောက် ထိုအစိတ်အပိုင်း ရေခြောက်သွားသည်အထိ အချိန်မဆိုင်းထားဘဲ အခြားအစိတ်အပိုင်းတစ်ခုအား ဆေးကြောရမည်။

ဥပမာ- ဝုဿွူအား တစ်ဝက်ခန့်ပြုပြီးနောက် ကျန်တစ်ဝက်ကို အခြားအချိန်တစ်ချိန်တွင်ပြုလုပ်မည်ဆိုပါက ဝုဿွူပိုင်မည်မဟုတ်ပါ။ဟဒီးဆ်တော်တွင် လာရှိသည်မှာ - တမန်တော်မြတ်(ﷺ)သည် လူတစ်ဦး ဆွလာသ်ဝတ်ပြုနေသည်ကို မြင်တွေ့ခဲ့ပြီး ၎င်းသူ၏ခြေဖမိုးတွင် ဒိရ်ဟမ်တစ်ပြားစာ ပမာဏခန့် ရေမစိုပဲကျန်နေသည်ကို မြင်တွေ့တော်မူခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ်(ﷺ)သည် ၎င်းအား ဝုဿွူပြန်လည်ပြုလုပ်ရန်နှင့် ဆွလာသ်ပြန်လည်ဝတ်ပြုရန် အမိန့်ပေးတော်မူခဲ့သည်။(အဗူဒါဝူးဒ်ကျမ်း).

### မေး (၆) ဝုဿွူ၏ စွန္နသ်ဆိုသည်မှာ အဘယ်နည်း။ ၎င်းတို့ကိုဖော်ပြပါ။

ဖြေ။ ဝုဿွူ၏ စွန္နသ်ဆိုသည်မှာ အကယ်၍ လူတစ်ဦးသည် ထိုအချက်များကို ပြုလုပ်ပါက အကျိုးကုသိုလ် ပို၍ရရှိမည်ဖြစ်ပြီး မပြုလုပ်ပါက အပြစ်မထိုက်ပေ ၎င်း၏ဝုဿွူလည်း အထမြောက်သွားမည်ဖြစ်သည်။ ၎င်းတို့မှာ-

(၁) ဗိစ္စမိလ္လာဟ် ဆိုခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ -ဗိစ္စမိလ္လာဟ် ဖတ်ရွတ်ခြင်းမရှိသူ၏ ဝုဿွူသည် ပြည့်စုံမည်မဟုတ်ပေ။(အဗူဒါဝူးဒ်ကျမ်း)(၂) မိစ်ဝါက် တံပူစားခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ -ငါ၏အွမ္မသ်သားတို့အပေါ် ခက်ခဲမည်ကို မစိုးရိမ်ပါက ဝုဿွူပြုသည့်အခါတိုင်း မိစ်ဝါက် တံပူတိုက်ရန် ၎င်းတို့အား အမိန့်ပေးတော်မူမည်ဖြစ်သည်။(အဟ်မဒ်ကျမ်း)

(၃) လက်နှစ်ဖက်ကို လက်ကောက်ဝတ်အထိဆေးကြောခြင်း။

(၄) လက်ချောင်းများကြား ခိလာလ်လုပ်ခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ -ဝုဿွူကို ကောင်းမွန်ပြည့်စုံအောင်ပြုပါ၊ လက်ချောင်း ခြေချောင်းများကြားကို ရေရောက်အောင် ခိလာလ်လုပ်ပါ၊ ဆွိယာမ်ဥပုသ် စောင့်ထိန်းထားခြင်းမရှိပါက နှာခေါင်းအတွင်းထိ ရေရှူသွင်းပါ။(စုနန်ကျမ်းများ)

(၅) အစိတ်အပိုင်းများကို ဒုတိယအကြိမ်၊ တတိယအကြိမ်ဆေးကြောခြင်း။

(၆) ညာဘက်မှ အစပြုခြင်း။ အာအိရှဟ် (رَضِيَ اللهُ عَنْهَا) ဆင့်ပြန်သည့် ဟဒီးဆ်တော်၌လာရှိသည်မှာ -တမန်တော်မြတ် (ﷺ)သည် ဖိနပ်စီးရာတွင်လည်းကောင်း၊ ဘီးဖြီးရာတွင်လည်းကောင်း၊ ဝုဿွူနှင့် ဂုစ်လ်ပြုရာတွင်လည်းကောင်း၊ အခြားကောင်းမြတ်သော ကိစ္စရပ်တိုင်းတွင် ယာဘက်ဖြင့်အစပြုခြင်းကိုနှစ်သက်တော်မူ၏။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၇) ဝုဿွူပြီးနောက် ဇိကိရ်ဆိုခြင်း။

(أَشْهَدُ أَنْ لَا إِلٰهَ إِلَّا اللهُ وَحْدَهُ لَا شَرِيكَ لَهُ ، وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسُولُهُ)

တစ်ပါးတည်းဖြစ်တော်မူသော တုဖက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသောအရှင်မရှိ၊ မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ဗန္ဒာ အစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်းကို ကျွန်တော်မျိုး သက်သေခံပါသည်။

(၈) ဝုဿွူပြုပြီးနောက် ဆွလာသ် နှစ်ရကအ်ဝတ်ပြုခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ -အကြင်သူသည် ငါကိုယ်တော်၏ ဤဝုဿွူပြုနည်းအတိုင်း ဝုဿွူပြုလုပ်ပြီးနောက် ဆွလာသ်နှစ်ရကအသ်ဆောက်တည်မည်။ ယင်းနှစ်ရကအသ်ထဲတွင် စိတ်ထဲမှစကားပြောခြင်း(ဟိုဒီတွေးခြင်း)မပြုလျှင် ထိုသူယခင်က ကျူးလွန်ခဲ့သော အပြစ်များ ခွင့်လွှတ်ခြင်းခံရမည် ဖြစ်သည်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၇) ဝုဿွူပျက်စေသောအချက်များကို ဖော်ပြပါ။

ဖြေ။ ဝုဿွူပျက်စေသောအချက်များမှာ- အရှေ့အနောက် ဒွါရနှစ်ပေါက်မှ ဆီး၊ ဝမ်း၊ လေ စသည်ဖြင့် တစ်စုံတစ်ရာထွက်ခြင်း။

(၂) အိပ်ပျော်သွားခြင်း၊ ရူးသွပ်သွားခြင်း၊ သတိလစ်သွားခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ -မျက်လုံးသည် အနောက်ဒွါရ၏ ကြိုးပင်ဖြစ်သည်။သို့ဖြစ်၍ အကြင်သူသည် အိပ်ပျော်သွားပါက ဝုဿွူပြန်လုပ်ပါ။ (အဗူဒါဝူးဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

(၃) ကုလားအုတ်သား စားခြင်း။ပုဂ္ဂိုလ်တစ်ဦးက တမန်တော်မြတ် (ﷺ)အား ကျွန်တော်မျိုး ကုလားအုတ်သား စားပြီးနောက် ဝုဿွုပြန်လုပ်ရမလားဟု မေးလျှောက်ရာ ကိုယ်တော်က လုပ်ရမည်ဟု ဖြေကြားတော်မူခဲ့သည်။(မွတ်စ်လင်မ်ကျမ်း)

(၄) ကြားခံတစ်စုံတစ်ရာမပါရှိဘဲ အရှေ့ အနောက် အရှက်အင်္ဂါကို လက်ဖြင့်ထိကိုင်ခြင်း။"အကြင်သူသည် မိမိ၏အရှက်အင်္ဂါကို (ကြားခံတစ်စုံတစ်ရာ မပါဘဲ) ကိုင်တွယ်ပါက ဝုဿွုပြန်လုပ်ပါ။"(အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ).

## မေး (၈) သယမ္မုမ် ဆိုသည်မှာအဘယ်နည်း။

ဖြေ။ သယမ္မုမ် ဆိုသည်မှာ ရေမရရှိသည့်အခါ၌ ဖြစ်စေ၊ ရေသုံးစွဲနိုင်စွမ်းမရှိသည့်အခါ၌ဖြစ်စေ မြေကြီး သို့မဟုတ် မြေကြီးအမျိုးအစား တစ်မျိုးမျိုးဖြင့် သန့်ရှင်းမှုရယူခြင်းကို ခေါ်ဆိုပါသည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿فَلَمۡ تَجِدُواْ مَآءٗ فَتَيَمَّمُواْ صَعِيدٗا طَيِّبٗا فَٱمۡسَحُواْ بِوُجُوهِكُمۡ وَأَيۡدِيكُمۡۗ إِنَّ ٱللَّهَ كَانَ عَفُوًّا غَفُورًا٤٣﴾
[النساء: 43]

(အသင်တို့သည် (ရေချိုးရန်အတွက်သော်လည်းကောင်း၊ ဝုဇူပြုရန်အတွက်သော်လည်းကောင်း) ရေမရရှိကြလျှင်လည်းကောင်း၊ အသင်တို့သည် စင်ကြယ်သောမြေဖြင့် သယမ္မုမ်ပြုကြလေကုန် (သယမ္မုမ်ပြုနည်းကား) အသင်တို့သည် (လက်ဝါးနှစ်ဖက်ဖြင့် မြေကိုရိုက်ပုတ်၍) မိမိတို့၏မျက်နှာနှင့် လက်များကို ပွတ်သပ်ကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် မုချကေန် အလွန်တရာ ခွင့်လွှတ်တော်မူသောအရှင်၊ အလွန်တရာ ချမ်းသာခွင့်ပေးသနားတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။) [စူရဟ် နိစာအ် အာယသ် - ၄၃]

မေး (၉) သယမ္မုမ်မည်သို့ပြုရမည်နည်း။

ဖြေ။ သယမ္မုမ် ပြုလုပ်ရမည့်ပုံစံမှာ မိမိ၏ လက်နှစ်ဖက်ကို မြေပေါ်တွင်တစ်ကြိမ်ပုတ်ပြီးနောက် ထိုလက်နှစ်ဖက်ဖြင့် မျက်နှာနှင့် လက်နှစ်ဖက်လက်ဖမိုးပေါ်ကို တစ်ကြိမ်ပွတ်သပ်ရမည်။ တမန်တော်မြတ်(ﷺ)က အမ္မာရ်ဗင်ယာစိရ် (رَضِيَ اللهُ عَنْهُ)အား မိန့်ကြားတော်မူခဲ့သည်မှာ၍မျှလောက်ပြုလုပ်လိုက်လျှင် သင့်အတွက်လုံလောက်သည်။ ထို့နောက် တမန်တော်မြတ်(ﷺ)သည် မိမိလက်နှစ်ဖက်ကို မြေပေါ်တွင် တစ်ချက်ပုတ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက်အား မှုတ်လိုက်တော်မူပြီး ထိုလက်နှစ်ဖက်ဖြင့် မိမိ၏ မျက်နှာနှင့် လက်နှစ်ဖက်အား မစဟ်ပြု ပွတ်သပ်တော်မူခဲ့သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၁၀) သယမ္မုမ်ပျက်စေသော အချက်များကို ဖော်ပြပါ။

ဖြေ။ ဝုဇူပျက်စေသည့် ကိစ္စတိုင်းသည် သယမ္မုမ်ကိုလည်း ပျက်စေသည်။ ရေရရှိပါက သယမ္မုမ်ပျက်သည်။

မေး (၁၁) ခုဖ်ဖိုင်းန်နှင့် ဂျောင်းရဗိုင်းန် ဆိုသည်မှာ အဘယ်နည်း။ ၎င်းတို့ပေါ်တွင် မစဟ်ပြုခွင့် ရှိပါသလား။

ဖြေ။ ခုဖ်ဖိုင်းန် ဆိုသည်မှာ သားရေခြေစွပ်ဖြစ်သည်။

ဂျောင်းရဗိုင်းန် ဆိုသည်မှာ သားရေမဟုတ်သည့် အခြားအရာများဖြင့် ပြုလုပ်ထားသည့် ခြေစွပ်ဖြစ်သည်။

ခြေနှစ်ဖက်အား ဆေးကြောရမည့်အစား ခြေစွပ်နှစ်ဖက်ပေါ်တွင် မစဟ်ပြုခွင့်ရှိသည်။ မုဂီးရဟ်ဗင်န်ရှုအ်ဗဟ်(رَضِيَ اللهُ عَنْهُ)ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်တွင် လာရှိသည်မှာ -အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ)သည် ဝုဿွူပြုတော်မူခဲ့ပြီး'ဂျောင်းရဗိုင်းန်'(ခြေစွပ်နှစ်ဖက်)ပေါ်တွင် မစဟ်ပြုခဲ့သည်။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)ဗုခါရီကျမ်းနှင့် မွတ်စ်လင်မ်ကျမ်းတွင် လာရှိသည်မှာ - တမန်တော်မြတ်(ﷺ)သည် ဝုဿွူပြုတော်မူခဲ့ပြီး 'ခုဖ်ဖိုင်းန်'(ခြေစွပ်နှစ်ဖက်)ပေါ်တွင် မစဟ်ပြုခဲ့သည်။

မေး (၁၂) သားရေခြေစွပ်ပေါ်တွင် မစဟ်ပြုခြင်းအား ခွင့်ပြုထားခြင်း၏ အမြော်အမြင်ကို တင်ပြပါ။

ဖြေ။ သားရေခြေစွပ်ပေါ်၌ မစဟ်ပြုရန် ခွင့်ပြုထားခြင်းသည် လူတို့အပေါ်တွင်လွယ်ကူ၊ သက်သာမှု ရှိစေရန်အတွက်ဖြစ်သည်။ အထူးသဖြင့် ချမ်းအေးသည့်အခါ၊ ဆောင်းရာသီနှင့် ခရီးသွားလာသည့်အခါမျိုးတွင် ခြေစွပ်ကိုချွတ်ရန်ခက်ခဲသောကြောင့်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ -

﴿وَلَا يُرِيدُ بِكُمُ ٱلۡعُسۡرَ وَلِتُكۡمِلُواْ ٱلۡعِدَّةَ وَلِتُكَبِّرُواْ ٱللَّهَ عَلَىٰ مَا هَدَىٰكُمۡ وَلَعَلَّكُمۡ تَشۡكُرُونَ ١٨٥﴾

[البقرة: 185]

(အလ္လာဟ် အရှင်မြတ်သည် အသင်တို့အဖို့ လွယ်ကူမှုကိုသာ လိုလားတော်မူပြီး အသင်တို့အဖို့ ခက်ခဲမှုကိုလိုလားတော်မူသည် မဟုတ်ချေ။) [စူရဟ် ဗကရဟ် အာယသ် - ၁၈၅]

မေး (၁၃) ခြေစွပ်ပေါ်တွင် မစဟ်ပြုခြင်း ပိုင်စေရန်အတွက် လိုအပ်သည့် စည်းကမ်းချက်များကို ဖော်ပြပါ။

ဖြေ။ (၁)ဝုဿူပြုထားပြီး သန့်ရှင်းမှုရှိနေသည့်အခြေနေမျိုးတွင် ခြေစွပ်အား ဝတ်ဆင်ထားခြင်းဖြစ်ရမည်။ မုဂီရဟ် (رضي الله عنه) ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိထားသည်။ ၎င်းကပြောသည်မှာ -ကျွန်တော်သည် တမန်တော်မြတ် (ﷺ)နှင့်အတူ ခရီးတစ်ခုတွင်ရှိနေခဲ့သည်။ (ကိုယ်တော် ဝုဿူပြုသည့်အခါတွင်) ကျွန်တော်သည် ကိုယ်တော်၏ ခြေစွပ်နှစ်ဖက်ကို ချွတ်ပေးရန် လက်လှမ်းလိုက်ရာ ကိုယ်တော်က ထို(ခြေစွပ်)နှစ်ခုကို ထားလိုက်ပါ။ ကေန်အမှန်ပင် ငါကိုယ်တော်သည် ၎င်းခြေစွပ်နှစ်ဖက်ကို (ဝုဿူပြုပြီး) သန့်စင်နေသည့် အခြေအနေမျိုးတွင် ဝတ်ခဲ့ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူသည်။ ၎င်းနောက်ကိုယ်တော်သည် ထိုခြေစွပ်နှစ်ဖက်ပေါ် မစဟ်ပြုပွတ်သပ်ခဲ့သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၂) ခြေစွပ်သည် သန့်ရှင်းရမည်။ မသန့်သည့်ခြေစွပ်ပေါ်တွင် မစဟ်ပြုခွင့်မရှိပါ။

(၃) ဝုဿူပြုရာတွင် ခြေထောက်အားဆေးကြောရမည့် ဖရ်သွ်အစိတ်အပိုင်းအားလုံးကို ခြေစွပ်ဖြင့်ဖုံးအုပ်ထားရမည်။

(၄) သတ်မှတ်ထားသည့် အချိန်ကာလအတွင်းသာ မစဟ်ပြုခွင့်ရှိသည်။ မိမိအရပ်ဒေသတွင် ရှိနေသူသည် တစ်ရက်နှင့် တစ်ည (၂၄ နာရီ) မစဟ်ပြုခွင့်ရှိပြီး ခရီးသွားသူသည် သုံးရက်နှင့် သုံးည (၇၂ နာရီ)

မစပ်ပြုခွင့်ရှိသည်။အလီ (رَضِيَ اللهُ عَنْهُ) ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်တွင် လာရှိသည်မှာ-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ)သည် ခရီးသည်အတွက် သုံးရက်နှင့် သုံးည၊ မိမိအရပ်ဒေသတွင် ရှိနေသူအတွက် တစ်ရက်နှင့် တစ်ည မစပ်ပြုရန် ခွင့်ပြုထားတော်မူသည်။(မွတ်စ်လင်မ်ကျမ်း)

မေး (၁၄) ခြေစွပ်ပေါ်တွင် မစပ်ပြုရမည့်နည်းလမ်းကို ဖော်ပြပါ။

ဖြေ။ ခြေစွပ်ပေါ်တွင် မစပ်ပြုရမည့်နည်းလမ်းမှာရေစွတ်ထားသော လက်နှစ်ဖက်၏လက်ချောင်းများဖြင့် ခြေချောင်းများ၏ ထိပ်ဖျားမှစ၍ ခြေသလုံးအစအထိ ပွတ်သပ်ရမည်။ ညာဘက်ခြေထောက်အား ညာလက်ဖြင့် ဘယ်ဘက်ခြေထောက်အား ဘယ်လက်ဖြင့် ပွတ်သပ်ရမည်။ ပွတ်သပ်ရာတွင် လက်ချောင်းများကို ချဲထားရမည်။ တစ်ကြိမ်သာ ပွတ်သပ်ရမည်။.

မေး (၁၅) ခြေစွပ်ပေါ်တွင်မစပ် ပွတ်သပ်ခြင်းအား ပျက်စေသောအချက်များကို ဖော်ပြပါ။

ဖြေ။ (၁) မစပ်ပြုရန် ခွင့်ပြုထားသည့် အချိန်ကာလကုန်ဆုံးခြင်း။ တရားတော်က သတ်မှတ်ထားသည့် အချိန်ကာလဖြစ်သည့် မိမိအရပ်ဒေသတွင် ရှိနေသူအတွက် တစ်ရက်နှင့် တစ်ည၊ ခရီးသည်အတွက် သုံးရက်နှင့် သုံးည ကုန်ဆုံးသွားပါက ခြေစွပ်ပေါ်တွင်မစပ်ပြုခွင့်မရှိတော့ပါ။

(၂) ခြေစွပ်ကို ချွတ်ခြင်း။ အကယ်၍ လူတစ်ဦးသည် ခြေစွပ်နှစ်ဖက် သို့မဟုတ် တစ်ဖက်ကိုချွတ်လိုက်ပါက ခြေစွပ်ပေါ်တွင်မစပ်ပြုခြင်း ပျက်သွားမည်ဖြစ်သည်။မေး (၁၆) ဆွလာသ်၏ ထွတ်မြတ်မှုကို ဖော်ပြပါ။ဖြေ။ အဗူဟုရိုင်ရဟ် (رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ပြောကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်။အကယ်၍ အသင်တို့အနက်တစ်ဦးတစ်ယောက်၏ တံခါးဝတွင် ချောင်းရှိပြီး ၎င်းသည်

ထိုချောင်းထဲ၌ နေ့စဉ်ငါးကြိမ် ရေဆင်းချိုးပါက ၎င်းသူထံတွင် အညစ်အကြေး တစ်စုံတစ်ရာကျန်ရှိနေလိမ့်မည်ဟု အသင်တို့ထင်ပါသလား။ သာဝကကြီးများက ၎င်း၌ အညစ်အကြေး တစ်စုံတစ်ရာကျန်ရှိလိမ့်မည် မဟုတ်ပါဟု ဖြေကြားခဲ့ကြသည်။ ထိုအခါ ကိုယ်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်မှာ ဆွလာသ်ငါးကြိမ်သည်လည်း ထိုပမာပင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကို အကြောင်းခံ၍ အပြစ်အကုသိုလ်များကို ပယ်ဖျက်ပေးတော်မူသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)အညစ်အကြေး - ကြေးညှော်

မေး (၁၇) ဆွလာသ်ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ဆွလာသ်ဟူသည် သီးသန့်သတ်မှတ်ထားသော ရွတ်ဆိုမှုများ၊ လုပ်ဆောင်မှုများဖြင့် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းဖြစ်ပြီး သက္ကဗီရ် ဖြင့် စတင်ကာ စလာမ်ဖြင့်အဆုံးသတ်သည်။

မေး (၁၈) ဆွလာသ်၏အမိန့်မှာ အဘယ်နည်း။

ဖြေ။ မွတ်စ်လင်မ်တိုင်းအပေါ်တွင် ဆွလာသ်သည် ဖရ်သ္ဖ် မပြုမနေရတာဝန်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿إِنَّ ٱلصَّلَوٰةَ كَانَتۡ عَلَى ٱلۡمُؤۡمِنِينَ كِتَٰبٗا مَّوۡقُوتٗا ١٠٣﴾ [النساء: 103]

(ဧကန်မလွဲ'ဆွလာသ်' ဝတ်ပြုမှုသည် 'မုအ်မင်န်' တို့အပေါ်၌ အချိန်ကာလပိုင်းခြား၍ အတည် သတ်မှတ်ပြဋ္ဌာန်းထားသော ဖရ်သ္ဝ်တာဝန်တစ်ရပ်ပင် ဖြစ်ချေသတည်း။)
[စူရဟ် နိစာအ် အာယသ် - ၁၀၃]

မေး (၁၉) ဆွလာသ်ကို စွန့်လွှတ်ခြင်း၏အမိန့်မှာ အဘယ်နည်း။

ဖြေ။ ဆွလာသ်ကို စွန့်လွှတ်ခြင်းသည် 'ကုဖ်ရ်' ပင်ဖြစ်သည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်မှာ-ဧကန်အမှန်ပင် ကျွန်ုပ်တို့(မွတ်စ်လင်မ်များ)နှင့် ၎င်း(မွတ်စ်လင်မ်မဟုတ်သူ)တို့ကြား၌ရှိသည့် (အကာအကွယ်ပေးခြင်း၊ ကတိသစ္စာတရားနှင့် သက်ဆိုင်သည့်) ပဋိညာဉ်သည် ဆွလာသ်ပင်ဖြစ်သည်။ သို့ဖြစ်၍ အကြင်သူသည် ဆွလာသ်ဆောက်တည်ခြင်းကို စွန့်လွှတ်ပါက ထိုသူသည်အမှန်ပင် ကာဖိရ်ဖြစ်သွားမည်။(အဟ်မဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)

မေး (၂၀) မွတ်စ်လင်မ်တစ်ဦးအပေါ်၌ နေ့နှင့်ညတွင် ဆွလာသ်မည်မျှဆောက်တည်ရန် တာဝန်ရှိပါသနည်း။ ဆွလာသ်တိုင်း၏ ရကအသ် အရေအတွက်ကို ဖော်ပြပါ။

ဖြေ။ မွတ်စ်လင်မ်တစ်ဦးအပေါ်တွင် နေ့နှင့်ည၌ ဆွလာသ်ငါးကြိမ် ဆောက်တည်ရန် တာဝန်ရှိပါသည်။ဆွလာသ်တိုင်း၏ ရကအသ် အရေအတွက်မှာ ဖဂျ်ရ်ဆွလာသ်တွင် (၂) ရကအသ်၊ ဇုဟ်ရ်ဆွာလာသ်တွင် (၄) ရကအသ်၊ အဆ္ဝ်ရ်ဆွလာသ်တွင် (၄) ရကအသ်၊ မဂ်ရိဗ်ဆွလာသ်တွင်(၃) ရကအသ်၊ အိရှာအ်ဆွလာသ်တွင် (၄) ရကအသ် တို့ဖြစ်ပါသည်။

မေး (၂၁) ဆွလာသ်အပြင်ပိုင်းဆိုင်ရာ ဖရ်သ္ဝ်များကို ဖော်ပြပါ။

ဖြေ။ (၁) မွတ်စ်လင်မ်ဖြစ်ခြင်း။ ကာဖိရ်၏ ဆွလာသ်သည် လက်ခံခြင်းခံရမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်၏လုပ်ရပ်သည် ရှိရ်က်ကြောင့်ပျက်ဆီးသွားပြီဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်သည်မှာ-

﴿وَلَقَدۡ أُوحِيَ إِلَيۡكَ وَإِلَى ٱلَّذِينَ مِن قَبۡلِكَ لَئِنۡ أَشۡرَكۡتَ لَيَحۡبَطَنَّ عَمَلُكَ وَلَتَكُونَنَّ مِنَ ٱلۡخَٰسِرِينَ﴾ [الزمر: 65]

(အမှန်ပင် အကယ်၍ အသင်သည် (တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့်) နှိုင်းယှဉ် တွဲဖက်ကိုးကွယ်မှုကို ကျူးလွန်မိခဲ့ပါလျှင် မုချစင်စစ် အသင်၏ ပြုမူကျင့်ဆောင်ချက်တို့သည် အချည်းနှီးဖြစ်သွားမည်။) [စူရဟ် ဇုမရ် အာယသ် - ၆၅]

(၂) အသိဉာဏ်ကောင်းခြင်း။ ရူးသွပ်နေသူ၏ ဆွလာသ်သည် လက်ခံခြင်းခံရမည် မဟုတ်ပါ။

(၃) ခွဲခြားနိုင်စွမ်း ရှိခြင်း။ ခွဲခြားနိုင်စွမ်းမရှိသေးသော ကလေးငယ်၏ ဆွလာသ်သည် လက်ခံခြင်းခံရမည် မဟုတ်ပါ။တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူခဲ့သည်မှာ(သုံးဦးသောသူသည် (အပြစ်) ရေးမှတ်ခြင်းခံရမည်မဟုတ်ပေ။ အိပ်နေသူသည် နိုးလာသည်အထိ၊ အရွယ်မရောက်သေးသူသည် အရွယ်ရောက်သည်အထိ၊ ရူးသွပ်နေသူသည် အသိဉာဏ်ရှိလာသည်အထိ သို့မဟုတ် ဝေဒနာ ပျောက်ကင်းသည်အထိဖြစ်သည်။)(စုနန်ကျမ်းများ)(၅) ရည်စူးချက်ပါရှိခြင်း။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-ဧကန်အမှန်ပင် အမလ်လုပ်ဆောင်ချက်များသည် ရည်စူးချက်များအပေါ်တွင် မူတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့် အရာကိုသာရရှိမည်ဖြစ်သည်။(ဗုခါရီကျမ်း)(၆) အချိန်ကျရောက်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿فَإِذَا قَضَيۡتُمُ ٱلصَّلَوٰةَ فَٱذۡكُرُواْ ٱللَّهَ قِيَٰمٗا وَقُعُودٗا وَعَلَىٰ جُنُوبِكُمۡۚ فَإِذَا ٱطۡمَأۡنَنتُمۡ فَأَقِيمُواْ ٱلصَّلَوٰةَۚ إِنَّ ٱلصَّلَوٰةَ كَانَتۡ عَلَى ٱلۡمُؤۡمِنِينَ كِتَٰبٗا مَّوۡقُوتٗا﴾ [النساء: 103]

(ဧကန်မလွဲ 'ဆွလာသ်' ဝတ်ပြုမှုသည် 'မုအ်မင်န်' တို့အပေါ်၌ အချိန်ကာလပိုင်းခြား၍ သတ်မှတ်ပြဋ္ဌာန်းထားသော ဖရ်သ္ဝ်တာဝန်တစ်ရပ်ပင် ဖြစ်ချေသတည်း။) [စူရဟ် နိစာအ် အာယသ် - ၁၀၃]

(၆) ဝုသ္ဝူရှိခြင်း။ အမိန့်အရ မသန့်ဖြစ်ခြင်းမှ ကင်းစင်ရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ- (ဝုသ္ဝူမရှိသူသည် ဝုသ္ဝူမလုပ်မချင်း အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်၏ ဆွလာသ်ကိုမျှ အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူမည် မဟုတ်ပေ။) (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၇) နဂျာစသ် အညစ်အကြေးများမှ ကင်းစင်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်သည်မှာ-

﴿وَثِيَابَكَ فَطَهِّرۡ ۝٤﴾ [المدثر: 4]

(ထို့ပြင် အသင်သည် အသင်၏ အဝတ်များကို သန့်ရှင်းစွာ ထားပါ။) [စူရဟ် မုဒ်ဒဆ်ဆိရ် အာယသ်- ၄]

(၈) အရှက်ကို လုံခြုံစွာ ဖုံးအုပ်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿۞ يَٰبَنِيٓ ءَادَمَ خُذُواْ زِينَتَكُمۡ عِندَ كُلِّ مَسۡجِدٖ وَكُلُواْ وَٱشۡرَبُواْ وَلَا تُسۡرِفُوٓاْۚ إِنَّهُۥ لَا يُحِبُّ ٱلۡمُسۡرِفِينَ ۝٣١﴾ [الأعراف: 31]

(အို-အာဒမ်၏သားသမီးအပေါင်းတို့၊ အသင်တို့သည် ဆွလာတ်ဝတ်ပြုကြသည့်အခါတိုင်းတွင် မိမိတို့၏ ဝတ်စားတန်ဆာကို ဝတ်ဆင်ကြကုန်။) [စူရဟ် အအ်ရာဖ် အာယသ် - ၃၁] (၉) ကိဗ်လဟ်

ဘက်သို့မျက်နှာမူခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿فَوَلِّ وَجۡهَكَ شَطۡرَ ٱلۡمَسۡجِدِ ٱلۡحَرَامِۚ وَحَيۡثُ مَا كُنتُمۡ فَوَلُّواْ وُجُوهَكُمۡ شَطۡرَهُۥۗ وَإِنَّ ٱلَّذِينَ أُوتُواْ ٱلۡكِتَٰبَ لَيَعۡلَمُونَ أَنَّهُ ٱلۡحَقُّ مِن رَّبِّهِمۡۗ وَمَا ٱللَّهُ بِغَٰفِلٍ عَمَّا يَعۡمَلُونَ ۝١٤٤﴾ [البقرة: 144]

(သို့ဖြစ်ရာ (အို-နဗီတမန်တော်) အသင်သည် မိမိ၏မျက်နှာကို (ယခုချိန်မှစ၍ ဆွလာတ်ဝတ်ပြုရာတွင်) မတ်စ်ဂျိဒ်ဟရာမ် (ဝါ) ကအ်ဗဟ်ကျောင်းတော်ဘက် သို့လှည့်ပါလေ။ ထိုမှတစ်ပါး အသင်တို့သည် မည်သည့် နေရာ (အရပ်ဒေသ) ၌ပင် ရှိနေစေကာမူ (ဆွလာတ်ဝတ်ပြုသောအခါ) ယင်း (မတ်စ်ဂျိဒ်ဟရာမ်) ဘက်သို့သာလျှင် မိမိတို့မျက်နှာများကို လှည့်ကြကုန်လော့။) [စူရဟ် ဗကရဟ် အာယသ် - ၁၄၄]

မေး (၂၁) ဆွလာသ်အတွင်းပိုင်းဆိုင်ရာ ဖရ်သ္ဖ်အချက်များကို ဖော်ပြပါ။

ဖြေ။ ဆွလာသ်အတွင်းပိုင်းဆိုင်ရာ ဖရ်သ္ဖ်(၁၄)ချက်ရှိသည်။ ၎င်းတို့မှာ-

(၁) မတ်တပ်ရပ်၍ ဝတ်ပြုနိုင်ပါက ဖရ်သ္ဖ်ဆွလာသ်တွင် ရပ်၍ဝတ်ပြုခြင်း။အင်မ်ရာန် ဗင်န် ဟုဆိုင်န် (رَضِيَ اللهُ عَنْهُ) က ဆင့်ပြန်ပြောကြားခဲ့သည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။ “အသင်ရပ်၍ ဆွလာသ် ဆောက်တည်ပါ အကယ်၍ အသင်သည် (ရပ်၍ ဆွလာသ်ဆောက်တည်ရန်) မစွမ်းနိုင်လျှင် ထိုင်၍ ဆောက်တည်ပါ။ (ထိုင်၍ဆွလာသ်ဆောက်တည်ရန်) မစွမ်းနိုင်လျှင် လဲလျောင်း၍ ဆောက်တည်ပါ။” (ဗုခါရီကျမ်း)

(၂) သက္ကဗီရ် သဟ်ရီမဟ်

” اَللّٰهُ أَكْبَرُ“

ဆိုခြင်း။ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ- အသင်ဆွလာသ်ဆောက်တည်ရန် ရပ်သည့်အခါ ‘သက္ကဗီရ်’ဆိုပါ။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၃) စူရဟ် ဖာသိဟဟ် ရွတ်ဖတ်ခြင်း။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူခဲ့သည်မှာ- "စူရဟ် ဖာသိဟဟ် မရွတ်ဖတ်သူ၏ ဆွလာသ်သည် အထမမြောက်ပေ။" (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၄) ရုကူအ် ဦးညွှတ်ခြင်း။ ဦးညွှတ်ရာတွင် ကျောအား ဖြောင့်တန်းစွာထားပြီး ဦးခေါင်းနှင့် ကျောပြင်အား တစ်ပြေးတည်းထားရမည်။

(၅) ရုကူအ် ဦးညွှတ်ရာမှ ပြန်ထခြင်း။

(၆) တည့်မတ်စွာ ရပ်ခြင်း။ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ- "ထို့နောက်တည်ငြိမ်အေးဆေးသွားသည်အထိ ရုကူအ်ဦးညွှတ်ပါ။ ထို့နောက် (ဦးခေါင်း)ပြန်ကြွသည့်အခါ တည့်မတ်သည်အထိ ရပ်ပါ။"(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၇) စဂျ်ဒဟ် ဦးချခြင်း။ ဦးချရာတွင် နဖူး၊ နှာခေါင်း၊ လက်ဝါးနှစ်ဖက်၊ ဒူးနှစ်ဖက်၊ ခြေထောက်နှစ်ဖက်၏ ခြေချောင်းထိပ်ဖျားများ အားလုံးကို မြေပြင်နှင့်ထိကပ်ထားရမည်။

(၈) စဂျ်ဒဟ် ဦးချရာမှ ပြန်ထခြင်း။

(၉) စဂျ်ဒဟ်နှစ်ခုကြား ထိုင်ခြင်း။
ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ- "ထို့နောက် တည်ငြိမ်အေးဆေးသွားသည်အထိ စဂျ်ဒဟ် ဦးချပါ။ ထို့နောက် ဦးချရာမှ (ဦးခေါင်း)ပြန်ကြွသည့်အခါ တည်ငြိမ်အေးဆေးသွားသည်အထိ ထိုင်ပါ။" (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

စွန္နသ်တော်အရ ထိုင်သည့်နည်းစနစ်မှာ ဘယ်ခြေကိုခင်းကာ ထိုအပေါ်တွင်ထိုင်ပြီး ညာခြေကိုထောင်လျက် ခြေချောင်းများကို

ကိဗ်လဟ်ဘက်သို့ လှည့်ထားရမည်။ အာအိရှဟ်(رَضِيَ اللهُ عَنْهَا) ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်၌ လာရှိသည်မှာ -"ကိုယ်တော်သည် မိမိ၏ဘယ်ခြေကိုခင်းကာ ညာခြေကိုထောင်ထားတော်မူသည်။"(မွတ်စ်လင်မ်ကျမ်း)

(၁၀) ဆွလာသ်၏ ကဏ္ဍတိုင်းကို တည်ငြိမ်အေးဆေးစွာပြုလုပ်ခြင်း။

(၁၁) နောက်ဆုံးကအ်ဒဟ်တွင် သရှဟ်ဟုဒ်ဖတ်ခြင်း။အစ်ဗ်နု မတ်စ်အူးဒ် ( رَضِيَ اللهُ عَنْهُ) ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်၌ လာရှိသည်မှာသရှဟ်ဟုဒ်ဖတ်ခြင်း ဖရ်သ္ဖ်မဖြစ်မီ ကျွန်တော်တို့သည် ဆွလာသ်ထဲ၌ ဤသို့ရွတ်ဖတ်ကြသည်။ (နစာအီကျမ်း၊ ဤဟဒီးဆ်တော်သည် ဗုခါရီနှင့် မွတ်စ်လင်မ်ကျမ်း၌ ပါရှိသည်။)

(၁၂) နောက်ဆုံး ကအ်ဒဟ်ထိုင်ခြင်း။

(၁၃) စလာမ် နှစ်ကြိမ်လှည့်ခြင်း။

"السَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ"

(အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ ငြိမ်းချမ်းသာယာမှုအပေါင်းနှင့် ရဟ်မသ်ကရုဏာတော်အပေါင်း အသင်တို့အပေါ်ကျရောက်ပါစေ) ဟုနှစ်ကြိမ်ဆိုရမည်။ ဟဒီးဆ်တော်၌လာရှိသည်မှာ-ကိုယ်တော်သည်

'السَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ '' السَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ'

ဆိုကာ ညာဘက်နှင့် ဘယ်ဘက်သို့ စလာမ်လှည့်တော်မူလေ့ရှိသည်။ (သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)

(၁၄) အထက်တွင် ဖော်ပြခဲ့သည့် အစီအစဉ်အတိုင်းဆွလာသ်၏ကဏ္ဍများကို အစဉ်လိုက်ပြုလုပ်ခြင်း။ အကယ်၍ လူတစ်ဦးသည် တမင်သိလျက်နှင့် ရုကူအ် မပြုမီ စဂျ်ဒဟ်ပြုခဲ့ပါက ဆွလာသ်ပျက်သွားမည်ဖြစ်သည်။ အကယ်၍

မေ့လျော့၍ ထိုသို့ပြုလုပ်မိပါက ရုကူအ်ပြန်လည်ပြုလုပ်ပြီးနောက် စဂ်ျဒဟ်ပြုရန်အရေးကြီးသည်။

မေး (၂၃) ဆွလာသ်၏ ဝါဂျိဗ်များကို ဖော်ပြပါ။

ဖြေ။ ဆွလာသ်တွင် ဝါဂျိဗ်(၈)ချက်ရှိသည်။ ၎င်းတို့မှာ-

(၁) သက္ကဗီးရ် သဟ်ရီမဟ်မှအပ အခြားသက္ကဗီရ်များ။

(၂) အိမာမ်ရှေ့ဆောင်နှင့် တစ်ကိုယ်တည်း ဝတ်ပြုသူသည်

"سَمِعَ اللهُ لِمَنْ حَمِدَهُ"

ဆိုခြင်း။ အဓိပ္ပါယ် - (ချီးမွမ်းထောမနာပြုသူ၏ ချီးမွမ်းခြင်းကိုအလ္လာဟ်အရှင်မြတ်သခင်မှ လက်ခံတော်မူပါ။)

(၃)

"رَبَّنَا وَلَكَ الْحَمْدُ"

ဆိုခြင်း။ အဓိပ္ပါယ် - (အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည် အသင်အရှင်မြတ်အဖို့သာလျှင်ဖြစ်ပါ၏။)

(၄) ရုကူအ် ဦးညွှတ်ရာတွင်

"سُبْحَانَ رَبِّيَ الْعَظِيْمِ"

တစ်ကြိမ် ရွတ်ဆိုခြင်း။ အဓိပ္ပါယ် - (ကျွန်တော်မျိုးသည် မိမိ၏ ကြီးကျယ်မြင့်မြတ်လှသောအရှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်းကိုမြွက်ဟနေပါ၏။)

(၅) စဂ်ျဒဟ် ဦးချရာတွင်

တစ်ကြိမ် ရွတ်ဆိုခြင်း။ အဓိပ္ပါယ် - (ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည်အမြင့်မားဆုံးသောအရှင်မြတ်ဖြစ်တော်မူပြီး ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူပါသည်ဟု ကျွန်တော်မျိုး မြွက်ဟနေပါသည်။)

(၆) စဂျ်ဒဟ်နှစ်ခုကြားတွင်

" رَبِّ اغْفِرْ لِي"

ရွတ်ဆိုခြင်း။ အဓိပ္ပါယ် - (အို-အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။)

(၇) ပထမ သရှဟ်ဟုဒ် ဖတ်ခြင်း။

(၈) ပထမ သရှဟ်ဟုဒ် ဖတ်ရန်ထိုင်ခြင်း။

မေး (၂၄) ဆွလာသ်၏ စွန္နသ်များကို ဖော်ပြပါ။

ဖြေ။ ဆွလာသ်တွင် စွန္နသ်(၁၀)ချက်ရှိသည်။ ၎င်းတို့မှာ-

(၁) သက္ကဗီးရ် သဟ်ရီမဟ်ဆိုပြီးနောက်

"سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ، وَتَبَارَكَ اسْمُكَ، وَتَعَالَىٰ جَدُّكَ، وَلَا إِلٰهَ غَيْرُكَ"

ဆိုခြင်း။ ဤဒုအာကို အဖွင့် ဆုမွန်ဒုအာဟုခေါ်သည်။ အဓိပ္ပါယ် - (အို အလ္လာဟ်အရှင်မြတ် အသင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်ဟု ကျွန်တော်မျိုးမြွက်ဟနေပါ၏။ အသင်အရှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူပါ၏။ အသင်အရှင်မြတ်၏ နာမတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါ၏။ အသင်အရှင်မြတ်၏

ဘုန်းတော်သည် (အတိုင်းအဆမရှိ) ကြီးမားတော်မူပါ၏။ အသင်အရှင်မြတ်မှတစ်ပါး ကိုးကွယ်ထိုက်တော်မူသော အရှင်ဟူ၍ အလျဉ်းမရှိပြီ။)

(၂)

" أعوذُ باللهِ منَ الشَّيطانِ الرَّجِيم"

ဆိုခြင်း။ အဓိပ္ပါယ် - (နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်မိစ္ဆာကောင်၏ နှောင့်ယှက်ခြင်းမှ ကင်းလွတ်ရန် အရှင်မြတ်ထံ ခိုလှုံပါ၏။)

(၃)

" بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْم "

ဆိုခြင်း။ အဓိပ္ပါယ် - (မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။)

(၄) အာမီးန် ဆိုခြင်း။

(၅) စူရဟ် ဖာသိဟဟ် ဖတ်ပြီးနောက် စူရဟ်တွဲခြင်း။

(၆) အသံထွက်ဖတ်ရသည့် ဆွလာသ်၌ အိမာမ်ရှေ့ဆောင်က ကိရာအသ်ကို အသံကျယ်ကျယ် ရွတ်ဆိုခြင်း။

(၇) သဟ်မီးဒ် အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောပနာပြုပြီးနောက် ဤသို့ရွတ်ဆိုခြင်း

"مِلءَ السَّمَاوَاتِ وَمِلْءَ الْأَرْضِ، وَمِلْءَ مَا شِئْتَ مِنْ شَيْءٍ بَعْدُ"

အဓိပ္ပါယ် - (အရှင်မြတ်သည် မိုးကောင်းကင်နှင့်အမျှဖြစ်သော၊ မြေပထဝီနှင့်အမျှဖြစ်သော အရှင်မြတ်အလိုရှိတော်မူသည့် နယ်ပယ်အမျှဖြစ်သော ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံယူထိုက်တော်မူသော အရှင်ဖြစ်တော်မူသည်။)

(၈) ရုကူအ် ဦးညွတ်ရာတွင် သတ်စ်ဗီးဟ် တစ်ကြိမ်ထက် ပိုဖတ်ခြင်း။ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အပိုဖတ်သမျှ သတ်စ်ဗီးဟ်တိုင်းသည် စွန္နသ်ဖြစ်သည်။

(၉) စဂျ်ဒဟ် ဦးချရာတွင် သတ်စ်ဗီးဟ် တစ်ကြိမ်ထက် ပိုဖတ်ခြင်း။

(၁၀) စဂျ်ဒဟ်နှစ်ခုကြားတွင်

" رَبِّ اغْفِرْ لِي"

တစ်ကြိမ်ထက် ပိုဖတ်ခြင်း။

(၁၁) နောက်ဆုံး သရှဟ်ဟုဒ်ဖတ်ပြီးနောက် တမန်တော်မြတ်(ﷺ)နှင့် အိမ်တော်သူအိမ်တော်သားများအပေါ်သို့ ဆွလာသ် မေတ္တာနှင့် ဗရ်ကသ် ကောင်းချီးမင်္ဂလာ ပို့သခြင်း၊ ထို့နောက် ဒုအာဆုမွန်တောင်းခံခြင်း။

လုပ်ဆောင်မှုဆိုင်ရာ စွန္နသ်တော်များ၊ ၎င်းတို့ကို ခန္ဓာကိုယ်အနေအထားဆိုင်ရာ စွန္နသ်တော်များ ဟုလည်းခေါ်သည်။

(၁) သက္ကဗီးရ် သဟ်ရီမဟ်ဆိုသည့်အခါ လက်နှစ်ဖက်ကိုမြှောက်ခြင်း။

(၂) ရုကူအ် မပြုမီ လက်နှစ်ဖက်ကိုမြှောက်ခြင်း။

(၃) ရုကူအ်မှ ပြန်ထပြီးသည့်အခါ လက်နှစ်ဖက်ကိုမြှောက်ခြင်း။

(၄) ၎င်းနောက် လက်နှစ်ဖက်ကို ပြန်ချခြင်း။

(၅) ညာလက်ကို ဘယ်လက်ပေါ်တွင် တင်ထားခြင်း။

(၆) အကြည့်ကို ဦးချမည့်နေရာတွင်ထားခြင်း။

(၇) မတ်တပ်ရပ်သည့်အခါ ခြေနှစ်ဖက်ကို ခွာထားခြင်း။

(၈) ရုကူအ်ပြုရာတွင် လက်ချောင်းများကို ချဲကာ လက်နှစ်ဘက်ဖြင့် မိမိ၏ဒူးကို ဆုပ်ကိုင်ထားခြင်း၊ ကျောပြင်ကို တစ်ပြေးတည်းထားကာ ဦးခေါင်းနှင့် ကျောပြင်ကို တစ်တန်းတည်းထားခြင်း။

(၉) ဦးချရမည့် အစိတ်အပိုင်းများကို မြေပေါ်တွင်ချထားခြင်း၊ ၎င်းတို့ကို မြေပြင်နှင့်ထိကပ်ထားခြင်း။

(၁၀) လက်မောင်းနှစ်ဖက်ကို နံဘေးမှ၊ ပေါင်နှစ်ဖက်ကို ဝမ်းဗိုက်မှ၊ ပေါင်နှစ်ဖက်ကို ခြေသလုံးမှ ခွာထားခြင်း၊ ဒူးနှစ်ဖက်ကို ခွာထားခြင်း၊ ခြေထောက်နှစ်ဖက်ကို ထောင်ထားပြီး ခြေချောင်းများကို ချဲကာ ခြေချောင်းများ၏ အတွင်းဘက်နှင့် မြေပြင်ကိုထိကပ်ထားခြင်း၊ လက်နှစ်ဖက်ကိုဖြန့်ကာ လက်ချောင်းများကိုပူးကပ်ထားပြီး ပခုံးနှင့် တစ်တန်းတည်းထားခြင်း။

(၁၁) စဂျ်ဒဟ်နှစ်ခုကြားတွင် အိဖ်သိရာရှ် ပုံစံထိုင်ခြင်း (၎င်းမှာ ယာဘက်ခြေကိုထောင်ကာ ခြေချောင်းများကို ကိဗ်လဟ်ဘက်သို့ လှည့်ထားပြီး ဝဲဘက်ခြေကိုခင်း၍ ၎င်းအပေါ်ထိုင်ခြင်း)၊ ပထမသရှဟ်ဟုဒ်တွင် သဝရ်ရုက်ပုံစံထိုင်ခြင်း (၎င်းမှာ ခြေထောက်နှစ်ဖက်အား ယာဘက်သို့ထုတ်ထားကာ ဝဲဘက်ခြေကိုခင်းထား၍ ယာခြေကိုထောင်ထားပြီး တင်ပါးကို မြေပေါ်၌ချထားခြင်း)။

(၁၂) စဂျဒဟ်နှစ်ခုကြား ထိုင်သည့်အခါ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် ဖြန့်၍တင်ထားကာ လက်ချောင်းများကို ပူးကပ်ထားခြင်း၊ သရှဟ်ဟုဒ်ဖတ်သည့်အခါ ညာဘက်လက်၏ လက်သူကြွယ်နှင့် လက်သန်းကို ဆုပ်ထားပြီး လက်မနှင့် လက်ခလယ်ကို အကွင်းပုံစံ ဝိုင်းထားကာ အလ္လာဟ်အရှင်မြတ်အားတသ သတိရသည့်အခါ လက်ညှိုးဖြင့် ညွှန်ပြခြင်း။

မေး (၂၅) ဆွလာသ်ပျက်စေသော အချက်များကိုဖော်ပြပါ။

ဖြေ။ (၁) ဆွလာသ်၏ အတွင်းပိုင်းဆိုင်ရာ ဖရ်သ္ဖ်များနှင့် အပြင်ပိုင်းဆိုင်ရာ ဖရ်သ္ဖ်များအနက်မှ တစ်ချက်ကို စွန့်လွှတ်ခြင်း။

(၂) စကားပြောခြင်း။

(၃) စားခြင်း၊ သောက်ခြင်း။

(၄) ဆက်တိုက် အများအပြားလှုပ်ရှားခြင်း။

(၅) ဆွလာသ်၏ ဝါဂျိဗ်များအနက်မှ တစ်ချက်ကို တမင်စွန့်လွှတ်ခြင်း။

မေး (၂၆) မွတ်စ်လင်မ်တစ်ဦးသည် ဆွလာသ် မည်သို့ဝတ်ပြုရမည်နည်း။

ဖြေ။ ဆွလာသ် ဝတ်ပြုနည်း။

(၁) ခန္ဓာကိုယ်ကို ကိဗ်လဟ်ဘက်သို့ မျက်နှာမူရမည်။ ခန္ဓာကိုယ်စောင်းနေခြင်း၊ လှည့်နေခြင်းမျိုး မဖြစ်စေရပါ။

(၂) မိမိဝတ်ပြုလိုသည့် ဆွလာသ်ကို နှုတ်လျှာမှ မဟုတ်ဘဲ စိတ်တွင်းမှ ရည်စူးရမည်။

(၃) ထို့နောက် သက္ကဗီရ် သဟ်ရီမဟ်

(اَللّٰهُ أَكْبَرُ)

ဆိုရမည်။ သက္ကဗီရ်ဆိုသည့်အခါ လက်နှစ်ဖက်ကို ပခုံးနှင့်တစ်တန်းတည်း မြှောက်ရမည်။

(၄) ထို့နောက် ဝဲဘက်လက်ဖမိုးအပေါ် ယာဘက် လက်ဖဝါးတင်၍ ရင်ဘတ်ပေါ်တွင် လက်ပိုက်ရမည်။

ထို့နောက် အဖွင့်ဆုမွန်ဒုအာရွတ်ဆိုရမည်။ ၎င်းမှာ

"اَللّٰهُمَّ بَاعِدْ بَيْنِي وَبَيْنَ خَطَايَايَ كَمَا بَاعَدْتَ بَيْنَ الْمَشْرِقِ وَالْمَغْرِبِ، اَللّٰهُمَّ نَقِّنِي مِنْ خَطَايَايَ كَمَا يُنَقَّى الثَّوْبُ الْأَبْيَضُ مِنَ الدَّنَسِ، اَللّٰهُمَّ اغْسِلْنِي مِنْ خَطَايَايَ بِالْمَاءِ وَالثَّلْجِ وَالْبَرْدِ "

အဓိပ္ပါယ် - (အို-အလ္လာဟ်အရှင်မြတ် အရှင်မြတ်သည် အရှေ့အရပ်နှင့် အနောက်အရပ်ကို ဝေးကွာအောင်ပြုတော်မူထားသကဲ့သို့ ကျွန်တော်မျိုးနှင့် ကျွန်တော်မျိုး၏ အပြစ်အကုသိုလ်များကြားတွင်လည်း ဝေးကွာအောင်ပြုလုပ်ပေးတော်မူပါ။ အို-အလ္လာဟ်အရှင်မြတ် အဖြူရောင်အဝတ်အား အညစ်အကြေးမှ စင်ကြယ်သန့်ရှင်းအောင်ပြုလုပ်ခြင်းခံထားရသလို ကျွန်တော်မျိုးကိုလည်း ကျွန်တော်မျိုး၏ အပြစ်အကုသိုလ်များမှ စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ပေးတော်မူပါ။ အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ အပြစ်အကုသိုလ်များကို ရေဖြင့်လည်းကောင်း၊ မိုးနှင်းရေဖြင့်လည်းကောင်း၊ မိုးသီးရေဖြင့်လည်းကောင်း ဆေးကြောသန့်စင်စေတော်မူပါ။)

သို့မဟုတ် ဤဒုအာကို ရွတ်ဆိုရမည်။

"سُبْحَانَكَ اَللّٰهُمَّ وَبِحَمْدِكَ ، وَتَبَارَكَ اسْمُكَ ، وَتَعَالَى جَدُّكَ ، وَلَا إِلٰهَ غَيْرُكَ"

အဓိပ္ပါယ် - (အို အလ္လာဟ်အရှင်မြတ် အသင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်ဟု ကျွန်တော်မျိုးမြွက်ဟနေပါ၏။

အသင်အရှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူပါ၏။ အသင်အရှင်မြတ်၏ နာမတော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါ၏။ အသင်အရှင်မြတ်၏ ဘုန်းတော်သည် (အတိုင်းအဆမရှိ) ကြီးမားတော်မူပါ၏။ အသင်အရှင်မြတ်မှတစ်ပါး ကိုးကွယ်ထိုက်တော်မူသော အရှင်ဟူ၍ အလျှဉ်းမရှိပြီ။)

(၆) ထို့နောက် ဤသို့ ဆိုရမည်။ အဓိပ္ပါယ် - နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ အန္တရာယ်မှ ကင်းဝေးရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံပါ၏။

(၇) ထို့နောက် ဗိစ္စမိလ္လာဟ် ဆိုကာ စူရဟ် ဖာသိဟာဟ် ရွတ်ဖတ်ရမည်။

﴿بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ ١ ٱلۡحَمۡدُ لِلَّهِ رَبِّ ٱلۡعَٰلَمِينَ ٢ ٱلرَّحۡمَٰنِ ٱلرَّحِيمِ ٣ مَٰلِكِ يَوۡمِ ٱلدِّينِ ٤ إِيَّاكَ نَعۡبُدُ وَإِيَّاكَ نَسۡتَعِينُ ٥ ٱهۡدِنَا ٱلصِّرَٰطَ ٱلۡمُسۡتَقِيمَ ٦ صِرَٰطَ ٱلَّذِينَ أَنۡعَمۡتَ عَلَيۡهِمۡ غَيۡرِ ٱلۡمَغۡضُوبِ عَلَيۡهِمۡ وَلَا ٱلضَّآلِّينَ ٧﴾ [الفاتحة: 1-7]

(မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ ချီမွမ်းထောမနာခြင်း ဟူသမျှသည် စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူ ပြုစုပျိုးထောင်တော်မူသော အလ္လာဟ်အရှင်မြတ် အဖို့သာ ဖြစ်သည်။၊ (အရှင်မြတ်သည်)မပြတ်မစဲ သနားကြင်နာညှာတာတော်မူသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူ၏။ (အရှင်မြတ်သည်) ကမ္ဘာ့တရားစီရင်မည့်နေ့ကို စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူသည်။ အရှင်မြတ်ကိုသာလျှင် ကျွန်တော်မျိုးတို့ ကိုးကွယ်ဆည်းကပ်ခြင်းပြုပါ၏။ အရှင်မြတ်ထံတော်၌သာ ကျွန်တော်မျိုးတို့ အကူအညီများကို တောင်းခံကြပါ၏။ ဖြောင့်မတ် မှန်ကန်သော လမ်းစဉ်ကိုသာ ကျွန်တော်မျိုးတို့အား ညွှန်ကြားပြသတော်မူပါ။ အရှင်မြတ်၏ ကျေးဇူးတော်များသည် အကြင်သူတော်စင်များအပေါ်သို့ ပြုခဲ့ပြီးဖြစ်၏။ ထိုသူတော်စင်တို့၏ လမ်းစဉ် (ကိုသာ ညွှန်ကြားပြသတော်မူပါ။) ထိုလမ်းစဉ်သည် အမျက်တော်စူးရှခြင်းခံရသူတို့၏ လမ်းစဉ်လည်းမဟုတ်ပါ။ လမ်းမှားလိုက်သူများ၏ လမ်းစဉ်လည်း မဟုတ်ပါ။[စူရဟ် ဖာသိဟာဟ် အာယသ် ၁-၇]

ပြီးနောက် အာမီးန် ဆိုရမည်။ အဓိပ္ပါယ်မှာ - အို အရှင်မြတ် လက်ခံတော်မူပါ။

(၈) ထို့နောက် ကျမ်းမြတ်ကုရ်အာန်မှ မိမိအတွက်လွယ်ကူသည့် စူရဟ်ကို ရွတ်ဆိုရမည်။ ဖဂျ်ရ်ဆွလာသ်တွင် ကိရာအသ် ရှည်လျားစွာဖတ်ရမည်။

(၉) ထို့နောက် ရုကူအ် ပြုရမည်။ ရုကူအ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကို ဂုဏ်ပေးသည့်အနေဖြင့် ကိုယ်ကိုညွှတ်ကိုင်းခြင်းကို ခေါ်ဆိုသည်။ ရုကူအ်ပြုသည့်အခါ

(اَللّٰهُ أَكْبَرَ)

ဆိုပြီး လက်နှစ်ဖက်ကို ပခုံးနှင့်တစ်တန်းတည်း မြှောက်ရမည်။ ရုကူအ်၏စွန္နသ်ပုံစံမှာ ကျောပြင်ကို ဖြောင့်တန်းစွာထားပြီး ဦးခေါင်းကို ကျောနှင့်တစ်ပြေးတည်းထားရမည်။ လက်ချောင်းများကို ချဲထားကာ လက်နှစ်ဖက်ဖြင့် ဒူးခေါင်းကို ဆုပ်ကိုင်ထားရမည်။

(၁၀) ရုကူအ်ပြုနေစဉ်

"سُبْحَانَ رَبِّيَ الْعَظِيْمِ "

သုံးကြိမ်ဆိုရမည်။ အဓိပ္ပါယ် - (ကျွန်တော်မျိုးသည် မိမိ၏ ကြီးကျယ်မြင့်မြတ်လှသောအရှင်မြတ်၏ သန့်ရှင်းစင်ကြယ်ကြောင်းကိုမြွက်ဟနေပါ၏။) ၎င်းနောက်

" "سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ، اَللّٰهُمَّ اغْفِرْ لِي "

ကိုပါ ထပ်တိုး၍ရွတ်ဆိုပါက ပို၍ကောင်းမြတ်သည်။ အဓိပ္ပါယ် - (အို အလ္လာဟ်အရှင်မြတ် အသင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်ဟု ကျွန်တော်မျိုးမြွက်ဟနေပါ၏။ အသင်အရှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူပါ၏။ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။)

(၁၁) ထို့နောက် ရုကူအ် ဦးညွှတ်ရာမှ ဦးခေါင်းကိုပြန်မြှောက်သည့်အခါ

"سَمِعَ اللّٰهُ لِمَنْ حَمِدَهُ"

ရွတ်ဆိုရမည်။ အဓိပ္ပါယ် - (ချီးမွမ်းထောမနာပြုသူ၏ ချီးမွမ်းခြင်းကိုအလ္လာဟ်အရှင်မြတ်မှ လက်ခံတော်မူပါ။) ထို့နောက်

လက်နှစ်ဖက်ကို ပခုံးနှင့်တစ်တန်းတည်း မြှောက်ရမည်။ အီမာမ်ရှေ့ဆောင်၏ နောက်မှလိုက်ဖတ်သူများသည်

" سَمِعَ اللهُ لِمَنْ حَمِدَهُ"

မဆိုရပါ။ ထိုအစား

"رَبَّنَا وَلَكَ الْحَمْدُ "

ကိုသာဆိုရမည်။ အဓိပ္ပါယ်- (အို ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည် အသင်အရှင်မြတ်အဖို့သာလျှင်ဖြစ်ပါ၏။)

(၁၂) ထိုသို့ဦးခေါင်းပြန်မြှောက်ပြီးနောက်

" رَبَّنَا وَلَكَ الْحَمْدُ، مِلءَ السَّمَاوَاتِ وَالْأَرْضِ، وَمِلْءَ مَا شِئْتَ مِنْ شَيْءٍ بَعْدُ "

ကို ရွတ်ဆိုရမည်။ အဓိပ္ပါယ်- (အို အလ္လာဟ်အရှင်မြတ်၊ အို ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အသင်အရှင်မြတ်အဖို့သာ ဖြစ်ပါ၏။ အရှင်မြတ်သည် မိုးကောင်းကင်နှင့်အမျှဖြစ်သော၊ မြေပထဝီနှင့်အမျှဖြစ်သော အရှင်မြတ်အလိုရှိတော်မူသည့် နယ်ပယ်အမျှဖြစ်သော ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံယူထိုက်တော်မူသော အရှင်ဖြစ်တော်မူသည်။)

(၁၃) ထို့နောက်

"اَللّٰهُ أَكْبَرُ "

ရွတ်ဆိုကာ ပထမအကြိမ် စဂျ်ဒဟ်ဦးချရမည်။ စဂျ်ဒဟ်အား နဖူးနှင့် နှာခေါင်း၊ လက်ဝါးနှစ်ဘက်၊ ဒူးနှစ်ဘက်၊ ခြေချောင်း ထိပ်ဖျားများ စသည့်အစိတ်အပိုင်း

ခုနစ်ခုဖြင့် ပြုလုပ်ရမည်။ လက်ဖျံနှစ်ဖက်ကို မြေပေါ်တွင် ချမထားရ၊ လက်ချောင်းထိပ်များအားလုံး ကိဗ်လဟ်ဘက်သို့လှည့်ထားရမည်။

(၁၄) စဂျ်ဒဟ်ပြုနေစဉ်

" سُبْحَانَ رَبِّيَ الْأَعْلٰى "

ကို သုံးကြိမ်ရွတ်ဆိုရမည်။ အဓိပ္ပါယ်- (ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အမြင့်မားဆုံးသော အရှင်ဖြစ်တော်မူပြီး ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူကြောင်းကို မြွက်ဟနေပါ၏။) ၎င်းနောက်

"سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ، اَللّٰهُمَّ اغْفِرْ لِي"

ကိုပါ ထပ်တိုး၍ရွတ်ဆိုပါက ပို၍ကောင်းမြတ်သည်။ အဓိပ္ပါယ် - (အို အလ္လာဟ်အရှင်မြတ် အသင်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်ဟု ကျွန်တော်မျိုးမြွက်ဟနေပါ၏။ အို ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင် အသင်အရှင်မြတ်သည်သာလျှင် ချီးမွမ်းခြင်းကို ခံထိုက်တော်မူသော အရှင်ဖြစ်တော်မူပါ၏။ အို အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။)

(၁၅) ထို့နောက်

"اَللّٰهُ أَكْبَرُ"

ရွတ်ဆိုကာ စဂျ်ဒဟ်မှ ဦးခေါင်းကိုပြန်မြှောက်ရမည်။

(၁၆) ထို့နောက် စဂျ်ဒဟ်နှစ်ခုကြားတွင် ညာခြေကို ထောင်ထားပြီး ဘယ်ခြေကို ခင်းကာထိုအပေါ်ထိုင်ရမည်။ ညာလက်ကို ညာဘက်ပေါင်အဖျား

ဒူးခေါင်းနားတွင်လည်းကောင်း၊ ဘယ်လက်ကို ဘယ်ဘက်ပေါင်အဖျား ဒူးခေါင်းနားတွင်လည်းကောင်း ထားရမည်။

(၁၇) စဂျ်ဒဟ်နှစ်ခုကြား ထိုင်နေစဉ် အောက်ပါဒုအာကို ရွတ်ဆိုရမည်။

« رَبِّ اغْفِرْ لِيْ، وَارْحَمْنِيْ، وَاهْدِنِيْ، وَارْزُقْنِيْ، وَاجْبُرْنِيْ، وَعَافِنِيْ»

"အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ၊ ကရုဏာပြုတော်မူပါ၊ လမ်းမှန်တရားချီးမြှင့်တော်မူပါ၊ စားနပ်ရိက္ခာချီးမြှင့်တော်မူပါ၊ ကျွန်တော်မျိုး၏ လျော့နည်းချက်ကို ဖြည့်ဆည်းပေးတော်မူပါ၊ ငြိမ်းချမ်းမှုအဖြာဖြာ ချီးမြှင့်တော်မူပါ။"

(၁၈) ထို့နောက် ပထမအကြိမ် စဂျ်ဒဟ်ပြုသည့်အတိုင်းဒုတိယအကြိမ် စဂျ်ဒဟ်ကိုပြုရမည်။ ပထမစဂျ်ဒဟ်တွင် ရွတ်ဖတ်ခဲ့သည့်အတိုင်း ဒုတိယစဂျ်ဒဟ်တွင်လည်း ရွတ်ဖတ်ရမည်။ စဂျ်ဒဟ်ပြုသည့်အခါ သက္ကဗီရ်ရွတ်ဆိုရမည်။

(၁၉) တို့နောက်

"اَللّٰهُ أَكْبَر"

ရွတ်ဆိုကာ ဒုတိယစဂျ်ဒဟ်မှ ပြန်ထ၍ မတ်တတ်ရပ်ရမည်။ ၎င်းနောက် ဒုတိယရကအသ်အား ဝတ်ပြုရမည်။ ဒုတိယရကအသ်တွင် အဖွင့်ဆုမွန်ဒုအာမှလွဲ၍ ပထမရကအသ်တွင် ပြုလုပ်ခဲ့သည့်အတိုင်း၊ ရွတ်ဖတ်ခဲ့သည့်အတိုင်း ဆောင်ရွက်ရမည်။

(၂၀) ဒုတိယရကအသ်ပြီးနောက်

"اَللّٰهُ أَكْبَر"

ရွတ်ဆိုကာ စဂျ်ဒဟ်နှစ်ခုကြားတွင် ထိုင်သည့်အတိုင်း ထိုင်ရမည်။

(၂၁) ထိုင်သည့်အခါ အောက်ပါအတိုင်း သရှုဟ်ဟုဒ်ရွတ်ဆိုရမည်။

اَلتَّحِيَّاتُ لِلّٰهِ وَالصَّلَوَاتُ وَالطَّيِّبَاتُ، اَلسَّلَامُ عَلَيْكَ أَيُّهَا النَّبِيُّ وَرَحْمَةُ اللهِ وَبَرَكَاتُهُ، اَلسَّلَامُ عَلَيْنَا
وَعَلٰى عِبَادِ اللهِ الصَّالِحِيْنَ، أَشْهَدُ أَنْ لَّا إِلٰهَ إِلَّا اللهُ، وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسُوْلُهُ، اَللّٰهُمَّ صَلِّ
عَلٰى مُحَمَّدٍ وَعَلٰى آلِ مُحَمَّدٍ، كَمَا صَلَّيْتَ عَلٰى إِبْرَاهِيْمَ وَعَلٰى آلِ إِبْرَاهِيمَ، إِنَّكَ حَمِيْدٌ مَجِيْدٌ، وَبَارِكْ
عَلٰى مُحَمَّدٍ وَعَلٰى آلِ مُحَمَّدٍ، كَمَا بَارَكْتَ عَلٰى إِبْرَاهِيمَ وَعَلٰى آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ. أَعُوْذُ
بِاللهِ مِنْ عَذَابِ جَهَنَّمَ، وَمِنْ عَذَابِ الْقَبْرِ، وَمِنْ فِتْنَةِ الْمَحْيَا وَالْمَمَاتِ، وَمِنْ فِتْنَةِ الْمَسِيحِ الدَّجَّالِ

အဓိပ္ပါယ်။ နှုတ်မှရွတ်ဆိုရသော ချီးမွမ်းခြင်းများသည်လည်းကောင်း၊ ကိုယ်ခန္ဓာဖြင့်ပြုသော ခပ်ဝတ်မှုများသည်လည်းကောင်း၊သန့်စင်သော စိတ်စေတနာနှင့်ပြုသော ကောင်းမှုများသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အဖို့သာလျှင် ဖြစ်တော်မူပါ၏။ ငြိမ်းချမ်းသာယာခြင်းအပေါင်းနှင့် အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော်အပေါင်းသည်လည်းကောင်း ထိုအရှင်မြတ်၏ ဗရ်ကသ်ချီးမြှင့်ခြင်းများသည်လည်းကောင်း နဗီတမန်တော်မြတ်(ﷺ)အပေါ်သို့ ကျရောက်ပါစေ။ ထိုငြိမ်းချမ်းသာယာခြင်းအပေါင်းသည် ကျွန်တော်မျိုးတို့အပေါ်လည်း သက်ရောက်ပါစေ။ အရှင်မြတ်၏ ကျွန်များဖြစ်သော သူတော်စင်သူတော်ကောင်းတို့အပေါ်လည်း သက်ရောက်ပါစေ။ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ထိုက်သော အရှင်မရှိကြောင်း သက်သေခံပါ၏။ မုဟမ္မဒ်သည် အရှင်မြတ်၏အစေတော်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကိုလည်း ကျွန်တော်မျိုး သက်သေခံပါသည်။ အို- အလ္လာဟ်အရှင်မြတ်၊ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှင့်မုဟမ္မဒ်(ﷺ)၏ ကြင်ရာတော်များ၊ သားမြေးများအပေါ်သို့ ရဟ်မသ်ကရုဏာတော်အပေါင်းကို တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)နှင့် အိဗ်ရာဟီးမ်(عَلَيْهِ السَّلَامُ)၏ သားမြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ကေန်စင်စစ် အသင်အရှင်မြတ်သည် ချီးမွမ်းထောမနာခြင်းအပေါင်းကို

ခံထိုက်တော်မူသော ခပ်သိမ်းကုန်သောဂုဏ်တော်အပေါင်းနှင့်
ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ အို-အလ္လာဟ်အရှင်မြတ်၊
တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှင့်မုဟမ္မဒ်(ﷺ)၏ ကြင်ရာတော်များ၊
သားမြေးများအပေါ်သို့ ဗရ်ကသ်ကောင်းချီးမင်္ဂလာအပေါင်းကို
တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)နှင့် အိဗ်ရာဟီးမ်(عَلَيْهِ السَّلَامُ)၏
သားမြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ကေန်စင်စစ်
အသင်အရှင်မြတ်သည် ချီးမွမ်းထောမနာခြင်းအပေါင်းကို ခံထိုက်တော်မူသော
ခပ်သိမ်းကုန်သောဂုဏ်တော်အပေါင်းနှင့်
ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏။ ကျွန်တော်မျိုးသည် ဂျဟန္နမ်၏
ပြစ်ဒဏ်များမှလည်းကောင်း၊ ကဗရ်သင်္ချိုင်း၏ ပြစ်ဒဏ်များမှလည်းကောင်း၊
အသက်ရှင်နေစဉ် ကြုံတွေ့ရမည့် ဘေးအန္တရာယ်များနှင့် သေဆုံးခြင်း၌
ကြုံတွေ့ရမည့် ဘေးအန္တရာယ်များမှလည်းကောင်း၊ ဒဂ်ျဂျာလ်၏
အန္တရာယ်မှလည်းကောင်း ကင်းဝေးရန် အရှင်မြတ်ထံတော်တွင်
ခိုလှုံပါ၏။ထို့နောက် မိမိအလိုရှိသည့် ဒွန္နယာ၊ အာခိရသ်နှစ်ဌာနစလုံး၏
ကောင်းကျိုးများကို အရှင်မြတ်ထံ ဒုအာတောင်းခံရမည်။

(၂) ထို့နောက်

"اَلسَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ"

ဆိုကာ ညာဘက်သို့ စလာမ်လှည့်ရမည်။ ၎င်းနောက် ထိုအတိုင်းရွတ်ဆိုကာ
ဘယ်ဘက်သို့ စလာမ်လှည့်ရမည်။ စလာမ်၏ အဓိပ္ပါယ်-
(အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ ငြိမ်းချမ်းသာယာမှုအပေါင်းနှင့်
ရဟ်မသ်ကရုဏာတော်အပေါင်း အသင်တို့အပေါ်သို့ ကျရောက်ပါစေ။)

(၂၃) အကယ်၍ ဆွလာသ်သည် သုံးရကအသ် သို့မဟုတ် လေးရကအသ်ဖြစ်ပါက ပထမ သရှုဟ်ဟုဒ် အဆုံးဖြစ်သည့်

"أَشْهَدُ أَنْ لَّا إِلٰهَ إِلَّا اللهُ، وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسُوْلُهُ"

ထိဖတ်ပြီးပါက မတ်တပ်ပြန်ရပ်ရမည်။

(၂၄) ထိုနောက်

"اَللهُ أَكْبَر"

ရွတ်ဆိုကာ မတ်တပ်ရပ်ရမည်။ သက္ကဗီရ်ဆိုသည့်အချိန် လက်နှစ်ဖက်ကို ပခုံးနှင့်တစ်တန်းတည်း မြှောက်ရမည်။

(၂၅) ထို့နောက် ကျန်ရကအသ်များကို ဒုတိယရကအသ်ဝတ်ပြုသည့်ပုံစံအတိုင်း ဝတ်ပြုရမည်။ သို့သော် ကိရာအသ်ဖတ်ရာတွင် စူရဟ်ဖာသိဟဟ်ကိုသာ ရွတ်ဖတ်ရမည်။

(၂၆) ထို့နောက် ညာခြေကိုထောင်ထားပြီး ဘယ်ခြေကို ညာခြေ၏ခြေသလုံးအောက်မှ အပြင်သို့ထုတ်ကာ တင်ပါးကို မြေပေါ်တွင်ချထား၍ သဝရ်ရုက်ပုံစံထိုင်ရမည်။ လက်နှစ်ဖက်ကို ပေါင်ပေါ် တင်ထားကာ ပထမသရှုဟ်ဟုဒ်ဖတ်စဉ်က ထားခဲ့သည့်ပုံစံအတိုင်း ထားရမည်။

(၂၇) ထိုင်သည့်အခါ သရှုဟ်ဟုဒ်၊ ဒရူးဒ်နှင့် ဒုအာအားလုံးရွတ်ဆိုရမည်။

(၂၈) ထို့နောက်

" اَلسَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ"

’ဆိုကာ ညာဘက်သို့ စလာမ်လှည့်ရမည်။ ၎င်းနောက် ထိုအတိုင်းရွတ်ဆိုကာ ဘယ်ဘက်သို့ စလာမ်လှည့်ရမည်။.

မေး (၂၆) ဆွလာသ်ပြီးဆုံးသွားပြီးနောက် ဖတ်ရမည့် ဇိက်ရ်တော်များကို ဖော်ပြပါ။

ဖြေ။

(أَسْتَغْفِرُ اللّٰهَ)

(၃) ကြိမ်။ အဓိပ္ပါယ် - အလ္လာဟ်အရှင်မြတ်ထံတော်ပါးမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ကျွန်တော်မျိုး တောင်းခံပါ၏။

(اَللّٰهُمَّ أَنْتَ السَّلَامُ، وَمِنْكَ السَّلَامُ، تَبَارَكْتَ يَا ذَا الْجَلَالِ وَالْإِكْرَامِ)

အဓိပ္ပာယ်- အို အလ္လာဟ်အရှင်မြတ်၊ အသင်အရှင်မြတ်သည်ချို့တဲ့မှုအပေါင်းမှကင်းစင်တော်မူသောအရှင်ဖြစ်တော်မူ၏။ ငြိမ်းချမ်းသာယာမှုအပေါင်းသည် အသင်အရှင်မြတ်ထံတော်မှ ကျရောက်လာခြင်းသာဖြစ်၏။ အို- အနန္တတန်ခိုးတော်ရှင်၊ ကျေးဇူးပြုတော်မူသောအရှင်၊ အသင်အရှင်မြတ်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပါ၏။

لَا إِلٰهَ إِلَّا اللهُ وَحْدَهُ لَا شَرِيْكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ، وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيرٌ، اَللّٰهُمَّ لَا مَانِعَ-
لِمَا أَعْطَيْتَ، وَلَا مُعْطِيَ لِمَا مَنَعْتَ، وَلَا يَنْفَعُ ذَا الْجَدِّ مِنْكَ الْجَدُّ

အဓိပ္ပါယ်- တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်ပေးကမ်းချီးမြှင့်တော်မူသောအရာကို တားဆီးပိတ်ပင်နိုင်သူမရှိပါ။ အရှင်မြတ် တားဆီးပိတ်ပင်ထားသော

အရာကိုလည်း ပေးကမ်းချီးမြှင့်နိုင်သူမရှိပါ။ ဥစ္စာဓနသည် ဥစ္စာဓနရှင်အား အရှင်မြတ်၏အလိုတော်နှင့်ဆန့်ကျင်၍ အကျိုးမပြုနိုင်ပါ။

لَا إِلٰهَ إِلَّا اللهُ، وَحْدَهُ لَا شَرِيْكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ، لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ، لَا إِلٰهَ إِلَّا اللهُ، وَلَا نَعْبُدُ إِلَّا إِيَّاهُ، لَهُ النِّعْمَةُ وَلَهُ الْفَضْلُ وَلَهُ الثَّنَاءُ الْحَسَنُ، لَا إِلَهَ إِلَّا اللهُ-

مُخْلِصِينَ لَهُ الدِّيْنَ وَلَوْ كَرِهَ الْكَافِرُونَ

အဓိပ္ပါယ်- တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ မကောင်းမှုမှ ရှောင်ကြဉ်နိုင်ခြင်းနှင့်ကောင်းမှုများ ကျင့်ဆောင်နိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ စွမ်းအားပေးသနားတော်မူခြင်းကြောင့်သာ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သည့်အရှင်ဟူ၍အလျင်းမရှိ။ ၎င်းအပြင် ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်ကိုတစ်ပါးတည်းမှအပ အခြားတစ်စုံတစ်ရာကို ခဝပ်ကိုးကွယ်ကြသူများ မဟုတ်ပါ။နိအ်မသ် စည်းစိမ်အပေါင်းနှင့် ကျေးဇူးတရားအဖြာဖြာတို့သည် ထိုအရှင်မြတ်ထံတော်ပါးမှသာလျှင် ဖြစ်တော်မူသည်။ ချီးမွမ်းထောမနာပြုခြင်းဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်၏။ အလ္လာဟ်အရှင်မြတ်မှအပ မှန်ကန်သည့် ကိုးကွယ်ရာအရှင်ဟူ၍အလျင်းမရှိ။ ကာဖိရ်များ မနှစ်သက်ကြစေကာမူ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်အား အိခ်လာဆ်ဖြင့် ခဝပ်ကိုးကွယ်ပါ၏။

(سُبْحَانَ اللهِ)

(၃၃) ကြိမ်။

(اَلْحَمْدُ لِلّٰهِ)

(၃၃) ကြိမ်။

(اَللّٰهُ أَكْبَر)

(၃၃) ကြိမ်။

အကြိမ်တစ်ရာမြောက်တွင် ဤဇိကိရ်တော်ကို ရွတ်ဆိုရမည်။-

(لَا إِلٰهَ إِلَّا اللهُ وَحْدَهُ لَا شَرِيْكَ لَهُ، لَهُ الْمُلْكُ وَلَهُ الْحَمْدُ، وَهُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ)

အဓိပ္ပါယ်- တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။

စူရဟ် အိခ်လာဆ်

(قُلْ هُوَ ٱللَّهُ أَحَدٌ...)

(၁) ကြိမ်။ စူရဟ် ဖလက်

(قُلْ أَعُوذُ بِرَبِّ ٱلْفَلَقِ...)

(၁) ကြိမ်။ စူရဟ် နာ်းစ်

(قُلْ أَعُوذُ بِرَبِّ ٱلنَّاسِ...)

(၁) ကြိမ်။ ဖဂ်ျရ်ဆွလာသ်နှင့် မဂ်ရိဗ်ဆွလာသ်ပြီး အထက်ပါ စူရဟ်များကို သုံးကြိမ်စီရွတ်ဖတ်ရမည်။ ကျန်ဆွလာသ်များ၏နောက်တွင် တစ်ကြိမ်စီသာ ရွတ်ဖတ်ရမည်။

အာယသုလ် ကုရ်စီ

(ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلْحَىُّ ٱلْقَيُّومُ...)

(၁) ကြိမ်။

မေး (၂၈) စွန္နသ်ဆွလာသ်များနှင့် ၎င်းတို့၏ ထွတ်မြတ်မှုကို တင်ပြပါ။

ဖြေ။ စွန္နသ်ဆွလာသ်များမှာ- ဖဂျရ်ဆွလာသ်မတိုင်မီ (၂) ရကအသ်။

ဇုဟိုရ်ဆွလာသ် မတိုင်မီ (၄) ရကအသ်

ဇုဟိုရ်ဆွလာသ်ပြီး (၂) ရကအသ်

မဂ်ရိဗ်ဆွလာသ်ပြီး (၂) ရကအသ်

အိရှာဆွလာသ်ပြီး (၂) ရကအသ်

စွန္နသ်ဆွလာသ်များ၏ ထွတ်မြတ်မှုနှင့် ပတ်သက်၍ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်မှာ-"အကြင်သူသည် နေ့နှင့်ညတွင်( ဖရ်သ္ဖ် ဆွလာသ်အပြင်) စွန္နသ်ဆွလာသ် (၁၂) ရကအသ်ဆောက်တည်ပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံတွင် အိမ်တစ်ဆောင် ဆောက်လုပ်ပေးတော်မူမည်ဖြစ်သည်။"(မွတ်စ်လင်မ်ကျမ်း၊ အဟ်မဒ်ကျမ်းနှင့် အခြားကျမ်းများ)

မေး (၂၉) တစ်ပတ်တာတွင် မည်သည့်နေ့သည် အမွန်မြတ်ဆုံးဖြစ်ပါသနည်း။

ဖြေ။ ဂျုမုအဟ်နေ့သည် အမွန်မြတ်ဆုံးဖြစ်သည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်မှာ-“ကေန်အမှန်ပင် နေ့ရက်များအနက် အမွန်မြတ်ဆုံးမှာ ဂျုမုအဟ်နေ့ဖြစ်သည်။ ထိုနေ့၌ပင် တမန်တော် အာဒမ် (عَلَيْهِ السَّلَامُ)သည် ဖန်ဆင်းခြင်းခံရပြီး ထိုနေ့၌ပင် ဝဖာသ်ဖြစ်ကွယ်လွန်ခဲ့သည်။ ထိုနေ့၌ပင် စူရ်တံပိုးမှုတ်မည်ဖြစ်ပြီး လူတို့သတိလစ်မေ့မြောသွားကြမည်ဖြစ်သည်။ အသင်တို့သည် ဂျုမုအဟ်နေ့၌ ငါကိုယ်တော်ပေါ်သို့ ဒရူးဒ်ဆွလာသ်များစွာ ပို့သကြပါ။ ကေန်အမှန်ပင် အသင်တို့၏ဒရူးဒ်ဆွလာသ်များသည် ငါကိုယ်တော်ထံ တင်ပြခြင်းခံရသည်။”

ဆင့်ပြန်သူက ဆက်လက်ပြောကြားသည်မှာ သာဝကကြီးများက အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ကျွန်တော်မျိုးတို့၏ ဆွလာသ်အား ကိုယ်တော်ထံ မည်သို့တင်ပြပါသနည်း။ ကိုယ်တော်သည် (ဝဖာသ်ဖြစ်နောက်) ဆွေးမြည့်သွားပြီ (မြေကြီးစားသွားပြီ) မဟုတ်ပါလော။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ-“ကေန်မုချ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များ၏ ခန္ဓာကိုယ်များအား(စားခြင်းကို) မြေကြီးအပေါ်တွင် ဟရာမ်ပြုထားတော်မူသည်။”(အဗူဒါဝူးဒ်ကျမ်းနှင့် အခြားကျမ်းများ)

မေး (၃၀) ဂျုမုအဟ်ဆွလာသ်၏ အမိန့်မှာ အဘယ်နည်း။

ဖြေ။ မိမိအရပ်ဒေသ၌ပင်နေထိုင်သော အရွယ်ရောက်ပြီး အသိဉာဏ်ရှိသည့် မွတ်စ်လင်မ်အမျိုးသားတိုင်းအပေါ်တွင် ဂျုမုအဟ်ဆွလာသ်ဆောက်တည်ခြင်း ဖရ်သ္ဖ်အိုင်းန် ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ لَا تُلْهِكُمْ أَمْوَٰلُكُمْ وَلَآ أَوْلَـٰدُكُمْ عَن ذِكْرِ ٱللَّهِ ۚ وَمَن يَفْعَلْ ذَٰلِكَ فَأُو۟لَـٰٓئِكَ هُمُ ٱلْخَـٰسِرُونَ ﴿٩﴾﴾ [المنافقون: 9]

﴾(အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့(ဂျုမုအဟ်)သောကြာနေ့တွင် 'ဆွလာတ်' ဝတ်ပြု အံ့သောငှာ' အဇာန်'ပေးသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား တသ သတိရရှိရာသို့ အဆောတလျင် သွားကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ရောင်းဝယ်မှုကို စွန့်လွှတ်ကြလေကုန်။ အကယ်၍ အသင်တို့ သိရှိကြလျှင် ၎င်းသည် အသင်တို့အတွက် အကောင်းဆုံးပင် ဖြစ်သည်။)[စူရဟ် ဂျုမုအဟ် အာယသ်- ၉]

မေး (၃၁) ဂျုမုအဟ်ဆွလာသ်တွင် ရကအသ်မည်မျှရှိပါသနည်း။

ဖြေ။ ဂျုမုအဟ်ဆွလာသ်တွင် နှစ်ရကအသ်ရှိသည်။ အိမာမ်ရှေ့ဆောင်သည် ဂျုမုအဟ်ဆွလာသ်တွင် ကိရာအသ်ကို အသံကျယ်ကျယ်ရွတ်ဆိုပြီး ဆွလာသ်မတိုင်မီ ခွသ်ဗဟ် နှစ်ကြိမ်မိန့်ကြားရသည်။.

မေး (၃၂) ဂျုမုအဟ်ဆွလာသ် မဆောက်တည်ဘဲ နေခွင့်ရှိပါသလား။

ဖြေ။ ရှရီအသ်အရ ခွင့်ပြုထားသည့် ခြွင်းချက်များမှအပ အကြောင်းမဲ့ ဂျုမုအဟ်ဆွလာသ် မဆောက်တည်ဘဲ နေခွင့်မရှိပါ။ တမန်တော်မြတ် (ﷺ)မိန့်ကြားတော်မူသည်။"မည်သူမဆို ဂျုမုအဟ်ဆွလာသ်အား အလေးမထားဘဲ သုံးကြိမ်စွန့်လွှတ်ခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းသူ၏နှလုံးသားပေါ်တွင် တံဆိပ်ခတ်နှိပ်တော်မူမည်ဖြစ်သည်။"(အဗူဒါဝူးဒ်ကျမ်းနှင့် အခြားကျမ်းများ).

မေး (၃၃) ဂျုမုအဟ်နေ့၏ စွန္နသ်တော်များကိုဖော်ပြပါ။

ဖြေ။

(၁) ရေချိုးခြင်း။ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ-
“အရွယ်ရောက်သူတိုင်းအပေါ်တွင် ဂျုမုအဟ်နေ့ ရေချိုးခြင်း
ဝါဂိုဗ်ဖြစ်သည်။”(ဗုခါရီကျမ်း)

(၂) အမွှေးအကြိုင်သုတ်လိမ်းခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ
“ဂျုမုအဟ်နေ့တွင် ရေချိုးရန် မွတ်စ်လင်မ်တိုင်းအပေါ် တွင် တာဝန်ရှိသည်။
ထို့ပြင် အသင်တို့သည် မိမိမိသားစု၌ရှိသော အမွှေးအကြိုင်ကို သုတ်လိမ်းပါ။”
(အဟ်မဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

(၃) အကောင်းဆုံးအဝတ်အစားကို ဝတ်ဆင်ခြင်း။
ဟဒီးဆ်တော်၌လာရှိသည်မှာ “အသင်တို့အနက် တတ်နိုင်သူပေါ်တွင်
ဂျုမုအဟ်နေ့အတွက် အလုပ်အဝတ်အစားနှစ်ထည်အပြင်
အခြား(အင်္ကျီ၊လုံချည်) အဝတ်နှစ်ထည်ကို သီးသန့်ထားသင့်သည်။”
(အစ်ဗ်နုမာဂျဟ်ကျမ်း၊ မုဝသ်သွအ် အိမာမ် မာလိက်)

(၄) ဗလီဝတ်ကျောင်းတော်သို့ စောစောသွားခြင်း။ (၅)
ဗလီဝတ်ကျောင်းတော်သို့ လမ်းလျှောက်သွားခြင်း။
ဟဒီးဆ်တော်၌လာရှိသည်မှာ “အကြင်သူသည် ဂျုမုအဟ်နေ့တွင် ရေချိုးပြီး
(ဦးခေါင်းကိုပါ) ဆေးကြောမည်။ စောစောသွားကာ စောစောရောက်ရှိနေမည်။
(ခွသ်ဗဟ်ကို) အနီးကပ် နားထောင်ပြီး ဆိတ်ဆိတ်နေမည်ဆိုပါက
၎င်းသူလျှောက်လှမ်းခဲ့သည့် ခြေလှမ်းတိုင်းတွင် တစ်နှစ်ပတ်လုံး
ဆိွယာမ်ဥပုသ်စောင့်ထိန်းကာ ဆွလာသ်ဝတ်ပြုသည့်
အကျိုးကုသိုလ်ကိုရရှိမည်ဖြစ်သည်။” (သိရ်မိဇီကျမ်း၊ နစာအီကျမ်း)

(၆) တမန်တော်မြတ် (ﷺ)ပေါ်သို့ ဒရူးဒ်ဆွလာသ်များမြောင်စွာ
ပို့သခြင်း။ကိုယ်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ- “အသင်တို့သည်

ဂျုမုအဟ်နေ့တွင် ငါကိုယ်တော်အပေါ်သို့ ဆွလာသ်မေတ္တာ
များမြောင်စွာပို့သကြလေကုန်။ ထိုဆွလာသ်အတွက် မလာအိကဟ်
ကောင်းကင်တမန်များ အသင့်ရှိကြသည်။ တစ်ဦးတစ်ယောက်သည်
ငါကိုယ်တော်အပေါ် ဆွလာသ်မေတ္တာပို့သသည့်အခါ ၎င်း၏ပို့သမှု
မပြီးဆုံးမချင်း ထိုဆွလာသ်ကို ငါကိုယ်တော်ထံ တင်ပြခြင်းခံရသည်။”
(အစ်ဗ်နုမာဂျဟ်ကျမ်း)

(၇) စူရဟ် ကဟ်ဖ် ဖတ်ရွတ်ခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ
“အကြင်သူသည် စူရဟ် ကဟ်ဖ်ကို ဂျုမုအဟ်နေ့တွင် ရွတ်ဖတ်ခဲ့ပါက
အလ္လာဟ်အရှင်မြတ်သည် ၎င်းသူအတွက် ဂျုမုအဟ်နှစ်ခုကြားတွင်
နူးရ်အလင်းရောင်ချီးမြှင့်တော်မူမည်ဖြစ်သည်။” (ဟာကင်မ်ကျမ်းနှင့်
အခြားကျမ်းများ)

(၈) ဒုအာ ကဗူလ်ဖြစ်သည့်အချိန်ကို ကြိုးစားရှာဖွေခြင်း။
ဟဒီးဆ်တော်၌လာရှိသည်မှာအဗူဟုရိုင်ရဟ် (رَضِيَ اللهُ عَنْهُ) က
ဆင့်ပြန်ပြောကြားခဲ့သည်။ တမန်တော်မြတ်(ﷺ)သည် ဂျုမုအဟ်နေ့နှင့်
ပတ်သက်၍ မိန့်ကြားတော်မူခဲ့သည်မှာ- “ထိုနေ့တွင် အချိန်တစ်ချိန်ရှိပြီး
ထိုအချိန်၌ မွတ်စ်လင်မ်တစ်ဦးသည် ဆွလာသ်ဝတ်ပြုပြီး အလ္လာဟ်အရှင်မြတ်ထံ
တစ်စုံတစ်ရာ တောင်းခံပါက အရှင်မြတ်သည် ၎င်းတောင်းခံသည့်အရာကို
ချီးမြှင့်တော်မူမည်ဖြစ်သည်။”(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၃၄) ဂျမာအသ်နှင့်တကွ ဆွလာသ်ဝတ်ပြုခြင်း၏ ထွတ်မြတ်မှုကို တင်ပြပါ။

ဖြေ။ အဗ္ဗဒုလ္လာဟ်ဗင်န်အုမရ် (رَضِيَ اللهُ عَنْهُمَا) ကဆင့်ပြန်ပြောကြားခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
(ﷺ)မိန့်ကြားတော်မူသည်။“ဂျမာအသ်နှင့်တကွ ဆွလာသ်ဝတ်ပြုခြင်းသည်

တစ်ကိုယ်တည်း ဆွလာသ်ဝတ်ပြုခြင်းထက် အဆင့်အတန်းပေါင်း နှစ်ဆယ့်ခုနစ်ဆ သာပိုမွန်မြတ်သည်။”(မွတ်စ်လင်မ်ကျမ်း).

မေး (၃၅) ဆွလာသ်ဝတ်ပြုရာတွင် ‘ခုရှူးအ်’ကျိုးနွံခြင်း ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ခုရှူးအ်ဆိုသည်မှာ ဆွလာသ်ထဲတွင် စိတ်ပါဝင်စားခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ အေးဆေးတည်ငြိမ်မှုရှိခြင်းကို ခေါ်ဆိုပါသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿قَدۡ أَفۡلَحَ ٱلۡمُؤۡمِنُونَ ۝١ ٱلَّذِينَ هُمۡ فِي صَلَاتِهِمۡ خَٰشِعُونَ ۝٢﴾ [المؤمنون: 1-2]

(အကြင်) "မုအ်မင်န်" သက်ဝင်ယုံ ကြည်သူတို့သည် ဧကန်မလွဲ အောင်မြင်ခဲ့ကြချေပြီ။ ထို (“မုအ်မင်န်” သက်ဝင် ယုံကြည်) သူတို့သည် မိမိတို့ ဆွလာတ်ဝတ်ပြုရာ၌ ကျိုးနွံသူများ ဖြစ်ကြကုန်၏။)[စူရဟ် မုအ်မိနူးန် အာယသ် - ၁၊၂]

မေး (၃၆) ဇကာသ်ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ သတ်မှတ်ထားသော အချိန်၌ သီးသန့်သတ်မှတ်ထားသော သူတို့အားပေးရန်အတွက် သတ်မှတ်ပစ္စည်းပေါ်တွင် ရှိနေသည့် တာဝန်ဖြစ်သည်။

ဇကာသ်သည် အစ္စလာမ့် မဏ္ဍိုင်ကြီးများအနက်မှ မဏ္ဍိုင်တစ်ခုဖြစ်သည်။ ဇကာသ်အား ချမ်းသာကြွယ်ဝသူများထံမှ ကောက်ယူကာ ဆင်းရဲနွမ်းပါးသူများကို ပေးရမည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَءَاتُواْ ٱلزَّكَوٰةَ ۝٤٣﴾ [البقرة: 43]

(ထို့ပြင်အသင်တို့သည် ဇကာသ် ပေးဆောင်ကြကုန်၊) [စူရဟ် ဗကရဟ် အာယသ်-၄၃]

မေး (၃၇) ဆဒကဟ် အလှူဒါနဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ဇကာသ်မှလွဲ၍ ကျန်အလှူဒါနများကို ဆဒကဟ်ဟုခေါ်သည်။ ဥပမာ- မည်သည့်အချိန်တွင်မဆို ကောင်းမှုအတွက် ရည်ရွယ်၍ တစ်စုံတစ်ရာကို လှူဒါန်းခြင်း။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَأَنفِقُواْ فِي سَبِيلِ ٱللَّهِ ١٩٥﴾ [البقرة: 195]

(ထို့ပြင်တဝ အသင်တို့သည် (မိမိတို့၏ ဥစ္စာ ပစ္စည်းများကို) အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လှူဒါန်း ပေးကမ်း စွန့်ကြဲကြလေကုန်။)[စူရဟ် ဗကရဟ် အာယသ်- ၁၉၅]

မေး (၃၈) ဆိုဝ်ယာမ် ဆိုသည်မှာအဘယ်နည်း။

ဖြေ။ ရည်စူးချက်နှင့်တကွ နံနက်ဖဂျရ်အချိန်မှစ၍ ညနေနေဝင်သည်အထိ ဆိုဝ်ယာမ်ဥပုသ်ကို ပျက်စေသည့်အချက်များကို ရှောင်ကြဉ်၍ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။ ဆိုဝ်ယာမ် ဥပုသ်(၂) မျိုးရှိသည်။

ဖရ်သွ် ဆိုဝ်ယာမ် - ရမသွာန်လမြတ်၏ ဆွယာမ်ဥပုသ်ဖြစ်ပြီး ၎င်းသည် အစ္စလာမ့် မဏ္ဍိုင်ကြီးများထဲတွင် ပါဝင်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ كُتِبَ عَلَيۡكُمُ ٱلصِّيَامُ كَمَا كُتِبَ عَلَى ٱلَّذِينَ مِن قَبۡلِكُمۡ لَعَلَّكُمۡ تَتَّقُونَ ١٨٣﴾ [البقرة: 183]

﴿(အို-မုအ်မင်န် ယုံကြည်ခြင်းသဒ္ဒါတရား ရှိကြကုန်သောသူအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက် အလျင်ရှိခဲ့ကြသော သူတို့အပေါ်ဝယ် ဥပုသ်သီတင်းဆောက်တည်ရန် ပညတ်တော်ကို ပြဋ္ဌာန်းတော်မူသကဲ့သို့ပင် အသင်တို့အပေါ်၌လည်း ဥပုသ်သီတင်းဆောက်တည်ရန် အမိန့်တော်ကို ပြဋ္ဌာန်း အတည်ပြုတော်မူခဲ့လေပြီ။ သို့(ဥပုသ်သီတင်း ဆောက်တည်) မှသာလျှင် အသင်တို့သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သူများ ဖြစ်တန်ကြရာ၏။) [စူရဟ် ဗကရဟ် အာယသ်- ၁၈၃]

ဖရ်သ္ဝ်မဟုတ်သည့် ဆိုင်ယာမ်- ဥပမာ အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့၌ ဆိုဝ်ယာမ် စောင့်ထိန်းခြင်း၊ လစဉ်ဆိုဝ်ယာမ်သုံးလုံး စောင့်ထိန်းခြင်း၊ အမွန်မြတ်ဆုံးမှာ အစ္စလာမ့်လများ၏ (၁၃၊ ၁၄၊ ၁၅)ရက်များတွင် ထားခြင်းဖြစ်သည်။

မေး (၃၉) ရမသွာန်လတွင် ဆိုဝ်ယာမ်ဥပုသ်စောင့်ထိန်းခြင်း၏ ထွတ်မြတ်မှုကို ဖော်ပြပါ။

ဖြေ။ အဗူဟုရိုင်ရဟ် (رَضِيَ اللَّهُ عَنْهُ)က ဆင့်ပြန်ပြောကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) မိန့်ကြားတော်မူသည်မှာ - “မည်သူမဆို ရမသ္ဝန်လမြတ်၌ အီမာန်ယုံကြည်မှုနှင့်တကွ အကျိုးကုသိုလ်ကို မျှော်ကိုးလျက် ဆိုဝ်ယာမ်ဥပုသ်စောင့်ထိန်းမည်ဆိုပါက ၎င်းသူယခင်ကျူးလွန်ခဲ့သည့် အပြစ်အကုသိုလ်များ ခွင့်လွှတ်ချမ်းသာပေးခြင်းခံရမည်ဖြစ်သည်။”(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၄၀) နဖ်လ် ဆိုဝ်ယာမ်ဥပုသ်၏ အကျိုးကုသိုလ်ကို ဖော်ပြပါ။

ဖြေ။ အဗူစအီးဒ် ခုဒ်ရီ (رَضِيَ اللَّهُ عَنْهُ) ကဆင့်ပြန်ပြောကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ)က

မိန့်ကြားတော်မူသည်မှာ“မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်(ဂျိဟာဒ်)တွင် ဆွမ်ယာမ်ဥပုသ်တစ်ရက် စောင့်ထိန်းခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းသူ၏မျက်နှာကို ငရဲမီးမှ နှစ်ပေါင်း(၇၀) ခရီးအကွာအဝေးမျှ ဝေးကွာစေတော်မူမည်ဖြစ်သည်။”(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်တွင် ပါရှိသည့်

( سَبْعِينَ خَرِيفًا)

ဟူသည် နှစ်ပေါင်း (၇၀) အကွာအဝေးကိုဆိုလိုသည်။.

မေး (၄၁) ဆွမ်ယာမ်ဥပုသ် ပျက်စေသည့်အချက်များကိုဖော်ပြပါ။

ဖြေ။ (၁) သိလျက်နှင့် တမင်စားခြင်း၊ သောက်ခြင်း။

(၂) တမင်အန်ခြင်း။

(၃) အစ္စလာမ်သာသနာမှ ကျောခိုင်းသွားခြင်း။

မေး (၄၂) ဆွမ်ယာမ်ဥပုသ်၏ စွန္နသ်များမှာ အဘယ်နည်း။

ဖြေ။ (၁) အချိန်ကျသည်နှင့် စောလျင်စွာ ဥပုသ်ဖြေခြင်း။

(၂) စဲဟ်ရီကို နောက်ကျ၍ စားခြင်း။

(၃) အမလ်ကောင်းမှုများနှင့် အိဗာဒသ်ခဝပ်ကိုးကွယ်မှုများ များပြားစွာပြုလုပ်ခြင်း။

(၄) တစ်စုံတစ်ယောက်က ဆဲဆိုပါက ကျွန်ုပ်ဆွမ်ယာမ်စောင့်ထိန်းထားသည်ဟု ဖြေကြားခြင်း။

(၅) ဥပုသ်ဖြေသည့်အချိန်တွင် ဒုအာတောင်းခြင်း။

(၆) စွန်ပလွံသီးအစို သို့မဟုတ် စွန်ပလွံသီး အခြောက်ဖြင့် ဥပုသ်ဖြေခြင်း။ အကယ်၍ စွန်ပလွံသီးမရခဲ့ပါက ရေဖြင့်ဥပုသ်ဖြေခြင်း။

မေး (၄၃) ဟဂ်ျဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ဟဂ်ျဆိုသည်မှာ သတ်မှတ်ထားသောအချိန်တွင် ကအ်ဗဟ်ကျောင်းတော်သို့သွားရောက်ကာ သီးသန့် သတ်မှတ်ထားသော အမလ်ကျင့်ဆောင်မှုများဖြင့် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿فِيهِ ءَايَٰتُۢ بَيِّنَٰتٞ مَّقَامُ إِبۡرَٰهِيمَۖ وَمَن دَخَلَهُۥ كَانَ ءَامِنٗاۗ وَلِلَّهِ عَلَى ٱلنَّاسِ حِجُّ ٱلۡبَيۡتِ مَنِ ٱسۡتَطَاعَ إِلَيۡهِ سَبِيلٗاۚ وَمَن كَفَرَ فَإِنَّ ٱللَّهَ غَنِيٌّ عَنِ ٱلۡعَٰلَمِينَ ٩٧﴾ [آل عمران: 97]

﴾(တဖန် လူများအပေါ်ဝယ် တာဝန်ရှိသည်မှာ၊ အကြင်သူသည် ထိုအိမ်တော်သို့အရောက် ခရီးသွားရန်တတ်စွမ်း နိုင်ခဲ့ပါလျှင်၊ အလ္လာဟ်အရှင်မြတ် (နှစ်သက်တော်မူရန်)အတွက် ထိုအိမ်တော်သို့ သွားရောက် ဟဂ်ျပြုရန် (ထိုသူ့အပေါ်၌) တာဝန်ရှိပေသည်။ သို့ရာတွင် အကြင်သူသည်(အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို) ငြင်းပယ်သည်ရှိသော် (အလ္လာဟ်အရှင်မြတ်၌ တစ်စုံတစ်ရာမျှနစ်နာ ဆုံးရှုံးမှုအလျဉ်း မရှိချေ၊) အဘယ်ကြောင့်ဟူမူ အလ္လာဟ်အရှင်မြတ်သည် မုချဧကန် စကြာဝဠာ အပေါင်းတို့အား လိုလားတောင့်တခြင်း ကင်းတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။)[စူရဟ် အာလိအင်မ်ရာန် အာယသ် - ၉၇]

မေး (၄၄) ဟဂ်ျ၏မဏ္ဍိုင်များကို ဖော်ပြပါ။

ဖြေ။ ၁။ ဟဂ်ျ၏ကျင့်ဆောင်မှုများ စတင်ရန် “နိယသ်” ပြုကာ အိဟ်ရာမ်ပြုခြင်း။

၂။ အရဖဟ်ကွင်းပြင်၌ ရပ်နားခြင်း။

၃။ သွဝါဖ်အိဖာသွဟ် ပြုလုပ်ခြင်း။

၄။ ဆွဖာနှင့်မရ်ဝဟ် တောင်ကြားတွင် စအီပြေးခြင်း။

မေး (၄၅) ဟဂ်ျ၏ထွတ်မြတ်မှုကို ဖော်ပြပါ။

ဖြေ။ အဗူဟုရိုင်ရဟ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်။"မည်သူမဆို ဟဂ်ျပြုရာတွင် ကာမဂုဏ်နှင့်သက်ဆိုင်သည့် ညစ်ညမ်းသောစကားကိုလည်း မပြောဆို၊ အပြစ်ကျူးလွန်ခြင်းလည်း မရှိခဲ့သော် ၎င်းသည် သူ၏မိခင်က သူ့အား မွေးဖွားခဲ့သည့်နေ့ကအတိုင်း(အပြစ်ကင်းစင်သူအဖြစ်) ပြန်ရောက်လာမည်။"(ဗုခါရီကျမ်း၊ အခြားကျမ်းများ)

သူ၏မိခင်က သူ့အားမွေးဖွားခဲ့သည့်နေ့ကအတိုင်း ပြန်ရောက်လာမည် ဆိုခြင်းမှာ- (အပြစ်ကင်းစင်သူအဖြစ် ပြန်ရောက်လာမည်ဟု ဆိုလိုခြင်းဖြစ်သည်။).

မေး (၄၆) အွမ်ရဟ် ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ အွမ်ရဟ်ဟူသည် မည်သည့်အချိန်တွင်မဆို ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက်ကာ သီးသန့်သတ်မှတ်ထားသည့် အမလ်ကျင့်ဆောင်မှုများဖြင့် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။။

မေး (၄၇) အွမ်ရဟ်၏ မဏ္ဍိုင်များကိုဖော်ပြပါ။

ဖြေ။ ၁။ အွမ်ရဟ်၏ကျင့်ဆောင်မှုများ စတင်ရန် "နိယသ်" ပြုကာ အိဟ်ရာမ်ပြုခြင်း။

၂။ ကအ်ဗဟ်ကျောင်းတော်အား သွဝါဖ် လှည့်ပတ်ခြင်း။

၃။ ဆွဖာနှင့်မရ်ဝဟ် တောင်ကြားတွင် စအီပြေးခြင်း။

မေး (၄၈) အလ္လာ့ဟ်လမ်းတွင် "ဂျိဟာဒ်" ပြုခြင်းဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ဂျိဟာဒ်ဟူသည် အစ္စလာမ်သာသနာကို ဖြန့်ချိရာတွင်လည်းကောင်း၊ အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ်များကို ကာကွယ်ရာတွင်လည်းကောင်း၊ အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ်တို့၏ ရန်သူများကို ရင်ဆိုင်တိုက်ခိုက်ရာတွင်လည်းကောင်း အားထုတ် ကြိုးပမ်းဆောင်ရွက်ခြင်းကို ခေါ်ဆိုသည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَجَٰهِدُواْ بِأَمۡوَٰلِكُمۡ وَأَنفُسِكُمۡ فِي سَبِيلِ ٱللَّهِۚ ذَٰلِكُمۡ خَيۡرٞ لَّكُمۡ إِن كُنتُمۡ تَعۡلَمُونَ ٤١﴾ [التوبة: 41]

(မိမိတို့အိမ်များမှ(စစ်ချီ)ထွက်ကြ၍အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ မိမိတို့၏ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း၊ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြလေကုန်။ ဤသည် အကယ်၍ အသင်တို့သိတတ်ကြပါလျှင် အသင်တို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသတည်း။) [စူရဟ် သောင်ဗဟ် အာယသ် - ၄၁]

*******

**တမန်တော်မြတ်(ﷺ)၏ အတ္ထုပ္ပတ္တိ ကဏ္ဍ။တမန်တော်မြတ်အတ္ထုပ္ပတ္တိဆိုင်ရာ အသိပညာ။တမန်တော်မြတ်၏အတ္ထုပ္ပတ္တိဟူသည် ကိုယ်တော်မြတ်(ﷺ) ဖွားမြင်သည့်အချိန်မှစ၍ ဝဖာသ်ဖြစ် ကွယ်လွန်တော်မူသည့်အချိန်ထိ ဘဝဖြစ်စဉ်ကို လေ့လာသည့်ပညာရပ်ဖြစ်သည်။**

မေး (၁) ကျွန်ုပ်တို့၏နဗီတမန်တော် မုဟမ္မဒ်(ﷺ)၏ မျိုးရိုးစဉ်ဆက်ကို ဖော်ပြပါ။

ဖြေ။ တမန်တော်မြတ်သည် ဟာရှင်မ်၏ မြစ်တော်၊ အဗ်ဒုလ်မွတ်သွလိဗ်၏ မြေးတော်၊ အဗ်ဒုလ္လာဟ်၏ သားတော် မုဟမ္မဒ်(ﷺ)ဖြစ်သည်။ ဟာရှင်မ်သည် ကုရိုင်းရှ်မျိုးနွယ်မှဖြစ်ပြီး ကုရိုင်းရှ်သည် အရဗ်လူမျိုးများအနက်မှဖြစ်သည်။ အရဗ်လူမျိုးများသည် တမန်တော် အစ္စမာအီးလ် (عَلَيْهِ السَّلَامُ)၏ သားစဉ်မြေးဆက်မှဖြစ်ကြပြီး အစ္စမာအီးလ် (عَلَيْهِ السَّلَامُ)သည် တမန်တော် အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)၏ သားတော်ဖြစ်သည်။

မေး (၂) ကျွန်ုပ်တို့နဗီတမန်တော်(ﷺ)၏ မိခင်အမည်ကိုဖော်ပြပါ။

ဖြေ။ အာမိနဟ် ဗင်န်သိ ဝဟဗ်ဖြစ်သည်။.

မေး (၃) တမန်တော်မြတ်(ﷺ)၏ ဖခင်သည် မည်သည့်အချိန်တွင် ကွယ်လွန်ခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)၏ ဖခင်သည် ကိုယ်တော်မြတ်မမွေးဖွားမီပဋိသန္ဓေတည်နေစဉ်ကာလ၌ မဒီနာမြို့တော်တွင်ကွယ်လွန်တော်မူခဲ့သည်။

မေး (၄) တမန်တော်မြတ်(ﷺ)သည် မည်သည့်နေ့တွင် ဖွားမြင်တော်မူခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် ဆင်နှစ် ရဗီအွလ်အောင်ဝလ်လ တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။.

မေး (၅) တမန်တော်မြတ်(ﷺ)သည် မည်သည့်မြို့၌ ဖွားမြင်ခဲ့သနည်း။

ဖြေ။ မက္ကဟ်မြို့တွင် ဖွားမြင်ခဲ့ပါသည်။.

မေး (၆) တမန်တော်မြတ်(ﷺ)၏မိခင်အပြင် အခြား နို့တိုက်မိခင်များနှင့် ကိုယ်တော့်အား ကြည့်ရှုစောင့်ရှောက်ခဲ့သည့် အမျိုးသမီးများကို ဖော်ပြပါ။

ဖြေ။ ၎င်းတို့မှာ- ဖခင်၏ကျွန်မဖြစ်သူ အုမ္မုအိုင်းမန်။

- ဘကြီးတော် အဗူလဟဗ်၏ကျွန်မဖြစ်သူ စုဝိုင်းဗဟ်။

- ဟလီမဟ် အတ်စ်စအ်ဒိယဟ်။.

မေး (၇) တမန်တော်မြတ်(ﷺ)၏မိခင်သည် မည်သည့်အချိန်တွင် ကွယ်လွန်ခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ) သက်တော် ခြောက်နှစ်အရွယ်တွင် မိခင်ဖြစ်သူကွယ်လွန်ခဲ့သည်။ ထို့နောက် အဖိုးဖြစ်သူ အဗ်ဒုလ်မွတ်သွလိဗ်က ကြည့်ရှုစောင့်ရှောက်ခဲ့သည်။

မေး (၈) အဖိုးဖြစ်သူ အဗ်ဒုလ်မွတ်သွလိဗ် ကွယ်လွန်ပြီးနောက် ကိုယ်တော့်အား မည်သူကကြည့်ရှုစောင့်ရှောက်ခဲ့သနည်း။

ဖြေ။ ကိုယ်တော်မြတ် သက်တော်ရှစ်နှစ်အရွယ်တွင် အဖိုးဖြစ်သူ အဗ်ဒုလ်မွတ်သွလိဗ် ကွယ်လွန်ခဲ့ပြီးနောက် ဘကြီးတော် အဗူသွာလိဗ်က ကြည့်ရှုစောင့်ရှောက်ခဲ့သည်။.

မေး (၉) ကိုယ်တော်မြတ်သည် မိမိ၏ဘကြီးတော်နှင့်အတူ ဆီးရီးယားသို့ မည်သည့်အသက်အရွယ်တွင် ခရီးထွက်ခဲ့သနည်း။

ဖြေ။ ကိုယ်တော်မြတ်သည် သက်တော် တစ်ဆယ့်နှစ်နှစ်အရွယ်တွင် မိမိ၏ဘကြီးတော်နှင့်အတူ ဆီးရီးယားသို့ ခရီးထွက်ခဲ့သည်။

**မေး (၁၀) ကိုယ်တော်မြတ်၏ ဒုတိယခရီးစဉ်သည် မည်သည့်အချိန်၌ ဖြစ်ခဲ့ပါသနည်း။**

ဖြေ။ ကိုယ်တော်မြတ်၏ ဒုတိယခရီးစဉ်မှာ ခဒီဂျဟ် (رَضِيَ اللهُ عَنْهَا) ၏ ပစ္စည်းများဖြင့် ကုန်သွယ်မှုဖြစ်သည်။ ထိုခရီးစဉ်မှ ပြန်လာပြီးနောက် တမန်တော်မြတ်(ﷺ)သည် ခဒီဂျဟ်(رَضِيَ اللهُ عَنْهَا)နှင့် ထိမ်းမြားတော်မူခဲ့သည်။ ထိုအချိန်တွင် ကိုယ်တော်၏သက်တော်မှာ နှစ်ဆယ့်ငါးနှစ်ဖြစ်သည်။

**မေး (၁၁) ကုရိုင်းရှ်တို့သည် ကအ်ဗဟ်ကျောင်းတော်ကို မည်သည့်အချိန်၌ ပြန်လည်ဆောက်လုပ်ခဲ့ကြသနည်း။**

ဖြေ။ တမန်တော်မြတ်(ﷺ)၏သက်တော် သုံးဆယ့်ငါးနှစ်အရွယ်တွင် ကုရိုင်းရှ်တို့သည် ကအ်ဗဟ်ကျောင်းတော်ကို ပြန်လည်ဆောက်လုပ်ခဲ့ကြသည်။

ကုရိုင်းရှ်တို့သည် ဟဂျရေအဆ်ဝဒ် ထားမည့်သူနှင့်စပ်လျဉ်း၍ အကွဲလွဲဖြစ်ကြသောအခါ တမန်တော်မြတ်(ﷺ)အား ခုံသမာဓိအဖြစ် တင်မြှောက်ခဲ့ကြသည်။ တမန်တော်မြတ်(ﷺ)သည် ဟဂျရေအဆ်ဝဒ်ကို ပိတ်စတစ်ခု၌ထားကာ မျိုးနွယ်စုတိုင်းကို ပိတ်စ၏အနားတစ်ဖက်စီကို ကိုင်တွယ်ရန် အမိန့်ပေးခဲ့သည်။ ၎င်းတို့သည် မျိုးနွယ်စုလေးစုရှိခဲ့ကြသည်။ ၎င်းတို့သည် ဟဂျရေအဆ်ဝဒ်အား ၎င်းထားရှိမည့်နေရာသို့ သယ်ဆောင်သွားကြပြီး တမန်တော်မြတ်(ﷺ)သည် ၎င်းအား မိမိလက်တော်ဖြင့် ထားတော်မူခဲ့သည်။.

**မေး (၁၂) တမန်တော်မြတ်(ﷺ) မည်သည့် အသက်အရွယ်တွင် နဗီအဖြစ် စေလွှတ်ခြင်းခံရပါသနည်း။ မည်သူတို့ထံ နဗီအဖြစ်စေလွှတ်ခြင်းခံခဲ့ရသနည်း။**

ဖြေ။ တမန်တော်မြတ်(ﷺ)သည် သက်တော် လေးဆယ်တွင် နဗီတမန်တော်အဖြစ် စေလွှတ်ခြင်းခံခဲ့ရသည်။ ကိုယ်တော်မြတ်သည် လူခပ်သိမ်းတို့အဖို့ ဝမ်းမြောက်ဖွယ်ရာသတင်း ပြောကြားသူအဖြစ်

လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်ခြင်းခံရသည်။

မေး (၁၃) ဝဟီဗျာဒိတ်တော်သည် ဦးစွာပထမ မည်သည့်အရာဖြင့် စတင်ခဲ့ပါသနည်း။

ဖြေ။ ဝဟီဗျာဒိတ်တော်သည် ဦးစွာပထမ မှန်ကန်သည့်အိပ်မက်များဖြင့် စတင်ခဲ့သည်။ တမန်တော်မြတ်(ﷺ) မြင်မက်တော်မူသော အိပ်မက်များသည် နံနက်ခင်း၏ အလင်းရောင်ပမာ ထင်ရှားဖြစ်ပေါ်လာသည်။.

မေး (၁၄) ဝဟီဗျာဒိတ်တော် မကျရောက်မည်အလျင် တမန်တော်မြတ်(ﷺ)၏ အခြေအနေသည် မည်သို့ရှိပါသနည်း။ မည်သည့်အချိန်တွင် ကိုယ်တော်မြတ်အပေါ်သို့ ပထမဦးဆုံး ဝဟီဗျာဒိတ်တော် ကျရောက်ခဲ့ပါသနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် ဟိရာအ် လိုဏ်ဂူတွင် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်လျက်ရှိပြီး ထို့အတွက် စားနပ်ရိက္ခာများယူဆောင်သွားလေ့ရှိခဲ့သည်။

ကိုယ်တော်သည် ဟိရာအ် လိုဏ်ဂူတွင်း၌ အိဗာဒသ် ပြုနေစဉ် ဝဟီဗျာဒိတ်တော် ကျရောက်ခဲ့သည်။

မေး (၁၅) တမန်တော်မြတ်(ﷺ)အပေါ် ကျမ်းတော်မြတ်ကုရ်အာန်မှ ပထမဦးဆုံးကျရောက်ခဲ့သည့် အာယသ်တော်မှာ အဘယ်နည်း။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်။

﴿ٱقۡرَأۡ بِٱسۡمِ رَبِّكَ ٱلَّذِي خَلَقَ ۝١ خَلَقَ ٱلۡإِنسَٰنَ مِنۡ عَلَقٍ ۝٢ ٱقۡرَأۡ وَرَبُّكَ ٱلۡأَكۡرَمُ ۝٣ ٱلَّذِي عَلَّمَ بِٱلۡقَلَمِ ۝٤ عَلَّمَ ٱلۡإِنسَٰنَ مَا لَمۡ يَعۡلَمۡ ۝٥﴾ [العلق: 1-5]

(အို-နဗီတမန်တော်) အသင်သည် မိမိအရှင်မြတ်၏နာမံတော်ဖြင့် (အစပြု၍) ဖတ်ပါလေ။ ထို အရှင်မြတ်သည် (သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ကို) ဖန်ဆင်းတော်မူခဲ့၏။2 ထိုအရှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော်မူခဲ့၏။ 3 (အို-နဗီတမန်တော်) အသင်သည် ဖတ်ပါလေ။ စင်စစ် အသင့်အား ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလွန်ရက်ရောစွာ ပေးကမ်းချီးမြှင့်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူ၏။4 အကြင်အရှင်မြတ်သည် ကလောင်ဖြင့် သင်ကြားပေးတော်မူခဲ့၏။ (5ထိုအရှင်မြတ်သည် လူသားတို့အား ၎င်းတို့ မသိခဲ့သောအရာများကို သင်ကြားပေးတော်မူခဲ့ပေသတည်း။[စူရဟ် အလတ်က် အာယသ် - ၁ မှ ၅]

မေး (၁၆) တမန်တော်မြတ်(ﷺ)၏ ရိစာလသ် (သတင်းစကား)ကို ပထမဦးဆုံး မည်သူတို့ လက်ခံယုံကြည်ခဲ့ကြသနည်း။

ဖြေ။ အမျိုးသားများအနက် အဗူဗက္ကရ်ဆိဒ္ဒီးက်၊ အမျိုးသမီးများအနက် ခဒီဂျဟ်ဗင်န်သိ ခုဝိုင်းလိဒ်၊ ကလေးများအနက် အလီဗင်န်အဗီသွာလိဗ်၊ သူကောင်းပြုခြင်းခံရသည့် ကျွန်များအနက် ဇိုင်ဒ်ဗင်န်ဟာရိစဟ်၊ ကျွန်များအနက် ဗိလာလ် အလ်ဟဗ်ရှီ နှင့် အခြား ဆွဟာဗဟ်(رَضِيَ اللّٰهُ عَنْهُمْ)များ ဖြစ်ကြသည်။

မေး (၁၇) အစ္စလာမ်သာသနာဘက်သို့ ဒအ်ဝဟ် ဖိတ်ခေါ်မှုသည် မည်သို့ရှိခဲ့သနည်း။

ဖြေ။ ဒအ်ဝဟ် ဖိတ်ခေါ်မှုသည် သုံးနှစ်ခန့်လျှို့ဝှက်စွာပင်ရှိခဲ့သည်။ ထို့နောက် တမန်တော်မြတ်(ﷺ)သည် ပွင့်လင်းထင်ရှားစွာ ဒအ်ဝဟ်ဖိတ်ခေါ်မှုပြုလုပ်ရန် အမိန့်ပေးခြင်းခံရသည်။

မေး (၁၈) ပွင့်လင်းထင်ရှားစွာ ဒါဝဟ်ဖိတ်ခေါ်မှုပြုပြီးနောက် တမန်တော်မြတ်(ﷺ)နှင့် တမန်တော်မြတ်အပေါ် အီမာန်သက်ဝင်ကြည်သူများ၏ အခြေအနေမှာ မည်သို့ရှိခဲ့ပါသနည်း။

ဖြေ။ မုရှ်ရိက်များသည် တမန်တော်မြတ်(ﷺ)နှင့် မွတ်စ်လင်မ်တို့အား အလွန်အကြူး ဒုက္ခပေးခဲ့ကြသည်။ နောက်ဆုံးတွင် တမန်တော်မြတ်(ﷺ)သည် မွတ်စ်လင်မ်တို့အား ဟဗ်ရှာနိုင်ငံရှိ နဂျာရှီဘုရင်ထံသို့ ဟိဂ်ျရသ်ပြု ရွှေ့ပြောင်းရန် ခွင့်ပြုတော်မူခဲ့သည်။

မုရှ်ရိက်များက တမန်တော်မြတ်(ﷺ)အားအန္တရာယ်ပြုသတ်ဖြတ်ရန် တညီတညွတ်တည်းသဘောတူညီခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်အား ကာကွယ်စောင့်ရှောက်တော်မူခဲ့ပြီး ၎င်းတို့၏ ရန်မှကာကွယ်ရန်အတွက် ကိုယ်တော်၏ဘကြီးတော် အဗူသွာလိဗ်ဖြင့် ဝန်းရံထားခဲ့သည်။

မေး (၁၉) တမန်တော်မြတ်(ﷺ)နဗီအဖြစ် စေလွှတ်ခြင်းခံရပြီး ဆယ်နှစ်မြောက်တွင် မည်သူတို့ကွယ်လွန်ခဲ့ကြသနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)၏ ဘကြီးတော် အဗူသွာလိဗ်နှင့် တမန်တော်မြတ်၏ ကြင်ရာတော် ခဒီဂျဟ်(رَضِيَ اللهُ عَنْهَا)တို့ ကွယ်လွန်ခဲ့ကြသည်။

မေး (၂၀) မည်သည့်အချိန်တွင် အိစ်ရာအ်နှင့် မိအ်ရာဂ်ျ ဖြစ်ခဲ့ပါသနည်း။

ဖြေ။ အိစ်ရာအ်နှင့် မိအ်ရာဂ်ျသည် တမန်တော်မြတ်(ﷺ) သက်တော် ငါးဆယ်အရွယ်တွင်ဖြစ်ခဲ့ပြီး ကိုယ်တော့်အပေါ်တွင် ဆွလာသ်ငါးကြိမ် ဖရ်သ္ဍ်အဖြစ် သတ်မှတ်ခြင်းခံရသည်။

အိစ်ရာအ်ဟူသည် မစ်ဂျိဒ် ဟရာမ်ဝတ်ကျောင်းတော်မှ မစ်ဂျိဒ် အက်ဆွာသို့ သွားခြင်းကိုခေါ်ဆိုသည်။

မိအ်ရာဂ်ျဟူသည် မစ်ဂျိဒ်အက်ဆွာမှ မိုးကောင်းကင်ရှိ ဆိဒ်ရသုလ်မွန်းသဟာအထိ သွားခြင်းကို ခေါ်ဆိုသည်။

တမန်တော်မြတ်(ﷺ)သည် မက္ကဟ်ပြင်ပ၌ ရှိသူများကို မည်သို့ဒအ်ဝဟ်ဖိတ်ခေါ် ခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် သွာအိဖ်တွင် နေထိုင်သူများကို ဖိတ်ခေါ် ခဲ့သည်။ ထို့ပြင် လူစုလူဝေးများနှင့် ဟဂ်ျရာသီများတွင်လည်း ကိုယ်တိုင်သွားရောက်ကာ ဒအ်ဝဟ်ပြု ဖိတ်ခေါ်လေ့ရှိသည်။နောက်ဆုံး မဒီနာမြို့သား အန်ဆွာရီများ ရောက်ရှိလာကြကာ တမန်တော်မြတ်(ﷺ)အပေါ် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပြီး တမန်တော်မြတ်အား ကူညီရန်ကတိသစ္စာပြုခဲ့ကြသည်။.

မေး (၂၂) တမန်တော်မြတ်(ﷺ)သည် မက္ကာဟ်မြို့တွင် မည်မျှကြာအောင် ဒအ်ဝဟ် ဖိတ်ခေါ်မှုပြုခဲ့ပါသနည်း။

ဖြေ။ တစ်ဆယ့်သုံးနှစ်တိုင်တိုင် ဒအ်ဝဟ် ဖိတ်ခေါ်မှုပြုခဲ့သည်။

မေး (၂၃) တမန်တော်မြတ်(ﷺ)သည် မည်သည့်နေရာသို့ ဟိဂ်ျရသ်ပြု ရွှေ့ပြောင်းခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် မက္ကဟ်မြို့တော်မှ မဒီနာမြို့တော်သို့ ဟိဂ်ျရသ်ပြု ရွှေ့ပြောင်းခဲ့သည်။.

မေး (၂၄) တမန်တော်မြတ်(ﷺ)သည် မဒီနာမြို့တော်တွင် မည်မျှနေထိုင်ခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် မဒီနာမြို့တော်တွင် ဆယ်နှစ် နေထိုင်ခဲ့သည်။

မေး (၂၅) မဒီနာမြို့တော်တွင် တမန်တော်မြတ်(ﷺ)အပေါ်၌ မည်သည့် အစ္စလာ့မ်ရှရီအသ် ဆိုင်ရာတာဝန်များ ဖရ်သွ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခံရပါသနည်း။

ဖြေ။ အစ္စလာ့မ်ရှရီအသ် ဆိုင်ရာတာဝန်များအနက် ဇကာသ်၊ ဆွိယာမ်၊ ဟဂ်ျ၊ ဂျိဟာဒ်၊ အဇာန် စသည်တို့အပြင် အခြားအရာများကို ဖရ်သွ်အဖြစ် သတ်မှတ်ခြင်းခံရသည်။.

မေး (၂၆) တမန်တော်မြတ်(ﷺ)ပါဝင်ခဲ့သော အရေးပါသည့် စစ်ပွဲများကို ဖော်ပြပါ။

ဖြေ။ တမန်တော်မြတ်(ﷺ)ပါဝင်ခဲ့သော အရေးပါသည့် စစ်ပွဲများမှာ- ဟစ်ဂ်ျရီ နှစ်ခုတွင် ဖြစ်ခဲ့သော ဗဒရ်စစ်ပွဲ။

ဟစ်ဂ်ျရီ သုံးခုတွင်ဖြစ်ခဲ့သော အုဟုဒ်စစ်ပွဲ

ဟစ်ဂ်ျရီ ငါးခုတွင် ဖြစ်ခဲ့သော အဟ်ဇာဗ် စစ်ပွဲ

ဟစ်ဂ်ျရီ ရှစ်ခုတွင် ဖြစ်ခဲ့သော မက္ကဟ်မြို့ကို အောင်နိုင်သည့် စစ်ပွဲ စသည်တို့ဖြစ်သည်။.

မေး (၂၇) ကျမ်းတော်မြတ် ကုရ်အာန်တွင် နောက်ဆုံးကျရောက်ခဲ့သည့် အာယသ်တော်မှာ အဘယ်နည်း။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်။

﴿وَٱتَّقُواْ يَوۡمٗا تُرۡجَعُونَ فِيهِ إِلَى ٱللَّهِۖ ثُمَّ تُوَفَّىٰ كُلُّ نَفۡسٖ مَّا كَسَبَتۡ وَهُمۡ لَا يُظۡلَمُونَ ٢٨١﴾ [البقرة: 281]

﴿(ထို့ပြင်တဝ (အို-မွတ်စ်လင်မ် အပေါင်းတို့) အသင်တို့သည် အကြင်နေ့ကို ကြောက်ရွံ့ကြကုန်။ ထိုနေ့တွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ် အထံတော်သို့ ပြန်လည်ရောက်ရှိကြကုန်အံ့။ ထို့နောက် လူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော (ကောင်းမှု မကောင်းမှုတို့၏ အကျိုးအပြစ်များကို) အပြည့်အစုံပေးခြင်း ခံကြရလတ္တံ့။ သို့ရာတွင် ယင်း သူတို့သည်(ထိုကဲ့သို့ အကျိုးအပြစ်ပေးခြင်း ခံကြရာတွင် တစ်စုံတစ်ရာမျှ) မတော်မတရား နစ်နာဆုံးရှုံးခြင်းကိုခံကြရမည် မဟုတ်ပေ။)(စူရဟ် ဗကရဟ် အာယသ်-၂၈၁)

မေး(၂၈) တမန်တော်မြတ်(ﷺ)သည် မည်သည့် အချိန်တွင် ဝဖသ်ဖြစ် ကွယ်လွန်တော်မူခဲ့သနည်း။ ဝဖါသ်ဖြစ် ကွယ်လွန်သည့်အချိန်တွင် သက်တော်မည်မျှရှိပါသနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် ဟိဂ်ျရီ တစ်ဆယ့်တစ်ခုနှစ် ရဗီအောင်ဝလ်လတွင် ဝဖသ်ဖြစ် ကွယ်လွန်တော်မူခဲ့သည်။ ထိုအချိန်တွင် ကိုယ်တော်၏ သက်တော်မှာ ခြောက်ဆယ့်သုံးနှစ်ရှိပြီဖြစ်သည်။

မေး (၂၉) တမန်တော်မြတ်(ﷺ)၏ ကြင်ရာတော်များကို ဖော်ပြပါ။

ဖြေ။ တမန်တော်မြတ်(ﷺ)၏ ကြင်ရာတော်များမှာ- (၁) ခဒီဂျဟ်ဗင်န်သု ခုဝိုင်းလိဒ် (رَضِيَ اللَّهُ عَنْهَا).

(၂) စောင်ဒဟ်ဗင်န်သု ဇမ်အဟ် (رَضِيَ اللَّهُ عَنْهَا).

(၃) အာအိရှဟ်ဗင်န်သု အဗီဗက္ကရ် ဆိဒ္ဒီးက် (رَضِيَ اللَّهُ عَنْهَا).

(၄) ဟဖ်ဆွဟ်ဗင်န်သု အုမရ် (رَضِيَ اللَّهُ عَنْهَا).

(၅) ဇိုင်နဗ်ဗင်န်သု ခုဇိုင်မဟ် (رَضِيَ اللَّهُ عَنْهَا).

(၆) အုမ္မုစလမဟ် ဟင်းန်ဒ် ဗင်န်သု အဗီအုမိုင်းယဟ် (رَضِيَ اللَّهُ عَنْهَا).

(၇) အုမ္မုဟဗီးဗဟ် ရမ်လဟ်ဗင်န်သု အဗီစုဖ်ယာန် (رَضِيَ اللّٰهُ عَنْهَا).

(၈) ဂျုဝိုင်းရိယဟ် ဗင်န်သုလ် ဟာရိစ် (رَضِيَ اللّٰهُ عَنْهَا).

(၉) မိုင်မူနဟ် ဗင်န်သုလ် ဟာရိစ် (رَضِيَ اللّٰهُ عَنْهَا).

(၁၀) ဆွဖိယ္ယဟ်ဗင်န်သု ဟုရိုင်းယ် (رَضِيَ اللّٰهُ عَنْهَا).

(၁၁) ဇိုင်နဗ်ဗင်န်သု ဂျဟ်ရှ် (رَضِيَ اللّٰهُ عَنْهَا).

မေး (၃၀) တမန်တော်မြတ်(ﷺ)၏ သားသမီးများကို ဖော်ပြပါ။

ဖြေ။ သားတော်(၃)ပါးမှာ-

- အလ်ကာစင်မ် ဤနာမည်ဘက်သို့ ဆက်နွယ်၍ တမန်တော်မြတ်(ﷺ)အား 'အဗူလ်ကာစင်မ်'ဟု ခေါ်သည်။။

- အဗ်ဒုလ္လာဟ် (رَضِيَ اللّٰهُ عَنْهُ)

- အိဗ်ရာဟီမ် (رَضِيَ اللّٰهُ عَنْهُ)

သမီးတော်(၄)ပါးမှာ-

- ဖာသိမဟ် (رَضِيَ اللّٰهُ عَنْهَا)

- ရုကိုင်းယဟ် (رَضِيَ اللّٰهُ عَنْهَا)

- အုမ္မုကုလ်စူမ် (رَضِيَ اللّٰهُ عَنْهَا)

- ဇိုင်းနဗ် (رَضِيَ اللّٰهُ عَنْهَا)

မာရိယဟ် ကိဗ်သိယဟ် (رَضِيَ اللّٰهُ عَنْهَا)နှင့် ရခဲ့သော သားတော် အိဗ်ရာဟီးမ်မှလွဲ၍ ကျန်သားသမီးအားလုံးသည် ခဒီဂျဟ် (رَضِيَ اللّٰهُ عَنْهَا)နှင့် ရရှိခဲ့ခြင်းဖြစ်သည်။ တမန်တော်မြတ်(ﷺ)၏ သားသမီးများအနက် ဖာသိမဟ်

(رَضِيَ اللهُ عَنْهَا)မှအပ အခြားသားသမီးအားလုံးသည် တမန်တော်မြတ်(ﷺ) သက်ရှိထင်ရှားရှိစဉ် ကွယ်လွန်ခဲ့ကြပြီး ဖာသိမဟ် (رَضِيَ اللهُ عَنْهَا)သည် တမန်တော်မြတ်(ﷺ) ဝဖသ်ဖြစ်ကွယ်လွန်တော်မူပြီး ခြောက်လအကြာတွင် ကွယ်လွန်ခဲ့သည်။.

## မေး (၃၁) တမန်တော်မြတ်(ﷺ)၏ ရုပ်ဆင်း အင်္ဂါတော် အချို့ကို ဖော်ပြပါ။

တမန်တော်မြတ်(ﷺ)သည် အမျိုးသားများအနက်အရပ်ရှည်လွန်းခြင်း၊ ပုလွန်းခြင်း မရှိဘဲ အရပ်အမောင်း အလယ်အလတ်ရှိသူဖြစ်သည်။၊ ကိုယ်တော်၏အသားအရောင်မှာ ဖြူပြီး အနီဘက်သန်းသည်။ ကိုယ်တော့်တွင် ထူထဲသော မုတ်ဆိတ်၊ ကျယ်ဝန်းသောမျက်လုံးနှင့် ကြီးသောပါးစပ်ရှိသည်။ ကိုယ်တော်၏ ဆံတော်သည် အလွန်မည်းနက်ပြီး ကျယ်ပြန့်သည့် ပခုံးနှင့် မွှေးကြိုင်သောကိုယ်ရနံ့ရှိသူဖြစ်သည်။ ထိုအရည်အသွေးများအပြင် ကိုယ်တော်မြတ်(ﷺ)တွင် အခြားလှပကောင်းမွန်သည့် ရုပ်ဆင်း အင်္ဂါတော်များ ရှိသေးသည်။

## မေး (၃၁) တမန်တော်မြတ်(ﷺ)သည် မိမိ၏အွမ္မသ်နောက်လိုက်များကို မည်သည့်လမ်းစဉ်ပေါ်တွင် ထားခဲ့သနည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် မိမိအွမ္မသ် နောက်လိုက်များကို ပွင့်လင်းထင်ရှားပြီး ဖြောင့်မတ်မှန်ကန်သည့် လမ်းစဉ်ပေါ်တွင် ထားခဲ့သည်။ ထိုလမ်းစဉ်မှ တိမ်းချော်သူတိုင်း ပျက်စီးဆုံးရှုံးမည်သာဖြစ်သည်။ ကိုယ်တော်သည် မိမိ၏ အွမ္မသ် နောက်လိုက်များအား ကောင်းမှုဟူသမျှကို လမ်းညွှန်ပြသခဲ့ပြီး မကောင်းမှုဟူသမျှမှ သတိပေးတားမြစ်တော်မူခဲ့သည်။.

*******

**သဖ်စီးရ် ကဏ္ဍ။ သဖ်စီးရ်ဆိုင်ရာ အသိပညာ။သဖ်စီးရ်ဆိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယာသ်တော်များ၏အဓိပ္ပာယ်နှင့် သက်ဆိုင်သည့် ပညာရပ်ဖြစ်ပြီး ထိုအာယသ်တော်များတွင် ယုံကြည်မှု၊ ခဝပ်ကိုးကွယ်မှု၊ လူမှုဆက်ဆံမှု၊ ကိုယ်ကျင့်တရား၊ ဟလာလ်၊ ဟရာမ်၊ အမိန့်ပေးချက်၊ တားမြစ်ချက်တို့အပြင် အခြားကဏ္ဍများနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များပါရှိသည်။သတိပေးချက် - ဤကဏ္ဍသည် ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များကို ကျက်မှတ်ရန်နှင့် အဓိပ္ပါယ်များကို သိနားလည်ရန်အတွက်ဖြစ်သည်။**

မေး (၁) စူရဟ် ဖာသိဟာဟ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ်ဖာသိဟာဟ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်မှာ-

﴿بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ ۝١ ٱلۡحَمۡدُ لِلَّهِ رَبِّ ٱلۡعَٰلَمِينَ ۝٢ ٱلرَّحۡمَٰنِ ٱلرَّحِيمِ ۝٣ مَٰلِكِ يَوۡمِ ٱلدِّينِ ۝٤ إِيَّاكَ نَعۡبُدُ وَإِيَّاكَ نَسۡتَعِينُ ۝٥ ٱهۡدِنَا ٱلصِّرَٰطَ ٱلۡمُسۡتَقِيمَ ۝٦ صِرَٰطَ ٱلَّذِينَ أَنۡعَمۡتَ عَلَيۡهِمۡ غَيۡرِ ٱلۡمَغۡضُوبِ عَلَيۡهِمۡ وَلَا ٱلضَّآلِّينَ ۝٧﴾ [الفاتحة: 1-7]

(၇) စူရဟ် ဖာသိဟာဟ် (၁ - ၇)

အကျယ်ရှင်းလင်းချက်။

စူရဟ် ဖာသိဟာဟ်အား (အဖွင့်ကဏ္ဍ)ဟု အမည်ပေးထားရခြင်းမှာ ကျမ်းတော်မြတ်ကုရ်အာန်ကို ၎င်းစူရဟ်ဖြင့် စတင်ထားသည့် အတွက်ကြောင့်ဖြစ်သည်။

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

၁။ကျွန်တော်မျိုးသည် အရှင်မြတ်၏အကူအညီကိုလည်းကောင်း၊ အရှင်မြတ်၏ နာမတော်ကို တသကာအရှင့်နာမတော်၏

ဗရ်ကာသ်မင်္လာကိုရယူ၍ လည်းကောင်း
ကျမ်းတော်မြတ်ကုရ်အာန်ဖတ်ရွတ်ခြင်းကို စတင်ပါ၏။

( الله)

ဆိုသည်မှာ ခဝပ်ကိုးကွယ်ခြင်းကိုခံထိုက်တော်မူသောအရှင်ဖြစ်သည်။ "အလ္လာဟ်" ဟူသည့် နာမတော်အား အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူ့ကိုမျှ အမည်ပေးခေါ်ဆိုခွင့်မရှိပါ။

( الرَّحْمٰن)

ဆိုသည်မှာ ကြီးကျယ်လှသည့်ကရုဏာတော်ရှင်ဖြစ်သည်။ အရှင်မြတ်၏ မဟာကရုဏာတော်သည် အရာခပ်သိမ်းအလုံးစုံကို လွှမ်းခြုံထားသည်။

( الرَّحِيم)

မုအ်မင်န် အီမာန်သက်ဝင်ယုံကြည်သူများကို ကရုဏာပြုတော်မူသောအရှင်။

၂။ ချီးမွမ်းထောမနာပြုခြင်းအပေါင်းနှင့် ပြီးပြည့်စုံမှုအပေါင်းသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းအတွက်သာဖြစ်တော်မူသည်။

၃။ (အရှင်မြတ်သည်) အရာခပ်သိမ်းကို ကရုဏာတော်ဖြင့် လွှမ်းမိုးထားသော မဟာကရုဏာတော်ရှင်၊ မုအ်မင်န် အီမာန်သက်ဝင်ယုံကြည်သူများကို အမြဲကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူသည်။

၄။ ဤသည် ကိယာမသ်နေ့ကိုဆိုလိုသည်။

၅။ ကျွန်တော်မျိုးတို့သည် အသင်အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ပါ၏။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်တစ်ပါးတည်းထံတော်၌သာ ဆုတောင်းပတ္ထနာပြုပါ၏။

၆။ ဤသည် အစ္စလာမ်သာသနာနှင့် စွန္နသ်တော်အပေါ် လျှောက်လှမ်းနိုင်စွမ်းကို တောင်းခံခြင်းဖြစ်သည်။

၇။ အလ္လာဟ်အရှင်မြတ်သည် ကျေးဇူးပြုခဲ့ပြီးဖြစ်သည့်နဗီရစူလ်များနှင့် ၎င်းတို့၏နောက်လိုက် သူတော်စင် သူတော်ကောင်းများ၏ တရားလမ်းကို ညွှန်ကြားပြသတော်မူပါ။ အရှင်မြတ်၏အမျက်တော် စူးရှခြင်း ခံကြရသူ(ရဟူဒီ)များနှင့် လမ်းမှားသူ(နဆွ်ရာနီ)များ၏လမ်းလည်း မဟုတ်သော လမ်းမှန်ကိုသာ ညွှန်ကြား ပြသတော်မူပါ။

စူရဟ်ဖာသိဟဟ် ဖတ်ပြီးနောက် (အာမီးန်)ဆိုခြင်း စွန္နသ်ဖြစ်သည်။ အဓိပ္ပါယ်မှာ- လက်ခံသဘောတူတော်မူပါ။

မေး (၂) စူရဟ် ဇလ်ဇလဟ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ်ဇလ်ဇလဟ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿إِذَا زُلۡزِلَتِ ٱلۡأَرۡضُ زِلۡزَالَهَا ۝١ وَأَخۡرَجَتِ ٱلۡأَرۡضُ أَثۡقَالَهَا ۝٢ وَقَالَ ٱلۡإِنسَٰنُ مَا لَهَا ۝٣ يَوۡمَئِذٖ تُحَدِّثُ أَخۡبَارَهَا ۝٤ بِأَنَّ رَبَّكَ أَوۡحَىٰ لَهَا ۝٥ يَوۡمَئِذٖ يَصۡدُرُ ٱلنَّاسُ أَشۡتَاتٗا لِّيُرَوۡاْ أَعۡمَٰلَهُمۡ ۝٦ فَمَن يَعۡمَلۡ مِثۡقَالَ ذَرَّةٍ خَيۡرٗا يَرَهُۥ ۝٧ وَمَن يَعۡمَلۡ مِثۡقَالَ ذَرَّةٖ شَرّٗا يَرَهُۥ ۝٨﴾ [الزلزلة: 1-8]

(၈) စူရဟ် ဇလ်ဇလဟ် (၁ - ၈)

အကျယ်ရှင်းလင်းချက်။

၁။ ကိယာမသ်ရှင်ပြန်ထမည့်နေ့၌ မြေကြီးသည် ပြင်းထန်စွာတုန်လှုပ်ခြင်းခံရသည့်အခါ။

၂။ ပထဝီမြေသည်မိမိ ၎င်းအတွင်းရှိ သေသူများ၊ ရွှေငွေရတနာအစရှိသည်တို့ကို အပြင်သို့ ထုတ်လိုက်သောအခါ။

၃။ ထို့ပြင် လူတို့သည် အံ့သြတွေဝေလျက် ဤပထဝီမြေ၌
ဤသို့တုန်လှုပ်ခြင်းနှင့် မတည်မငြိမ်ဖြစ်ခြင်းသည် မည်သည့်အကြောင်း
ရှိပါသနည်းဟု ပြောဆိုသောအခါ။

၄။ ထိုကြီးကျယ်လှသည့်နေ့တွင် ပထဝီမြေကြီးက မိမိအပေါ်၌ပြုခဲ့သော
ကောင်းမှုနှင့် မကောင်းမှုအကြောင်းပြောပြလိမ့်မည်။

၅။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ထိုမြေပထဝီအား
အသိပေးတော်မူပြီး ထိုသို့ပြုလုပ်ရန် အမိန့်ပေးတော်မူခဲ့သည့်အတွက်ဖြစ်သည်။

၆။ မြေငလျင်တုန်လှုပ်သော ထိုကြီးကျယ်လှသည့်နေ့တွင် လူတို့သည်
လောက၌မိမိတို့ ပြုလုပ်ခဲ့သောကျင့်မူဆောင်ရွက်ချက်များကို
ကြည့်ရှုရန်အတွက် စာရင်းစစ်ဆေးမည့်နေရာမှ  အုပ်စုအမျိုးမျိုးကွဲလျက်
ထွက်ကြမည်ဖြစ်သည်။

၇။ မည်သူမဆို သေးငယ်လှသော
(ပုရွက်ဆိတ်တစ်ကောင်၏)အလေးချိန်မျှပင်
ကောင်းမြတ်သောအကျင့်သီလပြုမူခဲ့သည်ရှိသော် ထိုကောင်းမှုကို
မိမိရှေ့မှောက်က်၌ မြင်တွေ့ရမည်ဖြစ်သည်။

၈။ မည်သူမဆို ထိုအနည်းငယ်သော အလေးချိန်မျှပင် မကောင်းမှုပြုခဲ့သည်
ရှိသော် ထိုမကောင်းမှုကို မိမိရှေ့မှောက်၌မြင်တွေ့ရမည် ဖြစ်သည်။

မေး (၃) စူရဟ်အာဒိယာသ် ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ်အာဒိယာသ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿وَٱلۡعَٰدِيَٰتِ ضَبۡحٗا ١ فَٱلۡمُورِيَٰتِ قَدۡحٗا ٢ فَٱلۡمُغِيرَٰتِ صُبۡحٗا ٣ فَأَثَرۡنَ بِهِۦ نَقۡعٗا ٤ فَوَسَطۡنَ بِهِۦ جَمۡعًا ٥
إِنَّ ٱلۡإِنسَٰنَ لِرَبِّهِۦ لَكَنُودٞ ٦ وَإِنَّهُۥ عَلَىٰ ذَٰلِكَ لَشَهِيدٞ ٧ وَإِنَّهُۥ لِحُبِّ ٱلۡخَيۡرِ لَشَدِيدٌ ٨ ۞ أَفَلَا يَعۡلَمُ إِذَا بُعۡثِرَ مَا
فِي ٱلۡقُبُورِ ٩ وَحُصِّلَ مَا فِي ٱلصُّدُورِ ١٠ إِنَّ رَبَّهُم بِهِمۡ يَوۡمَئِذٖ لَّخَبِيرُۢ ١١﴾ [العاديات: 1-11]

(၁၁) စူရဟ် အာဒိယာသ် (၁ - ၁၁)

ရှင်းလင်းချက်။

၁။ ပြင်းထန်စွာပြေးခြင်းကြောင့် ၎င်း၏အသက်ရှူသံကိုပင်ကြားရသော တိုက်မြင်းများကို အလ္လာဟ်အရှင်မြတ်သည် သက်သေထူတော်မူခဲ့၏။

၂။ တဖန်အရှင်မြတ်သည် မိမိတို့၏ခွာများဖြင့် ကျောက်ခဲများကို ပြင်းထန်စွာ ရိုက်ခတ်ခြင်းအားဖြင့် မီးပွားများ ထွက်စေကြသောမြင်းများကို သက်သေထူတော်မူ၏။

၃။ နံနက်မိုးသောက်ချိန်၌ ရန်သူများအား ဝင်ရောက် တိုက်ခိုက်ကြသော မြင်းများကို အရှင်မြတ်သည် သက်သေထူတော်မူ၏။

၄။ ပြင်းထန်စွာ ပြေးခြင်းကြောင့် ဖုန်များကို ထောင်းထောင်းထစေသည့် မြင်းများကို အရှင်မြတ်သည် သက်သေထူတော်မူ၏။

၅။ တဖန်အလ္လာဟ်အရှင်မြတ်သည် ရန်သူများ၏အုပ်စုအလယ်သို့ တစ်ရှိန်တိုး ထိုးဖောက် ဝင်ရောက်ကြသောမြင်းများကို အရှင်မြတ်သည် သက်သေထူတော်မူ၏။

၆။ ကေန်အမှန်ပင် လူသားသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သူ့ထံမှအလိုရှိတော်မူသည့်ကောင်းမှုကို အလွန်ပင်တားမြစ်ပိတ်ပင် ကျေးဇူးကန်းသူဖြစ်သည်။

၇။ ထို့ပြင် ထိုလူသားသည် ကောင်းမှုကိုတားမြစ်ပိတ်ပင်မှုနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်ပင် ထင်ရှားသည့်သက်သေဖြစ်သည့်အတွက် ၎င်းအားငြင်းဆန်၍မရနိုင်ပေ။

၈။ စင်စစ် ထိုလူသည် ဥစ္စာပစ္စည်းကို အလွန်ခုံမင်သည့်အတွက် အလွန်စေးနဲသူဖြစ်သည်။

၉။ အလ္လာဟ်အရှင်မြတ်သည် သင်္ချိုင်းများအတွင်း၌ ရှိကြကုန်သော သူသေများအား ရှင်ပြန်ထမြောက်စေသောအခါ၊ စာရင်းအင်းစစ်ဆေးရန်နှင့် အစားပေးရန်အတွက် ၎င်းတို့အား မြေပထဝီမှ ထွက်စေသောအခါ၊ လောကီသက်တမ်းဖြင့် လှည့်ဖြားခြင်းခံရသည့် ဤလူသားသည် အရေးကိစ္စတိုင်းမှာ မိမိထင်မြင်ယူဆခဲ့သည့်အတိုင်း မဟုတ်ကြောင်းကို မသိလေသလော။

၁၀။ ၎င်းပြင်စိတ်နှလုံးများအတွင်းရှိ ရည်စူးချက်များ၊ ယုံကြည်ချက်များနှင့် အခြားအရာများသည် ထင်ရှားစေခြင်းခံရမည်ကိုလည်း ထိုသူ (မသိလေသလော)။

၁၁။ မလွဲဧကန် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုနေ့တွင် ၎င်းတို့နှင့်ပတ်သက်၍ အလုံးစုံတို့ကို ကောင်းစွာ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။ မိမိ၏ကျေးကျွန်များ၏ မည်သည့် အရေးကိစ္စမျှ အလ္လာဟ်အရှင်မြတ်ထံတွင်ဖုံးကွယ်နေသည်ဟူ၍ မရှိပါ။ ထို့ပြင် အရှင်မြတ်သည် ၎င်းတို့အား ထိုကိစ္စများနှင့်ပတ်သက်၍ အစားပေးတော်မူမည်ဖြစ်သည်။

မေး (၄) စူရဟ်ကာရိအဟ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ်ကာရိအဟ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿ٱلۡقَارِعَةُ ١ مَا ٱلۡقَارِعَةُ ٢ وَمَآ أَدۡرَىٰكَ مَا ٱلۡقَارِعَةُ ٣ يَوۡمَ يَكُونُ ٱلنَّاسُ كَٱلۡفَرَاشِ ٱلۡمَبۡثُوثِ ٤ وَتَكُونُ
ٱلۡجِبَالُ كَٱلۡعِهۡنِ ٱلۡمَنفُوشِ ٥ فَأَمَّا مَن ثَقُلَتۡ مَوَٰزِينُهُۥ ٦ فَهُوَ فِي عِيشَةٖ رَّاضِيَةٖ ٧ وَأَمَّا مَنۡ خَفَّتۡ مَوَٰزِينُهُۥ ٨
فَأُمُّهُۥ هَاوِيَةٞ ٩ وَمَآ أَدۡرَىٰكَ مَا هِيَهۡ ١٠ نَارٌ حَامِيَةُۢ ١١﴾ [القارعة: 1-11]

(၁၁) စူရဟ် ကာရိအဟ် (၁- ၁၁)

ရှင်းလင်းချက်။

၁။ ကိယာမသ် အကြင်ကိယာမသ်၏ ကြီးမားသည့်ထိတ်လန့်မှုကြောင့် လူတို့၏စိတ်နှလုံးများကိုတီးခေါက်သည်။

၂။ ကြီးမားသည့်ထိတ်လန့်မှုကြောင့် လူတို့၏စိတ်နှလုံးများကိုတီးခေါက်သည့် အကြင်ကိယာမသ်သည် အဘယ်နည်း။

၃။ (အို ရစူလ်တမန်တော်) ကြီးမားသည့်ထိတ်လန့်မှုကြောင့် လူတို့၏စိတ်နှလုံးများကို တီးခေါက်သည့် ထိုကိယာမသ်သည် မည်သည့်အရာဖြစ်သည်ကိုအသင်သိပါသလော။ ကေန်စင်စစ် ၎င်းသည် ကမ္ဘာပျက်မည့်နေ့ပင်ဖြစ်သည်။

၄။ လူသားများ၏စိတ်နှစ်လုံးများကိုတီးခေါက်သည့်နေ့တွင် လူတို့သည် ဟိုဘက်ဒီဘက် ပြန့်ကြဲလျက်ရှိကြသော ပိုးဖလံများကဲ့သို့ ဖြစ်ကြပေမည်။

၅။ တောင်များသည် ၎င်း၏ ပေါ့ပါးမှုနှင့် လှုပ်ရှားမှုတွင် ဖတ်ထားသော သိုးမွေးကဲ့သို့ဖြစ်နေလိမ့်သည်။

၆။ အကြင်သူ၏ ကောင်းမြတ်သည့်အကျင့်သီလများသည် သူ၏မကောင်းမှုများထက် အချိန်စီးခဲ့လျှင်။

၇။ ထိုသူသည် ဂျန္နသ် သုခဘုံတွင် မိမိစိတ်တိုင်းကျစည်းစိမ်၌ မွေ့လျော်စွာရှိပေမည်။

၈။ ထို့ပြင် အကြင်သူ၏ မကောင်းမှုများသည် ကောင်းမြတ်သည့်အကျင့်သီလများထက် အချိန်စီးလျှင်။

၉။ ကိယာမသ်နေ့တွင် ထိုသူနေရမည့် နေရာဌာနမှာ ဂျဟန္နမ် ငရဲဘုံပင်ဖြစ်သည်။

၁၀။ အို ရစူလ်တမန်တော် စင်စစ် ထိုငရဲဘုံသည် အဘယ်အရာနည်းဟု အသင် သိပါသလော။

၁၁။ အလျှံပြောင်ပြောင် တောက်လောင်လျက်ရှိသော (ငရဲ)မီးပင် ဖြစ်ချေသတည်း။

မေး (၅) စူရဟ် သကာဆုရ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ် သကာဆုရ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿أَلۡهَىٰكُمُ ٱلتَّكَاثُرُ ١ حَتَّىٰ زُرۡتُمُ ٱلۡمَقَابِرَ ٢ كَلَّا سَوۡفَ تَعۡلَمُونَ ٣ ثُمَّ كَلَّا سَوۡفَ تَعۡلَمُونَ ٤ كَلَّا
لَوۡ تَعۡلَمُونَ عِلۡمَ ٱلۡيَقِينِ ٥ لَتَرَوُنَّ ٱلۡجَحِيمَ ٦ ثُمَّ لَتَرَوُنَّهَا عَيۡنَ ٱلۡيَقِينِ ٧ ثُمَّ لَتُسۡـَٔلُنَّ يَوۡمَئِذٍ عَنِ ٱلنَّعِيمِ ٨﴾
[التكاثر: 1-8]

(၈) စူရဟ် သကာဆုရ် (၁-၈)

အကျယ်ရှင်းလင်းချက်။

၁။ (အို လူသားအပေါင်းတို့) ဥစ္စာပစ္စည်း၊ သားသမီးအစရှိသော လောကီစည်းစိမ် ပေါများကြွယ်ဝမှုနှင့်စပ်လျဉ်း၍ လောဘရမ္မက် ဂုဏ်တု၊ ဂုဏ်ပြိုင်ပြုမှုသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံမှုမှ လျစ်လျူရှု ပေါ့တန်စေခဲ့၏။

၂။ နောက်ဆုံးတွင် အသင်တို့သည် သေဆုံးသွားကြပြီး သင်္ချိုင်းများတွင်ဝင်ကြရလေသည်။

၃။ အလ္လာဟ်အရှင်မြတ်၏အမိန့်ကိုနာခံခြင်းကို လျစ်လျူရှုကာ ဂုဏ်တု၊ ဂုဏ်ပြိုင်ပြုခဲ့ကြခြင်းနှင့် ပတ်သက်၍ မကြာမြင့်မီပင် ယင်း၏ နောက်ဆုံးရလဒ်ကို သင်တို့သည် သိရှိကြပေမည်။

၄။ တဖန် သတိပြုကြလေကုန်၊ မကြာမြင့်မီပင် ယင်းလျစ်လျူရှုခြင်း၏နောက်ဆုံးရလဒ်ကို သင်တို့သည် သိရှိကြပေမည်။

၅။ အသင်တို့သည် အပြန်လည်ရှင်ပြန်ထကာ အလ္လာဟ်အရှင်မြတ်ထံသို့ ရောက်ကြမည်ကိုလည်းကောင်း၊ ဥစ္စာပစ္စည်း၊ သားသမီးအစရှိသော လောကီစည်းစိမ်များဖြင့် ဂုဏ်တု၊ ဂုဏ်ပြိုင်ပြုခြင်း၌ နစ်မွန်းခဲ့သည့်အတွက် အသင်တို့၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ အသင်တို့အား ပြန်လည်အစားပေးတော်မူမည်ကိုအမှန်တကယ် သိရှိကြမည်ဆိုလျှင် အလျင်းလျစ်လျူရှုပေါ့တန်ကြမည်မဟုတ်ပေ။

၆။ အလ္လာဟ်အရှင်ကိုတိုင်တည်တော်မူ၏ ကေန်မုချ အသင်တို့သည် ဂျဟန္နမ်ငရဲကို တွေ့မြင်ကြပေမည်။

၇။ ထို့နောက် မလွဲဧကန် အသင်တို့သည် ယင်းဂျဟန္နမ်ငရဲကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ကြရမည်မှာ သံသယမရှိပေ။

၈။ ထို့နောက် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ချီးမြှင့်ထားသည့် ကျန်းမာရေး၊ ကြွယ်ဝချမ်းသာခြင်း၊ အစရှိသည့် စည်းစိမ်များနှင့်စပ်လျဉ်း၍ အသင်တို့ မုချအမှန် စစ်ဆေးမေးမြန်းခြင်းကို ခံကြရမည် ဖြစ်သတည်း။.

မေး (၆) စူရဟ်အဆွရ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ်အဆွရ်နှင့်၎င်း၏အကျယ်ရှင်းလင်းချက်။

﴿وَٱلۡعَصۡرِ ١ إِنَّ ٱلۡإِنسَٰنَ لَفِي خُسۡرٍ ٢ إِلَّا ٱلَّذِينَ ءَامَنُواْ وَعَمِلُواْ ٱلصَّٰلِحَٰتِ وَتَوَاصَوۡاْ بِٱلۡحَقِّ وَتَوَاصَوۡاْ بِٱلصَّبۡرِ ٣﴾ [العصر: 1-3]

(၃) စူရဟ် အဆွရ် (၁ - ၃)

ရှင်းလင်းချက်။

၁။ အလ္လာဟ်အရှင်မြတ်သည် ခေတ်ကာလကို သက်သေထူတော်မူသည်။

၂။ ကေန်အမှန်ပင် လူသားတိုင်းသည် ဆုံးရှုံးမှု၊ ပျက်ဆီးမှု၌ ရှိနေကြသည်။

၃။ အကြင်သူတို့မှတပါး ထိုသူတို့သည် အီမာန် သက်ဝင်ယုံကြည်ခဲ့ကြပြီး ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြသည်။ ထို့အတူ အချင်းချင်း မှန်ကန်သော (သာသနာပေါ်၌ ကြံ့ခိုင်စွာ) တည်ရှိကြရန်လည်း ဆုံးမကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် သည်းခံကြရန်လည်း အချင်းချင်း ဆုံးမကြကုန်၏။ ဤသူတို့ပင်လျှင် ဆုံးရှုံးမှုမှ လွတ်မြောက်အောင်မြင်ကြသူများဖြစ်ကြပေသည်။.

မေး (၇) စူရဟ်ဟုမဇဟ်ကို ဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ်ဟုမဇဟ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿وَيۡلٞ لِّكُلِّ هُمَزَةٖ لُّمَزَةٍ ١ ٱلَّذِي جَمَعَ مَالٗا وَعَدَّدَهُۥ ٢ يَحۡسَبُ أَنَّ مَالَهُۥٓ أَخۡلَدَهُۥ ٣ كَلَّاۖ لَيُنۢبَذَنَّ فِي ٱلۡحُطَمَةِ ٤ وَمَآ أَدۡرَىٰكَ مَا ٱلۡحُطَمَةُ ٥ نَارُ ٱللَّهِ ٱلۡمُوقَدَةُ ٦ ٱلَّتِي تَطَّلِعُ عَلَى ٱلۡأَفۡـِٔدَةِ ٧ إِنَّهَا عَلَيۡهِم مُّؤۡصَدَةٞ ٨ فِي عَمَدٖ مُّمَدَّدَةِۭ ٩﴾ [الهمزة: 1-9]

(၉) စူရဟ် ဟုမဇဟ် (၁-၉)

ရှင်းလင်းချက်။

၁။ နောက်ကွယ်၌ လူတို့၏အတင်းပြောသူများနှင့် မျက်နှာစုံညီ စောင်းချိတ်ရှုတ်ချသူများအတွက်ပြင်းထန်သည့်ပြစ်ဒဏ်နှင့် ကျိုးယုတ်ပျက်စီးမှု ရှိမည်ဖြစ်သည်။

၂။ အကြင်(အတင်းပြော၊ စောင်းချိတ်ရှုတ်ချ)သူ၏ အလေးထားဂရုပြုမှုသည် ပစ္စည်းဥစ္စာကို စုဆောင်းရန်နှင့် ထိုပစ္စည်းဥစ္စာကို အကြိမ်ကြိမ် ရေတွက်ရန်သာဖြစ်ပြီး အခြားမည်သည့်အရာကိုမျှ ဂရုပြုအလေးထားခြင်း မရှိပေ။

၃။ ထိုသူသည် မိမိစုဆောင်းခဲ့သည့် ဥစ္စာပစ္စည်းသည် မိမိအား သေခြင်းတရားမှလွတ်မြောက်စေပြီး အမြဲတစေ အသက်ထင်ရှားရှိစေမည်ဟု ထင်မှတ်လေ၏။

၄။ ဤကိစ္စရပ်သည် ထိုမသိနားမလည်သူ ထင်မှတ်နေသည့်အတိုင်း အလျှင်းမဟုတ်ပေ။ စင်စစ်မှာကား ထိုသူသည် အပိုင်းပိုင်း အစစဖြစ်စေသောငရဲ၌ ပစ်ချခြင်းခံရမည်ဖြစ်သည်။ ထိုငရဲသည် ပြင်းထန်လှသည့်အတွက် ၎င်းထဲသို့ ပစ်ချလိုက်သည့်အရာတိုင်းအား ချိုးဖျက်ချေခွဲပစ်မည်ဖြစ်သည်။

၅။ ပစ်ချလိုက်သည့် အရာတိုင်းအား ချိုးဖျက်ချေခွဲကာ အပိုင်းပိုင်း အစစဖြစ်စေသောငရဲသည် အဘယ်အရာနည်းဟု -အို ရစူလ်တမန်တော်- အသင် သိပါသလော။

၆။ ကေန်မုချ ၎င်းသည်မွှေးထားပြီးဖြစ်သော အလ္လာဟ်အရှင်မြတ်၏ငရဲမီးပင်ဖြစ်သည်။

၇။ အကြင်မီးသည် လူတို့၏ခန္ဓာကိုယ်မှ စိတ်နှလုံးများအထိ တိုးတက်ဖုံးလွှမ်းလေ၏။

၈။ ကေန်မလွဲ ထိုမီးသည် ပြစ်ဒဏ်ပေးခြင်းခံရသောသူတို့အပေါ်၌ ပိတ်ဆို့ပြီး ဖြစ်လိမ့်မည်။

၉။ ထိုသူတို့ထွက်မရနိုင်သည့်အထိ ရှည်လျားစွာသော(မီးကျီး)တိုင်များ၌ (တုပ်နှောင်လျက်)။.

မေး (၈) စူရဟ်ဖီးလ်ကို ဖတ်ပြီး ၎င်း၏အကျယ်ကိုရှင်းပြပါ။

ဖြေ။ စူရဟ်ဖီးလ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِأَصْحَٰبِ ٱلْفِيلِ ① أَلَمْ يَجْعَلْ كَيْدَهُمْ فِى تَضْلِيلٍ ② وَأَرْسَلَ عَلَيْهِمْ طَيْرًا أَبَابِيلَ
③ تَرْمِيهِم بِحِجَارَةٍ مِّن سِجِّيلٍ ④ فَجَعَلَهُمْ كَعَصْفٍ مَّأْكُولٍ ⑤﴾ [الفيل: 1-5]

(၅) စူရဟ် ဖီးလ် (၁-၅)

ရှင်းလင်းချက်။

၁။ (အို-နဗီတမန်တော်) အဗ်ရဟာနှင့်သူ၏နောက်လိုက် ဆင်ပိုင်ရှင်တို့သည် ကအ်ဗဟ်ကျောင်းတော်ကို ဖြိုဖျက်ရန် ကြံရွယ်ကြသောအခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က ၎င်းတို့အား မည်သို့ ပြုလုပ်တော်မူခဲ့သည်ကို အသင် မသိမမြင် မဆင်ခြင်ခဲ့ပါလေသလော။

၂။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ မကောင်းသည့်အကြံအစည်ဖြစ်သော ကအ်ဗဟ်ကျောင်းတော်ကို ဖြိုချဖျက်ဆီးမည့်ကိစ္စကို ပျက်ပြားစေတော်မူခဲ့သည်။ သို့ဖြစ်၍ ၎င်းတို့သည် လူတို့အား ကအ်ဗဟ်ကျောင်းတော်မှ လွှဲဖယ်ပစ်ရာတွင် မိမိတို့၏ မျှော်လင့်ထားသည့်အတိုင်း မဖြစ်လာခဲ့သလို အခြားမည်သည်ကိုမျှ မရရှိခဲ့ကြပေ။

၃။ ထို့ပြင် အရှင်မြတ်သည် ၎င်းတို့အပေါ်တွင် ငှက်များကို အုပ်စုလိုက်၊ အုပ်စုလိုက် စေလွှတ်တော်မူ၏။

၄။ ထိုငှက်များသည် ၎င်းတို့အား ရွံ့စေးဖြင့်ပြုလုပ်ထားသော ကျောက်ခဲများဖြင့် ပစ်ခတ်လျက် ရှိခဲ့ကြကုန်၏။

၅။ ထို့နောက် အရှင်မြတ်သည် ၎င်းတို့အား တိရစ္ဆာန်များ စားထားသော၊ နင်းထားသော ကောက်ရိုးဖတ်များကဲ့သို့ ပြုလုပ်တော်မူခဲ့ပေသတည်း။

မေး (၉) စူရဟ် ကုရိုက်ရှ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ် ကုရိုက်ရှ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿لِإِيلَٰفِ قُرَيۡشٍ ١ إِۦلَٰفِهِمۡ رِحۡلَةَ ٱلشِّتَآءِ وَٱلصَّيۡفِ ٢ فَلۡيَعۡبُدُواْ رَبَّ هَٰذَا ٱلۡبَيۡتِ ٣ ٱلَّذِيٓ أَطۡعَمَهُم مِّن جُوعٖ وَءَامَنَهُم مِّنۡ خَوۡفِۭ ٤﴾ [قريش: 1-4]

(၄) စူရဟ်ကုရိုင်းရှ် အာယသ် (၁-၄)

ရှင်းလင်းချက်။

၁။ ကုရိုင်းရှ်တို့သည် နွေရာသီနှင့် ဆောင်းရာသီတွင်ခရီးသွားလေ့ရှိကြသည်။

၂။ ဆောင်းရာသီတွင် ယီမင်နိုင်ငံသို့လည်းကောင်း၊ နွေရာသီတွင် ဆီးရီးယားနိုင်ငံသို့လည်းကောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးထွက်လေ့ရှိကြသောကြောင့်။

၃။ သို့ဖြစ်ပေရာ ၎င်းတို့အတွက် ဤသို့ခရီးသွားလာခြင်းကို အဆင်ပြေချောမွေ့အောင် ပြုလုပ်ပေးခဲ့သည့် ဤမြင့်မြတ်သော အိမ်တော် (ကအ်ဗဟ် ကျောင်းတော်)၏ ဖန်ဆင်းရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်တစ်ဆူတည်းကိုသာ ဆည်းကပ် ကိုးကွယ်ကြရမည်ဖြစ်ပြီး ထိုအရှင်မြတ်နှင့်အတူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ယှဉ်တွဲကိုးကွယ်ခြင်းမပြုရပေ။

၄။ အလ္လာဟ်အရှင်မြတ်သည် အာရဗ်လူမျိုးများ၏ စိတ်နှလုံးတွင်း၌ မြင့်မြတ်သော ကအ်ဗဟ်ကျောင်းတော်အား ရိုသေလေးစားမှုနှင့် ၎င်း၏ ပတ်ဝန်းကျင်၌ နေထိုင်ကြသူတို့အား ဂုဏ်ပေးလေးစားမှုတို့ကို ထည့်သွင်းပေးတော်မူခဲ့သည်။ ထိုနည်းအားဖြင့် အရှင်မြတ်သည် ယင်းကုရိုင်းရှ်တို့အား ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းလွတ်ရန် ကျွေးမွေးတော်မူခဲ့ပြီး စိုးရိမ်မှုမှလည်း ဘေးရန်ကင်းငြိမ်းစေတော်မူခဲ့သည်။

မေး (၁၀) စူရဟ် မာအူန်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ်မာအူးန်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်။

﴿أَرَءَيْتَ ٱلَّذِى يُكَذِّبُ بِٱلدِّينِ ۝١ فَذَٰلِكَ ٱلَّذِى يَدُعُّ ٱلْيَتِيمَ ۝٢ وَلَا يَحُضُّ عَلَىٰ طَعَامِ ٱلْمِسْكِينِ ۝٣ فَوَيْلٌ لِّلْمُصَلِّينَ ۝٤ ٱلَّذِينَ هُمْ عَن صَلَاتِهِمْ سَاهُونَ ۝٥ ٱلَّذِينَ هُمْ يُرَآءُونَ ۝٦ وَيَمْنَعُونَ ٱلْمَاعُونَ ۝٧﴾ [الماعون: 1-7]

(၇) စူရဟ် မာအူးန် (၁ - ၇).

အကျယ်ရှင်းလင်းချက်။

၁။ အသင်သည် ကိယာမသ်နေ့၌ အစားပေးခြင်းကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူအား မသိမမြင်ခဲ့လေသလော။

၂။ ထိုသူပင် ဘမဲ့ကလေးသူငယ်၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးဘဲ ခက်ထန်စွာတွန်းထုတ်သောသူဖြစ်၏။

၃။ ၎င်းပြင် ထိုသူသည် သူဆင်းရဲတို့အား အစားအစာကျွေးမွေးရန် မိမိကိုယ်မိမိအားလည်းကောင်း၊ အခြားသူကိုလည်းကောင်းတိုက်တွန်း နှိုးဆော်ခြင်းလည်း မပြုပေ။

၄။ သို့ဖြစ်ပေရာ (အကြင်သို့သော) ဆွလာတ်ဝတ်ပြုသူတို၌ အကြီးအကျယ် အဇာဗ် ပြစ်ဒဏ်နှင့် ပျက်စီးခြင်းရှိ၏။

၅။ ထိုသူတို့သည် မိမိတို့၏ ဆွလာတ် ဝတ်ပြုမှု(တာဝန်)ကို ဂရုမမူဘဲ မေ့လျော့ထားကြကုန်၏။ ဆွလာသ်အချိန် ကုန်ဆုံးသွားသည်အထိ ဂရုမမူကြပေ။

၆။ အကြင်(ဆွလာတ်ဝတ်ပြု)သူတို့သည် မိမိတို့၏ ဆွလာသ်များ၊ ကောင်းမှုများကို ပြစားကြပြီး အမလ်ကောင်းမှုများကို အလ္လာဟ်အရှင်မြတ်အတွက်သာ အိခ်လာဆ့်နှင့်တကွ ဆောက်တည်ခြင်းမရှိကြပေ။

၇။ ထိုမှတပါး ၎င်းတို့သည် အခြားသူများကို ကူညီရာတွင် မိမိအတွက် ထိခိုက်နစ်နာမှုမရှိသည့် အသေးအဖွဲ အသုံးအဆောင် ပစ္စည်းများကိုပင် သူတစ်ပါးတို့အား ငှားရမ်းခြင်းမပြုရန် ပိတ်ပင်တားမြစ်ကြကုန်၏။

မေး (၁၁) စူရဟ် ကောင်စရ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ် ကောင်စရ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်.

﴿إِنَّآ أَعۡطَيۡنَٰكَ ٱلۡكَوۡثَرَ ۝١ فَصَلِّ لِرَبِّكَ وَٱنۡحَرۡ ۝٢ إِنَّ شَانِئَكَ هُوَ ٱلۡأَبۡتَرُ ۝٣﴾ [الكوثر: 1-3]

(၃) စူရဟ် ကောင်ဝ်စရ် (၁ -၃)

ရှင်းလင်းချက်။

၁။ (အို-နဗီတမန်တော်) ကေန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား များပြားလှစွာသော ကောင်းခြင်းများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထိုကောင်းခြင်းများအနက်မှ ဂျန္နသ်သုခဘုံမှ ကောင်စရ်မည်သောချောင်းလည်း ပါဝင်၏။

၂။ သို့ဖြစ်ပေရာ အသင်သည် ဤနိအ်မသ် စည်းစိမ်များအပေါ် ကျေးဇူးတင်သည့်အနေဖြင့် မိမိအားဖန်ဆင်းမွေးမြူတော်မူသော

အရှင်မြတ်အား ရည်သန်၍ ဆွလာတ်ဝတ်ပြုပါ။ထို့ပြင် ထိုအရှင်မြတ်အား ရည်သန်၍ သားကောင်ကို ကုရ်ဗာနီပြုပါ။ဤသည် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်သူများက မိမိတို့၏ ရုပ်တုဆင်းတုများ အတွက်သားကောင် လှီးဖြတ်ကာ ချဉ်းကပ်မှုရယူသည့်လုပ်ရပ်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

၃။ ကေန်မလွဲ သင့်ကို မုန်းတီးသူသာလျှင် အလုံးစုံသောကောင်းမှုမှ အညွန့်တုံးသူ၊ မေ့လျော့ခံရသူဖြစ်သည်။ အကယ်၍ ၎င်းတို့အကြောင်း တင်ပြခံရလျှင်လည်း မကောင်းမှုဖြင့်သာ တင်ပြခြင်းခံရသည်။.

မေး (၁၂) စူရဟ် ကာဖိရူးန်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ် ကာဖိရူးန်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်

﴿قُلۡ يَـٰٓأَيُّهَا ٱلۡكَٰفِرُونَ ١ لَآ أَعۡبُدُ مَا تَعۡبُدُونَ ٢ وَلَآ أَنتُمۡ عَٰبِدُونَ مَآ أَعۡبُدُ ٣ وَلَآ أَنَا۠ عَابِدٞ مَّا عَبَدتُّمۡ
٤ وَلَآ أَنتُمۡ عَٰبِدُونَ مَآ أَعۡبُدُ ٥ لَكُمۡ دِينُكُمۡ وَلِيَ دِينِ ٦﴾ [الكافرون: 1-6]

(၆) စူရဟ် ကာဖိရူးန် (၁ -၆)

ရှင်းလင်းချက်။

၁။ (အိုး-နဗီတမန်တော်) အသင်သည် (ဤသို့)ပြောကြားပါလေ၊ အို အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်သူ ကာဖိရ်အပေါင်းတို့။

၂။ ငါသည် အသင်တို့ ကိုးကွယ်လျက်ရှိကြသော ကိုးကွယ်ရာများကို ယခုပစ္စုပ္ပန်တွင်ဖြစ်စေ နောင်အနာဂတ်တွင်ဖြစ်စေ ကိုးကွယ် ဆည်းကပ်မည်မဟုတ်ပေ။

၃။ ၎င်းပြင် အသင်တို့သည်လည်း ငါကိုးကွယ်လျက်ရှိသော ကိုးကွယ်ရာကို ကိုးကွယ်ဆည်းကပ်ကြသူများမဟုတ်ပေ။ ထိုကိုးကွယ်ရာမှာ တစ်ပါးတည်းသောအရှင် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်သည်။

၄။ ထို့ပြင် ငါသည် အသင်တို့ ကိုးကွယ်ကြကုန်သော ရုပ်တုများကို ကိုးကွယ်ဆည်းကပ်မည့်သူ မဟုတ်ပေ။

၅။ ၎င်းပြင် အသင်တို့သည်လည်း ငါကိုးကွယ်လျက်ရှိသော ကိုးကွယ်ရာကို ကိုးကွယ်ဆည်းကပ်ကြသူများမဟုတ်ပေ။ ထိုကိုးကွယ်ရာမှာ တစ်ပါးတည်းသောအရှင် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်သည်။

၆။ (စင်စစ်မှာကား) အသင်တို့အဖို့ အသင်တို့ အသစ်တီထွင်လိုက်သည့် သာသနာဖြစ်၍ ငါ၏အဖို့အလ္လာဟ်အရှင်မြတ်က ငါ့အပေါ်ချီးမြှင့်ထားသောငါ၏ သာသနာပင်ဖြစ်သည်။

မေး (၁၃) စူရဟ် နဆ္စ်ရ်ကိုဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ် နဆ္စ်ရ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်

﴿وَٱلۡعَصۡرِ ١ إِنَّ ٱلۡإِنسَٰنَ لَفِي خُسۡرٍ ٢ إِلَّا ٱلَّذِينَ ءَامَنُواْ وَعَمِلُواْ ٱلصَّٰلِحَٰتِ وَتَوَاصَوۡاْ بِٱلۡحَقِّ وَتَوَاصَوۡاْ بِٱلصَّبۡرِ ٣﴾ [العصر: 1-3]

(၃) စူရဟ် နဆ္စ်ရ် (၁ - ၃)

အကျယ်ရှင်းလင်းချက်။

၁။ (အို-နဗီတမန်တော်) အသင်၏ သာသနာအတွက် အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် အားပေးမှုသည်လည်းကောင်း၊ မက္ကဟ်မြို့တော်အား အောင်နိုင်မှုသည် လည်းကောင်း ရောက်ရှိလာသောအခါ

၂။ ၎င်းပြင် အသင်သည် လူတို့အား အစ္စလာမ်သာသနာတော်၌ အသင်းလိုက် အဖွဲ့လိုက် ဝင်ရောက်လျက်ရှိကြသည်ကို တွေ့မြင်ရသောအခါ

၃။ ဤသည် အသင်စေလွှတ်ခြင်းခံရသော အရေးကြီးတာဝန်မှာ မကြာမီပြီးစီးတော့မည် ဖြစ်ကြောင်းကို သိထားပါ။ သို့ဖြစ်၍ အသင်သည်

မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က အောင်နိုင်မှုနှင့် ကူညီစောင်မမှု ချီးမြှင့်ခဲ့သည့် နိအ်မသ်အပေါ် ချီးမွမ်းထောမနာပြုခြင်းအားဖြင့် (ထိုအရှင်မြတ်) စင်ကြယ်သန့်ရှင်းတော်မူကြောင်းမြွက်ဆိုပါလေ။ ထို့မှတပါး အသင်သည် ထိုအရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားအသနားခံပါလေ။ ဧကန်မလွဲ ထိုအရှင်မြတ်သည် ဝန်ချတောင်းပန်မှုကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အရှင်ဖြစ်ပေသတည်း။

မေး (၁၄) စူရဟ် မစဒ်ကို ဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ် မစဒ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်.

﴿تَبَّتۡ يَدَآ أَبِي لَهَبٖ وَتَبَّ ١ مَآ أَغۡنَىٰ عَنۡهُ مَالُهُۥ وَمَا كَسَبَ ٢ سَيَصۡلَىٰ نَارٗا ذَاتَ لَهَبٖ ٣ وَٱمۡرَأَتُهُۥ حَمَّالَةَ ٱلۡحَطَبِ ٤ فِي جِيدِهَا حَبۡلٞ مِّن مَّسَدِۭ ٥﴾ [المسد: 1-5]

(၅) စူရဟ် မစဒ် (၁ - ၅ )

အကျယ်ရှင်းလင်းချက်။

၁။ တမန်တော်မြတ်(ﷺ)၏ ဦးရီးတော် အဗူလဟဗ်ဗင်န် အဗ်ဒုလ်မွသ်သွလိဗ်သည် တမန်တော်မြတ်(ﷺ)အားဒုက္ခပေးသည့်အတွက် သူ၏ မကောင်းသည့် လုပ်ရပ်ကြောင့် သူ၏လက်နှစ်ဖက်သည် ကျိုးပဲ့ပျက်စီးစေသား။ ထို့ပြင် ၎င်း၏ ကြိုးစားမှုများလည်း ပျက်စီးစေသား။

၂။ ၎င်း၏ ပစ္စည်းဥစ္စာနှင့် သားသမီးများသည် ၎င်းအဖို့ အသုံးဝင်လေသလော။ ထို့ပြင် ထိုအရာနှစ်ခုသည် ၎င်းအားပြစ်ဒဏ်မှ မကာကွယ်ပေးနိုင်ခဲ့သလို ၎င်းအဖို့ ရဟ်မသ်ကရုဏာကိုလည်း မယူဆောင်ပေးနိုင်ခဲ့ပေ။

၃။ မကြာမီ ကိယာမသ်နေ့၌ ၎င်းကိုယ်တိုင်လည်း ဟုန်းဟုန်းတောက်လောင်လျက်သော မီးထဲသို့ ဝင်ရောက်ကာ မီး၏အပူဒဏ်ကိုခံစားရမည်ဖြစ်သည်။

၄။ တမန်တော်မြတ်(ﷺ)လာသည့် လမ်းတွင်ဆူးငြောင့်ခလုတ်များချ၍ အန္တရာယ်ပြုလေ့ရှိသော ၎င်း၏ဇနီးဖြစ်သူ အုမ္မုဂျမီလ်သည်လည်း မီးထဲသို့ဝင်ရောက်ရမည်။

၅။ ထိုဇနီးဖြစ်သူ၏ လည်ကုပ်၌ ကျစ်လျစ်ခိုင်ခံ့သောကြိုးတစ်ချောင်းရှိပြီး ထိုအရာဖြင့်ပင် သူမသည် မီးထဲသို့ပို့ဆောင်ခြင်းခံရပေမည်။.

မေး (၁၅) စူရဟ် အိခ်လာဆ်ွကို ဖတ်ပြီး အကျယ်ရှင်းပြပါ။.

ဖြေ။ စူရဟ် အိခ်လာဆ်ွနှင့် ၎င်း၏အကျယ်ရှင်းလင်းချက်

﴿قُلۡ هُوَ ٱللَّهُ أَحَدٌ ١ ٱللَّهُ ٱلصَّمَدُ ٢ لَمۡ يَلِدۡ وَلَمۡ يُولَدۡ ٣ وَلَمۡ يَكُن لَّهُۥ كُفُوًا أَحَدُۢ ٤﴾ [الإخلاص: 1-4] ရှင်းလင်းချက်။

၁။ (အို-နဗီတမန်တော်) အသင်သည် ဤသို့ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်းခံထိုက်တော်မူသောအရှင်ဟူ၍မရှိ။

၂။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝ ကင်းတော်မူပြီး အဖန်ဆင်းခံအားလုံးသည်အရှင်မြတ်ကိုသာ လိုအပ်ကြသည်။

၃။ သန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်တွင် သားသမီးဟူ၍လည်းကောင်း၊ မိဘဟူ၍လည်း ကောင်းမရှိပေ။

၄။ ထိုမှတစ်ပါး ထိုအရှင်မြတ်၌ မိမိ၏အဖန်ဆင်းခံများအနက် ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။.

## မေး (၁၆) စူရဟ် ဖလတ်က်ကို ဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ် ဖလတ်က်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်

﴿قُلۡ أَعُوذُ بِرَبِّ ٱلۡفَلَقِ ۝١ مِن شَرِّ مَا خَلَقَ ۝٢ وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ ۝٣ وَمِن شَرِّ ٱلنَّفَّٰثَٰتِ فِي ٱلۡعُقَدِ ۝٤ وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ ۝٥﴾ [الفلق: 1-5]

(၅)စူရဟ် ဖလတ်က် (၁-၅)

အကျယ်ရှင်းလင်းချက်။

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ၊ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပြီးထိုအရှင်မြတ်ထံခိုလှုံခွင့်တောင်းပါ၏။

၂။ ထိုအရှင်မြတ် ဖန်ဆင်းတော်မူသော အဖန်ဆင်းခံများ၏ ဘေးအန္တရာယ်များမှလည်းကောင်း။

၃။ အမှောင်အတိ ဖြစ်လာသောအခါ ဖြစ်ပေါ်လာသော (တိရစ္ဆာန်များနှင့် သူခိုးများ၏)ဘေးအန္တရာယ်များမှလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်ထံခိုလှုံခွင့်တောင်းပါ၏။

၄။ အထုံးအဖွဲ့များ၌ (ဂါထာမန္တရားရွတ်ဖတ်) မန်းမှုတ်သောမိန်းမတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း ခိုလှုံခွင့်တောင်းပါ၏။

၅။ လူတို့အား မုန်းတီးသူ မနာလို ငြူစူသောသူသည် လူတို့အပေါ် အလ္လာဟ်အရှင်မြတ်ချီးမြှင့်ထားသည့် နိအ်မသ် စည်းစိမ်များပျောက်ကွယ်သွားစေရန်နှင့်ဒုက္ခရောက်စေရန် ရည်ရွယ်ပြီး မနာလိုငြူစူသောအခါ(ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း ခိုလှုံခွင့်တောင်းပါ၏။.

## မေး (၁၇) စူရဟ်နားစ်ကို ဖတ်ပြီး အကျယ်ရှင်းပြပါ။

ဖြေ။ စူရဟ် စူရဟ်နားစ်နှင့် ၎င်း၏အကျယ်ရှင်းလင်းချက်.

﴿قُلۡ أَعُوذُ بِرَبِّ ٱلنَّاسِ ١ مَلِكِ ٱلنَّاسِ ٢ إِلَٰهِ ٱلنَّاسِ ٣ مِن شَرِّ ٱلۡوَسۡوَاسِ ٱلۡخَنَّاسِ ٤ ٱلَّذِي يُوَسۡوِسُ فِي صُدُورِ ٱلنَّاسِ ٥ مِنَ ٱلۡجِنَّةِ وَٱلنَّاسِ ٦﴾ [الناس: 1-6]

(၆) စူရဟ် နားစ် (၁-၆)

ရှင်းလင်းချက်။

၁။ (အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ။ ကျွန်တော်မျိုးသည် လူခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပြီး ထိုအရှင်မြတ်ထံ ခိုလှုံခွင့်တောင်းပါ၏။

၂။ လူခပ်သိမ်းတို့၏အရှင် ဘုရင်ဖြစ်တော်မူသော အရှင်မြတ်အားဖြင့်။ ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိအလိုရှိသည့်အတိုင်း စီမံအုပ်ချုပ်တော်မူသည်။ ၎င်းတို့အတွက် ထိုအရှင်မြတ်မှအပ အခြားစိုးပိုင်သောအရှင်ဟူ၍ လုံးဝမရှိပေ။

၃။ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ခြင်းခံထိုက်တော်မူသော အရှင်မြတ်အားဖြင့်။ ၎င်းတို့အဖို့အရှင်မြတ်မှအပ အခြားဆည်းကပ်ကိုးကွယ်ခြင်းခံထိုက်သည့်အရှင်ဟူ၍ မရှိပေ။

၄။ မကောင်းသော အကြံအစည်များကို လူသားထဲသို့ထည့်သွင်းတတ်သော၊ နောက်ဆုတ်သော ရှိုင်သွာန်မိစ္ဆာကောင်၏ ဘေးအန္တရာယ်မှလည်းကောင်း။

၅။ အကြင် ရှိုင်သွာန်မိစ္ဆာကောင်သည် လူတို့၏စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်ကို ထည့်သွင်းလေ့ရှိ၏။

၆။ ထိုမကောင်းသော အကြံအစည်ကို ထည့်သွင်းတတ်သော ရှိုင်သွာန်မိစ္ဆာကောင်သည် ဂျင်န်သတ္တဝါတို့အနက်မှဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ။.

*******

**ဟဒီးဆ် ကဏ္ဍ။ဟဒီးဆ် ဆိုင်ရာ အသိပညာ။ဟဒီးဆ်ဆိုသည်မှာ တမန်တော်မြတ်(ﷺ)၏ မိန့်ကြားချက်များ၊ လုပ်ဆောင်မှုများ၊ အတည်ပြုချက်များ၊ တမန်တော်မြတ်(ﷺ)၏ ရုပ်ဆင်းအင်္ဂါနှင့်ကိုယ်ကျင့်တရားများအားလုံးကို ခေါ်ဆိုသည်။**

ဟဒီးဆ်တော် (၁)

မေး (၁) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(ကောန်အမှန်ပင် အမလ်ကျင့်ဆောင်မှုများသည် ရည်စူးချက်များအပေါ်တွင် မူတည်သည်။...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ မုအ်မင်တို့၏ ခေါင်းဆောင် အုမရ် ဗင်န် ခသ်သွားဗ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ပြောကြားခဲ့သည်။ ကျွန်တော်သည် တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်ကို ကြားခဲ့သည်။ကောန်အမှန်ပင် အမလ်ကျင့်ဆောင်မှုများသည် ရည်စူးချက်များအပေါ်တွင် မူတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့် အရာကိုသာရရှိမည်ဖြစ်သည်။ ထို့ကြောင့် အကြင်သူ၏ ဟိဂျ်ရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်အတွက် ဖြစ်ခဲ့လျှင် ထိုသူ၏ဟိဂျ်ရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်အတွက် ဖြစ်မည်။ ထို့ပြင် အကြင်သူ၏ ဟိဂျ်ရသ် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းသည် လောကီ (အကျိုး)ရရှိရန်အတွက် သို့မဟုတ် အမျိုးသမီးတစ်ဦးအား ထိမ်းမြားရန်အတွက် ဖြစ်ခဲ့မည်ဆိုလျှင် ထိုသူ၏ ဟိဂျ်ရသ် နေရပ် စွန့်ခွာရွှေ့ပြောင်းခြင်းသည် ၎င်းသူစွန့်ခွာရွှေ့ပြောင်းခဲ့သည့် အရာအတွက်ပင် ဖြစ်လိမ့်မည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ ဆွလာသ်ဖြစ်စေ၊ ဆွိယာမ်ဥပုသ်ဖြစ်စေ၊ ဟဂ်ျဖြစ်စေ အခြားမည်သည့် အမလ်ကျင့်ဆောင်မှုမျိုး၌မဆို ရည်စူးချက်သည် အရေးကြီးသည်။

၂။ ရည်စူးချက်သည် အလ္လာဟ်အရှင်မြတ်အတွက်သီးသန့်ဖြစ်ရန်အရေးကြီးသည်။

ဟဒီးဆ်တော် (၂)

မေး (၂) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(မည်သူမဆို ကျွန်ုပ်တို့၏ ဤသာသနာတော်၌ မပါရှိသည့်အရာကို တီထွင်ဖန်တီးခဲ့လျှင်...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ မုအ်မင်န်တို့၏မိခင်ကြီး အုမ္မုအဗ်ဒုလ္လာဟ် အာအိရှဟ်(رَضِيَ اللهُ عَنْهَا)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ)မိန့်ကြားတော်မူသည်။မည်သူမဆို ကျွန်ုပ်တို့၏ ဤသာသနာတော်၌ မပါရှိသည့်အရာကို တီထွင်ဖန်တီးခဲ့လျှင် ထိုအရာသည် ပယ်ချခြင်းခံရမည်ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ သာသနာတွင် တရားသစ်တီထွင်ခြင်းမှ တားမြစ်ထားသည်။

၂။ တရားသစ်တီထွင်ထားသည့် ကိစ္စတိုင်းသည် လက်ခံသဘောတူခြင်းမခံရဘဲ ပယ်ချခံရမည်ဖြစ်သည်။

ဟဒီးဆ်တော် (၃)

မေး (၃) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(တစ်ရက်တွင် ကျွန်တော်တို့သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)ထံ၌ ထိုင်နေကြစဉ်...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ အုမရ်ဗင်န်ခသ်သွာဗ် (رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။တစ်ရက်တွင်ကျွန်တော်တို့သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)ထံ၌ ထိုင်နေကြစဉ် လွန်စွာဖြူဖွေးသည့်အဝတ်အစားများ ဝတ်ဆင်ထားပြီး အလွန်မည်းနက်သော ဆံပင်ရှိသည့်ပုဂ္ဂိုလ်တစ်ဦး ကျွန်တော်တို့ရှေ့၌ ရုတ်တရက် ရောက်ရှိလာခဲ့သည်။ ထိုသူ၌ ခရီးထွက်လာသည့်လက္ခဏာ မတွေ့ရသလို ကျွန်တော်တို့ထဲတွင် သူ့ကိုသိသူ တစ်ဦးမျှလည်းမရှိပေ။ နောက်ဆုံးတွင် သူသည် တမန်တော်မြတ် ထံလာ၍ သူ၏ဒူးနှစ်ဖက်အား ကိုယ်တော်၏ဒူးနှစ်ဖက်နှင့်ထိကာ ကိုယ်တော်၏ပေါင်နှစ်ဖက်ပေါ်တွင် သူ၏လက်နှစ်ဖက်ကိုတင်၍ ထိုင်လိုက်ပါသည်။ ထို့နောက် သူက အို မုဟမ္မဒ်၊ ကျွန်ုပ်ကို အစ္စလာမ်နှင့်ပတ်သက်၍ ပြောပြပါဟု လျှောက်ထားလိုက်ပါသည်။ ထိုအခါ တမန်တော်မြတ်က အစ္စလာမ်ဟူသည် အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သည့်အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေခံခြင်း၊ ဆွလာသ်ဆောက်တည်ခြင်း၊ ဇကာသ်ပေးခြင်း၊ ရမသွာန်လတွင် ဆွိယာမ်ဥပုသ်စောင့်ထိန်းခြင်းနှင့် (မက္ကဟ်မြို့သို့) သွားရောက်နိုင်စွမ်းရှိသူအတွက် ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက် ဟဂ်ျ ပြုခြင်းတို့ဖြစ်သည်ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ထိုသူက သင်ပြောတာ မှန်ပါသည် ဟုလျှောက်ထားခဲ့ရာ သူကိုယ်တိုင်က တမန်တော်မြတ်ကို မေးမြန်းလျှောက်ထားခဲ့ပြီးနောက် သူကိုယ်တိုင်ပင်

မှန်ကန်ကြောင်းထောက်ခံသဖြင့် သူ့ကို ကျွန်တော်တို့ အံ့သြခဲ့ကြရပါသည်။ ထို့နောက် ထိုသူက ကျွန်ုပ်ကို အီမာန်နှင့်ပတ်သက်၍ ပြောပြပါ ဟုလျှောက်ထားရာ တမန်တော်မြတ်က အီမာန်ဟူသည် သင့်အနေဖြင့် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကောင်းကင်တမန်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ကျမ်းဂန်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ရစူလ်တမန်တော်များကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက္ကဒီရ် အရှင်မြတ်၏ အကောင်းအဆိုးသတ်မှတ်ချက်ကိုလည်းကောင်း သက်ဝင်ယုံကြည်ခြင်းဖြစ်သည်ဟု မိန့်တော်မူသည်။ ထိုအခါ ထိုသူက သင်ပြောတာ မှန်ပါသည်ဟုလျှောက်ထားလိုက်ပါသည်။ ထို့နောက် ထိုသူက ကျွန်ုပ်ကို အိဟ်စာန်နှင့်ပတ်သက်၍ ပြောပြတော်မူပါဟုလျှောက်ထားရာ တမန်တော်မြတ်က အသင်သည် အလ္လာဟ်အရှင်မြတ်ကို မြင်နေရသကဲ့သို့ အရှင်မြတ်ကို ခဝပ်ကိုးကွယ်ပါ။ အကယ်၍ အသင်သည် အလ္လာဟ်အရှင်မြတ်ကို မမြင်မတွေ့နိုင်လျှင်လည်း အရှင်မြတ်က အသင့်ကိုမြင်တော်မူသည်(ဟုမှတ်ယူ၍ ခဝပ်ကိုးကွယ်ပါ)ဟု မိန့်တော်မူသည်။ ထိုသူက ကျွန်ုပ်ကို ကိယာမတ် ပြန်လည်ရှင်ပြန်ထမည့်နေ့နှင့်ပတ်သက်၍ ပြောပြတော်မူပါဟု လျှောက်ထားရာ တမန်တော်မြတ်က ထိုအကြောင်းအရာနှင့်ပတ်သက်၍ အမေးခံရသူသည် မေးမြန်းသူထက် ပိုမသိနိုင်ပါဟု မိန့်တော်မူသည်။ ထိုသူက သို့ဖြစ်လျှင် ယင်း(ကိယာမသ်)၏ ရှေ့ပြေးနိမိတ်လက္ခဏာများကို ပြောပြတော်မူပါဟု လျှောက်ထားရာ တမန်တော်မြတ်က ကျွန်မသည် မိမိ၏သခင်မကို မွေးဖွားလိမ့်မည်။ ခြေဗလာအဝတ်အစားမဲ့ဆင်းရဲသားဆိတ်ကျောင်းသားတို့သည်

မြင်မားသည့်အဆောက်အဦးများ ဆောက်လုပ်ကြသည်ကို အသင်
မြင်တွေ့ရလိမ့်မည်ဟု မိန့်တော်မူသည်။ ထို့နောက် ထိုပုဂ္ဂိုလ်သည်
ထွက်ခွာသွားခဲ့ပါသည်။ အချိန်ခဏကြာပြီးနောက် တမန်တော်မြတ်က အို -
အုမရ်၊ မေးမြန်းလျှောက်ထားသူကို အသင် သိပါသလားဟု
မိန့်တော်မူရာကျွန်တော်က အလ္လာဟ်အရှင်မြတ်နှင့်
အရှင်မြတ်၏ရစူလ်တမန်တော်သာ အသိဆုံးဖြစ်ပါသည်
ဟုလျှောက်ထားလိုက်ပါသည်။ တမန်တော်မြတ်က စင်စစ်၊ ထိုသူသည်
ဂျိဗ်ရီးလ် ဖြစ်သည်။ သူသည် အသင်တို့အား
အသင်တို့၏သာသနာကိုသင်ကြားပေးရန် အသင်တို့ထံ
ရောက်လာခဲ့ခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။(မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ အစ္စလာမ်၏ မဏ္ဍိုင်(၅)ခုကို တင်ပြထားသည်။ ၎င်းတို့မှာ-

- အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သည့်
အရှင်မရှိကြောင်းနှင့် မုဟမ္မဒ်(ﷺ)သည်
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်ကြောင်းကို သက်သေခံခြင်း။

- ဆွလာသ်ဆောက်တည်ခြင်း။

- ဇကာသ်ပေးခြင်း။

- ရမသွာန်လ၏ ဆွိယာမ်ဥပုသ်ကို စောင့်ထိန်းခြင်း။

- အလ္လာ့ဟ်အိမ်တော်ကို ဟဂ်ျပြုလုပ်ခြင်း။

၂။ အီမာန်၏ မဏ္ဍိုင်များကိုတင်ပြထားသည်။ အီမာန်၏ မဏ္ဍိုင်( ၆ )ခုရှိသည်။
၎င်းတို့မှာ

- အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း။

- အရှင်မြတ်၏ ကောင်းကင်တမန်များအပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း။

- အရှင်မြတ်၏ ကျမ်းဂန်များအပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း။

- အရှင်မြတ်၏ ရစူလ်တမန်တော်များအပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း။

- နောက်ဆုံးနေ့အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း။

- သက္ကဒီရ် အကောင်း၊အဆိုး သတ်မှတ်ချက်အပေါ် အီမာန်သက်ဝင်ယုံကြည်ခြင်း။

၃။ အိဟ်စာန်၏ မဏ္ဍိုင်အားတင်ပြထားသည်။ အိဟ်စာန်တွင် မဏ္ဍိုင်တစ်ခုရှိသည် ၎င်းမှာ- သင်သည်အလ္လာဟ်အရှင်မြတ်ကို မြင်နေသကဲ့သို့ ခဝပ်ကိုးကွယ်ခြင်း၊ အကယ်၍ သင်သည်အလ္လာဟ်အရှင်မြတ်ကို မမြင်တွေ့နိုင်လျှင်လည်း အရှင်မြတ်ကသင့်ကို မြင်တွေ့နေသည်ဟု မှတ်ယူကာ ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။

၄။ ကိယာမသ်ဖြစ်မည့်အချိန်ကို အလ္လာဟ်အရှင်မြတ်မှအပ မည်သူမျှမသိပေ။

ဟဒီးဆ်တော်(၄)

မေး (၄) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(မုအ်မင်န်တို့အနက် အီမာန်ယုံကြည်မှု အပြည့်ဝဆုံးသူမှာ...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

အဗူဟုရိုင်ရဟ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)က မိန့်ကြားတော်မူသည်။မုအ်မင်န်တို့အနက် အီမာန်ယုံကြည်မှု အပြည့်ဝဆုံးသူမှာ ၎င်းတို့အနက် ကိုယ်ကျင့်တရား

အကောင်းဆုံးသူပင်ဖြစ်သည်။(သိရ်မိဇီကျမ်း) ဤဟဒီးဆ်သည် ဟစန်ဆွဟီးဟ်အဆင့်ရှိသည်။

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ ကောင်းမွန်သော ကိုယ်ကျင့်တရားရှိရန် တိုက်တွန်းနှိုးဆော်ထားသည်။

၂။ ကိုယ်ကျင့်တရား ပြည့်ဝခြင်းသည် အီမာန်ယုံကြည်မှုပြည့်ဝခြင်းတွင် ပါဝင်သည်။

၃။ အီမာန်သက်ဝင်ယုံကြည်မှုသည် တိုးပွားခြင်း၊ လျော့နည်းခြင်းရှိသည်။

ဟဒီးဆ်တော်(၅)

မေး (၅) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(မည်သူမဆို အလ္လာဟ်အရှင်မြတ်မှအပ အခြားအရာဖြင့် ကျိန်ဆိုခဲ့လျှင်...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

အိဗ်နုအုမရ်(رَضِيَ اللهُ عَنْهُما)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်။မည်သူမဆို အလ္လာဟ်အရှင်မြတ်မှအပ အခြားအရာဖြင့် ကျိန်ဆိုခဲ့လျှင် မုချထိုသူသည် အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်သူ သို့မဟုတ် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်နိူင်းယှဉ်သူဖြစ်၏။(သိရ်မိဇီကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သည့်အရာနှင့်မျှ ကျိန်ဆိုခွင့်မရှိပေ။

၂။ အလ္လာဟ်အရှင်မြတ်မှအပ အခြားအရာဖြင့်ကျိန်ဆိုခြင်းသည် ရှိရ်(က်)အသေးစား ဖြစ်သည်။

ဟဒီးဆ်တော်(၆)

မေး (၆) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(အသင်တို့အနက် မည်သူမဆို မိမိ၏ မိဘ၊ မိမိ၏ သားသမီးနှင့် လူသားအားလုံးထက်...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ အနတ်စ်(رَضِيَ اللّٰهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်။အသင်တို့အနက် မည်သူမဆို မိမိ၏ မိဘ၊ မိမိ၏ သားသမီးနှင့် လူသားအားလုံးထက် ငါကိုယ်တော်အား ပိုမချစ်သမျှ ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ တမန်တော်မြတ်(ﷺ)အား လူသားအားလုံးထက် ပို၍အချစ်ထားရန် တာဝန်ရှိသည်။

၂။ ထိုသို့အချစ်ထားခြင်းသည် ပြည့်ဝသော အီမာန်ယုံကြည်ချက်အနက်မှဖြစ်သည်။

ဟဒီးဆ်တော် (၇)

မေး (၇) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(မိမိနှစ်သက်သည့်အရာကို မိမိညီနောင်အတွက် မနှစ်သက်သေးသမျှ ကာလပတ်လုံး...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ အနတ်စ်(رَضِيَ اللّٰهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်။မိမိနှစ်သက်သည့်အရာကို မိမိညီနောင်အတွက်

မနှစ်သက်သေးသမျှ ကာလပတ်လုံး အသင်တို့အနက်မည်သူမျှပင် ပြည့်ဝသည့် မုအ်မင်န် ဖြစ်နိုင်မည်မဟုတ်ပေ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ မုအ်မင်န်တစ်ဦးသည် ကောင်းမြတ်သည့်အရာကို မိမိအတွက်နှစ်သက်သလို အခြားမုအ်မင်န်များအတွက်လည်း နှစ်သက်ရမည်။

၂။ ထိုသို့နှစ်သက်ခြင်းသည် ပြည့်ဝသော အီမာန်ယုံကြည်ချက်အနက်မှဖြစ်သည်။

ဟဒီးဆ်တော် (၈)

မေး (၈) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(အကြင်အရှင်မြတ်၏ လက်တော်တွင် ငါကိုယ်တော်၏အသက်ဇီဝိန်သည်ရှိ၏။ ထိုအရှင်မြတ်အားတိုင်တည်၍ ပြောမည်...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ အဗူစအီးဒ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်။အကြင်အရှင်မြတ်၏ လက်တော်တွင် ငါကိုယ်တော်၏အသက်ဇီဝိန်သည်ရှိ၏။ ထိုအရှင်မြတ်အားတိုင်တည်၍ ပြောမည် ဧကန်မုချ ထိုစူရဟ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ သုံးပုံတစ်ပုံနှဲ့ ညီမျှသည်။(ဗုခါရီကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ စူရဟ်အိခ်လာဆ်၏ ထွတ်မြတ်မှုကိုတင်ပြထားသည်။

၂။ ထိုစူရဟ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ သုံးပုံတစ်ပုံနှဲ့ ညီမျှသည်။

ဟဒီးဆ်တော် (၉)

မေး (၉) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။ (... لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ ) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ ဗူမူဆာ (رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်။

"لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ"

သည် ဂျန္နသ်၏ဘဏ္ဍာတော်များအနက် ဘဏ္ဍာတော်တစ်ခုဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ ဤကလိမဟ်တော်၏ ထွတ်မြတ်မှုကိုဖော်ပြထားသည်။ ထိုကလိမဟ်တော်သည် ဂျန္နသ်၏ဘဏ္ဍာတော်များအနက်မှ ဘဏ္ဍာတော်တစ်ခုဖြစ်သည်။

၂။ လူသား၌ကောင်းမှုများ ကျင့်ဆောင်ရန်နှင့် မကောင်းမှုများမှ ရှောင်ကြဉ်နိုင်ရန် စွမ်းအားမရှိကြောင်းနှင့်၎င်းအနေဖြင့် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ မှီခိုအားထားရန်တင်ပြထားသည်။

ဟဒီးဆ်တော် (၁၀)

မေး (၁၀) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(ကောင်းစွာ မှတ်သားကြလော့၊ ကေန်မုချ ခန္ဓာကိုယ်တွင် အသားတုံးတစ်တုံးရှိသည်...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

နုအ်မာန်ဗင်န်ဗရှီးရ်(رَضِيَ اللهُ عَنْهُمَا)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) မိန့်တော်မူသည်ကို ကြားသိခဲ့ရသည်။ကောင်းစွာ မှတ်သားကြလော့၊ ကေန်မုချ ခန္ဓာကိုယ်တွင်

အသားတုံးတစ်တုံးရှိသည်။ ထိုအသားတုံး မှန်ကန်ကောင်းမွန်နေပါက ခန္ဓာကိုယ်တစ်ခုလုံး မှန်ကန်ကောင်းမွန်နေမည်ဖြစ်သည်။ ၎င်းအသားတုံးပျက်စီးသွားမည်ဆိုပါက ခန္ဓာကိုယ်တစ်ခုလုံး ပျက်စီးသွားမည်ဖြစ်သည်။ ကောင်းစွာ မှတ်သားကြလော့ ထိုအသားတုံးသည် နှလုံးသားပင်ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ နှလုံးသား မှန်ကန်ကောင်းမွန်ခြင်းတွင် ခန္ဓာကိုယ် အပြင်ပိုင်းနှင့် အတွင်းပိုင်း နှစ်ခုလုံး၏မှန်ကန်ကောင်းမွန်မှုရှိသည်။

၂။ နှလုံးသား မှန်ကန်ကောင်းမွန်မှုကို ဂရုစိုက်ရမည်။ သို့မှသာ လူလည်း မှန်ကန်ကောင်းမွန်လာမည်ဖြစ်သည်။

ဟဒီးဆ်တော် (၁၁)

မေး (၁၁) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။((လောက၌)အကြင်သူ၏ နောက်ဆုံးစကားသည်“ لَا إِلَهَ إِلَّا اللهُ ” ဖြစ်မည်ဆိုပါက...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

ဖြေ။ မုအာဇ်ဗင်န် ဂျဗလ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်။အကြင်သူ၏ နောက်ဆုံးစကားသည်

"لَا إِلَهَ إِلَّا اللهُ"

ဖြစ်မည်ဆိုပါက ဂျန္နသ်သုခဘုံကို ဝင်ရောက်ရမည်ဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ ကလိမဟ်တော်

၏ထွတ်မြတ်မှုကိုတင်ပြထားသည်။ ယင်းကလိမဟ်တော်ကြောင့် ဇန္နဟ်ကျေးကျွန်သည် ဂျန္နသ်ကိုဝင်ရောက်ရမည်ဖြစ်သည်။

၂။ လောက၌ နောက်ဆုံးစကားသည် ကလိမဟ်တော်

"لَا إِلٰهَ إِلَّا اللهُ"

ဖြစ်ခဲ့သူ၏ ထွတ်မြတ်မှုကို တင်ပြထားသည်။

ဟဒီးဆ်တော် (၁၂)

မေး (၁၂) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(အလွန်ဆဲဆိုသူ၊ ကျိန်ဆဲသူ၊ ...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ﷺ)မိန့်ကြားတော်မူသည်။အလွန်ဆဲဆိုသူ၊ ကျိန်ဆဲသူ၊ ညစ်ညမ်းသောစကားပြောဆိုသူ၊ အကျင့်ယိုယွင်းသူသည် ပြည့်ဝသောမုအ်မင်န်မဖြစ်နိုင်ပါ။(သိရ်မိဇီကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ ညစ်ညမ်းသည့်စကား၊ မကောင်းသည့်စကားတိုင်းမှ တားမြစ်ထားသည်။

၂။ ထိုကိစ္စများမှ ကင်းစင်ခြင်းသည် နှုတ်ပိုင်းဆိုင်ရာ မုအ်မင်န်ဂုဏ်ရည် ဖြစ်သည်။

ဟဒီးဆ်တော်(၁၃):

မေး (၁၃) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(လူတစ်ဦးရှိ အစ္စလာမ်သာသနာတော်၏ လှပတင့်တယ်ခြင်းများအနက် ...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

အဗူဟုရိုင်ရဟ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)က မိန့်ကြားတော်မူသည်။လူတစ်ဦးရှိ အစ္စလာမ်သာသနာတော်၏ လှပတင့်တယ်ခြင်းများအနက် တစ်ခုမှာ အချည်းနှီး၊အကျိုးမဲ့ကိစ္စများကို စွန့်လွှတ်ခြင်းဖြစ်သည်။(သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ လူတစ်ဦးအနေဖြင့် ဘာသာရေး၊ လောကီရေးဆိုင်ရာအချည်းနှီးကိစ္စများကို စွန့်လွှတ်ရမည်။။

၂။ အချည်းနှီးကိစ္စများကို စွန့်လွှတ်ခြင်းသည် လူတစ်ဦး၏အစ္စလာမ်သာသနာ ပြည့်စုံမှုထဲတွင် ပါဝင်သည်။

ဟဒီးဆ်တော် (၁၄)

မေး (၁၄) အောက်ပါ ဟဒီးဆ်တော်အား ဖြည့်စွက်ပါ။(မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်မှ အက္ခရာတစ်လုံးကို ရွတ်ဖတ်ခဲ့လျှင် ...) ၎င်းနောက် ဤဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာအချို့ကို ဖော်ပြပါ။

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်မှ အက္ခရာတစ်လုံးကို ရွတ်ဖတ်ခဲ့လျှင် ၎င်းသူသည် ကောင်းမှုတစ်ခု ရရှိမည်ဖြစ်သည်။ ကောင်းမှုတစ်ခုသည်

ကောင်းမှုဆယ်ခုနှင့်ညီမျှသည်။ ငါကိုယ်တော်သည်(အလိဖ် လာမ် မီးမ်)ကို အက္ခရာတစ်လုံးဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်။ သို့သော် (အလိဖ်)သည် အက္ခရာတစ်လုံး (လာမ်)သည် အက္ခရာတစ်လုံး (မီးမ်)သည် အက္ခရာတစ်လုံးဖြစ်သည်။(သိရ်မိဇီကျမ်း)

ဟဒီးဆ်တော်မှ သိမှတ်ဖွယ်ရာများ။

၁။ ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ် ခြင်း၏ ထွတ်မြတ်မှုကို ဖော်ပြထားသည်။

၂။ သင်ဖတ်ရွတ်လိုက်သည့် အက္ခတိုင်းတွင် အသင့်အတွက် ကောင်းမှုများစွာရှိပေသည်။

*******

**အစ္စလာမ့် ကျင့်ဝတ်ကဏ္ဍ။ကျင့်ဝတ်ဆိုင်ရာ ပညာရပ်။အစ္စလာမ့်ကျင့်ဝတ်ဆိုသည်မှာ- အစ္စလာမ့်ရှရီအဟ်တရားတော်တွင် ဖော်ပြထားသော ကောင်းမွန်သည့်ကိုယ်ကျင့်တရားများ၊ လုပ်ရပ်များနှင့် အပြုအမူများကိုခေါ်ဆိုပြီး ၎င်း၌အလ္လာဟ်အရှင်မြတ်နှင့် သက်ဆိုင်သည့် ကျင့်ဝတ်များနှင့် အဖန်ဆင်းခံများနှင့် သက်ဆိုင်သည့် ကျင့်ဝတ်များပါဝင်သည်။**

## အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ ထားရှိရမည့် ကျင့်ဝတ်များ။

### မေး (၁)- အလ္လာဟ်အရှင်မြတ်အား မည်သို့ကြည်ညိုလေးစားရမည်နည်း။

ဖြေ။ ၁ - အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုကိုတင်ပြခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَمَا قَدَرُواْ ٱللَّهَ حَقَّ قَدْرِهِۦ وَٱلْأَرْضُ جَمِيعًا قَبْضَتُهُۥ يَوْمَ ٱلْقِيَٰمَةِ وَٱلسَّمَٰوَٰتُ مَطْوِيَّٰتُۢ بِيَمِينِهِۦۚ سُبْحَٰنَهُۥ وَتَعَٰلَىٰ عَمَّا يُشْرِكُونَ ٦٧﴾ [الزمر: 67]

(စင်စစ်သော်ကား ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား ကြည်ညိုလေးစားအပ်သည့် နည်းအတိုင်း ကြည်ညိုလေးစားခြင်း မပြုခဲ့ကြပေ။ စင်စစ်မှာကား "ကိယာမတ်"ရှင်ပြန်ထမည့်နေ့တွင် ကမ္ဘာမြေတစ်ခုလုံးမှာ ထိုအရှင်မြတ်၏ လက်တစ်ဆုပ်စာပင် ရှိမည်သာမက၊ မိုးကောင်းကင်များမှာလည်း ထိုအရှင်မြတ်၏ လက်ယာလက်တော်တွင်းဝယ် လိပ်ထားလျက်ပင် ရှိကြပေမည်။ ထိုအရှင်မြတ်မှာမူကား ၎င်းတို့ တွဲဖက်နိုင်းယှဉ် ကိုးကွယ်ကြသည်တို့မှ(လုံးဝ) စင်ကြယ်သန့်ရှင်းတော်မူသည့်ပြင် ထိုအရှင်မြတ်သည်(ထိုအရာတို့ထက် အတိုင်းမရှိ) မြင့်မြတ်လှတော် မူပေသတည်း။[စူရဟ် ဇုမရ် အာယသ် - ၆၇].

၂။ အလ္လာဟ်အရှင်မြတ်နှင့် (ရှိရက်) တုဖက်နိုင်းယှဉ်ခြင်းမပြုဘဲ အရှင်မြတ်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَمَآ أُمِرُوٓاْ إِلَّا لِيَعۡبُدُواْ ٱللَّهَ مُخۡلِصِينَ لَهُ ٱلدِّينَ حُنَفَآءَ وَيُقِيمُواْ ٱلصَّلَوٰةَ وَيُؤۡتُواْ ٱلزَّكَوٰةَۚ وَذَٰلِكَ دِينُ ٱلۡقَيِّمَةِ ٥﴾ [البينة: 5]

(စင်စစ်သော်ကား ထိုသူတို့သည် ဆည်းကပ် ကိုးကွယ်မှုကို အလ္လာဟ်အရှင်မြတ်အားသာလျှင် ရည်စူး၍ သန့်သန့်ပြုကြလျက် (မမှန်ကန်သော ဘာသာဝါဒ အသီးသီးတို့ကို နဗီတမန်တော်အီဗ်ရာဟီးမ်နည်းတူ စွန့်ကာ အလ္လာဟ်အရှင်မြတ်ဖက်သို့သာလျှင်) အာရုံစူးစိုက်ကြလျက် ထိုအရှင်မြတ်အား ကိုးကွယ်ဆည်းကပ်ကြရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရသည်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ အမိန့်ပေးတော်မူခြင်း ခံခဲ့ကြရသည်မဟုတ်ပေ။ [စူရဟ် ဗိုင်းယိနဟ် အာယသ် - ၅]

၃။ အလ္လာဟ်အရှင်မြတ်၏ အမိန့်ကိုနာခံခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿۞ يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ أَطِيعُواْ ٱللَّهَ وَأَطِيعُواْ ٱلرَّسُولَ وَلَا تُبۡطِلُوٓاْ أَعۡمَٰلَكُمۡ ٣٣﴾ [محمد: 33]

﴿'အီ-မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို လိုက်နာကြလေကုန်။ [စူရဟ် မုဟမ္မဒ် အာယသ် - ၃၃]

၄။ အလ္လာဟ်အရှင်မြတ်၏အမိန့် ဖီဆန်မှုမပြုခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَمَن يَعۡصِ ٱللَّهَ وَرَسُولَهُۥ وَيَتَعَدَّ حُدُودَهُۥ يُدۡخِلۡهُ نَارًا خَٰلِدٗا فِيهَا وَلَهُۥ عَذَابٞ مُّهِينٞ ١٤﴾ [النساء: 14]

သို့ရာတွင် အကြင်မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကိုလည်းကောင်း၊သွေဖည်ငြင်းပယ်၍ ထိုအရှင်မြတ်၏ စည်းမျဉ်းဥပဒေများကိုလည်း ကျူးကျော်ဖောက်ဖျက်သည်ရှိသော် ထိုအရှင်မြတ်သည် ၎င်းသူအား (ငရဲ) မီးထဲသို့ ဝင်ရောက်စေတော်မူအံ့။ ထိုသူသည် ယင်း (ငရဲမီး) ထဲ၌ ထာဝစဉ် နေထိုင်ရပေမည်။ ၎င်းပြင် ထိုသူအဖို့ ဂုဏ်အသရေ ပျက်ပြားစေသော အပြစ်ဒဏ်သည်လည်းရှိအံ့။[စူရဟ် နိစာအ် အာယသ် - ၁၄]

၅။ မရေမတွက်နိုင်အောင်များပြားလှသော ထိုအရှင်မြတ်၏နိအ်မသ်စည်းစိမ်များနှင့် ကျေးဇူးတော်များအပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်း၊ကျေးဇူးတင်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَهُوَ ٱلَّذِى سَخَّرَ ٱلْبَحْرَ لِتَأْكُلُواْ مِنْهُ لَحْمًا طَرِيًّا وَتَسْتَخْرِجُواْ مِنْهُ حِلْيَةً تَلْبَسُونَهَا وَتَرَى ٱلْفُلْكَ مَوَاخِرَ فِيهِ وَلِتَبْتَغُواْ مِن فَضْلِهِۦ وَلَعَلَّكُمْ تَشْكُرُونَ ۝١٤﴾ [النحل: 14]

(ထိုမှတစ်ပါး အသင်တို့သည်အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါလျှင် ထိုအရှင်မြတ်၏ကျေးဇူးတော်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြလေကုန်။ [စူရဟ် နဟ်လ် အာယသ် - ၁၁၄]

၆။ အလ္လာဟ်အရှင်မြတ်၏ သက်ဒီးရ်သတ်မှတ်ချက်အပေါ် သည်းခံခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَأَطِيعُواْ ٱللَّهَ وَرَسُولَهُۥ وَلَا تَنَٰزَعُواْ فَتَفْشَلُواْ وَتَذْهَبَ رِيحُكُمْۖ وَٱصْبِرُوٓاْۚ إِنَّ ٱللَّهَ مَعَ ٱلصَّٰبِرِينَ ۝٤٦﴾ [الأنفال: 46]

﴿ရင်းပြင် အသင်တို့သည် သည်းခံကြလေကုန်။ ကေန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သည်းခံသူတို့နှင့် အတူရှိတော်မူပေသတည်း။ [စူရဟ် အန်ဖာလ် အာယသ် - ၄၆]

## တမန်တော်မြတ်(ﷺ)နှင့် ပတ်သက်၍ ထားရှိရမည့် ကျင့်ဝတ်များ။

### မေး (၁) တမန်တော်မြတ်(ﷺ)ကို မည်သို့ရှိသေလေးမြတ်မှု ထားရှိရမည်နည်း။

ဖြေ။ ၁။ တမန်တော်မြတ်(ﷺ)အား နောက်လိုက်မှုပြုခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿لَّقَدۡ كَانَ لَكُمۡ فِي رَسُولِ ٱللَّهِ أُسۡوَةٌ حَسَنَةٞ لِّمَن كَانَ يَرۡجُواْ ٱللَّهَ وَٱلۡيَوۡمَ ٱلۡأٓخِرَ وَذَكَرَ ٱللَّهَ كَثِيرٗا ٢١﴾ [الأحزاب: 21]

(ကေန်မလွဲ အသင်တို့အဖို့ (ဝါ) အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ကြောက်ရွံ့သည့်ပြင် အလ္လာဟ်အရှင်မြတ်အားများစွာ အောက်မေ့တသ သတိရလျက်ရှိသူ၏အဖို့ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်မြတ်၌ မွန်မြတ်လှစွာသော စံနမူနာသည်ရှိပေသည်။[စူရဟ် အဟ်ဇာဗ် အာယသ် - ၂၁]

၂။ တမန်တော်မြတ်(ﷺ)၏ အမိန့်ကိုနာခံခြင်း။

၃။ တမန်တော်မြတ်(ﷺ)၏ အမိန့်ဖီဆန်မှုမပြုခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿مَّن يُطِعِ ٱلرَّسُولَ فَقَدۡ أَطَاعَ ٱللَّهَۖ وَمَن تَوَلَّىٰ فَمَآ أَرۡسَلۡنَٰكَ عَلَيۡهِمۡ حَفِيظٗا ٨٠﴾ [النساء: 80]

(မည်သူမဆို ရစူလ်တမန်တော်၏ အမိန့်တော်များကို လိုက်နာပါလျှင်၊ ထိုသူသည် ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာသည်မည်၏။ သို့ရာတွင် မည်သူမဆို (အသင်၏ အမိန့်များကို သွေဖည်၍) မျက်နှာလွှဲဖယ်သွားခဲ့ပါမူ (အသင်၏တာဝန်မဟုတ်ချေ) ငါအရှင်မြတ်သည် အသင့်အား ထိုသူတို့အပေါ်၌ (တာဝန်ခံ) အုပ်ထိန်းသူအဖြစ် စေလွှတ်တော်မူခဲ့သည်မဟုတ်ပေ။ [စူရဟ် နိစာအ် အာယသ် - ၈၀]

တမန်တော်မြတ်(ﷺ) သတင်းပေးခဲ့သည့် အရာများကို ထောက်ခံခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်။

﴿وَمَا يَنطِقُ عَنِ ٱلۡهَوَىٰٓ ۝٣ إِنۡ هُوَ إِلَّا وَحۡيٞ يُوحَىٰ ۝٤﴾ [النجم: 3-4]

(ထိုမှတစ်ပါး ထိုအဖော် (တမန်တော်မြတ်မုဟမ္မဒ်)သည် (မိမိ)စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ။ ယင်းပြောဆိုမှုကား (အလ္လာဟ်အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်း ခံရလေသော ထုတ်ပြန်ချက် သာလျှင်ဖြစ်ပေသည်။ [စူရဟ် နဂျ်မ် အာယသ် - ၃၊၄ ]

တမန်တော် (ﷺ)၏ စွန္နသ်လမ်းစဉ်၌ တရားသစ်တီထွင်မှု မပြုခြင်း။တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မည်သူမဆို ကျွန်ုပ်တို့၏ ဣသာသနာတော်၌ မပါရှိသည့်အရာကို တီထွင်ဖန်တီးခဲ့လျှင် ထိုအရာသည် ပယ်ချခြင်းခံရမည်ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

၆။ တမန်တော်မြတ်(ﷺ)အား မိမိအပါအဝင် လူသားအားလုံးထက် ပို၍အချစ်ထားရမည်။တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိဖခင်၊ မိမိသားသမီးနှင့် လူသားအားလုံးထက် ငါကိုယ်တော်အား ပိုမချစ်သမျှကာလပတ်လုံး ပြည့်ဝသော "မုအ်မင်န်"

အီမာန်သက်ဝင်ယုံကြည်သူ ဖြစ်နိုင်မည် မဟုတ်ပေ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

၇။ တမန်တော်မြတ်(ﷺ)အား ဂုဏ်ပေးလေးစားခြင်း၊ကိုယ်တော်မြတ်(ﷺ)နှင့် ကိုယ်တော်၏ စွန္နသ်လမ်းစဉ်ကို ကူညီခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿لِّتُؤۡمِنُواْ بِٱللَّهِ وَرَسُولِهِۦ وَتُعَزِّرُوهُ وَتُوَقِّرُوهُۚ وَتُسَبِّحُوهُ بُكۡرَةٗ وَأَصِيلًا ٩﴾ [الفتح: 9]

(ယင်းသို့ စေလွှတ်တော်မူခြင်းမှာ) အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အား သက်ဝင်ယုံကြည်ကြအံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ် (၏သာသနာတော် ရစူလ်တမန်တော်)ကို ကူညီကြအံ့သောငှာလည်းကောင်း၊ ထိုအရှင်မြတ်(၏ရစူလ်တမန်တော်အား ရိုသေကိုင်းရှိုင်းကြအံ့သောငှာလည်းကောင်း၊[စူရဟ် ဖသ်ဟ် အာယသ် - ၉]

မိဘနှစ်ပါးနှင့်သက်ဆိုင်သည့် ကျင့်ဝတ်များ။

မေး (၃) မိဘနှစ်ပါးအား မည်သို့ရိုသေလေးစားရမည်နည်း။

ဖြေ။ ၁။ အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ဖီဆန်သည့်ကိစ္စမှလွဲ၍ အခြားကိစ္စများတွင် မိဘနှစ်ပါး၏အမိန့်ကိုနာခံခြင်း။

၂။ မိဘနှစ်ပါးအား ကောင်းမွန်စွာ ပြုစုဆက်ဆံခြင်း။

၃။ မိဘနှစ်ပါးအား ကူညီထောက်ပံ့ခြင်း။

၄။ မိဘနှစ်ပါး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း။

၅။ မိဘနှစ်ပါးအတွက် ဆုတောင်းပေးခြင်း။

၆။ မိဘနှင့်ပြောဆိုရာ၌ ရိုသေစွာဆက်ဆံခြင်း။ အနိမ့်ဆုံး'အို' ဟူ၍ပင် ပြောဆိုခွင့်မရှိပေ။

၇။ မိဘရှေ့၌ မျက်မှောင်ကြုတ်၍ မနေဘဲ ပြုံးရွှင်ချိုသာစွာနေခြင်း။

၈။ မိဘအသံထက် မိမိအသံကို ပို၍မကျယ်လောင်စေရ မိဘစကားကို ကောင်းမွန်စွာ နားထောင်ရမည်။ မိဘစကားပြောနေစဉ် စကားဖြတ်မပြောရ။ မိဘကို အမည်တပ်၍ မခေါ်ရ။ အဖေ၊ အမေ ဟုသာ ခေါ်ရမည်။

၉။ မိဘနှစ်ပါးအခန်းထဲတွင်ရှိနေပါက ၎င်းတို့ထံ မဝင်ရောက်မီအလျင် ခွင့်တောင်းရမည်။

၁၀။ မိဘနှစ်ပါး၏ လက်နှင့်ဦးခေါင်း
ကိုနမ်းရှုံ့ရမည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿۞ وَقَضَىٰ رَبُّكَ أَلَّا تَعۡبُدُوٓاْ إِلَّآ إِيَّاهُ وَبِٱلۡوَٰلِدَيۡنِ إِحۡسَٰنًاۚ إِمَّا يَبۡلُغَنَّ عِندَكَ ٱلۡكِبَرَ أَحَدُهُمَآ أَوۡ كِلَاهُمَا فَلَا
تَقُل لَّهُمَآ أُفّٖ وَلَا تَنۡهَرۡهُمَا وَقُل لَّهُمَا قَوۡلٗا كَرِيمٗا ٢٣ وَٱخۡفِضۡ لَهُمَا جَنَاحَ ٱلذُّلِّ مِنَ ٱلرَّحۡمَةِ وَقُل رَّبِّ
ٱرۡحَمۡهُمَا كَمَا رَبَّيَانِي صَغِيرٗا ٢٤﴾ [الإسراء: 23]

(စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် (ဤသို့)အမိန့်တော်စီရင်ချမှတ် ပြဋ္ဌာန်းတော်မူခဲ့လေသည်။ အသင်တို့သည် ထိုအရှင်မြတ်မှတစ်ပါးအခြားကိုခဝပ်ကိုးကွယ် ရှိခိုးပူဇော်ခြင်း အလျှင်းမပြုကြရပေ။ငင်းပြင်မိဘနှစ်ပါးအား ကောင်းစွာပြုစု ထောက်ပံ့ကြရမည်။ အကယ်၍ ထိုမိဘနှစ်ပါးအနက် တစ်ဦးဦးသော်လည်းကောင်း၊ နှစ်ဦးစလုံးသော်လည်းကောင်း၊ အသင်၏ရှေ့မှောက်တွင် သက်ရွယ်ကြီးရင့် အိုမင်းခြင်းသို့ ရောက်ရှိလာသော် အသင်သည် ထိုမိဘနှစ်ပါးအား 'အို 'ဟူ၍ပင် မပြောဆိုလေနှင့်။ ထို့ပြင် အသင်တို့သည် ထိုမိဘနှစ်ပါးအား ငေါက်ငမ်းခြင်းကိုလည်း မပြုလေနှင့်။ အသင်သည် ထိုမိဘနှစ်ပါး(နှင့်စကားပြောဆိုသောအခါငင်းတို့အား) ယဉ်ကျေးသိမ်မွေ့ ရည်မွန်သောစကားကိုသာ ပြောဆိုပါလေ။ ငင်းအပြင် အသင်သည် ထိုမိဘနှစ်ပါး၏ ရှေ့မှောက်တွင် ငင်းတို့အပေါ်၌ ကရုဏာတရားထားရှိသောအားဖြင့် ကျိုးနွံစွာရှိပါလေ။ ထို့ပြင် အသင်သည် (ထိုမိဘနှစ်ပါးနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အထံတော်၌) အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်၊ ထိုမိဘနှစ်ပါးသည် ကျွန်တော်မျိုးအား ငယ်စဉ်တောင်ကျေး ကလေးဘဝ၌ ပြုစုပျိုးထောင်ခဲ့ကြသကဲ့သို့ပင် အရှင်မြတ်သည်လည်း ငင်းတို့နှစ်ပါးအပေါ်၌ ကရုဏာပြုတော်မူပါဟု လျှောက်ထားပန်ကြားပါလေ။[စူရဟ် အိစ်ရာအ် အာယသ် - ၂၃၊၂၄]

ဟဒီးဆ်တော်တစ်ရပ်တွင် လာရှိသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်(ﷺ)ထံ လာရောက်၍ ဂျိဟာဒ်တွင် လိုက်ပါခွင့်ရရန်တောင်းခံခဲ့သည်။တမန်တော်မြတ်(ﷺ)က သင့်၌ မိဘနှစ်ပါး ရှိနေသေးလားဟု မေးမြန်းတော်မူခဲ့သည်။ ထိုသူက ရှိပါသည်ဟု ဖြေကြားခဲ့သည်။ထိုအခါ ကိုယ်တော်က မိန့်တော်မူသည်မှာ အသင် ထိုမိဘနှစ်ပါးကို ဝတ်ကြီးဝတ်ငယ်ပြု၍ ဂျိဟာဒ်ပြုပါ။(သိရ်မိဇီကျမ်း)

## ဆွေမျိုးသားချင်းများနှင့် သက်ဆိုင်သည့် ကျင့်ဝတ်များ။

### မေး (၄) ဆွေမျိုးသားချင်းများနှင့် မည်သို့အဆက်ထားရမည်နည်း။

၁။ ဆွေမျိုးသားချင်းများဖြစ်သည့် ညီအစ်ကို၊ မောင်နှမ၊ ဘကြီး၊ အရီး၊ ဦးလေး၊ အဒေါ်တို့အားသွားရောက်တွေ့ဆုံခြင်း။

၂။ နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း ဆွေမျိုးများကို ကူညီပံ့ပိုးခြင်း။

၃။ ၎င်းတို့နှင့် အဆက်အသွယ်ထားကာ အခြေအနေများကို မေးမြန်းခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿فَهَلۡ عَسَيۡتُمۡ إِن تَوَلَّيۡتُمۡ أَن تُفۡسِدُواْ فِي ٱلۡأَرۡضِ وَتُقَطِّعُوٓاْ أَرۡحَامَكُمۡ ٢٢ أُوْلَٰٓئِكَ ٱلَّذِينَ لَعَنَهُمُ ٱللَّهُ فَأَصَمَّهُمۡ وَأَعۡمَىٰٓ أَبۡصَٰرَهُمۡ ٢٣﴾ [محمد: 22-23]

﴿သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (စစ်မက်တိုက်ခိုက်ခြင်းမှ) လွှဲရှောင်ခဲ့ကြသည်ရှိသော် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းနိုင်ကြမည်ဟူ၍ လည်းကောင်း၊ မိမိတို့ အချင်းချင်း သားချင်းတော်စပ်မှုကို ဖြတ်တောက်နိုင်ကြမည်ဟူ၍ လည်းကောင်း၊ မျှော်လင့်ကြလေသလော။ [စူရဟ် မုဟမ္မဒ် အာယသ် - ၂၂]

ဟဒီးဆ်တော်၌လာရှိထားသည်မှာဆွေမျိုးအဆက်ဖြတ်သူသည် ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်မဟုတ်ပေ။(မွတ်စ်လင်မ်ကျမ်း)

## အစ္စလာမ့်ညီနောင်များနှင့် သက်ဆိုင်သည့် ကျင့်ဝတ်များ။

### မေး (၅) ညီအစ်ကိုများ၊ သူငယ်ချင်းများနှင့် မည်သို့နေထိုင်ရမည်နည်း။

ဖြေ။ ၁။ လူကောင်းများဖြင့်သာ မိတ်ဆွေဖွဲ့ရမည်။

၂။ လူမိုက်များနှင့် ပေါင်းသင်းခြင်းမပြုဘဲ ရှောင်ကြဉ်ရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာသင်သည် မုအ်မင်န်

အီမာန်သက်ဝင်ယုံကြည်သူမှတစ်ပါး မည်သူနှင့်မျှ မိတ်ဆွေမဖွဲ့ပါနှင့်။ ၎င်းပြင် သင်၏အစားအစာအား မုသ်သကီ အမိန့်နာခံကာ ပြစ်မှုများမှ ရှောင်ကြဉ်သူမှတစ်ပါး မည်သူမျှမစားပါစေနှင့်။(သိရ်မိဇီကျမ်း၊ အဗူဒါဝူးဒ်ကျမ်း)

၃။ အစ္စလာမ့် ညီနောင်များကို စလာမ်ပေး၍ လက်ဆွဲနှုတ်ဆက်ရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာမွတ်စ်လင်မ်နှစ်ဦး တွေ့ဆုံသည့်အခါ လက်ဆွဲနှုတ်ဆက်ကြပါက ၎င်းတို့နှစ်ဦး မခွဲခွာမီအလျှင် အပြစ်များမှ ခွင့်လွှတ်ချမ်းသာပေးခြင်းခံရပေမည်။(အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

၄။ ၎င်းတို့ နာမကျန်းဖြစ်သည့်အခါ သတင်းမေးမြန်းကာ ကျန်းမာလာလာစေရန် ဆုတောင်းပေးရမည်။

၅။ နှာချေသူကို အဖြေပေးရမည်။

၆။ တွေ့ဆုံရန် ဖိတ်ကြားမှုကို လက်ခံရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာမွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ် တစ်ဦးအပေါ်တွင် ဝတ္တရားငါးခုရှိသည်။ ၎င်းတို့မှာ(၁) စလာမ်၏အဖြေပေးခြင်း (၂) လူမမာ သတင်းမေးခြင်း (၃) ဂျနာဇဟ်လိုက်ပါ ပို့ဆောင်ခြင်း (၄) ဖိတ်ခေါ်ကျွေးမွေးမှုကို လက်ခံခြင်း (၅) နှာချေသူကို ဆုတောင်းပေးခြင်းတို့ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

၇။ ၎င်းတို့အား ဆုံးမစကားပြောရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာအကြင်သူသည် မှန်ကန်သော အကြံဉာဏ်ကို သိလျက်နှင့် မိမိညီနောင်အား အခြားအကြံဉာဏ် ပေးခဲ့ပါက ၎င်းအားသစ္စာဖောက်ခြင်းပင် ဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း)

၈။ မတရားမှုကို တားဆီးပိတ်ပင်ခြင်းဖြင့် မတရားမှုပြုသူကို ကူညီရမည်။အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) မိန့်ကြားတော်မူသည်မှာ-သင်သည် မတရားပြုသည့်ညီနောင် သို့မဟုတ် မတရားပြုခံရသည့်ညီနောင်ကို ကူညီပါ။ ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) မတရားပြုခံရသည့်ညီနောင်ကို ကျွန်တော်ကူညီပါမည်။ မတရားပြုသည့်ညီနောင်ကို ကျွန်တော်မည်သို့ကူညီရမည်နည်း။ ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ ၎င်းအားမတရားမှုမှ တားဆီးပါ။ ဤသည်ပင် ၎င်းအားကူညီခြင်းဖြစ်သည်။(ဗုခါရီကျမ်း)

၉။ မိမိအတွက် နှစ်သက်သည့်အရာကို မိမိညီနောင်မွတ်စ်လင်မ်အတွက် နှစ်သက်ရမည်။အနတ်စ် (رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ﷺ) ကမိန့်ကြားတော်မူသည်။မိမိအတွက်နှစ်သက်သည့်အရာကို မိမိညီနောင်မွတ်စ်လင်မ်အတွက် မနှစ်သက်သမျှကာလပတ်လုံး အသင်တို့အနက်မည်သူတစ်ဦးတစ်ယောက်မျှ စစ်မှန်သည့် မုအ်မင်န်မဖြစ်နိုင်ပေ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

၁၀။ ကျွန်ုပ်၏အကူအညီလိုအပ်သည့်အခါ ၎င်းတို့ကိုကူညီရပါမည်။ဟဒီးဆ်တော်၌လာရှိသည်မှာကျေးကျွန်တစ်ဦးသည် မိမိ၏ညီနောင်ကို ကူညီနေသ၍ အလ္လာဟ်အရှင်မြတ်သည် ထိုကျေးကျွန်ကို ကူညီနေမည်ဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

၁၁။ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဒုက္ခမပေးရ။ဟဒီးဆ်တော်၌လာရှိသည်မှာမွတ်စ်လင်မ်ဟူသည် သူ၏နှုတ်လျှာ

သူ၏လက်ဖြင့်(ဒုက္ခပေးခြင်းမှ) အခြားသောမွတ်စ်လင်မ်များ ငြိမ်းချမ်းစွာနေရသူဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

၁၂။ လျှို့ဝှက်ချက်ကို ထိမ်းသိမ်းရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာလူတစ်ဦးသည် စကားတစ်စုံတစ်ရာ ပြောပြပြီးနောက် ဟိုဘက်ဒီဘက်ပြန်လှည့်ကြည့်လျှင် ထိုစကားသည် (လျှို့ဝှက်ထားရမည့်) အမာနသ်စကားဖြစ်သည်။(သိရ်မိဇီကျမ်း၊ အဗူဒါဝူးဒ်ကျမ်း)

၁၃။ မိမိညီနောင်များအား ကျိန်ဆဲခြင်း၊ အတင်းပြောခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ မနာလိုခြင်း၊ အတွင်းရေးကို စုံစမ်းခြင်း၊ လိမ်လည်လှည့်ဖြားခြင်းတို့ကို မပြုရ။ဟဒီးဆ်တော်၌လာရှိသည်မှာ-မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ်တစ်ဦး၏ ညီနောင်ပင်ဖြစ်သည်။ အနိုင်မကျင့်ရ။ အကူအညီမပေးဘဲ စွန့်ပစ်ထားခြင်းမပြုရ။ မထီမဲ့မြင်မပြုရ။ လူတစ်ဦးသည် မိမိ၏ညီနောင်မွတ်စ်လင်မ်အား မထီမဲ့မြင်ပြုခြင်းကပင် ၎င်းအတွက်အပြစ်ဖြစ်ရန် လုံလောက်ပေသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

## အိမ်နီးခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်များ။

### မေး (၆) အိမ်နီးခြင်းဆိုင်ရာ ကျင့်ဝတ်များကို ဖော်ပြပါ။

ဖြေ။ နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အိမ်နီးခြင်းကို ကောင်းမွန်စွာ ဆက်ဆံရမည်။ အကူအညီလိုအပ်လာပါက အကူအညီပေးရမည်။

၂။ အီးဒ်နေ့ သို့မဟုတ် ထိမ်းမြားခြင်း သို့မဟုတ် အခြားကိစ္စတစ်စုံတစ်ရာကြောင့် ပျော်ရွှင်နေပါက ဂုဏ်ပြုစကားပြောရမည်။

၃။ နာမကျန်းဖြစ်သည့်အခါ သွားရောက်ကြည့်ရှုပြီး ဒုက္ခအခက်အခဲ ကြုံတွေ့သည့်အခါ အားပေးနှစ်သိမ့်စကားပြောရမည်။

၄။ မိမိချက်ပြုတ်ထားသည့် အစားအသောက်များအနက်မှ အိမ်နီးချင်းအား တတ်နိုင်သမျှ ကျွေးမွေးရမည်။

(၅) အပြောအဆို၊ အပြုအမူဖြင့် ဒုက္ခမပေးရပါ။

(၆) ဆူဆူညံညံဖြင့် သူတစ်ပါးကိုအနှောင့်ယှက်မဖြစ်ပါစေနှင့်။ သူတစ်ပါးအကြောင်းကို မစူးစမ်းပါနှင့်၊ သည်းခံစိတ်ထားပါ။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿۞ وَٱعۡبُدُواْ ٱللَّهَ وَلَا تُشۡرِكُواْ بِهِۦ شَيۡـٔٗاۖ وَبِٱلۡوَٰلِدَيۡنِ إِحۡسَٰنٗا وَبِذِي ٱلۡقُرۡبَىٰ وَٱلۡيَتَٰمَىٰ وَٱلۡمَسَٰكِينِ وَٱلۡجَارِ ذِي ٱلۡقُرۡبَىٰ وَٱلۡجَارِ ٱلۡجُنُبِ وَٱلصَّاحِبِ بِٱلۡجَنۢبِ وَٱبۡنِ ٱلسَّبِيلِ وَمَا مَلَكَتۡ أَيۡمَٰنُكُمۡۗ إِنَّ ٱللَّهَ لَا يُحِبُّ مَن كَانَ مُخۡتَالٗا فَخُورًا ٣٦﴾ [النساء: 36]

﴿ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မည်သည့်တစ်စုံတစ်ရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ခြင်းကို မပြုကြကုန်လင့်။ ထို့မှတစ်ပါး အသင်တို့သည် အမိအဘနှစ်ပါးတို့နှင့်လည်းကောင်း၊ ဆွေမျိုးနီးစပ်တို့နှင့်လည်းကောင်း၊ ဖမဲ့ကလေးတို့နှင့်လည်းကောင်း၊ အထီးကျန် သူဆင်းရဲတို့နှင့်လည်းကောင်း၊ (အိမ်ချင်း) နီးကပ်သော (တစ်နည်း) ဆွေမျိုးတော်စပ်သော အိမ်နီးချင်းတို့နှင့်လည်းကောင်း၊ (အိမ်ချင်း) ဝေးလံသော (တစ်နည်း) ဆွေမျိုးတော်စပ်ခြင်းမရှိသော အိမ်နီးချင်းတို့နှင့်လည်းကောင်း၊ (မိမိတို့နှင့်အတူ နေထိုင်သွားလာကြကုန်သော) အပေါင်းအဖော်တို့နှင့်လည်းကောင်း၊ ခရီးသည်တို့နှင့်လည်းကောင်း၊ မိမိတို့၏လက်အောက်ဖြစ်သော (ဝါ) မိမိတို့ပိုင်ဆိုင်သော ကျေးကျွန်တို့နှင့်လည်းကောင်း၊ ကောင်းစွာ ဆက်ဆံ ပြုစုကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မာနထောင်လွှားသောသူ၊ ဝါကြွားပြောဆိုသောသူကို နှစ်သက်တော်မူသည်မဟုတ်ပေ။[စူရဟ် နိစာအ် အာယသ် - ၆၁]

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) မိန့်ကြားတော်မူသည်မှာ-အို- အဗူဇရ် သင်ဟင်းရည်ချက်သောအခါ အရည်ပိုထည့်လိုက်ပါ။ ၎င်းနောက် အသင်၏အိမ်နီးချင်းများကိုလည်းပေးပါ။(မွတ်စ်လင်မ်ကျမ်း)တမန်တော်မြတ်(ﷺ)၏ ဩဝါဒတော်၌လာရှိသည်မှာ-မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို အီမာန်သက်ဝင်ယုံကြည်ပါက မိမိအိမ်နီးချင်းအား ဒုက္ခမပေးရ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း).

## ညှော်ဝတ်ကျေခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်များ။

## မေး(၇) ညှော်ဝတ်ကျေခြင်းနှင့် ညှော်သည်ဆိုင်ရာ ကျင့်ဝတ်များမှာအဘယ်နည်း။

ဖြေ။ (၁) သူတစ်ပါးက မိမိအားညှော်ခံ ကျွေးမွေးခြင်းကို လက်ခံခြင်း။

(၂) တစ်စုံတစ်ယောက်ထံ သွားရောက်လိုပါက တွေ့ဆုံခွင့်တောင်းခံခြင်းနှင့် ရက်ချိန်းရယူခြင်း။

(၃) မဝင်မီအလျင် ဝင်ခွင့်တောင်းခြင်း။

(၄) ချိန်းဆိုထားသောအချိန်ထက် နောက်မကျဘဲသွားခြင်း။

(၅) သူတစ်ပါးအိမ်၌ မျက်လွှာကိုထိမ်းခြင်း။

(၆) ဧည့်သည်အား ပြုံးရွှင်သောမျက်နှာဖြင့် လှိုက်လှဲစွာကြိုဆိုပြီး အချိုသာဆုံးစကားဖြင့် နှုတ်ခွန်းဆက်ခြင်း။

(၇) ဧည့်သည်ကို အကောင်းဆုံးနေရာတွင် ထိုင်ခိုင်းရခြင်း။

(၈) ဧည့်သည်ကိုအစားအသောက်များဖြင့် ကောင်းမွန်စွာ ဂုဏ်ပြုကျွေးမွေးခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَدْخُلُواْ بُيُوتًا غَيْرَ بُيُوتِكُمْ حَتَّىٰ تَسْتَأْنِسُواْ وَتُسَلِّمُواْ عَلَىٰٓ أَهْلِهَا ۚ ذَٰلِكُمْ خَيْرٌ لَّكُمْ لَعَلَّكُمْ تَذَكَّرُونَ ﴿٢٧﴾﴾ [النور: 27]

(အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အိမ်များမှတစ်ပါး အခြားအိမ်များအတွင်းသို့(ထိုအိမ်သားများထံမှ) ခွင့်ရယူခြင်း၊ ထိုအိမ်သားများအပေါ်၌'စလာမ်' မေတ္တာပို့သခြင်း၊ မပြုသမျှကာလပတ်လုံး ဝင်ရောက်ခြင်းကို မပြုကြကုန်လင့်။ ဤ (ခွင့်ရယူခြင်းနှင့်'စလာမ်' မေတ္တာ ပို့သခြင်းတို့သည်)ကား အသင်တို့အဖို့ အကောင်းဆုံးပင်ဖြစ်ပေသည်။ သို့မှသာလျှင် အသင်တို့သည် သတိဝီရိယ ပြုကြပေမည်။[စူရဟ် နူရ် အာယသ် - ၂၇]

ဟဒီးဆ်တော်၌လာရှိသည်မှာကေန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် ခွင့်ပြုချက်တောင်းခံရန် သတ်မှတ်ထားခြင်းမှာအတွင်းရှိအရာများကို မကြည့်ရှုမိစေရန်အတွက်ဖြစ်သည်။ဗုခါရီကျမ်း၊

မွတ်စ်လင်မ်ကျမ်း။တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူထားသည်မှာ-
မည်သူမဆို အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို
အီမာန်သက်ဝင်ယုံကြည်ပါက မိမိဧည့်သည်အား
ဂုဏ်ပေးလေးစားပါ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

## နာမကျန်းခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်များ။

### မေး(၈) နာမကျန်းဖြစ်နေချိန်နှင့် လူမမာသွားရောက်မေးမြန်းခြင်းဆိုင်ရာ ကျင့်ဝတ်များကိုဖော်ပြပါ။

ဖြေ။ (၁)နာကျင်မှုကိုခံစားရသောအခါ မိမိ၏ညာလက်ကို
နာကျင်နေသောနေရာ၌ တင်ထားပြီး

"بِسْمِ اللهِ"

သုံးကြိမ်နှင့်

" أَعُوذ بِعِزَّةِ اللهِ وَقُدْرَتِهِ مِنْ شَرِّ مَا أَجِدُ وَأُحَاذِرُ "

ကို ခုနှစ်ကြိမ်ရွတ်ဆိုရမည်။ အဓိပ္ပါယ်။ ။ကျွန်တော်မျိုးသည်
အလ္လာဟ်အရှင်မြတ်၏ဂုဏ်သိက္ခာတော်နှင့် စွမ်းဆောင်နိုင်ခြင်းတို့ဖြင့်
ကျွန်တော်ခံစားနေရသောနာကျင်မှုနှင့်နောက်ဆက်တွဲစိုးရိမ်မှုများ၏အန္တရာယ်
များမှ ခိုလှုံမှုတောင်းခံပါ၏။

(၂) အလ္လာဟ်အရှင်မြတ်၏
သက္ကဒီးရ်သတ်မှတ်ဆုံးဖြတ်မှုကိုကျေနပ်သဘောတူပြီး ဆွဗရ်
ခန္တီတရားထားရှိရမည်။အုမ္မုအလာအ် ဆင့်ပြန်သော ဟဒီးဆ်တော်၌
လာရှိသည်မှာ ကျွန်မနာမကျန်းဖြစ်နေချိန်တွင် တမန်တော်မြတ်(ﷺ)သည်
ကျွန်မအား လူနာလာရောက်မေးမြန်းတော်မူခဲ့သည်။ ၎င်းနောက်

မိန့်ကြားတော်မူသည်မှာအို အုမ္မုအလာအ် သတင်းကောင်းရယူပါ။ ငရဲမီးသည် ရွှေနှင့်ငွေတို့မှ အညစ်အကြေးများကို သန့်စင်စေသကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် မွတ်စ်လင်မ်တစ်ဦးရောဂါဝေဒနာခံစားရမှုကို အကြောင်းပြု၍ အကုသိုလ်များမှ သန့်စင်အောင် ပြုပေးတော်မူသည်။(အဗူဒါဝူးဒ်ကျမ်း)

(၃) မကျန်းမာသောညီနောင်ကို ဆောလျင်စွာသွားရောက်တွေ့ဆုံ၍ ၎င်းအတွက် ဒုအာဆုတောင်းပေးခြင်း။ သို့သော် ၎င်းထံတွင်အချိန်ကြာမြင့်စွာ ထိုင်နေခြင်းမပြုရ။

(၄) လူမမာက မတောင်းဆိုလျှင်လည်း မိမိသဘောဖြင့်မန်းမှုတ်ပေးရန်။

(၅) ဆွဗရ်သည်းခံရန်၊ အလ္လာဟ်အရှင်မြတ်ထံဒုအာပြုရန်၊ ဆွလာသ်ဝတ်ပြုရန်နှင့် တတ်နိုင်သမျှသန့်ပြန့်စွာနေရန်အတွက် ၎င်းအားတိုက်တွန်းပါ။

(၆) နာမကျန်းဖြစ်နေသူအတွက် အောက်ပါဒုအာကို (၇) ကြိမ် တောင်းခံပေးရမည်။

«أَسْأَلُ اللَّهَ الْعَظِيمَ رَبَّ الْعَرْشِ الْعَظِيمِ أَنْ يَشْفِيَكَ»

အဓိပ္ပာယ်။ ။ကြီးမားလှသော အရ်ရှ်ပလ္လင်တော်အားစိုးပိုင်တော်မူသော ကြီးကျယ်မြင့်မြတ်တော်မူလှသည့် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အသင်ကျန်းမာလာရန် ကျွန်တော်မျိုးတောင်းခံပါသည်။

## ပညာရှာဖွေခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး(၉) ပညာရှာဖွေခြင်းနှင့် သက်ဆိုင်သော စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁)အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်ရန်အတွက်သာ ရည်စူးရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာအကြင်သူသည် အိလ်မ်ပညာကို သာသနာ့ပညာရှင်များ၏ရှေ့တွင်ဂုဏ်မောက်ရန်၊ မသိနားမလည်သူများနှင့်ငြင်းခုံရန်၊ လူတို့အား မိမိဘက်သို့ ဆွဲဆောင်ရန်အတွက် သင်ယူခဲ့ပါမူ အလ္လာဟ်အရှင်မြတ်သည် ၎င်းသူအားဂျဟန္နမ်ငရဲဘုံသို့ ထည့်သွင်းတော်မူမည်ဖြစ်သည်။(အိဗ်နုမာဂျဟ်ကျမ်း)

(၂) သင်ယူခဲ့သည့် အသိပညာအပေါ် လိုက်နာကျင့်သုံးရမည်။ဟဒီးဆ်တော်၌လာရှိသည်မှာကိယာမသ်နေ့တွင် မေးခွန်းလေးခုကို မေးမြန်းခြင်းမခံရသေးသမျှ လူသား၏ခြေနှစ်ဖက်သည်ရွှေ့နိုင်မည်မဟုတ်ပေ။ (ထိုမေးခွန်းများအနက် တစ်ခုမှာ) မိမိသင်ယူထားသည့်ပညာအပေါ် မည်မျှလိုက်နာကျင့်သုံးခဲ့ပါသနည်း ဟူ၍ဖြစ်သည်။(သိရ်မိဇီကျမ်း၊ ဒါရီမီကျမ်း)

(၃) ဆရာအရွေ၌ဖြစ်စေ၊ ကွယ်ရာ၌ဖြစ်စေ ဆရာကိုလေးစားရမည်။

(၄) ဆရာရှေ့တွင် ယဉ်ကျေးစွာထိုင်ရမည်။

(၅) ဆရာ၏စကားကို ဆိတ်ငြိမ်စွာ နားထောင်ရမည်။ မိမိကြောင့် စာသင်ကြားခြင်းကို မပြတ်တောက်စေရပါ။

(၆) ယဉ်ကျေးသိမ်မွေ့စွာ မေးမြန်းပါ။

(၇) ဆရာကိုနာမည်တပ်၍မခေါ်ရ။ဟဒီးဆ်တော်၌လာရှိသည်မှာအသက်အရွယ်ကြီး

သော မွတ်စ်လင်မ်အား ဂုဏ်ပေးခြင်းနှင့် ကျမ်းမြတ်ကုရ်အာန်ကို အာဂုံဆောင်ထားသူအား ဂုဏ်ပေးခြင်းသည် အလ္လာဟ်အရှင်မြတ်အားဂုဏ်ပေးလေးစားခြင်းအနက်မှပင် ဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း)

## ထိုင်ဝိုင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

## မေး(၁၀) ထိုင်ဝိုင်း၏စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁) ထိုင်ဝိုင်းတွင်ရှိနေသူများကို စလာမ်ပေးခြင်း။

(၂) ထိုင်ဝိုင်း၏အဆုံးတွင် ထိုင်ရမည်။ အခြားတစ်ဦးတစ်ယောက်ကို ထခိုင်းခြင်း၊ ခွင့်မတောင်းဘဲ လူနှစ်ဦးကြား၌ ဝင်ထိုင်ခြင်းတို့မပြုရ။

(၃) အခြားသူထိုင်နိုင်ရန်အတွက် နေရာချဲပေးခြင်း။

(၄) ထိုင်ဝိုင်းတွင်ပြောနေသည့်စကားကို ကြားဖြတ်မပြောရ။

(၅) ထိုင်ဝိုင်းမှ မပြန်မီအလျင် ခွင့်တောင်း၍ စလာမ်ဆိုရမည်။အိဗ်နုအုမရ်က ဆင့်ပြန်ခဲ့သည်မှာ လူတစ်ဦးအား ၎င်းထိုင်နေသောနေရာမှထခိုင်းကာ ထိုနေရာတွင် အခြားသူတစ်ဦးက ဝင်ထိုင်ခြင်းမပြုရန် တမန်တော်မြတ်(ﷺ)က တားမြစ်တော်မူခဲ့သည်။ ထိုအစား အသင်တို့သည် ထိုင်ဝိုင်းကိုချဲ့ပေးကြပါ။ နေရာချဲ့ပေးကြပါ။(ဗုခါရီကျမ်း)ဟဒီးဆ်တော်၌လာရှိသည်မှာအသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ထိုင်ဝိုင်းတစ်ခုသို့ ရောက်သွားသောအခါ စလာမ်ဆိုပါ။ ထိုင်ဝိုင်းမှထသောအခါ စလာမ်ဆိုပါ။ ပထမဆိုလိုက်သောစလာမ်သည် ဒုတိယစလာမ်ထက် ပို၍မသာမြတ်ပါ။ (၎င်းစလာမ်နှစ်မျိုးစလုံးသည် အတူတူပင်ဖြစ်သည်။)(သိရ်မိဇီကျမ်း၊ အဗူဒါဝူးဒ်ကျမ်း)

(၆) ထိုင်ဝိုင်းပြီးဆုံးသောအခါ ထိုင်ဝိုင်းတွင်ကျူးလွန်မိသောအပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံသည့် ဒုအာကိုဖတ်ရွတ်ခြင်း။

« سُبْحَانَكَ اللَّهُمَّ وَبِحَمْدِكَ ، أَشْهَدُ أَنْ لَا إِلَهَ إِلَّا أَنْتَ ، أَسْتَغْفِرُكَ وَأَتُوبُ إِلَيْكَ»

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်သည် ချို့ယွင်းမှုအပေါင်းမှ သန့်ရှင်းကင်းစင်တော်မူ၏။ အရှင်မြတ်သာလျှင် ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူပါ၏။ အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိကြောင်းကို ကျွန်တော်မျိုးသက်သေခံအပ်ပါသည်။ ကျွန်တော်မျိုးသည်အရှင်မြတ်ထံတော်ပါး၌အပြစ်များမှလွတ်ငြိမ်းချမ်းသာခွင့်ရရန်တောင်းခံပါ၏။ ကျွန်တော်မျိုးသည်အရှင်မြတ်ထံတော်ပါးတွင် အမှားဝန်ချတောင်းပန်ပါ၏။

## အိပ်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ။

### မေး(၁၁) အိပ်ခြင်းနှင့်သက်ဆိုင်သော စည်းကမ်းများကိုဖော်ပြပါ။

ဖြေ။ ၁။ စောစောအိပ်ခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာအဗူဗရ်ဇဟ်( رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ﷺ)သည် အိရှာဆွလာသ်အလျင် အိပ်စက်ခြင်းနှင့်အိရှာပြီး စကားပြောခြင်းကို မနှစ်မြို့ပေ။(ဗုခါရီကျမ်း)

(၂) သန့်ရှင်းစင်ကြယ်မှုနှင့်တကွ အိပ်စက်ခြင်း။

(၃) မှောက်လျက်မအိပ်ရ။

(၄) ညာဘက်စောင်း၍အိပ်ခြင်း၊ လက်ယာလက်ကိုယာဘက်ပါးအောက်တွင်ထားခြင်း။

(၅) အိပ်ယာကိုခါခြင်း။ဟဒီးဆ်တော်၌လာရှိသည်မှာ ဗရာအ်ဗင်န်အာဇိဗ်( رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်သည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်မှာအိပ်ယာဝင်မည်ဆိုပါက ဆွလာသ်ဝတ်ပြုရန်အတွက် ဝုဇူပြုသကဲ့သို့ ဝုဇူပြုပါ။ထို့နောက်အသင်သည် မိမိ၏ညာဘက်ကိုစောင်း၍အိပ်ပါ။(ဗုခါရီကျမ်း)အဗူဟုရိုင်ရဟ်(رَضِيَ اللهُ عَنْهُ) ဆင့်ပြန်သည်။တမန်တော်မြတ်(ﷺ)သည် လူတစ်ဦးမှောက်အိပ်နေသည်ကိုတွေ့မြင်သောအခါ အမိန့်ရှိတော်မူသည်မှာမုချဧကန် အလ္လာဟ်အရှင်မြတ်သည် ဤသို့အိပ်ခြင်းကိုနှစ်မြို့တော်မမူပေ။(သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း)တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-အကြင်သူသည် အိပ်စက်ရန် မိမိအိပ်ရာသို့ ဝင်သည့်အခါ အိပ်ရာကို ရုံထည်အနားစဖြင့် (၃) ကြိမ်ခါပါ။ မိမိမရှိသည့်အချိန် အိပ်ရာတွင် အဘယ်အရာရောက်နေသည်ကို မသိနိုင်၍ဖြစ်သည်။(ဗုခါရီကျမ်း)

(၆) ညအိပ်ရာဝင်သည့်အခါ ဖတ်ရမည့် ဒုအာများကို ဖတ်ခြင်း။ ၎င်းတို့မှာ - အာယသုလ်ကုရ်စီ (၁) ကြိမ် - စူရဟ် အိခ်လာဆ်

(قُلْ هُوَ ٱللَّهُ أَحَدٌ)

(၃) ကြိမ် - စူရဟ် ဖလက်

(قُلْ أَعُوذُ بِرَبِّ ٱلْفَلَقِ)

(၃) ကြိမ် - စူရဟ် နားစ်

(قُلْ أَعُوذُ بِرَبِّ ٱلنَّاسِ)

(၃) ကြိမ်

« بِاسْمِكَ اللّٰهُمَّ أَمُوتُ وَأَحْيَا»

အစိပ္ပါယ်။ ။ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် အိပ်စက်ပြီး အရှင်မြတ်၏နာမတော်ဖြင့်နိုးထပါသည်။

(၇) ဖဂျ်ရ်ဆွလာသ်ဝတ်ပြုရန်အတွက် အိပ်ရာမှထခြင်း။

(၈) အိပ်ရာထသောအခါ အောက်ပါဒုအာကို ရွတ်ဖတ်ခြင်း။

«الْحَمْدُ لِلَّهِ الَّذِي أَحْيَانَا بَعْدَمَا أَمَاتَنَا وَإِلَيْهِ النُّشُور»

အစိပ္ပာယ်။ ။ကျွန်တော်မျိုးအိပ်ပျော်ရာမှထစေခဲ့သော အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုအပ်ပါသည်။ အရှင်မြတ်ထံတော်သို့သာပြန်လည်ရှင်ပြန်ထရမည်ဖြစ်သည်။

## အစားအသောက်နှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ။

### မေး (၁၂) အစားအသောက်ဆိုင်ရာ စည်းကမ်းချက်များကိုဖော်ပြပါ။

ဖြေ။

(၁) စားခြင်း၊သောက်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၏အမိန့်နာခံမှုတွင် ခွန်အားရရှိစေရန် ရည်စူးခြင်း။

(၂) အစာမစားမီအလျင် လက်နှစ်ဖက်ကို ဆေးကြောခြင်း။ အာအိရှဟ် ( رَضِيَ اللهُ عَنْهَا)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)သည်စားသောက်လိုသောအခါ မိမိ၏လက်နှစ်ဖက်ကိုဆေးကြောတော်မူသည်။ ၎င်းနောက် စားသောက်တော်မူသည်။(အဟ်မဒ်ကျမ်း)

(၃) 'ဗိစ္စမိလ်လာဟ်'ဟုဆိုကာ ညာလက်ဖြင့် မိမိအနားတွင်ရှိသောအရာကိုစားခြင်း။ပန်းကန်၏အလယ် သို့မဟုတ်

အခြားသူများ၏ရှေ့တွင်ရှိသောအရာကို စားသုံးခြင်းမပြုရ။ ဟဒီးဆ်တော်၌လာရှိသည်မှာအို-ကလေးငယ်၊ အလ္လာဟ်အရှင်မြတ်၏ နာမတော်ကိုတသ၍ ညာလက်ဖြင့်စားပါ၊ ၎င်းပြင် သင့်အနီးအနားမှစားပါဟု မိန့်ကြားခဲ့သည်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၄)

( بِسْمِ اللّٰهِ )

ဆိုရန်မေ့သွားသောအခါ

{ بِسْمِ اللَّهِ أَوَّلَهُ وَآخِرَهُ}

ကိုရွတ်ဆိုခြင်း။ အဓိပ္ပာယ် - အစနှင့်အဆုံးတွင် အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်သာ အစပြုပါ၏။ အာအိရှဟ် (رَضِيَ اللّٰهُ عَنْهَا) က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ) မိန့်တော်မူသည်မှာအသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည်အစားအသောက်စားသောအခါ

(بِاسْمِ اللّٰهِ)

ဆိုပါ။ အကယ်၍ အစတွင်

( بِاسْمِ اللّٰهِ )

မေ့သွားပါက

(بِاسْمِ اللّٰهِ فِي أَوَّلِهِ وَآخِرِهِ)

ဟုဆိုပါ။ (သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း)

(၅) မိမိထံရှိနေသောအစားအသောက်ဖြင့်ကျေနပ်ပါ။ အစားအသောက်ကို အပြစ်တင်ခြင်းမပြုရ နှစ်သက်လျှင်စား၍ မနှစ်သက်လျှင် မစားပဲနေပါ။

အဗူဟုရိုင်ရဟ် رَضِيَ اللهُ عَنْهُ ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိထားသည်။ ၎င်းကပြောကြားသည်မှာတမန်တော်မြတ် (ﷺ)သည် အစားအသောက်ကို မည်သည့်အခါတွင်မျှ အပြစ်ပြောခဲ့သည်ဟူ၍ မရှိပေ။ အစားအသောက်ကို နှစ်သက်လျှင်စားတော်မူ၍ မနှစ်သက်လျှင် မစားဘဲထားလိုက်သည်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၆) အလွန်အကျွံမစားဘဲ ထမင်းလုတ်အနည်းငယ်သာစားခြင်း။ ဟဒီးဆ်တော်၌ လာရှိထားသည်မှာလူသားဖြည့်လိုက်သည့်ခွက်များအနက် ဝမ်းဗိုက်ကိုပြည့်အောင်ဖြည့်လိုက်ခြင်းထက် ဆိုးရွားသောဖြည့်ခြင်းမျိုးမရှိပေ။ လူသားအဖို့ ၎င်း၏ကျောရိုးဖြောင့်စေမည့် ထမင်းလုတ်အချို့သည် လုံလောက်ပေသည်။ အကယ်၍ လူသား၏စိတ်က ထပ်မံစားချင်ခဲ့လျှင် သုံးပုံပုံ၍ အစားအစာအတွက်တစ်ပုံ၊ ရေအတွက်တစ်ပုံ၊ လေအတွက်တစ်ပုံထားလိုက်ပါ။ (သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

(၇) ပူလောင်နေသော အစားအသောက်ကို မှုတ်၍မစားဘဲ အေးသွားသည်အထိထားခြင်း။ ဟဒီးဆ်တော်၌ လာရှိထားသည်မှာတမန်တော်မြတ် (ﷺ)သည် အစားအသောက်အား မှုတ်ခြင်းကို တားမြစ်တော်မူခဲ့သည်။ (အဟ်မဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

(၈) မိသားစု သို့မဟုတ် ဧည့်သည်တို့ဖြင့် တစ်စုတစ်စည်းတည်း စားသောက်ခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ လူတစ်ဦးသည် ကိုယ်တော်မြတ်(ﷺ)အား လျှောက်ထားသည်မှာ ကျွန်တော်တို့သည် စားကြသော်လည်းဗိုက်မဝပါ။ထိုအခါ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ- အသင်တို့သည် သီးခြားစီစားနေကြသည်ဖြစ်မည်။ အသင်တို့သည် စုပေါင်း၍ စားသောက်ကြပါ။ စားသည့်အခါ အလ္လာဟ်အရှင်မြတ်၏ နာမတော်ကိုတသကြပါ အလ္လာဟ်အရှင်မြတ်သည်

အစားအသောက်တွင် အသင်တို့အတွက် ဗရကသ်ချီးမြှင့်တော်မူမည်ဖြစ်သည်။ (အဗူဒါဝူးဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

(၉) လူကြီးများထက်အလျင် စားသောက်ခြင်းမပြုရန်။

(၁၀) ရေသောက်သည့်အခါ ထိုင်၍

(بِسْمِ اللهِ)

ဆိုကာ ရေခွက်ထဲတွင်အသက်မရှူဘဲ သုံးကြိမ်နား၍ သောက်ခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ -အသင်တို့အနက်တစ်ဦးတစ်ယောက်သည် (သောက်စရာတစ်ခုခုကို) သောက်နေစဉ် ခွက်ထဲသို့လေရှူထုတ်ခြင်းမပြုရ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)အနတ်စ် رَضِيَ اللهُ عَنْهُ ဆင့်ပြန်ထားသောဟဒီးဆ်တော်၌ လာရှိသည်မှာတမန်တော်မြတ် (ﷺ)သည် မတ်တတ်ရပ်၍ ရေသောက်ခြင်းကို တားမြစ်တော်မူခဲ့သည်။(မွတ်စ်လင်မ်ကျမ်း)ဟဒီးဆ်တော်၌လာရှိထားသည်မှာတမန်တော်မြတ် (ﷺ)သည် ရေသောက်သည့်အခါ သုံးကြိမ်သုံးခါ(နား၍ ခွက်အပြင်၌)အသက်ရှူသည်။(မွတ်စ်လင်မ်ကျမ်း)

(၁၁) စားသောက်ပြီးသောအခါ

(اَلْحَمْدُ لِلّٰهِ)

ဆိုခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် လူသားက အစားတစ်လုတ်စားပြီး ထို့အတွက် အရှင်မြတ်အားချီးမွမ်းခြင်း သို့မဟုတ် ရေတစ်ငုံသောက်ပြီး ထို့အတွက် အရှင်မြတ်အားချီးမွမ်းခြင်းကို နှစ်သက်တော်မူသည်။(မွတ်စ်လင်မ်ကျမ်း)

## ဝတ်စားဆင်ယင်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၁၃) ဝတ်စားဆင်ယင်ခြင်းဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။

ဖြေ။ (၁) အဝတ်အစားကို ယာဘက်မှစတင်ဝတ်ဆင်ခြင်း။ ထိုသို့ဝတ်ဆင်နိုင်သောကြောင့်

(الْحَمْدُ لِلَّهِ)

ဆိုခြင်း။ အဗူဟုရိုင်ရဟ် رَضِيَ اللهُ عَنْهُ ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိထားသည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ-အသင်တို့ အဝတ်အစား ဝတ်ဆင်သောအခါတွင်ဖြစ်စေ သို့မဟုတ် ဝုဿူပြုသောအခါတွင်ဖြစ်စေ အသင်တို့၏ယာဘက်မှအစပြုကြပါ။(အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း)

(၂) အဝတ်အစားကို ခြေမျက်စိအောက်ရောက်သည်အထိ မဝတ်ဆင်ရ။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-ပုဆိုး(ဘောင်းဘီ)ဖြင့် ခြေမျက်စိအောက် ဖုံးနေသော အစိတ်အပိုင်းသည် ဂျဟန္နမ် ငရဲမီးသို့ကျရောက်မည်ဖြစ်သည်။(ဗုခါရီကျမ်း)

၃။ ယောက်ျားလေးများသည် မိန်းကလေးအဝတ်အစားများကို မဝတ်ဆင်ရ။ မိန်းကလေးများသည် ယောက်ျားလေးအဝတ်အစားများကို မဝတ်ဆင်ရ။ ဟဒီးဆ်တော်၌လာရှိထားသည်မှာတမန်တော်မြတ် (ﷺ)သည် အမျိုးသမီးနှင့်တူအောင်ဝတ်ဆင်သောအမျိုးသားနှင့် အမျိုးသားနှင့်တူအောင် ဝတ်ဆင်သောအမျိုးသမီးအား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှကင်းဝေးပါစေဟု လအ်နသ်ပို့ခဲ့သည်။(အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း)

(၄) ကာဖိရ်များနှင့် ဒုစရိုက်သမားများ၏ ဝတ်စားဆင်ယင်ပုံကိုအတုခိုး၍ မဝတ်ဆင်ရ။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-အကြင်သူသည် လူအုပ်စုတစ်စုဖြင့် တူဆင်အောင်ပြုလုပ်ခဲ့လျှင် ၎င်းသည် ထိုအုပ်စုအနက်မှပင်ဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း)

(၅) အဝတ်အစားချွတ်သောအခါ

(بِسْمِ اللّٰہِ)

ဆိုခြင်း။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-လူသားတို့၏အရှက်အင်္ဂါနှင့် ဂျင်န်တို့ကြားတွင်ရှိသည့် အကာအကွယ်မှာ အသင်တို့အနက်မှတစ်ဦးတစ်ယောက်သည် မိမိအဝတ်အစားကိုချွတ်သည့်အခါ (ဗိစ်မိလ္လာဟ်) ဆိုလိုက်ခြင်းပင်ဖြစ်သည်။ (သွဗ်ရာနီကျမ်း၊ အိဗ်နုအဗီရှိုင်ဗဟ်ကျမ်း)

(၆) ဖိနပ်ကို ညာခြေဖြင့်စဝတ်၍ ဘယ်ခြေဖြင့် စချွတ်ခြင်း။ အာအိရှဟ် رَضِيَ اللّٰهُ عَنْهَا ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိထားသည်။ ၎င်းကပြောသည်မှာ-တမန်တော်မြတ်(ﷺ)သည် ဖိနပ်စီးရာတွင်လည်းကောင်း၊ ဘီးဖြီးရာတွင်လည်းကောင်း၊ ဝုဿွူနှင့် ဂုစ်လ်ပြုရာတွင်လည်းကောင်း၊ အခြားကောင်းမြတ်သော ကိစ္စရပ်တိုင်းတွင် ယာဘက်ဖြင့်အစပြုခြင်းကိုနှစ်သက်တော်မူ၏။(ဗုခါရီကျမ်း).

## အစီးအနင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၁၄) အစီးအနင်းဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။?

ဖြေ။ (၁)

(بِسْمِ اللّٰہِ ، اَلْحَمْدُ لِلّٰہِ)

ဟုဆိုခြင်း။ အဓိပ္ပာယ်။ အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်၏။

﴿لِتَسْتَوُۥا۟ عَلَىٰ ظُهُورِهِۦ ثُمَّ تَذْكُرُوا۟ نِعْمَةَ رَبِّكُمْ إِذَا ٱسْتَوَيْتُمْ عَلَيْهِ وَتَقُولُوا۟ سُبْحَٰنَ ٱلَّذِى سَخَّرَ لَنَا هَٰذَا وَمَا كُنَّا لَهُۥ مُقْرِنِينَ ﴿١٣﴾ وَإِنَّآ إِلَىٰ رَبِّنَا لَمُنقَلِبُونَ ﴿١٤﴾﴾ [الزخرف: 13-14]

အောက်ပါဒုအာကို ဖတ်ရွတ်ခြင်း။ အဓိပ္ပာယ်။ ။ကျွန်တော်မျိုးတို့အဖို့ ဤအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ အမှန်စင်စစ်သော်ကား ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းကြသူများ မဟုတ်ခဲ့ပေ။(၁၄ အဓိပ္ပာယ်။ ။၎င်းပြင် ဧကန်မလွဲ ကျွန်တော်မျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်သို့ အမှန်ပင် ပြန်သွားကြမည့်သောသူများပင် ဖြစ်ကြပေသတည်း။[စူရဟ် ဇုခ်ရုဖ် အာယသ် ၁၃၊၁၄]

(၂) မွတ်စ်လင်မ်တစ်ယောက်အနားမှ ဖြတ်သန်းသွားသည့်အခါ ၎င်းကိုစလာမ်ပေးခြင်း။

## လမ်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၁၅) လမ်းဆိုင်ရာ စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁)လမ်းလျှောက်သည့်အခါ ပုံမှန်အနေအထားဖြင့် ရိုကျိုးစွာဖြင့်လျှောက်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَلَا تَمْشِ فِى ٱلْأَرْضِ مَرَحًا ۖ إِنَّكَ لَن تَخْرِقَ ٱلْأَرْضَ وَلَن تَبْلُغَ ٱلْجِبَالَ طُولًا ﴿٣٧﴾﴾ [الإسراء: 37]

«ၡင်းပြင် အသင်သည် ပထဝီမြေပြင်ဝယ် ဟိတ်ဟန်ထုတ်၍ မလျှောက်လေနှင့်။ ဧကန်စင်စစ် အသင်သည်(ယင်းသို့လမ်းလျှောက်ခြင်းအားဖြင့်)ပထဝီမြေကိုလည်း အလျင်းထွင်းဖောက် နိုင်မည်မဟုတ်ပေ။ ထိုမှတစ်ပါးအသင်သည် မိမိကိုယ်လုံးကိုယ်ရပ် မြင့်မားခြင်းဖြင့် တောင်များကိုလည်း အလျင်းမီနိုင်မည် မဟုတ်ချေ။ (စူရဟ် အိစ္စရာအ် - ၃၇)

(၂) စလာမ်ပေးသူကို စလာမ်အဖြေပေးခြင်း။အစ္စလာမ့်၏ မည်သည့်လုပ်ရပ်များသည် အကောင်းမြတ်ဆုံး ဖြစ်ပါသနည်းဟု တမန်တော်မြတ်(ﷺ)အား မေးလျှောက်သောအခါ ကိုယ်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်မှာအစားအစာ ကျွေးမွေးခြင်း၊ အသင်သိသောသူကိုဖြစ်စေ မသိသောသူကိုဖြစ်စေ စလာမ်ပေးခြင်းဖြစ်သည်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၃) မျက်လွှာကိုထိမ်းသိမ်းခြင်း၊ အခြားသူများကိုဒုက္ခမပေးခြင်း။

(၄) ကောင်းရာညွှန်ကြားပြီး မကောင်းမှုမှတားမြစ်ခြင်း။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ- (အကယ်၍ အသင်တို့သည် လူသွားလမ်းတွင် မဖြစ်မနေထိုင်ရမည်ဆိုလျှင်) လမ်း၏ဝတ္တရားကို (ကျေပွန်အောင်လိုက်နာ) ပေးဆောင်ကြပါ။ သာဝကကြီးများက လမ်း၏ဝတ္တရားဟူသည် အဘယ်နည်းဟု မေးလျှောက်ခဲ့ကြသည်။ ကိုယ်တော်က ဖြေကြားတော်မူသည်မှာ မျက်လွှာထိန်းခြင်း၊ (လမ်းသွားလမ်းလာကို) ဒုက္ခဖြစ်စေမည့်အရာများကို ဖယ်ရှားခြင်း၊ စလာမ်အဖြေပေးခြင်း၊ ကောင်းရာညွှန်ကြားခြင်းနှင့် မကောင်းမှုမှတားမြစ်ခြင်းတို့ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၅) ဒုက္ခဖြစ်စေမည့်အရာကို လမ်းပေါ်မှ ဖယ်ရှားပေးခြင်း။
ဟဒီးဆ်တော်၌လာရှိသည်မှာလမ်းပေါ်မှ
သူတစ်ပါးဒုက္ခဖြစ်စေမည့်အရာကိုဖယ်ရှားပေးခြင်းသည်
ဆွဒ်ကဟ်အလှူဒါနပင်ဖြစ်သည်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

## အိမ်အဝင်၊အထွက်နှင့်သက်ဆိုင်သည့် စည်းကမ်းများ။

**မေး (၁၆) အိမ်အဝင်၊အထွက်ဆိုင်ရာ စည်းကမ်းများကို ဖော်ပြပါ။**

ဖြေ။ (၁) အိမ်မှဘယ်ခြေနှင့်ထွက်၍ ဤဒုအာကိုရွတ်ဆိုပါ။

بِسْمِ اللهِ، تَوَكَّلْتُ عَلَى اللهِ، لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاَللهِ، اَللّٰهُمَّ إِنِّي أَعُوذُ بِكَ أَنْ أَضِلَّ أَوْ أُضَلَّ، أَوْ أَزِلَّ أَوْ أُزَلَّ، أَوْ أَظْلِمَ أَوْ أُظْلَمَ، أَوْ أَجْهَلَ أَوْ يُجْهَلَ عَلَيَّ

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏။
အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင်သာ သဝက္ကုလ်ယုံပုံလွှဲအပ်ပါ၏။
မကောင်းမှုများမှရှောင်ကြဉ်ရန်နှင့်
ကောင်းမှုများဆောင်ရွက်ရန်သည်အလ္လာဟ်အရှင်မြတ်စွမ်းအားပေးမှသာဖြစ်နိုင်ပါ၏။ အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည်လမ်းလွဲခြင်း၊
လမ်းလွဲအောင်လုပ်ခံရခြင်း၊ လမ်းချော်ခြင်း၊ လမ်းချော်အောင်လုပ်ခံရခြင်း၊
ညှဉ်းပန်းနှိပ်စက်မိခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ မသိမိုက်မှားခြင်းနှင့်
မသိမိုက်မှားပြုခံရခြင်းတို့မှ ကင်းလွတ်ရန် အရှင်မြတ်ထံပန်ကြားခိုလှုံပါ၏။

(၂) ညာခြေဖြင့်အိမ်သို့ဝင်ပြီး ဤဒုအာကိုရွတ်ဆိုပါ။

(بِسْمِ اللهِ وَلَجْنَا ، وَبِسْمِ اللهِ خَرَجْنَا ، وَعَلَى رَبِّنَا تَوَكَّلْنَا)

အဓိပ္ပါယ်။ ။ အလ္လာဟ်အရှင်မြတ်၏
နာမတော်ဖြင့်ကျွန်တော်မျိုးဝင်ရောက်ပါ၏။
အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် ကျွန်တော်မျိုးထွက်ခွာခြင်းပြုပါ၏။

ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် အလုံးစုံကိုယုံပုံလွှဲပါ၏။

(၃) အိမ်သို့ဝင်သောအခါ ဦးစွာတံပူစားခြင်း၊ ထို့နောက်အိမ်သူအိမ်သားတို့အပေါ် စလာမ်မေတ္တာပို့သခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာတမန်တော်မြတ် (ﷺ)သည် အိမ်သို့ဝင်သည့်အခါတံပူစားတော်မူသည်။(အိဗ်နုမာဂျဟ်ကျမ်း)

အပေါ့အလေးစွန့်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

မေး (၁၇) အပေါ့အလေးသွားခြင်းဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။

ဖြေ။ (၁) အိမ်သာထဲသို့ ဘယ်ခြေဖြင့်ဝင်ခြင်း။

(၂) မဝင်မီအလျင် ဤဒုအာကိုရွတ်ဆိုခြင်း။

بِسْمِ الله ، اللّهُمَّ إِنِّي أَعوذُ بِكَ مِنَ الْخُبْثِ وَالْخَبائِث.

အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့် စတင်ပါသည်။ အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် မကောင်းဆိုးဝါးမိစ္ဆာဖိုမတို့၏ အနှောင့်အယှက်မှကင်းလွတ်ရန် အရှင်မြတ်ထံခိုလှုံပါ၏။

(၃) အလ္လာဟ်အရှင်မြတ်၏ နာမတော်ပါရှိသည့် မည်သည့်အရာကိုမျှ အိမ်သာထဲသို့ မယူသွားရ။အနတ်စ် (رَضِيَ اللهُ عَنْهُ) ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ﷺ)သည် အိမ်သာသို့ဝင်သည့်အခါ မိမိလက်စွပ်ကို ချွတ်ထားလေ့ရှိသည်။ (အဗူဒါဝူးဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

(၄) အပေါ့အလေးသွားနေစဉ် အရှက်အင်္ဂါကို အကာအကွယ်ပြုထားရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-တမန်တော်မြတ်(ﷺ)သည် အပေါ့အလေးသွားသည့်အခါ မြင့်မားသော အကာအကွယ် သို့မဟုတ်

စွန်ပလွံရွက်အစည်းများဖြင့် ကာထားခြင်းကို
နှစ်သက်တော်မူသည်။(မွတ်စ်လင်မ်ကျမ်း)

(၅) အိမ်သာထဲတွင် စကားမပြောရ။

(၆) အပေါ့၊အလေးသွားနေချိန် ကိဗ်လဟ်ဘက်သို့မျက်နှာမူခြင်း သို့မဟုတ် ကျောပေးခြင်းတို့ မပြုရ။ တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ- အပေါ့အလေးသွားသောအခါ သင်တို့သည် ကိဗ်လဟ်(ကအ်ဗဟ်ကျောင်းတော်)ဘက်သို့ မျက်နှာမမူကြနှင့် ကျောလည်းမခိုင်းကြနှင့် အရှေ့အရပ် သို့မဟုတ်အနောက်အရပ်သို့သာ လှည့်ကြကုန်။ (ကအ်ဗဟ်ကျောင်းတော်သည် မဒီနဟ်မြို့၏ တောင်ဘက်တွင်ရှိသောကြောင့် မဒီနဟ်မြို့သားများနှင့် ၎င်းတို့ဘက်ခြမ်းတွင်ရှိသူများကို ရည်ရွယ်၍ အရှေ့အရပ်နှင့်အနောက်အရပ်ဟု ဆိုထားခြင်းဖြစ်သည်။) (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၇) အညစ်အကြေးများကို ဘယ်လက်ဖြင့်သာ ဆေးကြောသန့်စင်ရမည်။ ညာလက်ဖြင့် မပြုရ။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-ကိုယ်တော်မြတ်သည် ကျွန်တော်တို့အား အပေါ့အလေးသွားပြီးနောက် ဆေးကြောသန့်စင်ရာတွင် ညာဘက်ဖြင့်သန့်ရှင်းမှုပြုခြင်းကို တားမြစ်တော်မူခဲ့သည်။(မွတ်စ်လင်မ်ကျမ်း)

(၈) လူသွားလမ်းတွင်ဖြစ်စေ၊ အရိပ်ရှိသောနေရာတွင်ဖြစ်စေ အပေါ့၊အလေးမသွားရ။ အဗူဟုရိုင်ရဟ် رَضِيَ اللهُ عَنْهُ ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိထားသည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ-အသင်တို့သည် လအ်နသ်ကျိန်ဆဲခြင်းခံရသောသူနှစ်ဦး၏ လုပ်ရပ်မျိုးမှ ဝေးစွာရှောင်ကြဉ်ကြလေကုန်။ ထိုအခါသာဝကကြီးများက အို

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်
လအ်နသ်ကျိန်ဆဲခြင်းခံရသောသူနှစ်ဦး၏ လုပ်ရပ်ဟူသည် အဘယ်နည်းဟု
မေးမြန်းကြသည်။ ကိုယ်တော်က ဖြေကြားတော်မူသည်မှာ
လူအများသွားလာရာလမ်း သို့မဟုတ် လူတို့အနားယူလေ့ရှိသော
အရိပ်အောက်တွင် အပေါ့အလေးစွန့်ခြင်းဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

(၉) အပေါ့အလေးသွားပြီးနောက် လက်ကိုစင်ကြယ်အောင်ဆေးကြောပါ။
ဂျာဗိရ် رَضِيَ اللهُ عَنْهُ ဆင့်ပြန်ထားသော
ဟဒီးဆ်တော်တွင်လာရှိထားသည်။ကျွန်တော်သည် တမန်တော်မြတ် (ﷺ)
အတူရှိနေခဲ့သည်။ ကိုယ်တော်သည်
အိမ်သာသို့သွားကာအပေါ့အလေးသွားတော်မူသည်။ ထို့နောက် အို ဂျရီးရ်
အသင်ရေယူလာခဲ့ပါဟု ပြောကြားသဖြင့် ကျွန်တော်သည် ကိုယ်တော့်အား
ရေယူပေးခဲ့ပါသည်။ ကိုယ်တော်သည် ရေဖြင့် သန့်ရှင်းမှုပြုတော်မူခဲ့သည်။
ဂျရီးရ်က ဆက်လက်ပြောကြားသည်မှာ ၎င်းနောင် ကိုယ်တော်သည်
မိမိ၏လက်ကို မြေကြီးဖြင့် ပွတ်တိုက်တော်မူခဲ့သည်။(နစာအီကျမ်း)

(၁၀) အိမ်သာမှ ဘယ်ခြေဖြင့်ထွက်၍ ဤဒုအာကိုရွတ်ဆိုပါ။

(غُفْرَانَكَ)

အဓိပ္ပါယ်။ ။အို -
အရှင်မြတ်၊အရှင်မြတ်ထံတော်မှလွတ်ငြိမ်းချမ်းသာခွင့်ကိုပန်ကြားပါ၏။.

ဗလီ ဝတ်ကျောင်းတော်နှင့်သက်ဆိုင်သည့် စည်းကမ်းများ။

မေး (၁၈) ဗလီဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။

ဖြေ။ (၁) ဗလီထဲသို့ ညာခြေဖြင့်ဝင်၍ ဤဒုအာကိုရွတ်ဖတ်ပါ။

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏ နမတော်ဖြင့် အစပြုပါ၏။ အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအတွက်အရှင်မြတ်၏ ကရုဏာတော်တံခါးများဖွင့်လှစ်ပေးတော်မူပါ။

(၂) ဆွလာသ်နှစ်ရကအသ် ဝတ်ပြုပြီးမှသာ ထိုင်ပါ။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်သည့်အခါ ဆွလာသ်နှစ်ရကအသ် ဝတ်ပြုခြင်းမပြုဘဲ မထိုင်ပါနှင့်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၃) ဆွလာသ်ဝတ်ပြုသူများ၏ရှေ့မှ မဖြတ်သန်းရ။ ဗလီအပြင်တွင် ပျောက်ဆုံးသွားသောအရာကို ဗလီတွင် အော်ဟစ်ရှာဖွေခြင်းမပြုရ။ အရောင်းအဝယ် မပြုရ။ ဗလီသန့်ရှင်းမှုကို အလေးထားရမည်။ ကိုယ်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်မှာ-ဆွလာသ်ဆောက်တည်သူ၏ရှေ့မှ ဖြတ်သန်းသူသည် မည်သို့အပြစ်ခံရမည်ကိုသိလျှင် ဆွလာသ်ဆောက်တည်သူ၏ရှေ့မှ ဖြတ်သန်းခြင်းထက်(၄၀)တိုင်တိုင် ရပ်ပြီးစောင့်နေခြင်းက ၎င်းသူအတွက်ပို၍ကောင်းသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)အလ္လာဟ်အရှင်မြတ်၏တမန်တော်(ﷺ) မိန့်ကြားတော်မူသည်မှာ-အကြင်သူသည် ပျောက်ဆုံးသွားသော တိရစ္ဆာန်အား ဗလီဝတ်ကျောင်းတော်၌ ကြေညာရှာဖွေနေသူ၏ အသံကိုကြားရပါက ဤသို့ပြောကြားလိုက်ပါ  အလ္လာဟ်အရှင်မြတ်က သင့်ကို ထိုအရာကို ပြန်မပေးပါစေနှင့်။ မုချကေန် ဗလီဝတ်ကျောင်းတော်များသည် ဤအတွက်ဆောက်လုပ်ထားခြင်း မဟုတ်ပေ။(မွတ်စ်လင်မ်ကျမ်း)ဟဒီးဆ်တော်၌လာရှိထားသည်မှာအကယ်၍ အသင်တို့သည် ဗလီဝတ်ကျောင်းတော်ထဲတွင်

ဈေးရောင်းနေသူ သို့မဟုတ် ဝယ်ယူနေသူကို တွေ့မြင်ပါက ဤသို့ပြောကြကုန်။ အလ္လာဟ်အရှင်အသင်၏ရောင်းဝယ်မှုတွင် ဗရကဟ်တိုးပွါးမှု (ကောင်းကျိုး)မပေးပါစေနှင့်။(သိရ်မိဇီကျမ်း၊ ဒါရိမီကျမ်း)အာအိရှဟ် رَضِيَ اللهُ عَنْهَا ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိထားသည်။ ၎င်းက ပြောကြားခဲ့သည်မှာ-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) သည်ရပ်ကွက်များ၌ ဗလီဝတ်ကျောင်းတော်များဆောက်လုပ်ရန်၊ ဗလီဝတ်ကျောင်းတော်များကိုသန့်ရှင်းစင်ကြယ်စွာနှင့် မွှေးကြိုင်စွာထားရန် အမိန့်ပေးတော်မူခဲ့သည်။(သိရ်မိဇီကျမ်း၊ အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း)

(၄) ဗလီမှ ဘယ်ခြေဖြင့်ထွက်၍ ဤဒုအာကို ရွတ်ဆိုပါ။

(اللّٰهُمَّ إِنِّيْ أَسْأَلُكَ مِنْ فَضْلِكَ)

အဓိပ္ပါယ်။ ။အို - အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးအား အရှင်မြတ်၏ကျေးဇူးတော်များချီးမြှင့်ရန် ပန်ကြားပါ၏။

စလာမ်မေတ္တာ ပို့သခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

မေး (၁၉) စလာမ်မေတ္တာပို့သခြင်းဆိုင်ရာ စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁) မွတ်စ်လင်မ်တစ်ဦးနှင့် ဆုံတွေ့သောအခါ

السَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ وَبَرَكَاتُهُ

ဟုဆိုကာ စလာမ်ဖြင့်စတင်ရမည်။ အခြားစကားများဖြင့် မစတင်ရပါ။ မိမိလက်တစ်ဖက်ဖြင့် အမူအရာပြခြင်းမျိုးမပြုရပါ။

(၂) ပြုံးရွှင်ချိုသာစွာဖြင့် တဖက်လူအား စလာမ်မေတ္တာပို့သရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-သင်၏ညီနောင်အား ပြုံးရွှင်ချိုသာသော

မျက်နှာဖြင့် တွေ့ဆုံလိုက်ခြင်းပင်ဖြစ်စေ မည်သည့်ကောင်းမှုကိုမျှ သင်အထင်မသေးလေနှင့်။(မွတ်စ်လင်မ်ကျမ်း)

(၃) ၎င်းနောက် ညာလက်ဖြင့် လက်ဆွဲနှုတ်ဆက်ရမည်။

(၄) တစ်ဦးတစ်ယောက်က မိမိအား စလာမ်ဖြင့် နှုတ်ခွန်းဆက်သည့်အခါ ၎င်းနှုတ်ခွန်းဆက်သည့်အတိုင်း တုံ့ပြန်ရမည် သို့မဟုတ် ထို့ထက် ပိုမိုကောင်းမြတ်သော နည်းမျိုးဖြင့် စလာမ်မေတ္တာပို့သရမည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်သည်မှာ

﴿وَإِذَا حُيِّيتُم بِتَحِيَّةٍ فَحَيُّوا۟ بِأَحْسَنَ مِنْهَآ أَوْ رُدُّوهَآ ۗ إِنَّ ٱللَّهَ كَانَ عَلَىٰ كُلِّ شَىْءٍ حَسِيبًا ﴾ [النساء: 86]

((တစ်ဖန် အသင်တို့သည် တနည်းနည်းအားဖြင့် (စလာမ်မေတ္တာပို့သလျက်) နှုတ်ခွန်းဆက်သခြင်းကို ခံကြရသောအခါ၊ အသင်တို့သည် ထိုနှုတ်ခွန်းဆက်သခြင်းခံကြရသည်ထက် ပိုမို၍ ကောင်းမြတ်သောနည်းမျိုးဖြင့် (စလာမ်မေတ္တာပို့၍) နှုတ်ခွန်းဆက်သကြလေကုန်။ သို့တည်းမဟုတ်ထို (နှုတ်ခွန်းဆက်ခြင်းခံကြရသည်) အတိုင်းပင် တုံ့ပြန်ကြလေကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စစ်ဆေးတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[စူရဟ် နိစာအ် - အာယသ် ၈၆]

(၅) ကာဖိရ်အား စလာမ်မေတ္တာပို့သခြင်း မပြုရပါ။ ၎င်းက စလာမ်မေတ္တာပို့သလာလျှင်

( وَعَلَيكُمْ )

ဟုသာအဖြေပေးရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-အသင်တို့သည် ယဟူဒ်၊ နဆွာရာတို့အား စလာမ်စတင်ပေးခြင်း မပြုကြလေနှင့်။(မွတ်စ်လင်မ်ကျမ်း)

(၆) ငယ်ရွယ်သူက ကြီးသူကိုလည်းကောင်း၊ အစီးအနင်းဖြင့် သွားနေသူက လမ်းလျှောက်နေသူကိုလည်းကောင်း၊ လမ်းလျှောက်နေသူက ထိုင်နေသူကိုလည်းကောင်း၊ လူအနည်းစုက လူအများစုကိုလည်းကောင်း စလာမ်မေတ္တာပို့သရမည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) မိန့်ကြားတော်မူသည်မှာ-အစီးအနင်း စီးနင်းသူက လမ်းလျှောက်သူကိုလည်းကောင်း၊ လမ်းလျှောက်သူက ထိုင်နေသူကိုလည်းကောင်း၊ လူနည်းစုက လူများစုကိုလည်းကောင်း စလာမ်မေတ္တာပို့သရမည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)၇။ နိကာဟ်ပြုပိုင်ခွင့်မရှိသော မဟရမ်မဟုတ်သည့် အခြားအမျိုးသမီးများဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း မပြုရ။ အာအိရှဟ် (رَضِيَ اللهُ عَنْهَا) ဆင့်ပြန်ထားသော ဟဒီးဆ်တော်၌လာရှိသည်မှာအလ္လာဟ်အရှင်မြတ်အားတိုင်တည်၍ပြောမည်။ တမန်တော်မြတ် (ﷺ)သည် မည်သည့်သူစိမ်းအမျိုးသမီး၏လက်ကိုမျှ ကိုင်တွယ်ခြင်းမပြုခဲ့ပေ။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

## ဝင်ခွင့်တောင်းခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၂၀) ဝင်ခွင့်တောင်းခြင်းဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။

ဖြေ။ (၁) နေရာတစ်ခုကို မဝင်မီအလျင် ဝင်ခွင့်တောင်းရမည်။

(၂) သုံးချိန်သုံးခါ ဝင်ခွင့်တောင်းရမည်။ ထို့ထက်ပို၍ ခွင့်မတောင်းရပါ။ သုံးချိန်ခွင့်တောင်းပြီးနောက် ဝင်ခွင့်မရပါက လှည့်ပြန်သွားရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာအသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် သုံးကြိမ် ဝင်ခွင့်တောင်းပြီးနောက် ဝင်ခွင့်မရပါက လှည့်ပြန်သွားပါ။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၃) တံခါးအား ညင်သာစွာခေါက်ရမည်။ တံခါး၏ရှေ့တည့်တည့်တွင်မရပ်ဘဲ ညာဖက် သို့မဟုတ် ဘယ်ဖက်တွင်ရပ်ရမည်။

(السَّلَامُ عَلَيْكُمْ)

ဟုပြောရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-တမန်တော်မြတ်(ﷺ)သည် တစ်ဦးတစ်ယောက်၏ တံခါးဝသို့ရောက်သောအခါ တံခါး၏ရှေ့တည့်တည့်သို့မျက်နှာမူ၍မရပ်ဘဲ တံခါး၏ညာဖက် သို့မဟုတ် ဘယ်ဖက်တွင် ရပ်တော်မူသည်။ ထို့နောက်

(السَّلَامُ عَلَيْكُمْ) (السَّلَامُ عَلَيْكُمْ)

ဟုစလာမ်ဆိုလေသည်။(အဗူဒါဝူးဒ်ကျမ်း)

(၄) မိခင်၊ ဖခင် သို့မဟုတ် တစ်စုံတစ်ယောက်ရှိနေသည့် အခန်းထဲသို့ ခွင့်မတောင်းဘဲ မဝင်ရပါ။ အထူးသဖြင့် ဖဂျ်ရ်ချိန်မတိုင်မီအချိန်၊ နေ့လည်နားနေချိန်နှင့် အိရှာဆွလာသ်ပြီး နောက်ပိုင်းအချိန်တို့တွင် ဝင်ခွင့်တောင်းရန် အရေးကြီးသည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်သည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لِيَسۡتَـٔۡذِنكُمُ ٱلَّذِينَ مَلَكَتۡ أَيۡمَٰنُكُمۡ وَٱلَّذِينَ لَمۡ يَبۡلُغُواْ ٱلۡحُلُمَ مِنكُمۡ ثَلَٰثَ مَرَّٰتٖۚ مِّن قَبۡلِ صَلَوٰةِ ٱلۡفَجۡرِ وَحِينَ تَضَعُونَ ثِيَابَكُم مِّنَ ٱلظَّهِيرَةِ وَمِنۢ بَعۡدِ صَلَوٰةِ ٱلۡعِشَآءِۚ ثَلَٰثُ عَوۡرَٰتٖ لَّكُمۡۚ لَيۡسَ عَلَيۡكُمۡ وَلَا عَلَيۡهِمۡ جُنَاحُۢ بَعۡدَهُنَّۚ طَوَّٰفُونَ عَلَيۡكُم بَعۡضُكُمۡ عَلَىٰ بَعۡضٖۚ كَذَٰلِكَ يُبَيِّنُ ٱللَّهُ لَكُمُ ٱلۡأٓيَٰتِۗ وَٱللَّهُ عَلِيمٌ حَكِيمٞ ٥٨﴾ [النور: 58]

(အို-'မုအ်မင်န်' သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့၏ ကျွန်၊ ကျွန်မများသည်လည်းကောင်း၊ အသင်တို့အနက် အရွယ်မရောက်ကြသေးသော ယောက်ျားကလေးများသည်လည်းကောင်း၊ (အသင်တို့အိမ်များတွင် ဝင်ထွက်သွားလာရန်အလို့ငှာ) အချိန်သုံးချိန်တွင် အသင်တို့ထံ ခွင့်တောင်းကြရမည်။ 'ဖဂျ်ရ် ဆွလာသ်' အလျင် (တစ်ချိန်)၊ အသင်တို့သည် မိမိတို့၏ အဝတ်အစားများကိုချွတ်၍ ထားလေ့ ရှိကြသော နေ့လယ်အချိန်၌(တစ်ချိန်)နှင့် 'အိရှာအ် ဆွလာသ်' အပြီး၌(တစ်ချိန်၊ဤ)သုံးချိန်ကား အသင်တို့၏ ဖုံးအုပ်ရမည့် အစိတ်အပိုင်းများ လစ်လပ်(ကောင်း လစ်လပ်) နေမည့် အချိန်များဖြ်သည်။ (သို့ရာတွင်) ထို(သုံးချိန်)မှအပ(အခြားအချိန်များတွင်မူကား ခွင့်မတောင်းဘဲ ဝင်ထွက်သွားလာခြင်းကြောင့်) အသင်တို့အပေါ်၌လည်းကောင်း၊ ထိုသူတို့ အပေါ်၌ လည်းကောင်း၊ မည်သို့မျှ အပြစ်မရှိချေ။ ၎င်းတို့သည် အသင်တို့ထံ များစွာဝင်ထွက်သွားလာသူများ ဖြစ်ကြပေသည်။ အသင်တို့အနက် တစ်ဦးသည် တစ်ဦး၏ထံသို့ (ဝင်ထွက်သွားလာသူများသာဖြစ်ကြကုန်၏)။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် အမိန့်ပညတ်တော်များကို အသင်တို့အကျိုးငှာ ထုတ်ဖော် မိန့်ကြားတော်မူလေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[စူရဟ် နူရ် - အာယသ် ၅၈].

(၅) ဆေးရုံ သို့မဟုတ် စတိုးဆိုင်ကဲ့သို့ လူအများဝင်ထွက်သွားလာသောနေရာများတွင် ဝင်ခွင့်တောင်းရန်မလိုအပ်ပါ။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-》

﴿لَّيۡسَ عَلَيۡكُمۡ جُنَاحٌ أَن تَدۡخُلُواْ بُيُوتًا غَيۡرَ مَسۡكُونَةٖ فِيهَا مَتَٰعٞ لَّكُمۡۚ وَٱللَّهُ يَعۡلَمُ مَا تُبۡدُونَ وَمَا تَكۡتُمُونَ ٢٩﴾ [النور: 29]

(အသင်တို့သည် လူမနေသောအိမ်များတွင် အသင်တို့၏ (ကိုယ်ရေးကိုယ်တာ) အကျိုးကျေးဇူး ဥစ္စာပစ္စည်း တစ်စုံတစ်ရာရှိ၍ ထိုအိမ်များအတွင်းသို့ ဝင်ရောက်ခဲ့ကြသော် အသင်တို့၌ မည်သို့မျှအပြစ်မရှိချေ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ ထင်ရှားစေကြသော ကိစ္စများကို လည်းကောင်း၊ အသင်တို့ လျှို့ဝှက်သောကိစ္စများကိုလည်းကောင်း၊ ကောင်းစွာသိရှိတော်မူပေသတည်း။ [စူရဟ် နူရ် - အာယသ် ၂၉]

တိရစ္ဆာန်များအား နူးညံ့သိမ်မွေ့စွာဆက်ဆံခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များ။

မေး (၂၁) တိရစ္ဆာန်များနှင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံခြင်းဆိုင်ရာ စည်းကမ်းချက်များကို ဖေါ်ပြပါ။

ဖြေ။ (၁) တိရစ္ဆာန်ကို အစာရေစာကျွေးရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-သာဝကများက လျှောက်ထားကြသည်မှာ အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ကျွန်တော်တို့အတွက်တိရစ္ဆာန်များ(ကိုကောင်းကျိုးပြုခြင်း)၌ အကျိုးကုသိုလ်ရှိပါသလား။"(ထိုအခါ)ကိုယ်တော်မြတ်ကမိန့်တော်မူသည်မှာ။"စိုပြေသော အသည်းရှိသည့်သူတိုင်း(သတ္တဝါတိုင်းကို ကောင်းကျိုးပြုခြင်း)တွင် အကျိုးကုသိုလ်ရရှိပေမည်။"(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)အလ္လာဟ်အရှင်မြတ်ရစူလ်တမန်တော်(ﷺ) သည်အလွန်ပင်ဆာလောင်မွတ်သိပ်နေသောကြောင့် ဝမ်းဗိုက်နှင့်ကျောကပ်နေသော ကုလားအုပ်နားမှဖြတ်သန်းသွားရင်း မိန့်တော်မူသည်မှာအသင်တို့သည် ဤတိရစ္ဆာန်များနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြပါ။(အဗူဒါဝူးဒ်ကျမ်း)

(၂) တိရစ္ဆာန်ကို သနားကြင်နာကာ ကရုဏာထားရမည်။ မနိုင်ဝန် ထမ်းစေခြင်းမပြုရပါ။ တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ- ဤကုလားအုတ်၏ ပိုင်ရှင်မည်သူနည်း။ ဤကုလားအုတ်သည် မည်သူ့ဟာနည်း။ အန်ဆွာရီများအနက်မှ လူငယ်တစ်ဦးကလာ၍ အို အလ္လာဟ်အရှင်မြတ်ရစူလ်တမန်တော် ဤသည်ကျွန်တော်မျိုး၏ကုလားအုတ်ဖြစ်ပါသည်ဟု ပြောကြားခဲ့သည်။ ထိုအခါ ကိုယ်တော်ကအမိန့်ရှိသည်မှာ အလ္လာဟ်အရှင်မြတ်က သင့်အားပိုင်ဆိုင်စေခဲ့သော ဤတိရစ္ဆာန်နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အား အသင်မကြောက်ရွံ့လေသလော။ အသင်သည် ဤတိရစ္ဆာန်အား အငတ်ထားကာ အလုပ်အများအပြားခိုင်းစေကြောင်း ၎င်းက ငါကိုယ်တော်အားတိုင်တန်းသည်။(အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း)(နမ်သာ) ၏အဓိပ္ပါယ်မှာ အသင်သူ့ကိုပင်ပန်းစေသည်။

(၃) တိရစ္ဆာန်များကို မည်သည့်နည်းနှင့်မျှ ညှင်းပန်းနှိပ်စက်ခြင်း၊ ဒုက္ခပေးခြင်း မပြုရပါ။ ဂျာဗိရ် (رَضِيَ اللهُ عَنْهُ) ဆင့်ပြန်ထားသော ဟဒီးဆ်တော်တွင်လာရှိသည်မှာ တမန်တော်မြတ်(ﷺ)သည် မျက်နှာတွင်မီးပူကပ်၍ အမှတ်အသားပြုခံရသော မြည်းတစ်ကောင်နားမှ ဖြတ်သွားသည့်အခါ မိန့်ကြားတော်မူသည်မှာကေန်မုချ ငါကိုယ်တော်သည် တိရစ္ဆာန်၏မျက်နှာတွင် မီးပူကပ်၍ အမှတ်အသားပြုသူအားလည်းကောင်း၊ မျက်နှာကိုရိုက်သူအားလည်းကောင်း လအ်နသ်အရှင်မြတ်၏ ကရုဏာတော်မှကင်းဝေးပါစေဟု မကောင်းဆုတောင်းထားသည့်(သတင်း)အသင်တို့ထံ မရောက်ခဲ့လေသလော။ကိုယ်တော်မြတ်(ﷺ) ထိုလုပ်ရပ်များကို

တားမြစ်တော်မူခဲ့သည်။(မွတ်စ်လင်မ်ကျမ်း၊ အဗူဒါဝူးဒ်ကျမ်း၊ ထိုကျမ်းပါ စာသားအတိုင်းဖြစ်သည်။)

## အားကစားနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၂၂) အားကစားဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။

ဖြေ။ (၁) အားကစားပြုရာတွင် အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှုရရန်နှင့် အရှင်မြတ်၏အမိန့်တော်ကိုနာခံကာ သက္ကဝါတရားရရှိစေရန် စိတ်ထဲမှရည်စူးချက် ထားရမည်။

(၂) ဆွလာသ်အချိန်တွင် အားကစားမပြုလုပ်ရ။ အလ္လာဟ်အရှင်မြတ်မိန့်တော်သည်မှာ-

﴿فَوَيۡلٞ لِّلۡمُصَلِّينَ ۝٤ ٱلَّذِينَ هُمۡ عَن صَلَاتِهِمۡ سَاهُونَ ۝٥﴾ [الماعون: 4-5]

(သို့ဖြစ်ပေရာ (အကြင်သို့သော) ဆွလာတ်ဝတ်ပြုသူတို့၌ အကြီးအကျယ် ပျက်စီးခြင်းသည်ရှိ၏။ အကြင်(ဆွလာတ်ဝတ်ပြု)သူတို့သည် (မိမိ တို့၏ဆွလာတ်ဝတ်ပြုမှုစသော ကောင်းမှုများကို) ပြစားကြကုန်၏။ (စူရဟ်မာအူန် အာယသ် ၄ - ၅)

(၃) အားကစားပြုလုပ်ရာတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများ ရောနှော၍မပြုလုပ်ရပါ။

(၄) ဖုံးအုပ်ရမည့် အစိတ်အပိုင်းများကို ဖုံးကွယ်ပေးမည့်အားကစားဝတ်စုံကို ဝတ်ဆင်ထားရန် လိုအပ်သည်။

(၅) မျက်နှာရိုက်ခြင်း၊ ဖုံးအုပ်ရမည့် အရှက်အင်္ဂါအစိတ်အပိုင်းများကို ဖော်ထားခြင်း စသည်တို့ပါဝင်သော ဟရာမ်တားမြစ်ထားသည့်

အားကစားများကိုရှောင်ကြဉ်ရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ- အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိ၏ညီနောင်(မွတ်စ်လင်မ်)တစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွါးသည့်အခါ မျက်နှာကို (ရိုက်ပုတ်ခြင်းမှ) ရှောင်ကြဉ်ပါ။(မွတ်စ်လင်မ်ကျမ်း).

## နောက်ပြောင်ခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၂၃) နောက်ပြောင်ခြင်းဆိုင်ရာ စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁)နောက်ပြောင်ရာတွင် ရိုးသားမှုရှိရမည်။ လိမ်လည်မှုမပါရပါ။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-စကားပြောဆိုရာတွင် လူများရယ်မောစေရန်အတွက် လိမ်လည်ပြောဆိုသူ ပျက်စီးပါစေ။ ထိုသူပျက်စီးပါစေ။ ထိုသူပျက်စီးပါစေ။(အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

(၂) နောက်ပြောင်ခြင်း၌ ကဲ့ရဲ့ခြင်း၊ သရော်ခြင်း၊ ဒုက္ခပေးခြင်း၊ အထိတ်တလန့်ဖြစ်စေခြင်းများ မပါရှိရပါ။ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ-မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ်တစ်ဦးအား စိုးရိမ်ထိတ်လန့်အောင် ပြုပိုင်ခွင့်မရှိပေ။ (အဗူဒါဝူးဒ်ကျမ်း၊ အဟ်မဒ်ကျမ်း)

(၃) အလွန်အကျွံ နောက်ပြောင်ခြင်းမပြုရပါ။ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ-အလွန်ရယ်မောခြင်းမပြုနှင့်၊ အလွန်ရယ်မောခြင်းသည် နှလုံးသားကိုသေစေသည်။ (သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း).

## နှာချေခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၂၄) နှာချေခြင်းဆိုင်ရာ စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁) နှာချေရာတွင် လက် သို့မဟုတ် အဝတ် သို့မဟုတ် လက်ကိုင်ပဝါကို အသုံးပြု၍ကာရမည်။

(၂) နှာချေပြီးသောအခါ «الْحَمْدُ لِلّٰهِ» ဆိုရမည်။ အဓိပ္ပါယ် (ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်သည်) ။

(၃) ထိုသို့ရွတ်ဆိုလိုက်သောအခါ အနီးရှိညီနောင်များနှင့်မိတ်ဆွေများက «يَرْحَمُكَ اللّٰهُ» ဟုဆိုရမည်။ အဓိပ္ပါယ် (အသင့်အပေါ်အလ္လာဟ်အရှင်မြတ်၏ အသနားကရုဏာတော် ကျရောက်ပါစေ။)

နှာချေသူကလည်း ၎င်းတို့ကို «يَهْدِيكُمُ اللّٰهُ وَيُصْلِحُ بَالَكُمْ» ဟု ပြန်လည်ဆုတောင်းပေးရမည်။ အဓိပ္ပါယ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား တရားလမ်းမှန် ပြသပေးတော်မူပါစေ။ အသင်တို့၏အခြေအနေကို ကောင်းမွန်အောင်ပြုလုပ်ပေးတော်မူပါစေ။)

## သမ်းဝေခြင်းနှင့်သက်ဆိုင်သည့် စည်းကမ်းများ။

### မေး (၂၅) သမ်းဝေခြင်းဆိုင်ရာ စည်းကမ်းများကိုဖော်ပြပါ။

(၁) သမ်းဝေမှု မဖြစ်အောင် တတ်နိုင်သမျှထိန်းရမည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-သမ်းဝေခြင်းသည် ရှိုင်သွာန်ဘက်မှဖြစ်ပေါ်လာသောကြောင့် အသင်တို့အနက်မှတစ်ဦးတစ်ယောက်သည် သမ်းဝေချင်သောအခါ အတတ်နိုင်ဆုံးထိန်းချုပ်လိုက်ပါ။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

(၂) "ဟာ" "ဟာ" ဟု အသံကျယ်လောင်စွာ မသမ်းရပါ။
ဟဒီးဆ်တော်၌လာရှိထားသည်မှာ- "ဟာ""ဟာ"ဟုအသံမထွက်ရ။ အကယ်၍ အသင်တို့အနက်မှတစ်ဦးတစ်ယောက်သည် (သမ်းဝေရန်) ပါးစပ်ဟလိုက်သည့်အခါ ရှိုင်သွာန်ရယ်မောလေ၏။(အဟ်မဒ်ကျမ်း)

(၃) သမ်းနေစဉ် ပါးစပ်ပေါ် လက်အုပ်ထားရမည်။
ဟဒီးဆ်တော်၌လာရှိထားသည်မှာ-အသင်တို့အနက်မှ တစ်ဦးယောက်သည် သမ်းသောအခါ ပါးစပ်ပေါ်လက်အုပ်ထားပါ။(ထိုသို့မပြုပါက)ရှိုက်သွာန် ဝင်သွားပေလိမ့်မည်။(မွတ်စ်လင်မ်ကျမ်း)

## ဒုအာနှင့်သက်ဆိုင်သည့် စည်းကမ်းများ။မေး (၂၆) ဒုအာ၏စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁) အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းဖြင့် ဒုအာကိုအစပြုခြင်း။(၂) တမန်တော်မြတ်(ﷺ) အပေါ် ဆွလာသ်မေတ္တာပို့သခြင်း။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်(ﷺ)မိန့်ကြားတော်မူထားသည်မှာအသင်ဆွလာသ်ဝတ်ပြုပြီး သောအခါ ထိုင်ပြီးနောက်အလ္လာဟ်အရှင်မြတ်သည် ချီးမွမ်းခြင်းခံထိုက်တော်မူသောအရှင်ဖြစ်သောကြောင့် ချီးမွမ်းပါ။ ထို့နောက် ငါကိုယ်တော့်အပေါ်သို့ ဆွလာသ်မေတ္တာပို့သပါ။ ထို့နောက် အရှင်မြတ်ထံဆုတောင်းပါ။(သိရ်မိဇီကျမ်း)(၃) လက်မြှောက်၍ ဆုတောင်းခြင်း။အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) မိန့်ကြားတော်မူသည်မှာ-မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော ကြီးကျယ်မြင့်မြတ်တော်မူသော အသင်တို့၏အရှင်သခင်သည် မိမိ၏ကျေးကျွန်က လက်နှစ်ဖက်မြှောက်၍ ဆုတောင်းသောအခါ ၎င်းအား လက်မဲ့ပြန်လွှတ်ရန် ရှက်တော်မူသောအရှင်၊

အလွန်တရာရက်ရောတော်မူသောအရှင်ဖြစ်တော်မူ၏။(သိရ်မိဇီကျမ်း၊ အဗူဒါဝူးဒ်ကျမ်း)၄။ အပြစ်အကုသိုလ်များကို ဝန်ခံ၍ သောင်ဝ်ဗဟ်ပြုခြင်း။ မူစာ(عَلَيْهِ السَّلَامُ)သည် ဤသို့ဆုတောင်းခဲ့သည်။

﴿قَالَ رَبِّ إِنِّي ظَلَمْتُ نَفْسِي فَٱغْفِرْ لِي فَغَفَرَ لَهُۥٓۚ إِنَّهُۥ هُوَ ٱلْغَفُورُ ٱلرَّحِيمُ﴾ [القصص: 16]

ထိုမူစာသည် (အလ္လာဟ်အရှင်မြတ်အထံတော်တွင်) အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မိမိနှိပ်စက်မိပါပြီ၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပါဟု လျှောက်ထားပန်ကြားခဲ့ရာ ထိုအရှင်မြတ်သည် ၎င်းအား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူခဲ့ပေသည်။ စင်စစ်ဧကန် ထိုအရှင်မြတ်သည်ပင်လျှင် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသော အလွန်တရာ ကြင်နာသနား ကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။[အလ်ကစွက်စ် အာယသ်- ၁၆]၅။ ဒုအာကို

အကြိမ်ကြိမ်တောင်းခံခြင်း။၆။ ဆုတောင်းပြည့်စေရန် ဆန္ဒမစောရ။၇။ ဒုစရိုက်ကျူးလွန်ရန်၊ ဆွေမျိုးအဆက်ဖြတ်ရန်ဆုတောင်းခြင်းမပြုရ။ ဟဒီးဆ်တော်၌လာရှိသည်မှာ-ဆွေမျိုးဖြတ်ရန် သို့မဟုတ် အပြစ်ကျူးလွန်ရန်ဆုတောင်းခြင်းနှင့် ဆုတောင်းပြည့်ရန် ဆန္ဒစောခြင်းတို့မရှိသေးသမျှ ထိုသူ၏ဆုမွန်ဒုအာသည် လက်ခံခြင်းခံရ၏။ အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဆုတောင်းပြည့်ရန် ဆန္ဒစောခြင်းဟူသည်အဘယ်နည်းဟု မေးလျှောက်ကြရာ ကိုယ်တော်ကဖြေကြားတော်မူသည်မှာ ထိုသူက ကျွန်တော်သည်အကြိမ်ကြိမ်အခါခါ ဆုတောင်းခဲ့သော်လည်းဆုတောင်းပြည့်ကြောင်း မမြင်ခဲ့ရပါဟု ပြောကြားသည်။ ထို့နောက် ၎င်းသူသည် ငြီးငွေ့သွားပြီး ဆုတောင်းခြင်းကို

စွန့်လွှတ်လိုက်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)၈။

တီးတိုးစွာဆုတောင်းခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿ٱدۡعُواْ رَبَّكُمۡ تَضَرُّعٗا وَخُفۡيَةًۚ إِنَّهُۥ لَا يُحِبُّ ٱلۡمُعۡتَدِينَ ٥٥﴾ [الأعراف: 55]

(အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်၌ ကျိုးနွံစွာ ဖြင့် (တီးတိုး) လျှို့ဝှက်လျက် ဆုတောင်းပတ္ထနာပြုကြလေကုန်၊) (စူရဟ် အအ်ရာဖ် - အာယဟ် ၅၅ )

၉။ စိတ်ဝင်စားစွာဒုအာဆုတောင်းခြင်း။ ဟဒီးဆ်တော်တွင် လာရှိသည်မှာ - အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏တောင်းဆုများကိုမုချလက်ခံမည်ဟု ယုံကြည်ချက်ထားကာ အရှင်မြတ်ထံတော်တွင် ဒုအာဆုတောင်းကြလေကုန်။ အသင်တို့ ကောင်းစွာ မှတ်သားကြပါ။ မုချကေန် အလ္လာဟ်အရှင်မြတ်သည် စိတ်ဝင်စားမှုမရှိသည့် ဆုတောင်းခြင်းကို လက်ခံတော်မမူပေ။(သိရ်မိဇီကျမ်း)၁၀။ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုရရှိရန်အတွက်ဖြစ်ခြင်း။ ခက်ခဲသည့်အခါဖြစ်စေ ချောင်လည်သည့်အခါဖြစ်စေ အလ္လာဟ်အရှင်မြတ်ထံတော်၌သာ ဆုတောင်းရမည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَأَنَّ ٱلۡمَسَٰجِدَ لِلَّهِ فَلَا تَدۡعُواْ مَعَ ٱللَّهِ أَحَدٗا ١٨﴾ [الجن: 18]

(ထိုမှတစ်ပါး (ငါ့ထံသို့ အမိန့်တော်ထုတ်ပြန်ခြင်း ခံခဲ့ရလေ၏) ။ ကေန်မလွဲ 'မတ်စ်ဂျစ်ဒ်'ပျပ်ဝပ် ဦးချရာနေရာများသည် ၎င်းအရှင်မြတ်နှင့်သာ သက်ဆိုင်ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းအရှင်မြတ်နှင့်အတူ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြကုန်လင့်။(စူရဟ် ဂျင်န် - ၁၈)၁၁။

အလ္လာဟ်အရှင်မြတ်၏လှပသောနာမတော်များနှင့်ဂုဏ်တော်များကို ဝစီလဟ် အကြောင်းခံ၍ဆုတောင်းခြင်း။

﴿وَلِلَّهِ ٱلۡأَسۡمَآءُ ٱلۡحُسۡنَىٰ فَٱدۡعُوهُ بِهَاۖ وَذَرُواْ ٱلَّذِينَ يُلۡحِدُونَ فِيٓ أَسۡمَٰٓئِهِۦۚ سَيُجۡزَوۡنَ مَا كَانُواْ يَعۡمَلُونَ ۝١٨٠﴾ [الأعراف: 180]

(စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်၌ကောင်းမြတ်သော နာမတော် (ဂုဏ်တော်)များ ရှိကြပေသည်။သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အား ယင်းနာမတော်များဖြင့်သာ တသကြလေကုန်။ (တစ်နည်း) ဆုတောင်းပတ္ထနာ ပြုကြလေကုန်။) (စူရဟ် အအ်ရာဖ် - ၁၈၀)

၁၂။ ကိဗ်လဟ်ဘက်သို့ မျက်နှာမူခြင်း။ ဟဒီးဆ်တော်၌လာရှိသည်မှာ- ကိုယ်တော်သည် ကိဗ်လဟ်ဘက်သို့မျက်နှာမူ၍ လက်နှစ်ဖက်ဆန့်ကာ မိမိ၏အရှင်သခင်အားဟစ်ခေါ်လျက်ရှိနေပေရာ ကိုယ်တော်၏ပုခုံးနှစ်ဘက်ပေါ် ရှိ ခြုံထည်သည်ပင်လျှင် လျှောကျသွားလေသည်။(မွတ်စ်လင်မ်ကျမ်း)၁၃။ အစားအသောက်၊ အဝတ်အစား ဟလာလ်ဖြစ်ရမည်။ ဟဒီးဆ်တော်၌လာရှိသည်မှာ - ထို့နောက်ကိုယ်တော်မြတ်(ﷺ)သည် လူတစ်ဦးအကြောင်း တင်ပြခဲ့သည်။ ၎င်းသည်ခရီးရှည်သွားနေရာ ဆံပင်များဖွာလန်ကြဲနေပြီး ကိုယ်တွင်ဖုန်များလည်းလူးပေနေသည်။ ထိုသူသည်သူ၏လက်နှစ်ဖက်အားမိုးပေါ်သို့မြှောက်၍ အို-

ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အို-ဖန်ဆင်းမွေးမြူတော်မူသောအရှင်ဟု တောင်းဆုဒုအာပြုနေသည်။ သို့သော် သူ၏အစားအစာသည်ဟရာမ်၊ သူသောက်တာသည်ဟရာမ်၊ သူ၏အဝတ်အစားသည်ဟရာမ်ဖြစ်ပြီး ဟရာမ်ဖြင့်ပင်ဖွံ့ဖြိုးလာသည်ဖြစ်ရာ သူ၏တောင်းဆုသည် အဘယ်သို့လက်ခံခြင်းခံရမည်နည်း။(မွတ်စ်လင်မ်ကျမ်း)

## ကျမ်းတော်မြတ်ကုရ်အာန် ရွတ်ဖတ်ခြင်းနှင့် သက်ဆိုင်သော စည်းကမ်းများ။

မေး (၂၇) ကျမ်းတော်မြတ်ကုရ်အာန် ရွတ်ဖတ်ခြင်းနှင့် သက်ဆိုင်သော စည်းကမ်းများကို ဖော်ပြပါ။

ဖြေ။ (၁) ဝုဿွူပြုလုပ်၍ သန့်ရှင်းစင်ကြယ်စွာဖြင့် ကျမ်းတော်မြတ်ကုရ်အာန်ကို ရွတ်ဖတ်ရမည်။

(၂) ရိုသေမှုနှင့်တကွ တည်ငြိမ်အေးဆေးစွာ ထိုင်ရမည်။

(၃) ကျမ်းတော်မြတ်ကုရ်အာန်ကို စတင်ရွတ်ဖတ်သည့်အခါ၌

"أَعُوْذُ بِاللهِ مِنَ الشَّيْطَانِ الرّجِيْمِ"

ဆိုရမည်။ အဓိပ္ပါယ်။ ။နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်၏ အန္တရာယ်မှ ကင်ဝေးရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခိုလှုံပါ၏။

﴿فَإِذَا قَرَأْتَ ٱلْقُرْءَانَ فَٱسْتَعِذْ بِٱللَّهِ مِنَ ٱلشَّيْطَٰنِ ٱلرَّجِيمِ ۝٩٨﴾ [النحل: 98]

(သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည်ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်သောအခါ နှင်ထုတ်ခြင်းခံရသော ရှိုင်တွာန်မိစ္ဆာကောင်(၏နှောင့်ယှက်မှု) မှ (လွတ်ကင်းနိုင်ရန်)အလ္လာဟ်အရှင်မြတ်၏ အကာအကွယ်ကို ယူပါလေ။) [စူရဟ် နဟ်လ် - အာယသ် ၉၈]

(၄) အဓိပ္ပါယ်ကို စဉ်းစားတွေးတောကာ ရွတ်ဖတ်ရမည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်သည်မှာ-

﴿أَفَلَا يَتَدَبَّرُونَ ٱلۡقُرۡءَانَ أَمۡ عَلَىٰ قُلُوبٍ أَقۡفَالُهَآ ۝٢٤﴾ [محمد: 24]

(သို့ပါလျက် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို စေ့ငုစွာ စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မပြုကြလေသလော။ သို့တည်းမဟုတ် (၎င်းတို့၏) စိတ်နှလုံးများပေါ်၌ သော့ခလောက်များ(ခတ်ထားလျက်) ရှိနေသလော။) (စူရဟ် မုဟမ္မဒ် - အာယသ် ၂၄)

*******

**ကိုယ်ကျင့်တရားကဏ္ဍ-ကိုယ်ကျင့်တရားဆိုင်ရာ အသိပညာ။ကိုယ်ကျင့်တရားဟူသည် ကောင်းခြင်း၊ ဆိုးခြင်း၏အလိုသဘောကို သိရှိနိုင်သောအသိပညာရပ်ဖြစ်ပြီး ယင်းအသိပညာသည် အလ္လာဟ်အရှင်မြတ်နှင့်လည်းကောင်း၊ အရှင်မြတ်၏အဖန်ဆင်းခံများနှင့်လည်းကောင်း ဆက်ဆံရာတွင် မည်သို့ဆက်ဆံရမည်ကို ရှင်းပြပေးသည်။**

မေး (၁) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၏ထွတ်မြတ်မှုကို ဖော်ပြပါ။

ဖြေ။ (၁) တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မုအ်မင်န် သက်ဝင်ယုံကြည်သူများအနက် အီမာန်အပြည့်ဝဆုံးသူမှာ ၎င်းတို့အနက် ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။(သိရ်မိဇီကျမ်း၊ အဟ်မဒ်ကျမ်း)

မေး (၂) အစ္စလာမ့် ကိုယ်ကျင့်တရားများနှင့်အညီနေထိုင်ရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။

ဖြေ။ (၁) အဘယ်ကြောင့်ဆိုသော် အစ္စလာမ့် ကိုယ်ကျင့်တရားသည် အလ္လာဟ်အရှင်မြတ်၏ချစ်မြတ်နိုးမှုကို ရရှိနိုင်မည့်အကြောင်းခံဖြစ်သည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-သာဝကများက အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များအနက် အရှင်မြတ်အနှစ်သက်ဆုံးသောသူများသည် အဘယ်သူများနည်းဟု ကိုယ်တော့်အားမေးလျှောက်ကြရာ ကိုယ်တော်က ၎င်းတို့အနက် ကိုယ်ကျင့်တရားအကောင်းဆုံးသောသူဖြစ်သည်ဟု ဖြေကြားခဲ့သည်။(ဟာကင်မ်ကျမ်း၊ သွဗ်ရာနီကျမ်း)

(၂) အဖန်ဆင်းခံများ၏ချစ်ခင်မှုကို ရရှိနိုင်မည့်အကြောင်းခံဖြစ်သည်။

(၃) ၎င်းသည် မီဇာန်ချိန်ခွင်၌ အလေးချိန်အစီးဆုံးအရာဖြစ်သည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-ကောင်းမြတ်သော ကိုယ်ကျင့်တရားသည်

ကိယာမသ်နေ့တွင် မီဇာန်ချိန်ခွင်၌ အလေးချိန်အစီးဆုံးအရာဖြစ်သည်။ (အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

(၄) ကောင်းမြတ်သည့် ကိုယ်ကျင့်တရားကြောင့်အကျိုးကုသိုလ်များ တိုးပွါးလာသည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-မုအ်မင်န်တစ်ဦးသည် မိမိ၏ကောင်းမြတ်သောကိုယ်ကျင့်တရားကြောင့် နေ့တွင်ဆိုွယာမ်ဥပုသ်စောင့်ထိန်းပြီး ညတွင်ဆွလာသ်ဝတ်ပြုသူ၏အဆင့်ကို ရရှိသွားပေသည်။(အဟ်မဒ်ကျမ်း)

(၅) အီမာန်ပြည့်ဝခြင်း၏ လက္ခဏာဖြစ်သည်။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ-မုအ်မင်န် သက်ဝင်ယုံကြည်သူများအနက် အီမာန်အပြည့်ဝဆုံးသူမှာ ၎င်းတို့အနက် ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ (အဗူဒါဝူဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၃) ကိုယ်ကျင့်တရားများကို မည်သည့်နေရာမှရယူရမည်နည်း။

ဖြေ။ ကိုယ်ကျင့်တရားများကို ကျမ်းတော်မြတ်ကုရ်အာန်မှရယူမည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿إِنَّ هَٰذَا ٱلۡقُرۡءَانَ يَهۡدِي لِلَّتِي هِيَ أَقۡوَمُ وَيُبَشِّرُ ٱلۡمُؤۡمِنِينَ ٱلَّذِينَ يَعۡمَلُونَ ٱلصَّٰلِحَٰتِ أَنَّ لَهُمۡ أَجۡرٗا كَبِيرٗا ٩﴾ [الإسراء: 9]

(ဧကန်မလွဲ ဤကုရ်အာန်ကျမ်းတော်မြတ်သည်အဖြောင့်မတ်ဆုံးသော တရားလမ်းစဉ်ကို ညွှန်ကြား ပြသလေသည်။)[စူရဟ် အစ္စရာအ် အာယသ် - ၉]

ကိုယ်ကျင့်တရားများကို တမန်တော်မြတ်၏စွန္နဟ်လမ်းစဉ်မှရယူမည်။ တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-ဧကန်အမှန်ပင် ငါတမန်တော်သည် ကောင်းမြတ်သည့်ကိုယ်ကျင့်တရားများကို ပြည့်ဝစုံလင်အောင် ပြုလုပ်ပေးရန်အတွက် စေလွှတ်ခံရခြင်းဖြစ်သည်။(အဟ်မဒ်ကျမ်း)

မေး (၄) 'ခုလုကုလ် အိဟ်စာန်'ဟူသည့် ကိုယ်ကျင့်တရားကား အဘယ်နည်း။ ၎င်း၏ပုံစံကို ဖော်ပြပါ။

ဖြေ။ ၎င်းမှာ အလ္လာဟ်အရှင်မြတ်သည် မိမိအားအမြဲစောင့်ကြည့်ရှုနေတော်မူကြောင်း နှလုံးသွင်းကာ အဖန်ဆင်းခံတို့အား ကောင်းကျိုးပြုခြင်းနှင့် ကောင်းမွန်စွာဆက်ဆံခြင်းဖြစ်သည်။

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းအပေါ်တွင် ကောင်းကျိုးပြုရန် ပြဋ္ဌာန်းထားတော်မူသည်။(မွတ်စ်လင်မ်ကျမ်း)

အိဟ်စာန်၏ ပုံစံများအနက် အချို့မှာ-

- အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၌ အိဟ်စာန်ရှိခြင်း။ ဤသည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ 'အ်ခ်လာဆွ်' အရှင်မြတ်အတွက်သာသီးသန့် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

- မိဘနှစ်ပါးကို ကောင်းမွန်စွာပြောဆို၊ ဆက်ဆံခြင်း။

- ဘမဲ့ကလေးများနှင့် သူဆင်းရဲများကို ကောင်းမွန်စွာ ဆက်ဆံခြင်း။

- မိမိအားဒုက္ခပေးသူနှင့် ကောင်းမွန်စွာဆက်ဆံခြင်း။

- ကောင်းမွန်ချိုသာသည့်စကား ပြောဆိုခြင်း။- ဆွေမျိုးသားချင်းများကို ကောင်းမွန်စွာ ဆက်ဆံခြင်း။

- အိမ်နီးချင်းများကို ကောင်းမွန်စွာ ဆက်ဆံခြင်း။- ကောင်းမွန်သည့်နည်းလမ်းဖြင့် အချေအတင်ပြောဆိုခြင်း။

- တိရစ္ဆာန်ကို ကောင်းမွန်စွာ ဆက်ဆံခြင်း။.

မေး (၅) အိဟ်စာန်၏ဆန့်ကျင်ဘက်မှာ အဘယ်နည်း။

ဖြေ။ အိဟ်စာန်၏ဆန့်ကျင်ဘက်မှာ ဒုက္ခပေးခြင်းဖြစ်သည်။

၎င်းတွင် အောက်ပါအချက်များ ပါဝင်သည်။ -
အလ္လာဟ်အရှင်မြတ်အားခဝပ်ကိုးကွယ်ရာ၌ 'အိခ်လာဆ် 'မရှိခြင်း။

- မိဘနှစ်ပါး၏အမိန့်ကို ဖီဆန်ခြင်း။

- ဆွေမျိုးအဆက်ဖြတ်ခြင်း။

- အိမ်နီးချင်းများကို ဒုက္ခပေးခြင်း။

- သူဆင်းရဲများကို ကောင်းကျိုးမပြုခြင်း။ ၎င်းအပြင်အခြားသော မကောင်းသည့် အပြောအဆိုများနှင့်လုပ်ရပ်များ အားလုံးပါဝင်သည်။

မေး (၆) အမာနဟ် (ကတိသစ္စာရှိခြင်း)၏ အမျိုးအစားများနှင့် ၎င်း၏ပုံစံများကိုဖော်ပြပါ။

ဖြေ။

(၁) အလ္လာဟ်အရှင်မြတ်နှင့် သက်ဆိုင်သော ဝတ္တရားများ၌ ကတိသစ္စာရှိခြင်း။

၎င်း၏ပုံစံများမှာ- ဆွလာသ်၊ ဆိုယာမ်၊ ဇကာသ်၊ ဟဂ်ျတို့အပြင် အလ္လာဟ်အရှင်မြတ်က ဖရ်သ္ဖ်တာဝန်အဖြစ် သတ်မှတ်ထားသော အခြားအိဗာဒဟ်ခဝပ်ကိုးကွယ်မှုများကို သစ္စာရှိစွာတာဝန်ကျေပွန်ခြင်း။

(၂) အဖန်ဆင်းခံများနှင့် သက်ဆိုင်သော ဝတ္တရားများ၌ ကတိသစ္စာရှိခြင်း။ ဥပမာ-

- လူသားများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

- ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

- ၎င်းတို့၏ အသက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

- ၎င်းတို့၏ လျှို့ဝှက်ချက်များနှင့် လူတို့က ယုံကြည်စွာ အပ်နှံထားသောအရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

အလ္လာဟ်အရှင်မြတ်သည် အောင်မြင်သူများ၏ အရည်ချင်းများကို ဖော်ပြရာ၌ မိန့်တော်မူထားသည်မှာ -

﴿وَٱلَّذِينَ هُمۡ لِأَمَٰنَٰتِهِمۡ وَعَهۡدِهِمۡ رَٰعُونَ ٨﴾ [المؤمنون: 8]

(၎င်းပြင် ထို ("မုအ်မင်န်" သက်ဝင်ယုံကြည်) သူတို့သည် မိမိတို့ ယုံကြည်လွှဲအပ်ခြင်းခံရသော တာဝန်များကို လည်းကောင်း၊ မိမိတို့၏ ကတိဝန်ခံချက်များကိုလည်းကောင်း၊ စောင့်ထိန်းသူများလည်း ဖြစ်ကြကုန်၏။) [စူရဟ် မုအ်မိနူးန် အာယသ် - ၈]

မေး (၇) အမာနဟ်၏ ဆန့်ကျင်ဘက်မှာအဘယ်နည်း။

ဖြေ။ အမာနဟ်၏ ဆန့်ကျင်ဘက်မှာ ခိယာနဟ်ဖြစ်ပြီး ၎င်းသည် အလ္လာဟ်အရှင်မြတ်နှင့်သက်ဆိုင်သောဝတ္တရားများနှင့် လူသားများနှင့်သက်ဆိုင်သောဝတ္တရားများကို ဖောက်ဖျက်ခြင်း သစ္စာမဲ့ခြင်းဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَخُونُواْ ٱللَّهَ وَٱلرَّسُولَ وَتَخُونُوٓاْ أَمَٰنَٰتِكُمۡ وَأَنتُمۡ تَعۡلَمُونَ ٢٧﴾ [الأنفال: 27]

((အို-မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ စောင့်ထိန်းအပ်သော တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ရစူလ်တမန်တော်နှင့်ပတ်သက်၍ စောင့်ထိန်းအပ်သော တာဝန်ဝတ္တရားများကိုလည်းကောင်း၊ အလွဲသုံးစားမပြုကြကုန်လင့်။ထိုနည်းတူ စွာ အသင်တို့သည် မိမိတို့ယုံကြည်အပ်နှံခြင်း ခံကြရသောကိစ္စများကိုလည်း သစ္စာအလွဲသုံးစားမပြုကြကုန်လင့်။အမှန်မှာ အသင်တို့သည် (အလွဲသုံးစားပြုခြင်းဖြင့် ဖြစ်ပေါ်လာမည့်ဆုံးရှုံးမှုများနှင့် အလွဲသုံးစားပြုခြင်းသည် ဟရာမ်ဖြစ်သည်ကို)အသိပင် ဖြစ်ကြပေသည်။)[စူရဟ် အန္ဖာလ် - ၂၇]

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မုနာဖိက် (အယောင်ဆောင် မွတ်စ်လင်မ်)၏ လက္ခဏာသုံးရပ်ရှိသည်။ (၎င်းတို့အနက် တစ်ချက်မှာ) ယုံကြည်စွာအပ်နှံခြင်းခံရလျှင် အလွဲသုံးစားပြုသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း).

မေး (၈) မှန်ကန်မှုရှိခြင်းဟူသည့် ကိုယ်ကျင့်တရားမှာအဘယ်နည်း။

ဖြေ။ မှန်ကန်မှုရှိခြင်းဟူသည် အဖြစ်မှန်နှင့် ကိုက်ညီသောအရာ သို့မဟုတ် အမှန်တရားကို ပြောဆိုခြင်းဖြစ်သည်။ ဥပမာ- လူတို့နှင့်စကားပြောဆိုရာတွင် မှန်ကန်စွာပြောဆိုခြင်း။ ကတိတည်ခြင်း။

စကားတိုင်း၊ လုပ်ရပ်တိုင်းတွင် မှန်ကန်မှုရှိခြင်း။

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-ဧကန်အမှန်ပင် အမှန်တရားသည် ကောင်းမှုဘက်သို့လမ်းညွှန်ပေးပြီး ကောင်းမှုသည် ဂျန္နသ်သုခဘုံသို့ လမ်းညွှန်ပေးသည်။ လူတစ်ဦးသည် မှန်ကန်စွာပြောဆိုလုပ်ကိုင်ရင်း

နောက်ဆုံး(အရှင်မြတ်ထံတော်တွင်)
အလွန်မှန်ကန်သူဖြစ်သွားသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

### မေး (၉) မှန်ကန်မှု၏ ဆန့်ကျင်ဘက်မှာ အဘယ်နည်း။

ဖြေ။ မှန်ကန်မှု၏ ဆန့်ကျင်ဘက်မှာ မုသားဖြစ်ပြီး ၎င်းသည် အမှန်တရားနှင့် ဆန့်ကျင်ကွဲလွဲခြင်းဖြစ်သည်။ ဥပမာ- လူတို့အားလိမ်လည်ခြင်း၊ ကတိမတည်ခြင်း၊ မုသားသက်သေထွက်ဆိုခြင်းတို့ ဖြစ်သည်။

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-ဧကန်အမှန်ပင် မုသားသည် မကောင်းမှုဘက်သို့လမ်းညွှန်ပေးပြီး မကောင်းမှုသည် ဂျဟန္နမ်ငရဲသို့ လမ်းညွှန်ပေးသည်။ လူတစ်ဦးသည် မုသားပြောဆိုလုပ်ကိုင်ရင်း နောက်ဆုံး အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အလွန်မုသားပြောသူဟု သတ်မှတ်ခြင်းခံလိုက်ရသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မုနာဖိက် (အယောင်ဆောင် မွတ်စ်လင်မ်)၏ လက္ခဏာသုံးရပ်ရှိသည်။ (၎င်းတို့အနက် တစ်ချက်မှာ) စကားပြောသည့်အခါ လိမ်လည်ပြောဆိုသည်။ ကတိပြုသည့်အခါ ဖောက်ဖျက်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

### မေး (၁၀) ဆွဗ်ရ် သည်းခံခြင်း၏ အမျိုးအစားများကိုဖော်ပြပါ။

ဖြေ။ အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံမှု၌ သည်းခံခြင်း၊- အပြစ်ရှောင်ကြဉ်ခြင်း၌ သည်းခံခြင်း၊ - ပြင်းထန်သော သက္ကဒီးရ်သတ်မှတ်ချက်များအပေါ် သည်းခံ၍ အခြေအနေတိုင်းတွင်အရှင်မြတ်အား ချီးမွမ်းခြင်း။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَكَأَيِّن مِّن نَّبِيّٖ قَٰتَلَ مَعَهُۥ رِبِّيُّونَ كَثِيرٞ فَمَا وَهَنُواْ لِمَآ أَصَابَهُمۡ فِي سَبِيلِ ٱللَّهِ وَمَا ضَعُفُواْ وَمَا ٱسۡتَكَانُواْۗ وَٱللَّهُ يُحِبُّ ٱلصَّٰبِرِينَ ١٤٦﴾ [آل عمران: 146]

(အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (ဖွဲ့သတ္တိနှင့်ပြည့်စုံ၍) ခန္တီတရားထားရှိသူတို့ကို ချစ်ကြည်မြတ်နိုးတော်မူပေသည်။) [စူရဟ် အာလိအင်မ်ရာန် အာယသ် - ၁၄၆].

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မုအ်မင်န်၏ အရေးကိစ္စသည် အံ့သြစရာပင်ဖြစ်သည်။ သူ့အဖို့ သူ၏အရေးကိစ္စတိုင်းသည် အကောင်းချည်းသာဖြစ်၏။ ဤသည် မုအ်မင်န်မှအပအခြားမည်သူမျှ မဖြစ်နိုင်ပေ။ အကယ်၍ သူသည်ပျော်ရွှင်ဖွယ်ရာကိစ္စဖြင့် ကြုံရသောအခါ အရှင်မြတ်အား ကျေးဇူးတင်သည်။ ဤသည် သူ့အဖို့အကောင်းဖြစ်ပေသည်။ အကယ်၍ သူသည်ပြင်းထန်သောဒုက္ခအခက်ခဲနှင့် ကြုံရပါက သည်းခံလေသည်။ ဤသည်လည်း သူ့အဖို့အကောင်းပင်ဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

မေး (၁၁) ဆွဗရ်၏ ဆန့်ကျင်ဘက်မှာ အဘယ်နည်း။

ဖြေ။ အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံမှု၌ သည်းခံမှုမရှိခြင်း၊ သည်းခံမှုမရှိဘဲ အပြစ်ကျူးလွန်ခြင်း၊ အရှင်မြတ်၏ သက္ကဒီးရ် သတ်မှတ်ချက်အား မနှစ်မြို့ကြောင်း စကား သို့မဟုတ် လုပ်ရပ်ဖြင့် ထုတ်ဖော်ခြင်း။

ဥပမာ-

- သေခြင်းတရားကို တောင့်တခြင်း။တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ- "အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် မိမိကြုံတွေ့ခံစားနေရသော ဘေးဒုက္ခတစ်စုံတစ်ရာကြောင့်သေခြင်းတရားကို လုံးဝမတောင့်တကြလေနှင့်။ သေခြင်းတရားကို မလွဲမသွေမျှော်လင့်ရမည်ဆိုပါက (ဤကဲ့သို့)ဒုအာကိုပြုပါ။

အစိပ္ပါယ်။ "အို-အလ္လာဟ်အရှင်မြတ်၊ကျွန်တော်မျိုးအတွက် အသက်ရှင်သန်မှုသည်ပိုကောင်းလျှင် ကျွန်တော်မျိုးကို အသက်ရှင်လျက်ထားတော်မူပါ။ အကယ်၍ကျွန်တော်မျိုးအတွက်သေဆုံးခြင်းသည် ပိုကောင်းလျှင်ကျွန်တော်မျိုးကိုသေဆုံးစေတော်မူပါ။"(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)- ပါးကိုရိုက်ပုတ်ခြင်း။- အဝတ်အစားများကို စုတ်ဖြဲခြင်း။

- ဆံပင်ကို ဖွာလန်ကြဲခြင်း။

- မိမိကိုယ်မိမိ ကျိန်ဆဲခြင်း။ကိုယ်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ- ဒုက္ခအခက်အခဲများကြုံတွေ့သည့်အခါ မိမိပါးများကို ရိုက်ပုတ်သူ၊ အင်္ကျီရင်စကို ဆွဲဖြဲသူ၊ ဂျာဟိလိယသ် အမိုက်ခေတ်က ကြွေးကြော်သလို ကြွေးကြော်၍ အော်ဟစ်ငိုကြွေးသူတို့သည် ငါတို့အနက်မှ မဟုတ်ပေ။(ဗုခါရီကျမ်း)

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-ကြီးမားလှသည့် ဒုက္ခစမ်းသပ်မှုနဲ့အတူ ကြီးကျယ်လှသည့် အကျိုးကုသိုလ်လည်း ရှိသည်။ ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် လူအုပ်စုတစ်စုအားချစ်မြတ်နိုးတော်မူလျှင် ၎င်းတို့အား စမ်းသပ်တော်မူသည်။ အကြင်သူသည် ဤစမ်းသပ်မှုအပေါ် ကျေနပ်လျှင် ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိမည်။ အကြင်သူသည် ဤစမ်းသပ်မှုအပေါ် ကျေနပ်မှုမရှိလျှင်၎င်းသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကိုသာရရှိမည်။(သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း).

## မေး (၁၂) ရိုင်းပင်းကူညီတတ်သည့် အကျင့်စာရိတ္တဟူသည် အဘယ်နည်း။

ဖြေ။ အမှန်တရားနှင့် ကောင်းမြတ်သောကိစ္စရပ်များတွင် လူသားအချင်းချင်း ကူညီခြင်းကို ရိုင်းပင်းကူညီတတ်သည့် အကျင့်စာရိတ္တဟု ခေါ်ဆိုသည်။ ၎င်း၏ဥပမာများမှာ-- အခွင့်အရေးများ ရရှိစေရန် ရိုင်းပင်းကူညီခြင်း။ - မတရားသောသူအား တုံ့ပြန်ရာတွင် ရိုင်းပင်းကူညီခြင်း။ - လူသားများ၊ ဆင်းရဲသားများ၏လိုအပ်ချက်များဖြည့်ဆည်းပေးရာတွင် ရိုင်းပင်းကူညီခြင်း။ - ကောင်းသောကိစ္စရပ်တိုင်းတွင် ရိုင်းပင်းကူညီခြင်း။ - မကောင်းမှုကျူးလွန်ခြင်း၊ ထိခိုက်နစ်နာစေခြင်း၊ ရန်ပြုခြင်းတို့၌ ရိုင်းပင်းကူညီမှုမပြုခြင်း။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تُحِلُّواْ شَعَٰٓئِرَ ٱللَّهِ وَلَا ٱلشَّهۡرَ ٱلۡحَرَامَ وَلَا ٱلۡهَدۡيَ وَلَا ٱلۡقَلَٰٓئِدَ وَلَآ ءَآمِّينَ ٱلۡبَيۡتَ ٱلۡحَرَامَ يَبۡتَغُونَ فَضۡلٗا مِّن رَّبِّهِمۡ وَرِضۡوَٰنٗاۚ وَإِذَا حَلَلۡتُمۡ فَٱصۡطَادُواْۚ وَلَا يَجۡرِمَنَّكُمۡ شَنَـَٔانُ قَوۡمٍ أَن صَدُّوكُمۡ عَنِ ٱلۡمَسۡجِدِ ٱلۡحَرَامِ أَن تَعۡتَدُواْۘ وَتَعَاوَنُواْ عَلَى ٱلۡبِرِّ وَٱلتَّقۡوَىٰۖ وَلَا تَعَاوَنُواْ عَلَى ٱلۡإِثۡمِ وَٱلۡعُدۡوَٰنِۚ وَٱتَّقُواْ ٱللَّهَۖ إِنَّ ٱللَّهَ شَدِيدُ ٱلۡعِقَابِ ٢﴾ [المائدة: 2]

(ထို့ပြင်တဝ အသင်တို့သည် ကောင်းမှုကုသိုလ်ပြုရာ၌လည်းကောင်း၊ မကောင်းမှုဒုစရိုက်မှ ကြဉ်ရှောင်ရာ၌လည်းကောင်း၊ အချင်းချင်း ကူညီရိုင်းပင်းကြလေကုန်။ သို့ရာတွင် ပြစ်မှုဒုစရိုက်ကို ပြုကျင့်ရာတွင်လည်းကောင်း၊ ကျူးကျော်စော်ကားရာတွင်လည်းကောင်း၊ အချင်းချင်း ရိုင်းပင်းကူညီခြင်းကို မပြုကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြလေကုန်။ အလ္လာဟ်အရှင်မြတ်သည် မလွဲကေန် ပြင်းထန်စွာအပြစ်ပေးတော်မူသော အရှင်မြတ်ပင်တည်း။) [စူရဟ် မာအိဒဟ် အာယသ် -၂]

ဖြေ။ (၁) တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မုအ်မင်န်တစ်ဦးနှင့် အခြားမုအ်မင်န်တစ်ဦးသည် အဆောက်အဦးပမာဖြစ်သည်။

ယင်းအဆောက်အဦး၏ အစိတ်အပိုင်းတစ်ခုသည် အခြားအစိတ်အပိုင်းကို ကျစ်လျစ်တောင့်တင်းခိုင်မာစေသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)
တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-မွတ်စ်လင်မ်တစ်ဦးသည် မွတ်စ်လင်မ်တစ်ဦး၏ညီနောင်ဖြစ်သည်။ နှိပ်စက်ခြင်းမပြုရ၊ (နှိပ်စက်သူ၏လက်ထဲသို့) အပ်နှံခြင်းလည်းမပြုရပေ။ မည်သူမဆို မိမိညီနောင်၏ လိုအပ်ချက်အား ဖြည့်ဆည်းပေးခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းသူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော်မူမည်။ မည်သူမဆို မွတ်စ်လင်မ်တစ်ဦး၏ သောကတစ်ခုကို ဖယ်ရှားပေးခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့၏ သောကများအနက်မှ သောကတစ်ခုကို ၎င်းထံမှ ဖယ်ရှားပေးတော်မူမည်။ မည်သူမဆို မွတ်စ်လင်မ်တစ်ဦးနှင့် ပတ်သက်၍ ဖုံးကွယ်ပေးခဲ့သော် အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့၌ ၎င်းသူနှင့်ပတ်သက်၍ ဖုံးကွယ်ပေးတော်မူမည်ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

### မေး (၁၃) အရှက်တရားထားရှိရမည့် အမျိုးအစားများကို ဖော်ပြပါ။

ဖြေ။ အရှက်တရားထားရှိရမည့် အမျိုးအစားများမှာ- (၁) အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ဖီဆန်ခြင်းမပြုဘဲ အရှင်မြတ်အား အရှက်တရားထားရှိခြင်း။ (၂) လူတို့အား အရှက်တရားထားရှိခြင်း။ ဥပမာ- ညစ်ညမ်းသည့်စကားများ မပြောဆိုခြင်း၊ အရှက်အင်္ဂါအစိတ်အပိုင်းများကို မဖော်ထားခြင်း။ ကိုယ်တော်မြတ်(ﷺ)မိန့်ကြားတော်မူသည်မှာ-အီမာန် သက်ဝင်ယုံကြည်မှု၌ အကိုင်းအလက် (အစိတ်အပိုင်း) ခုနစ်ဆယ်ကျော် သို့မဟုတ် ခြောက်ဆယ်ကျော် ရှိသည်။ ၎င်းတို့အနက် အမြင့်မြတ်ဆုံးမှာ " لَا إِلَٰهَ إِلَّا اللَّهُ "ရွတ်ဆိုခြင်းဖြစ်ပြီး အနိမ့်ဆုံးမှာ လမ်းပေါ်မှ ဒုက္ခဖြစ်စေမည့် အရာကို

ဖယ်ရှားပေးခြင်းဖြစ်သည်။ အရှက်တရားသည် အီမာန်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း)

### မေး (၁၄) သနားကြင်နာမှုထားရှိရမည့် ဥပမာများကို ဖော်ပြပါ။

ဖြေ။ - သက်ကြီးရွယ်အိုများကို သနားကြင်နာခြင်း၊ ၎င်းတို့အား ရိုသေလေးစားခြင်း။ – ငယ်ရွယ်သူများ၊ ကလေးသူငယ်များကို သနားကြင်နာခြင်း။ ဟဒီးဆ်တော်၌လာရှိထားသည်မှာ- ကြီးသူကိုရိုသေလေးစားခြင်းမရှိသူ၊ ငယ်သူကိုသနားကျင်နာမှုမရှိသူသည် ငါကိုယ်တော်၏အသင်းသားများအနက်မှမဟုတ်ပေ။(အဟ်မဒ်ကျမ်း)

- ဆင်းရဲသားများ၊ လူမွဲများနှင့် လိုအပ်ချက်ရှိနေသူများကို သနားကြင်နာခြင်း။

- တိရစ္ဆာန်များကို ညှဥ်းပန်းခြင်းမပြုဘဲ အစာရေစာကျွေးမွေးခြင်းဖြင့် သနားကြင်နာခြင်း။ ဤကဏ္ဍနှင့် ပတ်သက်၍ ကိုယ်တော်မြတ်(ﷺ)၏ ဟဒီးဆ်တော်တစ်ရပ် လာရှိသည်မှာ-မုအ်မင်န်အချင်းချင်းသည် တစ်ဦးနှင့်တစ်ဦး သနားကြင်နာမှု၊ ချစ်ခင်မှုနှင့် ညှာတာထောက်ထားမှုတို့တွင်ခန္ဓာကိုယ်တစ်ခုနှင့် အလားတူကြောင်း အသင်တို့ မြင်တွေ့ရလိမ့်မည်။ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုက ဒုက္ခဝေဒနာခံစားရပါက ခန္ဓာကိုယ်တစ်ခုလုံးသည် ထိုအစိတ်အပိုင်းနှင့်အတူ အိပ်မပျော်ခြင်း၊ ဖျားနာခြင်းတို့ကို ခံစားရသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ- အကြင်နာတရားရှိသူတို့အား "ရဟ်မာန်" မဟာကရုဏာတော်ရှင်က သနားကြင်နာတော်မူမည်ဖြစ်သည်။ မြေပထဝီပေါ် ရှိ သတ္တဝါအပေါင်းအား သနားကြင်နာကြလေကုန်၊ မိုးကောင်းကင်ပေါ်တွင်ရှိတော်မူသော အရှင်မြတ်က အသင်တို့အား သနားကြင်နာတော်မူပေမည်။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၁၅) ချစ်မြတ်နိုးခြင်း၏ အမျိုးအစားများကို ဖော်ပြပါ။

ဖြေ။ ချစ်မြတ်နိုးခြင်း၏ အမျိုးအစားများမှာ- အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးခြင်း။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَٱلَّذِينَ ءَامَنُوٓاْ أَشَدُّ حُبًّا لِّلَّهِۗ ١٦٥﴾ [البقرة: 165]

(သို့ရာတွင် ယုံကြည်ခြင်းသဒ္ဓါတရား ရှိကြသူတို့မှာမူ အလ္လာဟ်အရှင်မြတ်ကိုသာလျှင် အလွန်ထက်သန်သော (ယုံကြည်ခြင်း သဒ္ဓါတရားဖြင့်) ချစ်ကြည်မြတ်နိုး (ကိုးကွယ်) ကြလေသတည်း။) [စူရဟ် ဗကရဟ် အာယသ် - ၁၆၅].

- တမန်တော်မြတ် (ﷺ) အားချစ်မြတ်နိုးခြင်း။

ကိုယ်တော်မြတ်မိန့်တော်မူသည်မှာ-အကြင်အရှင်၏ လက်တော်တွင် ငါကိုယ်တော်၏ အသက်ဝိညာဉ်ရှိပြီး ထိုအရှင်မြတ်အား တိုင်တည်၍ပြောမည်။ အသင်တို့အနက် မည်သူမဆို မိမိ၏ မိဘ၊ မိမိ၏ သားသမီးထက် ငါကိုယ်တော်အား ပိုမချစ်သမျှ ကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။(ဗုခါရီကျမ်း) - မုအ်မင်န်များအား ချစ်မြတ်နိုးခြင်း။ မိမိအတွက်အကောင်းကိုသာ နှစ်သက်သကဲ့သို့ မုအ်မင်န်များအတွက်လည်း အကောင်းကိုသာ နှစ်သက်ရမည်။

တမန်တော်မြတ် (ﷺ)မိန့်တော်မူသည်မှာ-အသင်တို့အနက် မည်သူမဆို မိမိနှစ်သက်မြတ်နိုးသောအရာကို မိမိညီနောင်အတွက် နှစ်သက်မြတ်နိုးခြင်းမရှိသမျှကာလပတ်လုံး ပြည့်ဝသည့် မုအ်မင်န် မဖြစ်နိုင်ပေ။(ဗုခါရီကျမ်း)

### မေး (၁၆) ပြုံးရွှင်ချိုသာခြင်းဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ပျော်ရွှင်ခြင်း၊ ပြုံးခြင်း၊ သိမ်မွေ့ခြင်းတို့နှင့်တကွ ချိုသာသော မျက်နှာထားရှိခြင်းဖြစ်ပြီး လူတို့နှင့်ဆုံတွေ့သောအခါ ဖော်ရွေစွာဖြင့် တွေ့ဆုံခြင်းဖြစ်သည်။

ဤသည် မုန်းတီးမှုကိုဖြစ်စေသော လူတို့အား မျက်မှောင်ကြုတ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

မျက်နှာပြုံးရွှင်ချိုသာခြင်း၏ ထွတ်မြတ်မှုအကြောင်း ဟဒီးဆ်တော်များ၌ လာရှိထားသည်။ အဗူဇရ်(رَضِيَ اللهُ عَنْهُ)က ဆင့်ပြန်ပြောကြားခဲ့သည်။ တမန်တော်မြတ်(ﷺ)သည် ကျွန်ုပ်အားမိန့်ကြားတော်မူသည်မှာ- သင်၏ညီနောင်အား ပြုံးရွှင်ချိုသာသော မျက်နှာဖြင့် တွေ့ဆုံလိုက်ခြင်းပင်ဖြစ်စေ မည်သည့်ကောင်းမှုကိုမျှ သင်အထင်မသေးလေနှင့်။(မွတ်စ်လင်မ်ကျမ်း)

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ- အသင့်ညီနောင်အား ပြုံးရွှင်ချိုသာစွာ တွေ့ဆုံခြင်းသည် အလှူဒါနပင်ဖြစ်သည်။(သိရ်မိဇီကျမ်း).

### မေး (၁၇) မနာလိုဝန်တိုခြင်းဟူသည် အဘယ်နည်း။

ဖြေ။ မနာလိုဝန်တိုခြင်းဟူသည် အခြားသူ၌ရှိသော နိအ်မသ် စည်းစိမ်များအား ပျက်စီးစေလိုသည့် ဆန္ဒရှိခြင်း သို့မဟုတ် အခြားသူ၌ရှိသောနိအ်မသ် စည်းစိမ်များကို မနာလို မရှုဆိတ်ဖြစ်ခြင်း။
အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ۝٥﴾ [الفلق: 5]

(မနာလို ငြူစူသောသူသည် မနာလိုငြူစူသောအခါ (ဖြစ်တတ်သော) ဘေးအန္တရာယ်များမှလည်းကောင်း။) [စူရဟ် ဖလတ်က် အာယသ် - ၅]

အနတ်စ်ဗင်န်မာလိက် (رَضِيَ اللَّهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ)မိန့်ကြားတော်မူသည်မှာ- အသင်တို့ အချင်းချင်း အမုန်းမထားကြနှင့်၊ အသင်တို့ အချင်းချင်း မနာလိုဝန်တိုစိတ် မထားကြနှင့်၊ အသင်တို့ အချင်းချင်း မျက်နှာလွှဲကျောခိုင်းခြင်းမပြုကြနှင့်။ အို-အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်တို့ အသင်တို့သည် ညီနောင်သဖွယ်ဖြစ်ကြလေကုန်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

## မေး (၁၈) လှောင်ပြောင်ခြင်းဟူသည် အဘယ်နည်း။

ဖြေ။ လှောင်ပြောင်ခြင်းဟူသည် မွတ်စ်လင်မ် ညီနောင်တစ်ဦးအား သရော်ခြင်း၊ သေးသိမ်စေခြင်းဖြစ်သည်။ ထိုသို့ ပြုပိုင်ခွင့်မရှိပေ။

ဤလုပ်ရပ်အား တားမြစ်ထားကြောင်း အလ္လာဟ်အရှင်မြတ်က မိန့်တော်မူထားသည်မှာ

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا يَسۡخَرۡ قَوۡمٞ مِّن قَوۡمٍ عَسَىٰٓ أَن يَكُونُواْ خَيۡرٗا مِّنۡهُمۡ وَلَا نِسَآءٞ مِّن نِّسَآءٍ عَسَىٰٓ أَن يَكُنَّ خَيۡرٗا مِّنۡهُنَّۖ وَلَا تَلۡمِزُوٓاْ أَنفُسَكُمۡ وَلَا تَنَابَزُواْ بِٱلۡأَلۡقَٰبِۖ بِئۡسَ ٱلِٱسۡمُ ٱلۡفُسُوقُ بَعۡدَ ٱلۡإِيمَٰنِۚ وَمَن لَّمۡ يَتُبۡ فَأُوْلَٰٓئِكَ هُمُ ٱلظَّٰلِمُونَ ١١﴾ [الحجرات: 11]

(အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ယောကျ်ားများသည် ယောကျ်ားအား သရော်သမှုမပြုရ။(အကြောင်းသော်ကား) ထို(သရော်သမှု ပြုခြင်းခံကြရသော)ယောကျ်ားများသည် ထို(သရော် သောယောကျ်ား)တို့ထက်ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ကြရာကုန်၏။ ထိုနည်းတူစွာ မိန်းမများသည်လည်း မိန်းမများအား သရော်သမှုမပြုကြရ။ထို (သရော်သမှုပြုခြင်းကိုခံကြရသော)မိန်းမများသည် ထို(သရော်ကြသောမိန်းမ)များထက်ပို၍ ကောင်းမြတ်သူများ ဖြစ်တန်ကြရာကုန်၏။ ၎င်းပြင် အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး ပြစ်စုစောင်းမြောင်း ကဲ့ရဲ့ပြစ်တင်ခြင်းလည်း မပြုကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး သရော်သမှုပြုကြသော အမည်နာမများဖြင့်လည်း မှည့်ခေါ် ခြင်း မပြုကုန်လင့်။ 'အီမာန်'သက်ဝင်ယုံကြည်ပြီးနောက် ပြစ်မှုတည်းဟူသော အမည်နာမသည် လွန်စွာဆိုးရွားလှ၏။ သို့ပါလျက် မည်သူမဆို ဝန်ချတောင်းပန်ခြင်း မပြုခဲ့သော် ယင်းကဲ့သို့ သူတို့သည်သာလျှင် မတရားသောသူများ ဖြစ်ကြပေသတည်း။)[စူရဟ်ဟုဂျုရာသ် အာယသ် - ၁၁]

မေး (၁၉) ရိုကျိုးခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ရိုကျိုးခြင်းဟူသည် မိမိကိုယ်မိမိ အခြားသူထက် သာမြတ်သည်ဟု မမှတ်ယူခြင်း၊ အခြားသူများကို သေးသိမ်သည်ဟု မထင်မှတ်ခြင်း၊ အမှန်တရားကို ငြင်းပယ်မှု မပြုခြင်းတို့ ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَعِبَادُ ٱلرَّحۡمَٰنِ ٱلَّذِينَ يَمۡشُونَ عَلَى ٱلۡأَرۡضِ هَوۡنٗا وَإِذَا خَاطَبَهُمُ ٱلۡجَٰهِلُونَ قَالُواْ سَلَٰمٗا ٦٣﴾ [الفرقان: 63]

(စင်စစ်သော်ကား 'ရဟ်မာန်' ကြီးမားလှသော ကရုဏာတော်ရှင်၏ ကျွန်များသည် အကြင်သူများပင်။ ထိုသူတို့သည် ပထဝီမြေပေါ်ဝယ် ကျိုးနွံစွာ၊ ဖြည်းညင်းစွာ၊ ဣန္ဒြေသိက္ခာရှိစွာ၊ လမ်းလျှောက်ကြကုန်၏။) [စူရဟ် ဖုရ်ကာန် အာယသ် - ၆၃]

ဆိုလိုသည်မှာ ၎င်းတို့သည် ကျိုးနွံကြသူများ ဖြစ်ကြသည်။

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ- လူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အတွက် ကျိုးနွံခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းအား မြှင့်တင်ပေးတော်မူသည်။(မွတ်စ်လင်မ်ကျမ်း) တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-အသင်တို့ တစ်ဦးကိုတစ်ဦး မာန်မာန ထောင်လွှားခြင်း၊ ညှဉ်းပန်းခြင်းမရှိတော့သည်အထိ အချင်းချင်းနှိမ့်ချရိုကျိုးမှုထားရှိရမည်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်က ငါကိုယ်တော့်ထံ (ဝဟီ)ထုတ်ပြန်ပို့ချတော်မူခဲ့၏။(မွတ်စ်လင်မ်ကျမ်း)

မေး (၂၀) ဟရာမ်အဖြစ်သတ်မှတ်ထားသော မာန်မာနထောင်လွှားခြင်း အမျိုးအစားများကို ဖော်ပြပါ။

ဖြေ။ ဟရာမ်အဖြစ်သတ်မှတ်ထားသော မာန်မာနထောင်လွှားခြင်း အမျိုးအစားများမှာ- (၁) အမှန်တရားကို ငြင်းပယ်ခြင်း၊ လက်မခံခြင်း။

(၂) အခြားသူများအပေါ် မာနထောင်လွှားခြင်း၊ ၎င်းတို့အားသေးသိမ်သည်ဟု ထင်မြင်ယူဆခြင်း၊အထင်သေးခြင်း။

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) မိန့်ကြားတော်မူသည်မှာ- စိတ်နှလုံးသားတွင် မြူမှုန်ခန့်မျှ မာနတရားရှိသူသည် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည် မဟုတ်ပေ။ထိုအခါ ပုဂ္ဂိုလ်တစ်ဦးက မေးမြန်းသည်မှာ လူတစ်ဦးက မိမိအဝတ်အစား လှပကောင်းမွန်မှု၊ မိမိဖိနပ်လှပကောင်းမွန်မှုတို့ကို

နှစ်သက်ပါသည်။ (ဤသည် မာန်မာနထောင်လွှားမှုထဲတွင် ပါဝင်ပါသလား။)
ကိုယ်တော်က ဖြေကြားတော်မူသည်မှာကေန်မုချ အလ္လာဟ်အရှင်မြတ်သည်
အလွန်လှပတော်မူပြီး လှပခြင်းကို နှစ်သက်တော်မူသည်။
မာန်မနာထောင်လွှားခြင်းဟူသည် အမှန်တရားကို လက်မခံခြင်း၊ လူတို့အား
အထင်သေးခြင်းဖြစ်သည်။(မွတ်စ်လင်မ်ကျမ်း) အမှန်တရားကို
လက်မခံခြင်းဆိုသည်မှာ အမှန်တရားကို ငြင်းပယ်ခြင်းဖြစ်သည်။ လူတို့အား
အထင်သေးခြင်းဆိုသည်မှာ လူတို့အားသေးသိမ်သည်ဟု
ထင်မှတ်ခြင်းဖြစ်သည်။ လှပကောင်းမွန်သော အဝတ်အစား ဝတ်ဆင်ခြင်း၊
လှပကောင်းမွန်သော ဖိနပ်စီးခြင်းတို့သည် မာန်မာနထောင်လွှားခြင်း မဟုတ်ပါ။

မေး (၂၁) ဟရာမ်တားမြစ်ထားသော လိမ်လည်လှည့်ဖြားခြင်း၏ အမျိုးအစားအချို့ကို ဖော်ပြပါ။

ဖြေ။ ဟရာမ်တားမြစ်ထားသော လိမ်လည်လှည့်ဖြားခြင်း၏
အမျိုးအစားအချို့မှာ- (၁)အရောင်းအဝယ်၌ လိမ်လည်လှည့်ဖြားခြင်း။
ကုန်ပစ္စည်း၏ ချို့ယွင်းချက်ကို ဖုံးကွယ်ထားခြင်း။

(၂) ပညာသင်ယူရာတွင် လိမ်လည်လှည့်ဖြားခြင်း။ဥပမာ ကျောင်းသားများ
စာမေးပွဲဖြေဆိုရာတွင် စာခိုးချခြင်း။

(၃) စကားပြောဆိုရာ၌ လိမ်လည်လှည့်ဖြားခြင်း။ ဥပမာ-
မုသားသက်သေထွက်ဆိုခြင်း၊ မုသားပြောခြင်း။

(၄) နှုတ်ဖြင့်ပြောထားသည့် ကတိ၊ အခြားသူနှင့် ပြုလုပ်ထားသည့်
ကတိကဝတ်တို့ကို ဖောက်ဖျက်ခြင်း။

လိမ်လည်လှည့်ဖြားမှုအား တားမြစ်ထားခြင်းနှင့် ပတ်သက်၍ ဟဒီးဆ်တော်၌
လာရှိထားသည်မှာ အလ္လာဟ်ရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) သည်(စွဗ်ရဟ်)

ကောက်ပဲသီးနှံပုံ အနီးမှဖြတ်သန်းသွားသောအခါ ကိုယ်တော်သည် မိမိ၏လက်ကို ထိုအပုံထဲသို့ ထည့်သွင်းလိုက်ရာ ကိုယ်တော်၏လက်ချောင်းများ စိုစွတ်သွားသည်။ထိုအခါ ကိုယ်တော်က အို ကောက်ပဲသီးနှံပိုင်ရှင် ဤသည် အဘယ်နည်းဟု မေးမြန်းတော်မူရာ ၎င်းပိုင်ရှင်က အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် မိုးရေထိသွားခြင်းကြောင့် စိုစွတ်နေရပါသည်ဟု ဖြေကြားခဲ့သည်။ ကိုယ်တော်မြတ် (ﷺ)က မိန့်ကြားတော်မူသည်မှာ - အသင်သည် ဤစိုစွတ်နေသော ကောက်ပဲသီးနှံများကို လူများမြင်တွေ့နိုင်စေရန်အတွက် အပေါ်ဆုံး၌ အဘယ်ကြောင့် မထားပါသနည်း။ လိမ်လည်လှည့်ဖြားသူသည် ငါကိုယ်တော်လမ်းစဉ်အပေါ်၌ ရှိနေသူမဟုတ်ပေ။(မွတ်စ်လင်မ်ကျမ်း)

ဟဒီးဆ်တော်တွင်ပါရှိသော (စွဗ်ရဟ်)ဟူသည် ကောက်ပဲသီးနှံများ စုထားသောအပုံကို ဆိုလိုသည်။

### မေး (၂၂) အတင်းပြောခြင်းဆိုသည်မှာ အဘယ်နည်း။

အတင်းပြောခြင်းဆိုသည်မှာ မွတ်စ်လင်မ်ညီနောင်တစ်ဦးနှင့်ပတ်သက်၍ သူမနှစ်မြို့သည့်အရာကို ၎င်း၏နောက်ကွယ်တွင် ပြောဆိုခြင်းဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-:

﴿يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱجْتَنِبُواْ كَثِيرًا مِّنَ ٱلظَّنِّ إِنَّ بَعْضَ ٱلظَّنِّ إِثْمٌ ۖ وَلَا تَجَسَّسُواْ وَلَا يَغْتَب بَّعْضُكُم بَعْضًا ۚ أَيُحِبُّ أَحَدُكُمْ أَن يَأْكُلَ لَحْمَ أَخِيهِ مَيْتًا فَكَرِهْتُمُوهُ ۚ وَٱتَّقُواْ ٱللَّهَ ۚ إِنَّ ٱللَّهَ تَوَّابٌ رَّحِيمٌ ﴿١٢﴾﴾ [الحجرات: 12]

﴿ ထို့ပြင် အသင်တို့အနက် တစ်ဦးသည်တစ်ဦး၏ နောက်ကွယ်၌ အတင်းပြောဆိုခြင်းကိုမပြုရ။ အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို၏ အသေသားကို စားသုံးရန် နှစ်သက်ပါမည်လော။ စင်စစ် အသင်တို့သည် ထို(အသေသားစားခြင်း)ကို စက်ဆုပ်ကြမည်သာ။ ထို့မှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် ဝန်ချတောင်းပန်ခြင်းကို အလွန်တရာ လက်ခံတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။) [စူရဟ် ဟုဂျုရာသ် အာယသ် - ၁၂]

မေး (၂၃) ကုန်းချောခြင်းဆိုသည်မှာ အဘယ်နည်း။

ဖြေ။ ကုန်းချောခြင်းဆိုသည်မှာ လူတို့ကြား၌ တစ်ဦးနှင့် တစ်ဦး တစ်ဖက်နှင့် တစ်ဖက် ပြဿနာဖြစ်စေရန် ပြောဆိုခြင်းဖြစ်သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ-
ကုန်းချောသူသည်
ဂျန္နသ်သုခဘုံသို့ဝင်ရောက်ရမည်မဟုတ်ပေ။(မွတ်စ်လင်မ်ကျမ်း)

မေး (၂၄) ပျင်းရိခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ပျင်းရိခြင်းဟူသည် ကောင်းမှု ပြုလုပ်ခြင်းနှင့် မိမိအပေါ်တွင်ရှိသည့် တာဝန်ကို ဆောင်ရွက်ရာတွင် လေးလံနေခြင်းဖြစ်သည်။ ဉပမာ- ဝါဂိဗ်တာဝန်ရှိများကို ဆောင်ရွက်ရာတွင်ပျင်းရိခြင်း။
အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿إِنَّ ٱلۡمُنَٰفِقِينَ يُخَٰدِعُونَ ٱللَّهَ وَهُوَ خَٰدِعُهُمۡ وَإِذَا قَامُوٓاْ إِلَى ٱلصَّلَوٰةِ قَامُواْ كُسَالَىٰ يُرَآءُونَ ٱلنَّاسَ وَلَا يَذۡكُرُونَ ٱللَّهَ إِلَّا قَلِيلٗا ١٤٢﴾ [النساء: 142]

(ဧကန်မလွဲ 'မုနာဖစ်က်' အယောင်ဆောင်မွတ်စ်လင်မ်တို့သည် အလ္လာဟ်အရှင်မြတ်ကို လိမ်လည်လှည့်ဖြားကြကုန်၏။ ထိုအရှင်မြတ်သည်လည်း ၎င်းတို့အား လှည့်ဖြားတော်မူမည့် အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ ၎င်းပြင် ထိုသူတို့သည် 'ဆွလာဟ်' ဝတ်ပြုရန် ရပ်ကြရာ၌လည်း ပျင်းရိစွာနှင့်၊ လူခပင်းတို့အား ပြစားရန်အတွက်သာလျှင် ရပ်ကြကုန်၏။ ထို့ပြင်တဝ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို အနည်းငယ်မျှ (လူကြားကောင်းအောင်) မှအပ အောက်မေ့တသကြသည်မဟုတ်ပေ။ [စူရဟ် နိစာအ် အာယသ် - ၁၄၂]

သို့ဖြစ်၍ မုအ်မင်န်သည် ပျင်းရိခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အလုပ်မလုပ်ဘဲ ထိုင်နေခြင်းတို့အား စွန့်လွှတ်ကာ အလုပ်ကြိုးစားခြင်း၊ တက်တက်ကြွကြွဆောင်ရွက်ခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ဤလောကီ သက်တမ်းတွင် အလ္လာဟ်အရှင်မြတ်ကျေနပ် နှစ်သက်သည့်အရာများကို ကြိုးစားအားထုတ်ခြင်းတို့ကို ပြုလုပ်ရမည်။.

မေး (၂၅) ဒေါသ အမျိုးအစားများကို ဖော်ပြပါ။

ဖြေ။ (၁) ချီးမွမ်းထိုက်သော ဒေါသ။ ဤသည် ကာဖိရ်များ သို့မဟုတ် မုနာဖိက်များ သို့မဟုတ် အခြားသူများက ချိုးယွင်းမှုအပေါင်းမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ တားမြစ်ချက်တစ်စုံတစ်ရာကို ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဒေါသမျိုး ဖြစ်သည်။ (၂) ဒေါသဆိုး။ ဤဒေါသသည် လူသားအား မပြောသင့်သောစကား၊ မလုပ်သင့်သောအမှုတို့ကို ပြုစေတတ်သည်။ ဒေါသဆိုးကို ကုသရမည့်နည်းလမ်းမှာ- - ဝုဿွူပြုခြင်း။

- ဒေါသထွက်သည့်အခါ မတ်တတ်ရပ်နေလျှင် ထိုင်လိုက်ခြင်း။ ထိုင်နေလျှင် လှဲလျောင်းလိုက်ခြင်း။

- "အသင်ဒေါသမထားလေနှင့်" ဟူသော တမန်တော်မြတ်(ﷺ)၏ မှာတမ်းချက်ကို အမြဲနှလုံးသွင်းခြင်း။

- ဒေါသဖြစ်သည့်အခါ ဒေါသကို ထိန်းချုပ်ပါ။

'أَعُوْذُ بِاللّٰهِ مِنَ الشَّيْطَانِ الرَّجِيْمِ -'

ဆိုခြင်း။

ဆိတ်ဆိတ် နေလိုက်ခြင်း။

## မေး (၂၆) ထောက်လှမ်းစူးစမ်းခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ဤသည် လူတို့၏အပြစ်များနှင့် ၎င်းတို့လျှို့ဝှက် ဖုံးကွယ်ထားသော ကိစ္စများကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ ဥပမာ- - လူတို့၏အိမ်တွင်းလျှို့ဝှက်ချက်များကို ကြည့်ရှုခြင်း။ - အခြားသူများ ပြောကြားသည့်စကားကို ၎င်းတို့မသိအောင် နားထောင်ခြင်း။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَلَا تَجَسَّسُوا ۝١٢﴾ [الحجرات: 12]

(၎င်းပြင် အသင်တို့သည် (သူတစ်ပါးတို့၏ ချွတ်ယွင်းမှုများကို) ထောက်လှမ်းစူးစမ်းခြင်း မပြုကြကုန်လင့်။) [စူရဟ် ဟုဂျုရာသ် အာယသ် - ၁၂]

## မေး (၂၇) ဖြုန်းတီးခြင်း၊ စေးနှဲခြင်း၊ ရက်ရောခြင်းစသည်တို့ ရှင်းပြပါ။

ဖြေ။ ဖြုန်းတီးခြင်းဆိုသည်မှာ ပစ္စည်းဥစ္စာကို မလိုအပ်ဘဲ သုံးစွဲခြင်းဖြစ်သည်။ ၎င်း၏ဆန့်ကျင်ဘက်မှာ စေးနှဲခြင်းဖြစ်သည်။ ၎င်းသည် သုံးသင့်သည်ကို မသုံးဘဲ တွန့်တိုခြင်းဖြစ်သည်။ အမှန်ကန်ဆုံးမှာ ထိုနှစ်ခုအကြား၌ အလယ်အလတ်သုံးစွဲခြင်းဖြစ်သည်။ မွတ်စ်လင်မ်သည် ရက်ရောသူ ဖြစ်ရမည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَٱلَّذِينَ إِذَآ أَنفَقُواْ لَمۡ يُسۡرِفُواْ وَلَمۡ يَقۡتُرُواْ وَكَانَ بَيۡنَ ذَٰلِكَ قَوَامٗا ٦٧﴾ [الفرقان: 67]

(ထိုမှတစ်ပါး အကြင်သူများပင်။ ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းနှီး၊ ဖြုန်းတီးကြသည်လည်း မဟုတ်ပေ။ စေးနှဲကြသည်လည်း မဟုတ်ပေ။ စင်စစ် (၎င်းတို့၏သုံးစွဲမှုကား) ယင်း (အချည်းနှီးဖြုန်းတီးမှုနှင့် စေးနှဲမှု) ၏ အကြားတွင် မလွန်မယုတ် အလယ်(အလတ်သုံးစွဲမှု)သာလျှင် ဖြစ်ပေသတည်း။)[စူရဟ် ဖုရ်ကာန် အာယသ် - ၆၇]

မေး (၂၈) သူရဲဘောကြောင်ခြင်းဆိုသည်မှာ အဘယ်နည်း။ သတ္တိရှိခြင်းဆိုသည်မှာ အဘယ်နည်း။

ဖြေ။ သူရဲဘောကြောင်ခြင်းဆိုသည်မှာ မကြောက်သင့်သည့်အရာကို ကြောက်ခြင်းဖြစ်သည်။

ဥပမာ- အမှန်တရား ပြောဆိုရန်ကြောက်ရွံ့ခြင်း၊ မကောင်းမှုမှတားမြစ်ရန် ကြောက်ရွံ့ခြင်း စသည်တို့ဖြစ်သည်။ သတ္တိရှိခြင်းဆိုသည်မှာ အမှန်တရားကို ပြောဆိုလုပ်ကိုင်ခြင်းဖြစ်သည်။ ဥပမာ- အစ္စလာမ်နှင့် မွတ်စ်လင်မ်တို့အား ကာကွယ်ရန်အတွက် ဂျိဟာဒ်နယ်ပယ်များတွင် သတ္တိရှိခြင်းဖြစ်သည်။ တမန်တော်မြတ်(ﷺ)သည် ဤသို့ဆုတောင်းလေ့ရှိသည်။အို-အလ္လာဟ်အရှင်မြတ် ကေန်မုချ ကျွန်တော်မျိုးသည်သူရဲဘောကြောင်ခြင်းမှ အရှင်မြတ်ထံ ခိုလှုံမှုတောင်းခံပါသည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ-(အီမာန်) ယုံကြည်ချက်နှင့် ခွန်အားဗလ ခိုင်မာအားကောင်းသော မုအ်မင်န်သည် (အီမာန်) ယုံကြည်ချက်နှင့် ခွန်အားဗလ အားနည်းသော
မုအ်မင်န်ထက်ပို၍ကောင်းမြတ်ပြီး အလ္လာဟ်အရှင်မြတ်ပို၍နှစ်သက်သည်။ ၎င်းတို့နှစ်ဦးစလုံးတွင် ကောင်းခြင်းရှိ၏။(မွတ်စ်လင်မ်ကျမ်း).

မေး (၂၉) ဟရာမ်တားမြစ်ထားသော အပြောအဆိုအချို့ကို ဖော်ပြပါ။

ဖြေ။ ဟရာမ်တားမြစ်ထားသော အပြောအဆိုအချို့မှာ- - ကျိန်ဆဲခြင်း၊ ဆဲဆိုခြင်း။

- တစ်ဦးတစ်ယောက်အား တိရစ္ဆာန်ဟုခေါ်ခြင်း သို့မဟုတ် အလားတူ စကားလုံးများဖြင့်ခေါ်ခြင်း။

- ရှက်ဖွယ်ကောင်းသော ညစ်ညမ်းသည့်စကားလုံးများသုံးနှုန်းခြင်း စသည်တို့ဖြစ်သည်။

ထိုကိစ္စအားလုံးကို တမန်တော်မြတ်(ﷺ)က တားမြစ်တော်မူခဲ့သည်။မုအ်မင်န်သည် လူတို့အား အလွန်ပင်အပြစ်ရှာသူ၊ အလွန်ပင်ကျိန်ဆဲသူ၊ ညစ်ညမ်းသောစကား၊ အရှက်တရားကင်းမဲ့သည့် လုပ်ရပ်တို့ကို ကျူးလွန်သူ မဟုတ်ပေ။(သိရ်မိဇီကျမ်း၊ အိဗ်နုဟိဗ္ဗာန်းကျမ်း).

မေး (၃၀) မွတ်စ်လင်မ်တစ်ဦးအား ကိုယ်ကျင့်တရားကောင်းမွန်လာအောင် ကူညီပံ့ပိုးပေးမည့် အကြောင်းခံများကို ဖော်ပြပါ။

ဖြေ။ ၁။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရား ချီးမြှင့်ရန်နှင့် ထိုအပေါ် လျှောက်လှမ်းရာတွင် လွယ်ကူမှုပေးရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုမွန်တောင်းခံခြင်း။ ၂။ အလ္လာဟ်အရှင်မြတ်သည် မိမိအားအမြဲ မြင်နေတော်မူကြောင်းနှင့် ကြားသိတော်မူကြောင်းကို နှလုံးသွင်းထားခြင်း။ ၃။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရား၏အကျိုးကုသိုလ်များနှင့် ၎င်းသည် ဂျန္နသ်သုခဘုံသို့ဝင်အရောက်ရန်အကြောင်းခံဖြစ်ကြောင်း သတိရနေခြင်း။ ၄။ မကောင်းသည့် ကိုယ်ကျင့်တရား၏ ဆိုးကျိုးများနှင့် ၎င်းသည် ဂျဟန္နမ်သို့ ကျရောက်ရန်အကြောင်းခံဖြစ်ကြောင်းကို သတိရနေခြင်း။ ၅။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားသည်အလ္လာဟ်အရှင်မြတ်၏

ချစ်ခင်နှစ်သက်မှုနှင့် အဖန်ဆင်းခံများ၏ ချစ်ခင်နှစ်သက်မှုကို ရရှိစေပြီး၊ မကောင်းသည့် ကိုယ်ကျင့်တရားသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်နှင့် အဖန်ဆင်းခံများ၏ မုန်းတီးမှုကို ရရှိစေကြောင်း သတိရနေခြင်း။ ၆။ တမန်တော်မြတ်(ﷺ)၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုတ်ခြင်း၊ ကိုယ်တော်မြတ်အား နောက်လိုက်မှုပြုခြင်း။၇။ သူတော်ကောင်းများနှင့် အတူနေထိုင်ခြင်း၊ မကောင်းသောသူများနှင့် အတူနေထိုင်မှု မပြုခြင်း။.

*******

**ဇိကၠ်ရ်တော်များနှင့် ဒုအာများကဏ္ဍ။ဇိကၠ်ရ်ဆိုင်ရာ အသိပညာ။**
**ဇိကၠ်ရ်ဟူသည်။ဇိကၠ်ရ်ဆိုသည်မှာ နှုတ်လျှာဖြင့် အလ္လာဟ်အရှင်မြတ်၏ ဇိကၠ်ရ်တော်များဖြစ်သည့် လာအိလာဟအိလ္လလ္လာဟ်၊ အလ္လာဟုအက္ကဗရ်၊ စွဗ္ဗဟာနလ္လာဟ်၊ အလ်ဟမ်ဒုလိလ္လာဟ်၊ အတ်စ်သဂ်ဖိရုလ္လာဟ် စသည်တို့ကို ရွတ်ဆိုခြင်း၊ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်း၊ နံနက်နှင့်ညနေတွင် ရွတ်ဖတ်ရသော ဇိကၠ်ရ်တော်များကို ရွတ်ဆိုခြင်း၊ ဆွလာသ်၏ဇိကၠ်ရ်တော်များ၊ အိပ်ရာဝင်သောအခါနှင့် အိပ်ရာထသောအခါရွတ်ဆိုရသည့် ဇိကၠ်ရ်တော်များ စသည်တို့အပြင် အခြားနေရာများ၌ တမန်တော်မြတ်(ﷺ) သင်ပြထားသော ဇိကၠ်ရ်တော်များကို ရွတ်ဆိုခြင်းတို့ဖြစ်သည်။ အကောင်းဆုံးဇိကၠ်ရ်မှာ နှုတ်လျှာနှင့် စိတ်နှလုံးသား တပြိုင်တည်းပြုသော ဇိကၠ်ရ်ပင်ဖြစ်သည်။**

မေး (၁) အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်း၏မွန်မြတ်မှုကို ဖော်ပြပါ။

ဖြေ။ တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-အလ္လာဟ်အရှင်မြတ်အား သတိရတသသူနှင့် အရှင်မြတ်အား သတိရတသခြင်းမရှိသူ၏ပမာသည် ရှင်သူနှင့် သေသူပမာဖြစ်သည်။(ဗုခါရီကျမ်း)

-ဤသို့ဖြစ်ရခြင်းမှာ လူ့ဘဝသက်တမ်း၏တန်ဖိုးသည် အလ္လာဟ်အရှင်မြတ်အား မည်မျှသတိရသတသမှုရှိသည် ဆိုသည့်အပေါ်တွင် မူတည်သည်။

မေး (၂) အလ္လာဟ်အရှင်မြတ်အားသတိရတသခြင်း၏ အကျိုးကျေးဇူးအချို့ကို ဖော်ပြပါ။

ဖြေ။ (၁) အနန္တကရုဏာတော်ရှင်အား ကျေနပ်နှစ်သက်စေသည်။ (၂) ရှိုင်သွာန် မိစ္ဆာကောင်အား နှင်ထုတ်ပေးသည်။ (၃) မွတ်စ်လင်မ်အား ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ပေးသည်။ (၄) အကျိုးကုသိုလ်ရရှိသည်။

မေး (၃) အမွန်မြတ်ဆုံး ဇိက်ရ်ကို ဖော်ပြပါ။

ဖြေ။  အမွန်မြတ်ဆုံး ဇိက်ရ်မှာ

( لَا إِلٰهَ إِلَّا اللهُ)

ဖြစ်သည်။ အဓိပ္ပါယ်။ ။ အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင် မရှိ။(သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း).

မေး (၄) အိပ်ရာမှထသောအခါ မည်သည့် ဒုအာကို ရွတ်ဆိုရမည်နည်း။

« الْحَمْدُ لِلَّهِ الَّذِي أَحْيَانَا بَعْدَمَا أَمَاتَنَا وَإِلَيْهِ النُّشُور»

အဓိပ္ပာယ်။ ။ကျွန်တော်မျိုး အိပ်ပျော်ရာမှထစေခဲ့သော အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုအပ်ပါသည်။ အရှင်မြတ်ထံတော်သို့သာ ပြန်လည်ရှင်ပြန်ထရမည်ဖြစ်သည်။ (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၅) အဝတ်အစားဝတ်ဆင်သောအခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ဖြေ။

(الْحَمْدُ لِلّٰهِ الَّذِي كَسَانِي هَذَا الثَّوْبَ وَرَزَقَنِيهِ مَنْ غَيْرِ حَوْلٍ مِّنِّي وَلَا قُوَّةَ)

ကိုရွတ်ဆိုရပါမည်။ အဓိပ္ပါယ်။ ။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။ ထိုအရှင်မြတ်သည်

အကျွန်ုပ်အား (ဤအဝတ်အစား)ကို ဆင်မြန်းပေးတော်မူ၏။ ကျွန်ုပ်၏ မည်သည့်အင်အားမျှမပါဘဲ အရှင်မြတ်က ထိုအရာကို ကျွန်ုပ်အား ချီးမြှင့်တော်မူခြင်းဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)

မေး (၆) အဝတ်အစားချွတ်သောအခါ မည်သည့်ဒုအာကို  ရွတ်ဆိုရမည်နည်း။

ဖြေ။

(بِسْمِ اللهِ)

ရွတ်ဆိုရမည်။(သိရ်မိဇီကျမ်း)

မေး (၇) အဝတ်အစား အသစ်ဝတ်သောအခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ဖြေ။ ဤဒုအာကို ရွတ်ဆိုရပါမည်။

(اَللّٰهُمَّ لَكَ الْحَمْدُ أَنْتَ كَسَوْتَنِيْهِ، أَسْأَلُكَ خَيْرَهُ وَخَيْرَ مَا صُنِعَ لَهُ، وَأَعُوذُ بِكَ مِنْ شَرِّهِ وَشَرِّ مَا صُنِعَ لَهُ )

အဓိပ္ပါယ်။ ။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။ အရှင်မြတ်သည် အကျွန်ုပ်အား ဤအဝတ်အစားကို ဆင်မြန်းပေးတော်မူ၏။ အို- အရှင်မြတ်၊ ထိုအဝတ်အစား၏ ကောင်းခြင်းကိုလည်းကောင်း၊ အဝတ်အစားနှင့်ပတ်သက်သည့် ကောင်းခြင်းကိုလည်းကောင်း ကျွန်တော်မျိုးတောင်းခံပါ၏။ ထို့ပြင်ထိုအဝတ်အစား၏ မကောင်းခြင်းမှလည်းကောင်း၊အဝတ်အစားကြောင့်ဖြစ်ပေါ်မည့် မကောင်းခြင်းများမှလည်း ကင်းလွတ်ရန် အရှင်မြတ်ထံ ခိုလှုံပါ၏။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၈) အဝတ်အစားအသစ် ဝတ်ဆင်ထားသူကို မြင်တွေ့လျှင် မည်သည့်ဒုအာ ရွတ်ဆိုရမည်နည်း။

ဖြေ။ အခြားသူ အဝတ်အစားအသစ် ဝတ်ထားသည်ကို သင်မြင်တွေ့ပါက ဤသို့ဒုအာတောင်းပါ။

( تُبْلِي وَيُخْلِفُ اللهُ تَعَالَى)

အဓိပ္ပါယ်။ ။ အသင်သည် ဤအဝတ်အထည် ကိုဟောင်းနွမ်းသည်အထိ ဝတ်ဆင်နိုင်ခွင့်ရပါစေ။ (ဟောင်းနွမ်းသည့်အခါ) အလ္လာဟ်အရှင်မြတ်ကလဲလှယ်ပေးတော်မူပါစေ။(အဗူဒါဝူးဒ်ကျမ်း)

မေး (၉) အိမ်သာသို့ဝင်သောအခါ ဖတ်ရမည့် ဒုအာကိုဖော်ပြပါ။

ဖြေ။

(اَللّٰهُمَّ إِنِّيْ أَعُوْذُ بِكَ مِنَ الْخُبُثِ وَالْخَبَائِثِ)

အဓိပ္ပါယ်။ ။ အို–အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးသည် မကောင်းဆိုးဝါး မိစ္ဆာဖိုမတို့၏ အနှောင့်အယှက်မှ ကင်းလွတ်ရန်အရှင်မြတ်ထံခိုလှုံပါ၏။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း).

မေး (၁၀) အိမ်သာမှထွက်သောအခါ ဖတ်ရမည်ဒုအာကို ဖော်ပြပါ။

ဖြေ။

( غُفْرَانَكَ)

ရွတ်ဆိုပါ။ အဓိပ္ပါယ်။ ။ အို-အလ္လာဟ်အရှင်မြတ် အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားတောင်းခံအပ်ပါ၏။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း).

မေး (၁၁) ဝုသ္ဓူမပြုမီ မည်သည်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။

(بِسْمِ اللهِ)

ရွတ်ဆိုရမည်။(အဗူဒါဝူးဒ်ကျမ်းနှင့် အခြားကျမ်းများ)

မေး (၁၂) ဝုသ္ဓူပြုပြီးနောက် မည်သည့်ဇိက်ရ်ကိုရွတ်ဆိုရမည်နည်း။

ဖြေ။

(أَشْهَدُ أَنْ لَا إِلٰهَ إِلَّا اللهُ وَحْدَهُ لَا شَرِيكَ لَهُ ، وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسُولُهُ )

ကို ရွတ်ပါ။ အဓိပ္ပါယ်။ ။တုဖက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော၊ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသောအရှင်မရှိ၊ မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ဗန္ဒာအစေတော်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်းကို ကျွန်တော်မျိုး သက်သေခံပါသည်။(မွတ်စ်လင်မ်ကျမ်း).

မေး (၁၃) အိမ်မှထွက်သောအခါ မည်သည့် ဇိက်ရ်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။

(بِسْمِ اللهِ ، تَوَكَّلْتُ عَلَى اللهِ، وَلَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ)

ကို ရွတ်ဆိုပါ။ အဓိပ္ပါယ်။ ။ အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏။ အလ္လာဟ်အရှင်မြတ်ကိုသာ (သဝက္ကုလ်)ယုံပုံလွှဲအပ်ပါ၏။ မကောင်းမှုများမှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုများကျင့်ဆောင်ခြင်းသည်အလ္လာဟ်အရှင်မြတ်စွမ်းအားပေးမှသာ ဖြစ်နိုင်ပါ၏။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၁၄) အိမ်သို့ဝင်သောအခါ မည်သည့် ဇိက်ရ်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။

بِسْمِ اللهِ وَلَجْنَا، وَبِسْمِ اللهِ خَرَجْنَا، وَعَلَى اللهِ رَبِّنَا تَوَكَّلْنَا

ကို ရွတ်ဆိုရမည်။ အဓိပ္ပါယ်။ ။ အိုအလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံပါးတွင် ကောင်းသော ဝင်ခြင်းကိုလည်းကောင်း၊ ကောင်းသော ထွက်ခြင်းကိုလည်းကောင်း တောင်းခံပါ၏။ ထို့ပြင် အလ္လာဟ် အရှင်မြတ်၏နာမတော်ဖြင့် ကျွန်တော်မျိုး ဝင်ရောက်ပါ၏။ အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်ကျွန်တော်မျိုးထွက်ခွာခြင်းပြုခဲ့ပါ၏။ ကျွန်တော်မျိုးသည်အလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် အလုံးစုံကို ယုံပုံလွှဲအပ်ပါ၏။ ထို့နောက် အိမ်သူ၊အိမ်သားများအပေါ် စလာမ်ပို့သပါ။(အဗူဒါဝူးဒ်ကျမ်း)

မေး (၁၅) ဗလီသို့ဝင်သောအခါ မည့်သည့်ဒုအာကိုရွတ်ဆိုရမည်နည်း။

ဖြေ။

(اللّٰهُمَّ افْتَحْ لِي أَبْوَابَ رَحْمَتِكَ)

ကို ရွတ်ဆိုရမည်။ အဓိပ္ပါယ်။ ။အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးအတွက်အရှင်မြတ်၏ ကရုဏာတံခါးများကို ဖွင့်လှစ်ပေးတော်မူပါ။ (မွတ်စ်လင်မ်ကျမ်း)

မေး (၁၆) ဗလီမှထွက်သောအခါ မည်သည့်ဒုအာကိုရွတ်ဆိုရမည်နည်း။

ဖြေ။

(اللّٰهُمَّ إِنِّي أَسْأَلُكَ مِنْ فَضْلِكَ)

ကို ရွတ်ဆိုရမည်။ အဓိပ္ပါယ်။ ။အို-အလ္လာဟ်အရှင်မြတ်၊ မုချကေန်ကျွန်တော်မျိုးသည် အရှင့်ထံတော်ပါးမှ အရှင်မြတ်၏ ကျေးဇူးတော်ကို တောင်းခံပါ၏။ (မွတ်စ်လင်မ်ကျမ်း).

မေး (၁၇) အဇာန်အသံကြားသောအခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ဖြေ။ အဇာန်အသံကြားသောအခါ မုအဇ္ဇင်န် ဆိုသည့် အတိုင်း လိုက်ဆိုရမည်။ သို့သော်

(حَيَّ عَلَى الصَّلَاةِ)

"ဆွလာသ်ဝတ်ပြုရန်လာကြလော့၊"

(حَيَّ عَلَى الْفَلَاحِ)

"အောင်မြင်မှုဘက်သို့ လာကြလော့"ဟု ဟစ်ကြွေးသည့်အခါ

(لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ)

"မကောင်းမှုများမှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုများကျင့်ဆောင်ခြင်းသည်အလ္လာဟ်အရှင်မြတ်စွမ်းအားပေးမှသာ ဖြစ်နိုင်ပါ၏။"ဟု ရွတ်ဆိုရမည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း}

မေး (၁၈) အဇာန်ဆိုပြီးသည့်အခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ဖြေ။တမန်တော်မြတ်(ﷺ)အပေါ် ဆွလာသ်မတ္တာပို့သပါ။(မွတ်စ်လင်မ်ကျမ်း)

အောက်ပါဒုအာကို ဆိုပါ။

(اَللّٰهُمَّ رَبَّ هَذِهِ الدَّعْوَةِ التَّامَّةِ، وَالصَّلَاةِ الْقَائِمَةِ، آتِ مُحَمَّدًا الْوَسِيْلَةَ وَالْفَضِيْلَةَ، وَابْعَثْهُ مَقَامًا مَحْمُودًا الَّذِي وَعَدْتَهُ)

အဓိပ္ပါယ်။ အို – အလ္လာဟ်အရှင်၊ ဤပြီးပြည့်စုံသည့် ဖိတ်ခေါ်မှုနှင့် တည်ဆောက်မည့် ဆွလာသ်၏ အရှင်သခင်ဖြစ်တော်မူသော အရှင်မြတ်၊ မုဟမ္မဒ်(ﷺ)အား ဂျန္နသ်သုခဘုံ၌'ဝစီလဟ်'တည်းဟူသော ကိုယ်တော်နှင့်သာထိုက်တန်သည့် မြင့်မားသောအဆင့်အတန်းနှင့် 'ဖသွီးလဟ်'တည်းဟူသော အဖန်ဆင်းခံအားလုံးထက် သာပိုထူးကဲသည့် အဆင့်အတန်းကို ချီးမြှင့်တော်မူပါ။ ထို့ပြင် အရှင်မြတ်က ကိုယ်တော့်အားချီးမြှင့်ရန် ကတိပြုထားသော 'မကာမုမဟ်မူဒ်'မည်သော နေရာဌာနသို့ ကိုယ်တော့်အား ပို့ဆောင်ပေးသနားတော်မူပါ။(ဗုခါရီကျမ်း) အဇာန်နှင့် အိကာမသ်ကြားတွင် ဒုအာတောင်းခံပါ။ ယင်းဒုအာသည် ပယ်ချခြင်းခံရမည် မဟုတ်ပေ။

မေး (၁၉) နံနက်နှင့်ညတွင် ရွတ်ဆိုရမည့် ဇိကရ်တော်များကို ဖော်ပြပါ။

ဖြေ။ (၁) အာယသုလ်ကုရ်စီ ဖတ်ပါ။

﴿ٱللَّهُ لَآ إِلَٰهَ إِلَّا هُوَ ٱلۡحَيُّ ٱلۡقَيُّومُۚ لَا تَأۡخُذُهُۥ سِنَةٞ وَلَا نَوۡمٞۚ لَّهُۥ مَا فِي ٱلسَّمَٰوَٰتِ وَمَا فِي ٱلۡأَرۡضِۗ مَن ذَا ٱلَّذِي يَشۡفَعُ عِندَهُۥٓ إِلَّا بِإِذۡنِهِۦۚ يَعۡلَمُ مَا بَيۡنَ أَيۡدِيهِمۡ وَمَا خَلۡفَهُمۡۖ وَلَا يُحِيطُونَ بِشَيۡءٖ مِّنۡ عِلۡمِهِۦٓ إِلَّا بِمَا شَآءَۚ وَسِعَ كُرۡسِيُّهُ ٱلسَّمَٰوَٰتِ وَٱلۡأَرۡضَۖ وَلَا يَـُٔودُهُۥ حِفۡظُهُمَاۚ وَهُوَ ٱلۡعَلِيُّ ٱلۡعَظِيمُ٢٥٥﴾ [البقرة: 255]

(အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ခဝပ် ကိုးကွယ်ရာအရှင် ဖြစ်တော်မူ၏)။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်း ခံထိုက်သူဟူ၍ အလျှင်းမရှိပြီ။ (ထိုအရှင်မြတ်သည်) အမြဲရှင်နေတော်မူသောအရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည် နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်း စောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မျဉ်းခြင်းသည်လည်းကောင်း၊ အိပ်စက်ခြင်းသည်လည်းကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသ ကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာ ဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံ တောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက် အဖြစ်အပျက် အကြောင်းကိစ္စ အလုံးစုံတို့ကို အကြွင်းမဲ့ သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ် သိရှိတော်မူသော အကြောင်းကိစ္စ အဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှဝန်းခြံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသ ကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင်တခွင်လုံးကို ဝန်းခြံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည် မဟုတ်ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်) မြင့်မြတ်တော်မူသောအရှင်၊ ကြီးကဲထွတ်မြတ်တော်မူသော အရှင်တည်း။[စူရဟ် ဗကရဟ် အာယသ် - ၂၅၅]

(၂) ၎င်းနောက် အောက်ပါတို့ကို ဖတ်ပါ။ မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။

﴿قُلۡ هُوَ ٱللَّهُ أَحَدٌ ۝١ ٱللَّهُ ٱلصَّمَدُ ۝٢ لَمۡ يَلِدۡ وَلَمۡ يُولَدۡ ۝٣ وَلَمۡ يَكُن لَّهُۥ كُفُوًا أَحَدُۢ ۝٤﴾ [الإخلاص: 1-4]

(အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။ - အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝကင်းရှင်းတော်မူသောအရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ နိစ္စထာဝရအရှင် ဖြစ်တော်မူ၏။ - ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည် မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည် မဟုတ်ပေ။ - ထိုမှတစ်ပါး ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ (၃) ကြိမ်

မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။

﴿قُلۡ أَعُوذُ بِرَبِّ ٱلۡفَلَقِ ۝١ مِن شَرِّ مَا خَلَقَ ۝٢ وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ ۝٣ وَمِن شَرِّ ٱلنَّفَّٰثَٰتِ فِي ٱلۡعُقَدِ ۝٤ وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ ۝٥﴾ [الفلق: 1-5]

(အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ၊ ကျွန်တော်မျိုးသည် နံနက်မိုးသောက်ချိန်ကို ဖန်ဆင်းတော်မူသော အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏။ ထိုအရှင်မြတ် ဖန်ဆင်းတော်မူသော (ခပ်သိမ်းကုန်သော)အဖန်ဆင်းခံတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။ အမှောင်အတိ ဖြစ်လာသောအခါ (ဖြစ်တတ်သော) ယင်းအမှောင်၏ ဘေးအန္တရာယ်များမှလည်းကောင်း။ အထုံးအဖွဲ့များ၌ (ဂါထာမန္တရားရွတ်ဖတ်) မန်းမှုတ်သောမိန်းမတို့၏ ဘေးအန္တရာယ်များမှလည်းကောင်း။ မနာလိုငြူစူသောသူသည် မနာလိုငြူစူသောအခါ(ဖြစ်တတ်သော) ဘေးအန္တရာယ်များမှ လည်းကောင်း။(၃) ကြိမ်

**မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူသော အနန္တ ကရုဏာတော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။**

﴿قُلۡ أَعُوذُ بِرَبِّ ٱلنَّاسِ ١ مَلِكِ ٱلنَّاسِ ٢ إِلَٰهِ ٱلنَّاسِ ٣ مِن شَرِّ ٱلۡوَسۡوَاسِ ٱلۡخَنَّاسِ ٤ ٱلَّذِى يُوَسۡوِسُ فِى
صُدُورِ ٱلنَّاسِ ٥ مِنَ ٱلۡجِنَّةِ وَٱلنَّاسِ ٦﴾ [الناس: 1-6]

(အို-နဗီတမန်တော်) အသင်သည် (ဤသို့)လျှောက်ထား ပန်ကြားပါလေ။ ကျွန်တော်မျိုးသည် အကာအကွယ်ယူပါ၏။ လူခပ်သိမ်းတို့ကို ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်အားဖြင့်။ လူခပ်သိမ်းတို့၏ ဘုရင်မင်းမြတ်ဖြစ်တော်မူသော (အရှင်မြတ်အားဖြင့်)။၊ လူခပ်သိမ်းတို့၏ ဆည်းကပ်ကိုးကွယ်ရာ ဖြစ်တော်မူသော(အရှင်မြတ်အားဖြင့်)။ မကောင်းသော အကြံအစည်များကို ထည့်သွင်းတတ်သော၊ နောက်ဆုတ်သော၊ (ရှိုင်သွာန်မိစ္ဆာကောင်)၏ ဘေးအန္တရာယ်မှ)။ အကြင်(ရှိုင်သွာန်မိစ္ဆာကောင်သည်) လူတို့၏စိတ်နှလုံးတွင်းသို့ မကောင်းသော အကြံအစည်ကို ထည့်သွင်းလေ့ရှိ၏။ (ထိုရှိုင်တွာန်မိစ္ဆာကောင်သည်) ဂျင်န်(န်)သတ္တဝါတို့အနက်မှဖြစ်စေ၊ လူတို့အနက်မှဖြစ်စေ။(၃) ကြိမ်

အဓိပ္ပါယ်။ ။အို- အလ္လာဟ်အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအားမွေးမြူဖန်ဆင်းတော်မူသော အရှင်ဖြစ်တော်မူ၏။ အရှင်မြတ်မှအပ အခြားမှန်ကန်သည့် ကိုးကွယ်ရာ အရှင်ဟူ၍အလျှင်းမရှိ။အရှင်မြတ်သည် ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူခဲ့ပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်၏ ကျေးကျွန်ဖြစ်ပါ၏။ ၄င်းအပြင် ကျွန်တော်မျိုးသည် အစွမ်းရှိသမျှ အရှင်မြတ်၏ ကတိဝန်ခံချက်အပေါ်ရပ်တည်နေပါ၏။ ကျွန်တော်မျိုးပြုခဲ့သမျှသော လုပ်ရပ်များ၏ဆိုးကျိုးများမှ အရှင်မြတ်ထံခိုလှုံပါ၏။ ကျွန်တော်မျိုးအပေါ်ဝယ် ရှိရှိသမျှသောနိအ်မသ်စည်းစိမ်များကို အရှင်မြတ်သာလျှင် ချီးမြင့်ထားကြောင်း ဝန်ခံပါ၏၊ ၄င်းအပြင် ကျွန်တော်မျိုး၏ အပြစ်ဒုစရိုက်များကိုလည်း ဝန်ခံပါ၏၊ သို့ဖြစ်ရာ ကျွန်တော်မျိုးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ၊ ဧကန်အမှန် အရှင်မြတ်မှအပ အခြားမည်သူမျှ အပြစ်များကိုလွတ်ငြိမ်းချမ်းသာခွင့် မပေးနိုင်ပါ။(ဗုခါရီကျမ်း)

မေး (၂၀) အိပ်ရာဝင်သောအခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အိပ်ရာဝင်ပြီး အရှင်မြတ်၏နာမတော်ဖြင့်အိပ်ရာထပါသည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၂၁) အစားအသောက်မစားမီ မည်သည်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။ အစားအသောက်မစားမီ

(بِسْمِ اللهِ)

ဆိုရမည်။ အစဦ

بِسْمِ اللهِ

ဆိုရန် မေ့သွားလျှင်

( بِسْمِ اللهِ فِيْ أَوَّلِهِ وَاٰخِرِهِ)

ဆိုရမည်။ အဓိပ္ပါယ်။ ။ အစားအစာ စတင်စားသည့်ချိန်နှင့် ပြီးဆုံးချိန်ဦမှာပါ အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏။ (အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၂၂) အစာစားပြီးနောက် မည်သည်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။ အစာစားပြီးနောက်

( الْحَمْدُ لِلّٰهِ الَّذِيْ أَطْعَمَنِيْ هَذَا، وَرَزَقَنِيْهِ، مِنْ غَيْرِ حَوْلٍ مِنِّيْ وَلَا قُوَّةً)

ဆိုရမည်။ အဓိပ္ပါယ်။ ။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာလျှင်ဖြစ်ပါ၏။ ထိုအရှင်မြတ်သည် အကျွန်ုပ်အား ဤအာဟာရကို ကျွေးမွေးတော်မူသည်။ ကျွန်တော်မျိုး၏ အစွမ်းအစမပါဘဲ ကျွန်တော်မျိုးအား

ဤရှိဇီရိက္ခာကိုထောက်ပံ့တော်မူသည်။(အဗူဒါဝူးဒ်ကျမ်း၊သိရ်မိဇီကျမ်း၊အခြားကျမ်းများ).

မေး (၂၃) အစားအသောက်ညှော်ခံ ကျွေးမွေးသူအား ညှော်သည်က မည်သို့ဆုတောင်းပေးရမည်နည်း။

اللّٰهُمَّ بارِكْ لَهُمْ فِيْمَا رَزَقْتَهُمْ، وَاغْفِرْ لَهُمْ وَارْحَمْهُمْ

အဓိပ္ပါယ်။ ။အို-အလ္လာဟ်အရှင်မြတ်၊ ထိုသူတို့အား အရှင်မြတ်ချီးမြှင့်တော်မူခဲ့သော ရိဇီရိက္ခာတွင် ၎င်းတို့အတွက် ဗရ်ကသ်မင်္ဂလာပေးသနားတော်မူပါ။ ၎င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ၎င်းတို့အပေါ် ကရုဏာသက်တော်မူပါ။(မွတ်စ်လင်မ်ကျမ်း).

မေး (၂၄) နှာချေသည့်အခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ဖြေ။ နှာချေလျှင်

( الْحَمْدُ لِلّٰهِ )

ဆိုရမည်။ အဓိပ္ပါယ်။ ။ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူ၏။ ထိုသို့ရွတ်ဆိုသံကို ကြားလိုက်ရသူက

( يَرْحَمُكَ اللّٰهُ )

ဟုဆိုရမည်။ အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ်ကရုဏာတော် အသင့်အပေါ် ကျရောက်ပါစေ။

ထို့နောက် နှာချေသူက

(يَهْدِيكُمْ اللّٰهُ وَيُصْلِحُ بَالَكُمْ)

ဟု ပြန်လည်၍ ဆုတောင်းပေးရမည်။ အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်က အသင့်အား ဟိဒါယသ် လမ်းမှန်တရား ချီးမြှင့်တော်မူပါစေ။ အသင်၏ အရေးကိစ္စအ၀ဝ မှန်ကန်စွာတည့်မတ်ပေးတော်မူပါစေ။(ဗုခါရီကျမ်း)

မေး (၂၅) ထိုင်ဝိုင်းမှ ထသောအခါနှင့် ထိုင်ဝိုင်းပြီးဆုံးသွားသောအခါ မည်သည်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။ ထိုင်ဝိုင်း၏ အပြစ်များမှ ကင်းဝေးစေရန်ဒုအာ-

سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ، أَشْهَدُ أَنْ لَا إِلٰهَ إِلَّا أَنْتَ، أَسْتَغْفِرُكَ وَأَتُوبُ إِلَيْكَ

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်သည် ချို့ယွင်းမှုအပေါင်းမှ ကင်းစင်တော်မူ၏။ အရှင်မြတ်သာလျှင် ချီးမွမ်းခြင်းအပေါင်းကို ခံထိုက်တော်မူပါ၏။ အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိကြောင်းကို ကျွန်တော်မျိုးသက်သေခံအပ်ပါသည်။ ကျွန်တော်မျိုးသည်အရှင်မြတ်ထံတော်ပါး၌ အပြစ်များမှလွတ်ငြိမ်းချမ်းသာခွင့်ရရန် တောင်းခံပါ၏။ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်ပါးတွင် အမှားဝန်ချ တောင်းပန်ပါ၏။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်းနှင့် အခြားကျမ်းများ)

မေး (၂၆) အစီးအနင်းစီးသောအခါ ရွတ်ဆိုရမည့် ဒုအာကို ဖော်ပြပါ။

ဖြေ။

(بِسْمِ اللَّهِ، وَالْحَمْدُ لِلّٰهِ)

အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်တော်မူပါ၏။

سُبْحَانَ الَّذِي سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ. وَإِنَّا إِلَى رَبِّنَا لَمُنْقَلِبُونَ

ဤအစီးအနင်းကို နိုင်နင်းစေတော်မူသော အရှင်မြတ်သည် ချို့တဲ့ခြင်း အပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းနိုင်စွမ်းမရှိပါ။ ကေန်အမှန် ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့သာ ပြန်လှည့်ကြရမည့်သူများ ဖြစ်ကြပါသည်။

(الْحَمْدُ لِلّٰهِ، الْحَمْدُ لِلّٰهِ، الْحَمْدُ لِلّٰهِ، اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ، سُبْحَانَكَ اللّٰهُمَّ إِنِّي ظَلَمْتُ نَفْسِي فَاغْفِرْ لِي؛ فَإِنَّهُ لَا يَغْفِرُ الذُّنُوبَ إِلَّا أَنْتَ)

ချီးမွမ်းထောမနာခြင်းအပေါင်းသည် အရှင်မြတ် အဖို့သာလျှင်ဖြစ်ပါ၏။ (၃-ကြိမ်) အလ္လာဟ်အရှင်မြတ်သည်သာ ကြီးကဲထွတ်မြတ်ဆုံး ဖြစ်တော်မူပါ၏။ (၃-ကြိမ်) အို - ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူသောအရှင်၊ ကျွန်တော်မျိုးသည် မိမိကိုယ်မိမိ နှိပ်စက် ညှဉ်းပန်းမိပါပြီ။ ကျွန်တော်မျိုးအား အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ကေန်အမှန်ပင် အရှင်မြတ်မှအပ အပြစ်များကို ခွင့်လွှတ်ချမ်းသာ ပေးနိုင်သူဟူ၍ အလျှင်းမရှိပါ။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၂၇) ခရီးထွက်သည့်အခါ ရွတ်ဆိုရမည့် ဒုအာကိုဖော်ပြပါ။

ဖြေ။

(اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ)

အလ္လာဟ်အရှင်မြတ်သည်သာ ကြီးကဲထွတ်မြတ်ဆုံး ဖြစ်တော်မူပါ၏။ (၃-ကြိမ်)

(سُبْحَانَ الَّذِي سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهُ مُقْرِنِينَ. وَإِنَّا إِلَى رَبِّنَا لَمُنْقَلِبُونَ)

ဤအစီးအနင်းကို နိုင်နင်းစေတော်မူသော အရှင်မြတ်သည် ချီးကျူးခြင်း အပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပါ၏။ ကျွန်တော်မျိုးတို့သည် ဤအစီးအနင်းကို နိုင်နင်းနိုင်စွမ်းမရှိပါ။ စင်စစ်အမှန် ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ် ထံတော်ပါးသို့သာ ပြန်လှည့်ကြရမည့်သူများ ဖြစ်ကြပါသည်။

اللّٰهُمَّ إِنَّا نَسْأَلُكَ فِي سَفَرِنَا هٰذَا الْبِرَّ وَالتَّقْوَى وَمِنْ الْعَمَلِ مَا تَرْضَى، اللّٰهُمَّ هَوِّنْ عَلَيْنَا سَفَرَنَا هٰذَا، وَاطْوِ عَنَّا بُعْدَهُ، اللّٰهُمَّ أَنْتَ الصَّاحِبُ فِي السَّفَرِ، وَالْخَلِيفَةُ فِي الْأَهْلِ، اللّٰهُمَّ إِنِّي أَعُوذُ بِكَ مِنْ وَعْثَاءِ السَّفَرِ، وَكَآبَةِ الْمَنْظَرِ، وَسُوءِ الْمُنْقَلَبِ، فِي الْمَالِ وَالْأَهْلِ

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ဤခရီးစဉ်မှ ကောင်းမှုကိုလည်းကောင်း၊ အရှင်မြတ်၏ အမိန့်နာခံမှုနှင့် အပြစ်ရှောင်ကြဉ်နိုင်စွမ်း(သက္ကဝါ)တရားကိုလည်းကောင်း၊ အရှင်နှစ်မြို့တော်မူသော လုပ်ရပ်များကိုလည်းကောင်း အရှင်မြတ်ထံ တောင်းခံပါ၏။ အို– အလ္လာဟ်အရှင်မြတ်၊ ဤခရီးစဉ်ကို ကျွန်တော်မျိုးတို့အတွက်

လွယ်ကူချောမွေ့စေတော်မူပါ။ ခရီးအကွာအဝေးကို ကျုံ့စေတော်မူပါ။ အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည်သာ ခရီးဖော်ဖြစ်တော်မူပါသည်။ အရှင်မြတ်သည်သာ ကျန်ရစ်သည့် မိသားစုကို ထိန်းသိမ်းစောင့်ရှောက်တော်မူသည့် အရှင်ဖြစ်တော်မူပါသည်။ အို-အလ္လာဟ်အရှင်မြတ်၊ ဤလမ်းခရီး၏ အခက်အခဲများ ပင်ပန်းမှုများမှလည်းကောင်း၊ လမ်းခရီးတွင် မကောင်းသောမြင်ကွင်း (အနိဋ္ဌာရုံ)များ မြင်ရခြင်းမှလည်းကောင်း၊ ခရီးမှအပြန်တွင် မိမိဉစ္စာပစ္စည်း၊အိမ်သူအိမ်သားမိသားစုတို့တွင် မကောင်းသောအဖြစ် တွေ့မြင်ရခြင်းမှလည်းကောင်း ကင်းလွတ်ရန် အရှင်မြတ်ထံ ပန်ကြားပါ၏။

အပြန်ခရီးတွင် အထက်ပါဒုအာတောင်းခံပြီး နောက်
အောက်ပါဒုအာကိုဖြည့်စွက် တောင်းခံပါ။

آيِبُوْنَ، تَائِبُوْنَ، عَابِدُوْنَ، لِرَبِّنَا حَامِدُوْنَ

အဓိပ္ပါယ်။ ။ကျွန်တော်မျိုးတို့ ပြန်လှည့်လာကြပါပြီ။ သောင်ဗဟ်အမှားဝန်ချသူများဖြစ်ကြပါသည်။ အိဗာဒသ်ခဝပ်မှုပြုကြသူများဖြစ်ကြပါသည်။ မိမိတို့၏ အရှင်မြတ်ကို ချီးမွမ်းထောမနာပြုသူများဖြစ်ကြပါသည်။(မွတ်စ်လင်မ်ကျမ်း)

မေး (၂၈) ခရီးသွားသူက အိမ်တွင်ကျန်ရစ်ခဲ့သူအတွက် မည်သို့ဆုတောင်းပေးရမည်နည်း။

ဖြေ။

(أَسْتَوْدِعُكُمُ اللهَ الَّذِيْ لَا تَضِيْعُ وَدَائِعُهُ)

အဓိပ္ပါယ်။ ။ ကျွန်ုပ်သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်ထံ အပ်နှင်းခဲ့ပါပြီ။ အလ္လာဟ်အရှင်မြတ်ထံ အပ်နှံထားသည့် အရာများသည် ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာ ရှိမည်မဟုတ်ပါ။(အဟ်မဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

မေး (၂၉) အိမ်တွင်ကျန်ရစ်သူက ခရီးသည်အတွက်မည်သို့ဆုတောင်းပေးရမည်နည်း။

ဖြေ။

(أَسْتَوْدِعُ اللهَ دِيْنَكَ، وَأَمَانَتَكَ، وَخَوَاتِيْمَ عَمَلِكَ)

အဓိပ္ပါယ်။ ။ ကျွန်ုပ်သည် အသင်၏ဒီးန်သာသနာမှု၊ အသင်၏အမာနသ်(အိမ်သူအိမ်သား၊ ဥစ္စာပစ္စည်းများ)၊

အသင်၏အမလ်ဆောင်ရွက်မှုများ၏ နိဂုံးချုပ်များအား အလ္လာဟ်အရှင်မြတ်ထံ အပ်နှင်းလိုက် ပါပြီ။(အဟ်မဒ်ကျမ်း၊ သိရ်မိဇီကျမ်း)

မေး (၃၀) ဈေးသို့ဝင်သောအခါ မည်သည့်ဒုအာကို ရွတ်ဆိုရမည်နည်း။

ဖြေ။

لَا إِلٰهَ إِلَّا اللهُ وَحْدَهُ لَا شَرِيكَ لَهُ، لَهُ الْمُلْكُ، وَلَهُ الْحَمْدُ، يُحْيِي وَيُمِيتُ، وَهُوَ حَيٌّ لَا يَمُوتُ، بِيَدِهِ الْخَيْرُ، وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ

အဓိပ္ပါယ်။ ။ တုဖက်ယှဉ်ဖက်မရှိဘဲ တစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သောအရှင်ဟူ၍ အလျဉ်းမရှိ၊ စိုးပိုင်မှုဟူသမျှသည် ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ချီးမွမ်းထောမနာခြင်းအပေါင်းတို့သည်လည်း ထိုအရှင်မြတ်အဖို့သာဖြစ်တော်မူ၏။ ထိုအရှင်မြတ်ကသာ ရှင်စေတော်မူ၍ ထိုအရှင်မြတ်ကသာ သေစေနိုင်တော်မူ၏။ အရှင်မြတ်သည်ထာဝရရှင်သန်နေတော်မူ၍ မသေဆုံးသည့်အရှင်ဖြစ်သည်။ကောင်းခြင်းဟူသမျှသည် ထိုအရှင်မြတ်၏လက်တော်၌သာရှိတော်မူ၏။ ထိုအရှင်မြတ်သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။(သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

မေး (၃၁) ဒေါသထွက်သောအခါ ဆိုရမည့်ဒုအာကို ဖော်ပြပါ။

ဖြေ။

(أَعُوْذُ بِاللهِ مِنَ الشَّيْطَانِ الرَّجِيْمِ)

အဓိပ္ပါယ်။ ။ ကျွန်တော်မျိုးသည် နှင်ထုတ်ခြင်းခံရသော ရှိုင်သွာန်မိစ္ဆာကောင်

(၏နှောင့်ယှက်မှု)မှ (လွတ်ကင်းနိုင်ရန်)အလ္လာဟ်အရှင်မြတ်၏ အကာအကွယ်ကို ရယူပါ၏။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

မေး (၃၂) သင့်အား ကျေးဇူးပြုသူကိုမည်သို့ဆုတောင်းပေးရမည်နည်း။

ဖြေ။

(جَزَاكَ اللهُ خَيْرًا)

အဓိပ္ပါယ်။ ။ အသင့်အား အလ္လာဟ်အရှင်မြတ်က ကောင်းသောအစားပေးတော်မူပါစေ။(သိရ်မိဇီကျမ်း)

မေး (၃၃) အစီးအနင်း စတင်ထွက်ခွါရန် အခက်အခဲကြုံတွေ့ရသောအခါ ရွတ်ဆိုရမည့် ဒုအာကိုဖော်ပြပါ။

ဖြေ။ (بِسْمِ اللهِ) ရွတ်ဆိုရမည်။(အဗူဒါဝူးဒ်ကျမ်း)

မေး (၃၄) ဝမ်းမြောက်ဖွယ်ကိစ္စ ကြုံတွေ့ရသောအခါမည်သည်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။ (اَلْحَمْدُ لِلّٰهِ الَّذِي بِنِعْمَتِهِ تَتِمُّ الصَّالِحَاتُ)ကို ဆိုရမည်။ အဓိပ္ပါယ်။ ။ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၏ကျေးဇူးပြုမှုဖြင့် ကောင်းမှုများသည် ပြီးပြည့်စုံခြင်းဖြစ်ရပေသည်။(ဟာကင်မ်ကျမ်းနှင့် အခြားကျမ်းများ)

မေး (၃၅) မနှစ်မြို့ဖွယ်ကိစ္စ ကြုံတွေ့ရသောအခါမည်သည်ကို ရွတ်ဆိုရမည်နည်း။

ဖြေ။

(اَلْحَمْدُ لِلّٰهِ عَلَى كُلِّ حَالٍ)

ကို ဆိုရမည်။ မည်သည့်အခြေအနေ၌ပင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုပါ၏။(ဗုခါရီကျမ်း)

မေး (၃၆) စလာမ်မည်သို့ပေးရမည်နည်း။ စလာမ်ကို မည်သို့အဖြေပေးရမည်နည်း။

ဖြေ။ မွတ်စ်လင်မ်တစ်ဦးသည် စလာမ်ပေးသည့်အခါ

(السَّلَامُ عَلَيْكُمْ وَرَحْمَةُ اللَّهِ وَبَرَكَاتُهُ)

ဟုဆိုရမည်။ အဓိပ္ပါယ်။ ။ အသင်တို့အပေါ်သို့ အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာမှု၊ မဟာကရုဏာတော်နှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ။ စလာမ်အား အဖြေပေးသူက

( وَعَلَيْكُمُ السَّلَامُ وَرَحْمَةُ اللهِ وَبَرَكَاتُهُ)

ဟုဆိုရမည်။ အဓိပ္ပါယ်။ ။ အသင်တို့အပေါ်သို့လည်း အလ္လာဟ်အရှင်မြတ်ထံတော်မှ ငြိမ်းချမ်းသာယာမှု၊ မဟာကရုဏာတော်နှင့် ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်ပါစေ။ (သိရ်မိဇီကျမ်း၊ အဗူဒါဝူဒ်ကျမ်းနှင့် အခြားကျမ်းများ)

မေး (၃၇) မိုးရွာသည့်အခါ တောင်းခံရမည့်ဒုအာကို ဖော်ပြပါ။

ဖြေ။

(اَللّٰهُمَّ صَيِّبًا نَافِعًا)

အဓိပ္ပါယ်။ ။ အို-အလ္လာဟ်အရှင်မြတ်၊ အကျိုးဖြစ်ထွန်းစေသော မိုးကို ရွာသွန်းပေးတော်မူပါ။(ဗုခါရီကျမ်း)

မေး (၃၈) မိုးရွာပြီးနောက် တောင်းခံရမည့်ဒုအာကိုဖော်ပြပါ။

ဖြေ။

(مُطِرْنَا بِفَضْلِ اللهِ وَرَحْمَتِهِ )

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် မဟာကရုဏာတော်တို့ကြောင့် ကျွန်တော်မျိုးတို့အပေါ် မိုးရွာသွန်းဖြိုးခဲ့လေပြီ။ဗုခါရီနှင့်မွတ်စ်လင်မ်ကျမ်း။

မေး (၃၉) လေတိုက်သောအခါ ဖတ်ရမည့်ဒုအာကိုဖော်ပြပါ။

ဖြေ။

(اَللّٰهُمَّ إِنِّيْ أَسْأَلُكَ خَيْرَهَا وَأَعُوْذُ بِكَ مِنْ شَرِّهَا)

ရွတ်ဆိုရမည်။ အဓိပ္ပါယ်။ ။ အို-အလ္လာဟ်အရှင်မြတ်၊ (ဤလေတိုက်ခတ်ခြင်း၏) ကောင်းကျိုးများကို ကျွန်တော်မျိုးတောင်းခံပါ၏။ (ဤလေတိုက်ခတ်ခြင်းမှ)ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များမှ ကင်းလွတ်ရန် ကျွန်တော်မျိုး အရှင်မြတ်ထံ ခိုလှုံပါ၏။(အဗူဒါဝူဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

မေး (၄၀) မိုးခြိမ်းသံကြားသောအခါ ဖတ်ရမည့်ဒုအာကိုဖော်ပြပါ။

ဖြေ။

(سُبْحَانَ الَّذِي يُسَبِّحُ الرَّعْدُ بِحَمْدِهِ وَالْمَلَائِكَةُ مِنْ خِيفَتِهِ)

အဓိပ္ပါယ်။ ။အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့ခြင်းအပေါင်းမှ ကင်းစင်တော်မူ၏။ ဤမိုးခြိမ်းသံသည် အရှင်မြတ်၏ ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ အရှင်မြတ်သန့်ပြန့်စင်ကြယ်ကြောင်း ရွတ်ဆိုနေသည်။ မလာအိကဟ်ကောင်းကင် တမန်များကလည်း အရှင်မြတ်အားကြောက်ရွံ့ခြင်းအားဖြင့် ချီးမွမ်းထောမနာပြုခြင်းနှင့် သန့်ပြန့်စင်ကြယ်တော်မူကြောင်းကို ရွတ်ဆိုနေသည်။(မုဝတ်သွအ် မာလိက်ကျမ်း)

မေး (၄၁) တစ်ဦးတစ်ယောက် ဘေးဒုက္ခရောက်နေသည်ကို မြင်တွေ့သောအခါ ဖတ်ရမည့်ဒုအာကိုဖော်ပြပါ။

ဖြေ။

اَلْحَمْدُ لِلهِ الَّذِي عَافَانِيْ مِمَّا ابْتَلَاكَ بِهِ، وَفَضَّلَنِي عَلَى كَثِيْرٍ مِمَّنْ خَلَقَ تَفْضِيْلًا

အဓိပ္ပါယ်။ ။ ချီးမွမ်းထောမနာခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာ ဖြစ်ပါ၏။ ထိုအရှင်မြတ်သည် အသင်ခံစားနေရသော ဒုက္ခစမ်းသပ်မှုမှ ကျွန်ုပ်အား လွတ်ကင်းစွာထားတော်မူ၏။ ထို့ပြင် အရှင်မြတ်သည် ကျွန်ုပ်အားများစွာသောအဖန်ဆင်းခံတို့ထက် ကျေးဇူးပြုတော်မူခဲ့၏။(သိရ်မိဇီကျမ်း).

မေး (၄၂) နဇရ် မျက်စိအရှုထိသွားမည်ကို စိုးရိမ်သည့်အခါ ဖတ်ရမည့်ဒုအာကို ဖော်ပြပါ။

ဖြေ။ ဟဒီးဆ်တော်တွင် လာရှိသည်မှာ-"အသင်တို့အနက်မှ တစ်ဦးတစ်ဦးယောက်သည်မိမိ၏ညီနောင်ကိုလည်းကောင်း၊မိမိကိုယ်ကိုလည်း ကောင်း၊ ၎င်း၏ ဉစ္စာပစ္စည်းကိုလည်းကောင်း နှစ်သက်သဘောကျလျှင် (အလ္လာဟ်အရှင်မြတ် ဗရကသ် မင်္ဂလာချီးမြှင့်ပေးတော်မူပါစေ)ဟု ဒုအာပြုပါ။ မျက်စိအရှုထိခြင်းသည် အမှန်ပင်ရှိ၏။(အဟ်မဒ်ကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်းနှင့် အခြားကျမ်းများ).

မေး (၄၃) တမန်တော်မြတ် (ﷺ) အပေါ်သို့မည်သို့ မေတ္တာပို့သရမည်နည်း။

ဖြေ။

اَللّٰهُمَّ صَلِّ عَلَى مُحَمَّدٍ وَعَلَى آلِ مُحَمَّدٍ، كَمَا صَلَّيْتَ عَلَى إِبْرَاهِيمَ، وَعَلَى آلِ إِبْرَاهِيمَ، إِنَّكَ حَمِيدٌ مَجِيدٌ، اَللّٰهُمَّ بَارِكْ عَلَى مُحَمَّدٍ وَعَلَى آلِ مُحَمَّدٍ، كَمَا بَارَكْتَ عَلَى إِبْرَاهِيمَ، وَعَلَى آلِ إِبْرَاهِيمَ إِنَّكَ حَمِيدٌ مَجِيدٌ အဓိပ္ပါယ်။ ။ အို-အလ္လာဟ်အရှင်မြတ်၊

တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှင့်မုဟမ္မဒ်(ﷺ)၏ ကြင်ရာတော်များ၊
သားမြေးများအပေါ်သို့ ရဟ်မသ်ကရုဏာတော်အပေါင်းကို
တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)နှင့် အိဗ်ရာဟီးမ်(عَلَيْهِ السَّلَامُ)၏
သားမြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့
ချီးမြှင့်တော်မူပါ။ကောန်စင်စစ်အသင်အရှင်မြတ်သည်
ချီးမွမ်းထောမနာခြင်းအပေါင်းကို
ခံထိုက်တော်မူသောခပ်သိမ်းကုန်သောဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော
အရှင်ဖြစ်တော်မူ၏။ အို-အလ္လာဟ်အရှင်မြတ်၊
တမန်တော်မြတ်မုဟမ္မဒ်(ﷺ)နှင့်မုဟမ္မဒ်(ﷺ)၏ ကြင်ရာတော်များ၊
သားမြေးများအပေါ်သို့ ဗရ်ကသ်ကောင်းချီးမင်္ဂလာအပေါင်းကို
တမန်တော်အိဗ်ရာဟီးမ် (عَلَيْهِ السَّلَامُ)နှင့် အိဗ်ရာဟီးမ်(عَلَيْهِ السَّلَامُ)၏
သားမြေးများအပေါ် ချီးမြှင့်တော်မူသကဲ့သို့ ချီးမြှင့်တော်မူပါ။ ကောန်စင်စစ်
အသင်အရှင်မြတ်သည် ချီးမွမ်းထောမနာခြင်းအပေါင်းကိုခံထိုက်တော်မူသော
ခပ်သိမ်းကုန်သောဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူ၏
။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

## အထွေထွေကဏ္ဍအထွေထွေကဏ္ဍအထွေထွေကဏ္ဍတွင် ပညာရပ်အသီးသီးနှင့် သက်ဆိုင်သည့် အရေးပါသော အမေးအဖြေများပါဝင်သည်။

မေး (၁) တာဝန်ပေးအပ်ထားသော အမိန့်ပညတ်ချက် (၅)မျိုးကိုဖော်ပြပါ။

ဖြေ။ ၎င်းတို့မှာ-(၁) ဖရ်သွ်။ (၂) မွတ်စ်သဟဗ်။ (၃) ဟရာမ်။ (၄) မက္ကရူဟ်။ (၅) မုဗာဟ်။

မေး (၂) ထိုအမိန့်ပညတ်ချက် (၅)မျိုးကိုရှင်းပြပါ။

ဖြေ။ (၁) ဖရ်သွ်ဟူသည် မပြုမနေရတာဝန်ဖြစ်သည်။ ဥပမာ- ဆွလာသ်ငါးကြိမ်၊ ရမသ္ဇာန်လ၏ ဆောင်မ်ဥပုသ်၊ မိဘနှစ်ပါးအား ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ခြင်း စသည်တို့ဖြစ်သည်။ - ဖရ်သွ်အား တာဝန်ကျေပွန်သူသည် ကုသိုလ်ရရှိပြီး စွန့်လွှတ်သူသည် ပြစ်ဒဏ်ပေးခြင်းခံရမည် ဖြစ်သည်။ (၂) မွတ်စ်သဟဗ်ဟူသည် လိုက်နာကျင့်သုံးအပ်သည့် တာဝန်ဖြစ်သည်။ ဥပမာ- စွန္နဟ်ဆွလာသ်များ၊ ညတွင်ဝတ်ပြုရသော သဟဂ်ျဂျုဒ် ဆွလာသ်များ၊ အစားအသောက် ကျွေးမွေးခြင်း၊ စလာမ်ဆိုခြင်း စသည်တို့ဖြစ်သည်။ မွတ်စ်သဟဗ်ကို စွန္နဟ်၊ မန်ဒူးဗ်ဟုလည်းခေါ်သည်။ - မွတ်စ်သဟဗ်အား ပြုလုပ်သူသည် ကုသိုလ်ရရှိပြီး စွန့်လွှတ်သူသည် ပြစ်ဒဏ်ပေးခြင်းခံရမည်မဟုတ်ပေ။ အရေးကြီး မှတ်ချက်။ မွတ်စ်လင်မ်တစ်ဦးသည် ကိစ္စရပ်တစ်ခုအား စွန္နဟ် သို့မဟုတ် မွတ်စ်သဟဗ် ဖြစ်ကြောင်းသိလိုက်လျှင် ထိုကိစ္စကို မဆိုင်းမတွ လိုက်နာကျင့်သုံးကာ တမန်တော်မြတ်(ﷺ)အား နောက်လိုက်မှုပြုရမည်။ (၃) ဟရာမ်ဟူသည် ရှောင်ကြဉ်ရန် သတ်မှတ်ထားသည့် တာဝန်ဖြစ်သည်။ ဥပမာ- အရက်သောက်ခြင်း၊ မိဘအမိန့်ဖီဆန်ခြင်း၊ ဆွေမျိုးအဆက်ဖြတ်ခြင်း စသည်တို့ဖြစ်သည်။ - ဟရာမ်ကို စွန့်လွှတ်သူသည် ကုသိုလ်ရရှိပြီး

ပြုလုပ်သူသည် ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သည်။ (၄) မက္ကရူဟ်ဟူသည် မနှစ်မြို့ဖွယ်ရာဖြစ်သည်။ ဥပမာ- လက်ဝဲလက်ဖြင့် အပေးအယူပြုခြင်း၊ ဆွလာသ်အတွင်း၌ အဝတ်အစားများကိုမထားခြင်း၊ ခေါက်ထားခြင်း စသည်တို့ဖြစ်သည်။ - မက္ကရူဟ်ကို စွန့်လွှတ်သူသည် ကုသိုလ်ရရှိပြီး ပြုလုပ်သူသည် ပြစ်ဒဏ်ပေးခြင်းခံရမည် မဟုတ်ပေ။ (၅) မုဗာဟ်ဟူသည် ခွင့်ပြုထားသည့် အရာများဖြစ်သည်။ ဥပမာ- ပန်းသီးစားခြင်း၊လက်ဖက်ရည်သောက်ခြင်း စသည်တို့ဖြစ်သည်။ မုဗာဟ်ကို ဂျာအိဇ်၊ ဟလာလ်ဟုလည်းခေါ်သည်။ - မုဗာဟ်ကို စွန့်လွှတ်သူသည် ကုသိုလ်မရရှိသလို ပြုလုပ်သူသည်လည်း ပြစ်ဒဏ်ပေးခြင်းခံရမည်မဟုတ်ပေ။မေး (၃) သာသနာရေးကို နားလည်တတ်ကျွမ်းခြင်း၏ အကျိုးကျေးဇူးကိုဖော်ပြပါ။ဖြေ။ သာသနာရေးကို နားလည်တတ်ကျွမ်းခြင်းဖြင့်ပြောဆိုမှုများ၊ လုပ်ဆောင်မှုများ၊ ယုံကြည်မှုများတွင် မှန်ကန်မှုရှိလာမည်ဖြစ်ပြီး ယင်းအားဖြင့် လောကီ၊လောကုတ္တရာ နှစ်ဌာနစလုံး၌ ပျော်ရွှင်မှုရရှိမည်ဖြစ်သည်။ ဟဒီးဆ်တော်၌လာရှိသည်မှာ မုအာဝိယဟ်ဗင်န်အဗီစွဖ်ယာန် (رَضِيَ اللهُ عَنْهُمَا)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်။(အလ္လာဟ်အရှင်မြတ်သည် တစ်ဦးတစ်ယောက်ကို ကောင်းစေလိုပါက ထိုသူ့အားသာသနာရေးနှင့် စပ်လျဉ်း၍ နားလည်နိုင်စွမ်း ချီးမြှင့်တော်မူသည်။)(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)ထိုသူ့အားသာသနာရေးနှင့် စပ်လျဉ်း၍ နားလည်နိုင်စွမ်း ချီးမြှင့်တော်မူသည်၏ အလိုသဘောမှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ရှရီအသ်တရားတော်ဆိုင်ရာ

အမိန့်ပညတ်ချက်များကို တတ်ကျွမ်းနားလည်သော ပညာရှင်အဖြစ် ပြုလုပ်ပေးတော်မူခြင်းဖြစ်သည်။

### မေး (၄) အရောင်းအဝယ်ပြုခြင်း၏ အမိန့်ပညတ်ချက်ကား အဘယ်နည်း။

ဖြေ။ အရောင်းအဝယ်ပြုခြင်း၏ မူလအမိန့်ပညတ်ချက်သည် ဟလာလ်ဖြစ်သည်။ သို့သော် အချို့အရောင်းအဝယ်အမျိုးအစားများကို အလ္လာဟ်အရှင်မြတ်က ဟရာမ်အဖြစ် သတ်မှတ်ထားသည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَأَحَلَّ ٱللَّهُ ٱلۡبَيۡعَ وَحَرَّمَ ٱلرِّبَوٰاْ﴾ [البقرة: 275]

(အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ခွင့်ပြုထားတော်မူ၍ အတိုးအညွှန့်စားခြင်းကိုမူကား တားမြစ်တော်မူခဲ့လေသည်။) [စူရဟ် ဗကရဟ် အာယသ် - ၂၇၅]

### မေး (၅) တားမြစ်ထားသည့် အရောင်းအဝယ် အမျိုးအစားအချို့ကို ဖော်ပြပါ။

ဖြေ။ တားမြစ်ထားသည့် အရောင်းအဝယ် အမျိုးအစားအချို့မှာ-

(၁) 'အလ်ဂိရ်' လိမ်လည်လှည့်ဖြားခြင်း။ ဥပမာကုန်ပစ္စည်း၏ ချို့ယွင်းချက်ကို ဖုံးကွယ်ထားခြင်း။

အဗူဟုရိုင်ရဟ်(رَضِيَ ٱللَّهُ عَنْهُ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်ရှင်မြတ်၏ ရစူလ်တမန်တော်(ﷺ) သည်(စွဗ်ရဟ်) ကောက်ပဲသီးနှံပုံ အနီးမှဖြတ်သန်းသွားသောအခါ ကိုယ်တော်သည် မိမိ၏လက်ကို ထိုအပုံထဲသို့ ထည့်သွင်းလိုက်ရာ ကိုယ်တော်၏လက်ချောင်းများ စိုစွတ်သွားသည်။ ထိုအခါ ကိုယ်တော်က အို ကောက်ပဲသီးနှံပိုင်ရှင် ဤသည် အဘယ်နည်းဟု မေးမြန်းတော်မူရာ ၎င်းပိုင်ရှင်က အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်

မိုးရေထိသွားခြင်းကြောင့် စိုစွတ်နေရပါသည်ဟု ဖြေကြားခဲ့သည်။ ကိုယ်တော်မြတ် (ﷺ)က မိန့်ကြားတော်မူသည်မှာအသင်သည် ဤစိုစွတ်နေသော ကောက်ပဲသီးနှံများကို လူများမြင်တွေ့နိုင်စေရန်အတွက် အပေါ်ဆုံး၌ အဘယ်ကြောင့် မထားပါသနည်း။ လိမ်လည်လှည့်ဖြားသူသည် ငါကိုယ်တော်လမ်းစဉ်အပေါ်၌ ရှိနေသူမဟုတ်ပေ။(မွတ်စ်လင်မ်ကျမ်း)

(၂) အတိုး။ ဥပမာ- မိမိသည် လူတစ်ဦးထံမှ ငွေတစ်ထောင်အကြွေးယူပြီး ပြန်ဆပ်သည့်အခါတွင် နှစ်ထောင်ပြန်ဆပ်မည်ဟု သတ်မှတ်ခြင်း။

ဤတွင် အပိုငွေသည် ဟရာမ်တားမြစ်ထားသောအတိုးဖြစ်သည်။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَأَحَلَّ ٱللَّهُ ٱلۡبَيۡعَ وَحَرَّمَ ٱلرِّبَوٰاْۚ﴾ [البقرة: 275]

(အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ခွင့်ပြုထားတော်မူ၍ အတိုးအညွှန့်စားခြင်းကိုမူကား တားမြစ် တော်မူခဲ့လေသည်။) [စူရဟ် ဗကရဟ် အာယသ် -၂၇၅]

(၃) 'ဂရရ်'မသေချာခြင်း၊ ဆိုးကျိုးရှိခြင်း၊ 'ဂျဟာလဟ်'တိကျသေချာမှုမရှိခြင်း။ ဥပမာ- ဆိတ်မ၏နို့အုံ၌ရှိနေသော နို့ရည်ကိုရောင်းခြင်း၊ ရေထဲ၌ရှိပြီး မဖမ်းရသေးသောငါးကို ရောင်းခြင်းစသည်တို့ဖြစ်သည်။

ဟဒီးဆ်တော်၌လာရှိသည်မှာ- အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)သည် လိမ်လည်လှည့်ဖြား၍ရောင်းဝယ်ခြင်းကို တားမြစ်တော်မူခဲ့သည်။(မွတ်စ်လင်မ်ကျမ်း)

## မေး (၆) အသင့်ထံတွင်ရှိသော အလ္လာဟ်အရှင်မြတ်၏အချို့သော နိအ်မသ်ကျေးဇူးတော်များကို ဖော်ပြပါ။

ဖြေ။ (၁) အစ္စလာမ်သာသနာ၏ နိအ်မသ်။ ကျွန်တော်သည် မွတ်စ်လင်မ်တစ်ဦးဖြစ်ပြီး ကာဖိရ် သေွဖည်ငြင်းပယ်သူမဟုတ်ပါ။ မိမိသည် 'ကာဖိရ်'အလ္လာဟ်အရှင်မြတ်အား လက်မခံငြင်းပယ်သူများအနက်မှမဟုတ်ဘဲ အစ္စလာမ်သာသနာတော်ကို လက်ခံကျင့်သုံးခွင့်ရရှိသည့် နိအ်မဟ်စည်းစိမ်ကို ပိုင်ဆိုင်ထားခြင်း။ (၂) စွန္နဟ်၏ နိအ်မသ်။ ကျွန်တော်သည် တမန်တော်မြတ်၏ စွန္နဟ်ကို လိုက်နာကျင့်သုံးခွင့်ရရှိပြီး ဗိဒ်အဟ် တရားသစ်တီထွင်သူအနက်မှ မဟုတ်ခြင်း။ (၃) ကြားခြင်း၊ မြင်ခြင်း၊ လမ်းလျှောက်နိုင်ခြင်းစသည်တို့အပါအဝင် ကျန်းမာရေးနှင့် သုခချမ်းသာ နိအ်မသ်တော်များ။ (၄) အစားအသောက်၊ အဝတ်အစား၏ နိအ်မသ်။ ၎င်းတို့အပြင် ကျွန်တော်တို့အပေါ်တွင် အလ္လာဟ်အရှင်မြတ်၏ နိအ်မသ်ကျေးဇူးတော်များသည် မရေမတွက်နိုင်အောင် များပြားလှသည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَإِن تَعُدُّواْ نِعۡمَةَ ٱللَّهِ لَا تُحۡصُوهَآۗ إِنَّ ٱللَّهَ لَغَفُورٞ رَّحِيمٞ ١٨﴾ [النحل: 18]

(စင်စစ်သော်ကား အကယ်၍ အသင်တို့သည်အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များကို ရေတွက်ကြသည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်များကို (အလျှင်း)ရေတွက်နိုင်ကြမည်မဟုတ်ပေ။ ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသောအရှင်၊ အလွန်တရာသနားကြင်နာညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။) [စူရဟ် နဟ်လ် အာယသ် - ၁၈]

မေး (၇) နိအ်မသ် ကျေးဇူးတော်များနှင့် ပတ်သက်၍ မည်သို့တာဝန်ရှိပါသနည်း။ ၎င်းတို့အပေါ် မည်သို့ကျေးဇူးတင်ရမည်နည်း။

ဖြေ။ နိအ်မသ်များနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်အား နှုတ်လျှာဖြင့် ချီးမွမ်းထောမနာပြုကာ ကျေးဇူးတင်ရန် တာဝန်ရှိသည်။ အလုံးစုံသော ကျေးဇူးတော်များကို ထိုအရှင်မြတ်တစ်ဆူတည်းကသာ ပိုင်ဆိုင်တော်မူသည်။ ထို့အတူ ယင်းနိအ်မသ်များကို အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်သည့်နေရာ၌ အသုံးချပြီး အရှင်မြတ်၏ အမိန့်ဖီဆန်ရာတွင် အသုံးမချခြင်းဖြင့် ကျေးဇူးတင်ရမည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ- သို့ဖြစ်လေရာ အသင်တို့သည် ငါအရှင်မြတ်ကို

﴿فَٱذۡكُرُونِيٓ أَذۡكُرۡكُمۡ وَٱشۡكُرُواْ لِي وَلَا تَكۡفُرُونِ۝١٥٢﴾ [البقرة: 152]

(ခဝပ်ကိုးကွယ်ခြင်းအားဖြင့် လည်းကောင်း၊ ငါအရှင်မြတ်၏ အမိန့် တော်များကို ရှိသေစွာ လိုက်နာခြင်းအား ဖြင့်လည်းကောင်း) အောက်မေ့တသ သတိရကြကုန်လော့၊ ငါအရှင် မြတ်သည်လည်း အသင်တို့အား (ကူညီ စောင့်ရှောက်တော်မူ ခြင်းအားဖြင့်) သတိရတော်မူအံ့။ ထိုမှတစ်ပါး အသင်တို့သည် ငါအရှင်မြတ်၏ကျေးဇူးတော်ကို သိကြကုန်လော့။ အသင်တို့သည် ငါ အရှင်မြတ်အား ကျေးဇူးမကန်းကြကုန်လင့်။စူရဟ် ဗကရဟ် - (၂:၁၅၂)

မေး (၈) မွတ်စ်လင်မ်တို့၏ အီးဒ်နေ့များကို ဖော်ပြပါ။

ဖြေ။ အီးဒုလ်ဖိသ်ွရ်နှင့် အီးဒုလ်အသ်ွဟာတို့ဖြစ်ပါသည်။

အနတ်စ်(رَضِيَ اللَّهُ عَنْهُ)ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်၌လာရှိသည်မှာ တမန်တော်မြတ်(ﷺ)သည် မဒီနဟ်မြို့သို့ ရောက်ရှိလာသည့်အခါ မဒီနဟ်မြို့သားတို့ထံတွင် နေ့ရက်နှစ်ရက်ရှိပြီးၚင်းတို့သည် ထိုနေ့ရက်များတွင် ဆော့ကစားလေ့ရှိကြသည်။ ထိုအခါ ကိုယ်တော်မြတ်က ဤနေ့ရက်နှစ်ရက်သည် မည်သည့်နေ့ရက်များပါနည်းဟု မေးမြန်းတော်မူရာ ၚင်းတို့က ကျွန်တော်တို့သည် အမိုက်ခေတ်တွင် ထိုနေ့များ၌ ဆော့ကစားလေ့ရှိကြပါသည်ဟု ဖြေကြားခဲ့ကြသည်။ ထိုအခါကိုယ်တော်မြတ်(ﷺ)ကမိန့်ကြားတော်မူသည်မှာဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အတွက် ထိုနှစ်ရက်အစား ၚင်းတို့ထက် သာပိုကောင်းမွန်သော ရက်များဖြစ်သည့် အီးဒုလ်အသ်ွဟာ(ဇိလ်ဟဂ်ျလဆယ်ရက်နေ့)နှင့် အီးဒုလ်ဖိသ်ွရ် (ရှောင်ဝလ်လတစ်ရက်နေ့)တို့ဖြင့် လဲလှယ်လိုက်ချေပြီ။(အဗူဒါဝူးဒ်ကျမ်း)

ထိုအီးဒ်နှစ်ခုမှအပ အခြားအီးဒ်ပွဲတော်များသည် ဗိဒ်အဟ် တရားသစ်တီထွင်မှုပင်ဖြစ်သည်။.

မေး (၉) မည်သည့်လသည် အမွန်မြတ်ဆုံးဖြစ်ပါသနည်း။

ဖြေ။ ရမသွာန်လ

မေး (၁၀) မည်သည့်နေ့သည် အမွန်မြတ်ဆုံးဖြစ်ပါသနည်း။

ဖြေ။ ဂျုမုအဟ်နေ့

မေး (၁၁) တစ်နှစ်တာတွင် မည်သည့်နေ့သည် အမွန်မြတ်ဆုံးဖြစ်ပါသနည်း။

ဖြေ။ အီးဒုလ်အသွှ်ဟာနေ့ ဖြစ်သည်။ အချို့က အရဖဟ်နေ့ ဖြစ်သည်ဟုဆိုကြသည်။

မေး (၁၂) တစ်နှစ်တာတွင် မည်သည့်ညသည် အမွန်မြတ်ဆုံးဖြစ်ပါသနည်း။

ဖြေ။ ကဒ်ရ်ည

မေး (၁၃) မဟ်ရမ် မဟုတ်သည့် အမျိုးသမီးတစ်ဦးကိုတွေ့လျှင် မည်သို့ပြုမူရန်တာဝန်ရှိသနည်း။

ဖြေ။ မျက်လွှာကိုထိန်းရမည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿قُل لِّلْمُؤْمِنِينَ يَغُضُّوا۟ مِنْ أَبْصَـٰرِهِمْ وَيَحْفَظُوا۟ فُرُوجَهُمْ ۚ ذَٰلِكَ أَزْكَىٰ لَهُمْ ۗ إِنَّ ٱللَّهَ خَبِيرٌۢ بِمَا يَصْنَعُونَ ﴿٣٠﴾﴾

[النور: 30]

( ﷺ(အိုး-နဗီတမန်တော်) အသင်သည် “မုအ်မင်န်” သက်ဝင်ယုံကြည်သူတို့အား မိမိတို့၏မျက်စိများကို နှိမ့်ချထားရမည်ဟူ၍ပြောကြားပါလေ။ [စူရဟ် နူရ် အာယသ် - ၃၀]

မေး (၁၄) မွတ်စ်လင်မ် အမျိုးသမီး ဝတ်ဆင်ရမည့် ဟိဂျာဗ် ပုံစံကို ဖော်ပြပါ။ဖြေ။ ဟိဂျာဗ်သည် - ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ထားရမည်။- အလှအပများ မပါရှိရ။- ပါးလွှာမှုမရှိရ။- မကျပ်ဘဲ

ချောင်ချိရမည်။- ရေမွှေးလိမ်းခြင်း၊ အမွှေးအကြိုင်သင်းခြင်း မပြုရ။- အမျိုးသားအဝတ်အစားများနှင့် တူဆင်ခြင်းမရှိစေရ။- ကာဖိရ်အမျိုးသမီးများ၊ အပြစ်ဒုစရိုက်ကျူးလွန်ကြသောအမျိုးသမီးများ၏ အဝတ်အစားများနှင့် မတူစေရ။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿إِنَّ ٱللَّهَ وَمَلَٰٓئِكَتَهُۥ يُصَلُّونَ عَلَى ٱلنَّبِيِّۚ يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ صَلُّواْ عَلَيۡهِ وَسَلِّمُواْ تَسۡلِيمًا۝٥٦﴾ [الأحزاب: 56]

«အို-နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ရာတော်များအားလည်းကောင်း၊ မိမိ၏သမီးတော်များအားလည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့၏ ဇနီးမိန်းမများအားလည်းကောင်း၊ ထိုသူတို့သည် မိမိတို့၏အပေါ် ရုံ(စောင်ခြုံထည်)များကို မိမိတို့အပေါ်၌ အနည်းငယ်ဆွဲချ၍တွဲလဲချထားကြရမည်ဟု ပြောကြားပါလေ။ ဤသည် ၎င်းတို့အား ခွဲခြားမှတ်မိရန် ပိုမို၍နီးစပ်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည်နှောင့်ယှက်ခြင်းခံကြရမည်မဟုတ်ပေ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်ချမ်းသာပေးတော်မူသော၊ အလွန်သနား ကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။[စူရဟ် အဟ်ဇာဗ် - အာယသ် ၅၉]

အာယသ်တော်၏ အလိုသဘောမှာ-အို-နဗီတမန်တော်၊ အသင်သည် မိမိ၏ ကြင်ရာတော်များအားလည်းကောင်း၊ မိမိ၏သမီးတော်များအားလည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည် သူတို့၏ ဇနီးမိန်းမများအားလည်းကောင်း၊ ထိုသူမတို့သည် မိမိတို့၏မျက်နှာ၊ ရင်ဘတ်၊ ဦးခေါင်းတို့အားဖုံးထားရန် မိမိတို့၏ဦးခေါင်းများ၊ မျက်နှာများအပေါ်ဝတ်ရုံ၊ ခြုံထည်များကို ဆွဲချတွဲလဲချထားကြရမည်ဟု ပြောကြားပါလေ။ ဤသို့ပြုခြင်းသည်ဖုံးကွယ်ခြင်းနှင့် လုံခြုံစွာရှိခြင်းဖြင့် ၎င်းတို့အားခွဲခြားမှတ်မိရန် ပိုမို၍နီးစပ်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည်မနှစ်မြို့ဖွယ်ရာ သို့မဟုတ်ဒုက္ခတစ်စုံတစ်ရာ ခံစားကြရမည်မဟုတ်ပေ။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။ အရှင်မြတ်သည်အသင်တို့လွန်ခဲ့သည့်

အပြစ်အကုသိုလ်များကို ခွင့်လွှတ်တော်မူပြီး အသင်တို့အဖို့ ဟလာလ်နှင့် ဟရာမ်ကို ရှင်းလင်းပြခြင်းဖြင့် ကရုဏာထားတော်မူသည်။

မေး (၁၅) မည်သူတို့သည် လူသား၏ရန်သူများ ဖြစ်ကြပါနည်း။

(၁) မကောင်းမှုကို အလွန်အမိန့်ပေးတိုက်တွန်းလေ့ရှိသော နဖ်စ်စိတ်ရိုင်း။ လူသားအနေဖြင့် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ဖီဆန်ရန်အတွက် မိမိ၏စိတ်ရိုင်းက ခိုင်းစေသည့်အတိုင်း နာခံခြင်း၊ မိမိ၏စိတ်အလိုရမ္မက်နောက်ကို လိုက်ခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

﴿ٱلشَّهۡرُ ٱلۡحَرَامُ بِٱلشَّهۡرِ ٱلۡحَرَامِ وَٱلۡحُرُمَٰتُ قِصَاصٞۚ فَمَنِ ٱعۡتَدَىٰ عَلَيۡكُمۡ فَٱعۡتَدُواْ عَلَيۡهِ بِمِثۡلِ مَا ٱعۡتَدَىٰ عَلَيۡكُمۡۚ وَٱتَّقُواْ ٱللَّهَ وَٱعۡلَمُوٓاْ أَنَّ ٱللَّهَ مَعَ ٱلۡمُتَّقِينَ﴾ [يوسف: 53]

(ဧကန်မလွဲ စိတ်နှလုံးများသည် မကောင်းမှုကို အလွန်အမိန့်ပေးတိုက်တွန်းလေ့ရှိကြသောကြောင့်ပင်။ သို့ရာတွင်ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်က သနားကရုဏာပြုတော်မူသည့် (စိတ်နှလုံးမှာမူ အပြစ်မှလွတ်ကင်းနိုင်ပေသည်။) မလွဲဧကန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။)[စူရဟ် ယူစွဖ် အာယသ် - ၅၃]

(၂) ရှိုင်သွာန်။ ၎င်းသည် အာဒမ်၏သားမြေးများ၏ ရန်သူဖြစ်သည်။ ၎င်း၏အဓိကရည်ရွယ်ချက်မှာ လူသားအား လမ်းမှားစေရန်၊ မကောင်းသည့် အကြံအစည်များကို ထည့်သွင်းပေးရန်နှင့် ဂျဟန္နမ်ငရဲဘုံသို့ ကျရောက်စေရန်ဖြစ်သည်။

﴿يَٰٓأَيُّهَا ٱلنَّاسُ كُلُواْ مِمَّا فِي ٱلۡأَرۡضِ حَلَٰلٗا طَيِّبٗا وَلَا تَتَّبِعُواْ خُطُوَٰتِ ٱلشَّيۡطَٰنِۚ إِنَّهُۥ لَكُمۡ عَدُوّٞ مُّبِينٌ١٦٨﴾ [البقرة: 168]

(သို့ရာတွင် အသင်တို့သည် ရှိုင်သွာန်၏ခြေရာများကို (ဖဝါးခြေထပ်) မလိုက်ကြကုန်လင့်။ အမှန်စင်စစ် ယင်းရှိုင်သွာန်သည် သင်တို့၏ ပွင့်လင်းထင်ရှားလှစွာသော ရန်သူရန်ဘက်ပင် ဖြစ်ချေသည်။ [စူရဟ် ဗကရဟ် အာယသ် - ၁၆၈]

(၃) မကောင်းသော အပေါင်းအဖော်များ။ ၎င်းတို့သည် မကောင်းမှုပြုလုပ်ရန် အားပေးတိုက်တွန်းပြီး ကောင်းမှုမှ တားဆီးကြသည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿ٱلۡأَخِلَّآءُ يَوۡمَئِذِۢ بَعۡضُهُمۡ لِبَعۡضٍ عَدُوٌّ إِلَّا ٱلۡمُتَّقِينَ٦٧﴾ [الزخرف: 67]

(ထိုနေ့တွင် 'မုသ္တကီ' သူတော်စင်တို့မှတပါး အခြားမိတ်ဆွေရင်းချာတို့မှာ အချို့သည် အချို့၏ ရန်သူများပင် ဖြစ်ကြပေမည်။) [စူရဟ် ဇုခ်ရုဖ် အာယသ် - ၆၇]

### S15: Waa maxay taqwadu?

မေး (၁၆) သက္ကဝါ ဟူသည် အဘယ်နည်း။ဖြေ။ သက္ကဝါ ဟူသည် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို နာခံကာ အပြစ်အကုသိုလ်များကို စွန့်လွှတ်ခြင်းဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿ٱلشَّهۡرُ ٱلۡحَرَامُ بِٱلشَّهۡرِ ٱلۡحَرَامِ وَٱلۡحُرُمَٰتُ قِصَاصٞۚ فَمَنِ ٱعۡتَدَىٰ عَلَيۡكُمۡ فَٱعۡتَدُواْ عَلَيۡهِ بِمِثۡلِ مَا ٱعۡتَدَىٰ عَلَيۡكُمۡۚ وَٱتَّقُواْ ٱللَّهَ وَٱعۡلَمُوٓاْ أَنَّ ٱللَّهَ مَعَ ٱلۡمُتَّقِينَ١٩٤﴾ [البقرة: 194]

(သို့ရာတွင် အသင်တို့သည် အမြဲမပြတ် အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ ခန့်ညားကြကုန်။ ၎င်းပြင် အသင်တို့သိထားကြကုန်၊ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် (မိမိအား) ကြောက်ရွံ့ရိုသေ ခန့်ညားသောသူများနှင့်အတူ ရှိတော်မူသည်။ [စူရဟ် ဗကရဟ် အာယသ် - ၁၉၄]

မေး (၁၇) သောင်ဗ်ဗဟ်ဟူသည် အဘယ်နည်း။

ဖြေ။ သောင်ဗ်ဗဟ်ဟူသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ဖီဆန်မှုမှ အရှင်မြတ်၏အမိန့်နာခံမှုသို့ ပြန်လှည့်ခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَإِنِّي لَغَفَّارٌ لِّمَن تَابَ وَءَامَنَ وَعَمِلَ صَٰلِحًا ثُمَّ ٱهْتَدَىٰ۝٨٢﴾ [طه: 82]

(သို့ရာတွင် အကြင်သူ နောင်တတရားရရှိခဲ့သည့်ပြင်(အလ္လာဟ်အရှင်မြတ်အားလည်း) သက်ဝင်ယုံကြည်ခဲ့ပေသည်။ ထိုမှတစ်ပါး ကောင်းမြတ်သောအကျင့်သီလများကိုလည်းကျင့်မူ ဆောက်တည်ခဲ့ပေသည်။ ထို့နောက် တရားလမ်းမှန်ပေါ်၌ တည်ရှိနေခဲ့၏။ ထိုသူအား ငါအရှင်မြတ်သည်အလွန်တရာ ခွင့်လွှတ်တော်မူ၏။) [စူရဟ် သွာဟာ အာယသ် - ၈၂]

မေး (၁၈) စစ်မှန်သောသောင်ဗ်ဗဟ်ဖြစ်ရန် လိုအပ်သောစည်းကမ်းချက်များကိုဖော်ပြပါ။

ဖြေ။ (၁) အပြစ်ကျူးလွန်ခြင်းကို စွန့်လွှတ်ခြင်း။

(၂) အပြစ်ကျူးလွန်မိခဲ့သည့်အပေါ်ဝမ်းနည်းခြင်း။

(၃) နောက်ထပ်မကျူးလွန်တော့ရန် အခိုင်အမာဆုံးဖြတ်ချက်ချခြင်း။

(၄) အခြားသူများ၏ ရပိုင်ခွင့်များနှင့် မတရားသဖြင့်ရယူထားသည့်အရာများကို ပြန်လည်ပေးအပ်ခြင်း။

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿وَٱلَّذِينَ إِذَا فَعَلُواْ فَٰحِشَةً أَوْ ظَلَمُوٓاْ أَنفُسَهُمْ ذَكَرُواْ ٱللَّهَ فَٱسْتَغْفَرُواْ لِذُنُوبِهِمْ وَمَن يَغْفِرُ ٱلذُّنُوبَ إِلَّا ٱللَّهُ وَلَمْ يُصِرُّواْ عَلَىٰ مَا فَعَلُواْ وَهُمْ يَعْلَمُونَ ۝١٣٥﴾ [آل عمران: 135]

(ထို့ပြင်တဝ ယင်းသူတော်စင်များသည် ညစ်ညမ်းသော ကိစ္စတရပ်ရပ်ကို ပြုလုပ်မိကြသည်ဖြစ်စေ၊ မိမိတို့ကိုယ်ကို နှိပ်စက်ညှင်းပန်းမိကြသည်ဖြစ်စေ (ပြုမိလျှင်ပြုမိခြင်း) အလ္လာဟ်အရှင်မြတ်အား အောက်မေ့ တသ သတိရကြကုန်၏။ ထို့နောက် မိမိတို့အပြစ်များမှ ချမ်းသာရန်အလို့ငှါ(အလ္လာဟ်အရှင်မြတ် အထံတော်၌) အသနားခံ တောင်းပန်ကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်မှတစ်ပါးအပြစ်များမှ ချမ်းသာခွင့် ပေးနိုင်သောသူ သည်အဘယ်သူနည်း။ တဖန် ယင်းသူတို့သည် မိမိတို့ ပြုလုပ်မိကြသော (ပြစ်မှုဒုစရိုက်များကို) ဇွတ်တိုး၍ မိမိတို့ကိုယ်တိုင်သိနားလည်ကြပါလျက်နှင့် လက်မလျှော့ဘဲ ပြုမြဲပြုနေခဲ့ကြသည်လည်း မဟုတ်ချေ။)[စူရဟ် အာလိအင်မ်ရာန် အာယသ် - ၁၃၅]

မေး (၁၉) မွတ်စ်လင်တို့အဖို့သိက္ခာနှင့် အကူအညီရစေမည့်လမ်းကို ဖော်ပြပါ။

ဖြေ။ အစ္စလာမ်သာသနာတော်ကို လိုက်နာကျင့်သုံးခြင်းနှင့် အပြစ်အကုသိုလ်များကိုစွန့်လွှတ်ခြင်း။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِن تَنصُرُواْ ٱللَّهَ يَنصُرْكُمْ وَيُثَبِّتْ أَقْدَامَكُمْ ۝٧﴾ [محمد: 7]

အို-'မုအ်မင်နိ' သက်ဝင်ယုံကြည်သူအပေါင်းတို့၊အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ် (၏သာသနာကိုလည်းကောင်း ထိုအရှင်မြတ်၏ ရစူလ်တမန်တော်)အား(လည်းကောင်း၊) ကူညီကြလျှင် ထိုအရှင်မြတ်သည် အသင်တို့အား ကူညီတော်မူမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့၏ခြေများကို(စစ်မက်တိုက်ခိုက်ရာ၌) မြဲမြံကြံ့ခိုင်စေတော်မူပေမည်။[စူရဟ် မုဟမ္မဒ် အာယသ် - ၇]

အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-

﴿لَهُۥ مُعَقِّبَٰتٌ مِّنۢ بَيۡنِ يَدَيۡهِ وَمِنۡ خَلۡفِهِۦ يَحۡفَظُونَهُۥ مِنۡ أَمۡرِ ٱللَّهِۗ إِنَّ ٱللَّهَ لَا يُغَيِّرُ مَا بِقَوۡمٍ حَتَّىٰ يُغَيِّرُواْ مَا بِأَنفُسِهِمۡۗ وَإِذَآ أَرَادَ ٱللَّهُ بِقَوۡمٖ سُوٓءٗا فَلَا مَرَدَّ لَهُۥۚ وَمَا لَهُم مِّن دُونِهِۦ مِن وَالٍ ١١﴾ [الرعد: 11]

(အမှန်သော်ကား အရှင်မြတ်သည် လူမျိုးတစ်မျိုး၏ (ကောင်းမွန်သော) အခြေအနေကို ၎င်းတို့ကိုယ်တိုင် မိမိတို့၏အခြေအနေကို မပြောင်းလဲသမျှကာလပတ်လုံး ပြောင်းလဲတော်မူသည်မဟုတ်ပေ။ [စူရဟ် ရအ်ဒ် အာယသ် - ၁၁]

မေး (၂၀) ဒုအာဆုတောင်းခြင်း၏ အရေးကြီးပုံကို ဖော်ပြပါ။

ဖြေ။ ဒုအာဆုတောင်းခြင်းသည် အကြီးမားဆုံးအမိန့်နာခံမှုဖြစ်ပြီး အရှင်မြတ်နှင့်နီးကပ်မှုရရှိစေမည့် အကြီးကျယ်ဆုံးသော ကောင်းမှုဖြစ်သည်။အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ

﴿وَقَالَ رَبُّكُمُ ٱدۡعُونِيٓ أَسۡتَجِبۡ لَكُمۡۚ إِنَّ ٱلَّذِينَ يَسۡتَكۡبِرُونَ عَنۡ عِبَادَتِي سَيَدۡخُلُونَ جَهَنَّمَ دَاخِرِينَ ٦٠﴾ [غافر: 60]

﴾ထို့ပြင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (ဤသို့)မိန့်ကြားတော်မူခဲ့၏။ အသင်တို့သည် ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းပတ္ထနာပြုကြလေကုန်။ ငါအရှင်မြတ်သည် အသင်တို့၏ ဆုတောင်းပတ္ထနာပြုချက်ကို လက်ခံတော်မူမည်။ ဧကန်စင်စစ် ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ခြင်းမှ မောက်မာကြကုန်သောသူတို့မှာမူကား မကြာမြင့်မီပင် ဂုဏ်အသရေယုတ်ညံ့စွာနှင့် "ဂျဟန္နမ်"ငရဲဘုံသို့ ဝင်ရောက်ကြကုန်အံ့သတည်း။ [စူရဟ် ဂါဖိရ် အာယသ် - ၆၀]

တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ-ဒုအာဆုတောင်းခြင်းသည် အိဗာဒသ် ခဝပ်ကိုးကွယ်မှုပင်ဖြစ်သည်။(အဗူဒါဝူးဒ်ကျမ်း၊ သိရ်မိဇီကျမ်း၊ အိဗ်နုမာဂျဟ်ကျမ်း)

မေး(၂၁) တမန်တော်မြတ်(ﷺ)အပေါ် ဆွလာသ်မေတ္တာပို့သခြင်း ဆိုသည်မှာ အဘယ်နည်း။

ဖြေ။ တမန်တော်မြတ်(ﷺ)အပေါ် ဆွလာသ်မေတ္တာပို့ခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်က မိမိ၏နဗီတမန်တော်အား မွန်မြတ်လှသည့် ကောင်းကင်တမန်တော်များရှေ့တွင် ချီးမွမ်းတော်မူရန်အတွက် သင်ဆုတောင်းပေးခြင်းဖြစ်သည်။.

မေး (၂၂) 'سُبْحَانَ اللّٰهِ'၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ သတ်စ်ဗီးဟ်

(سُبْحَانَ اللّٰهِ)

ရွတ်ဆိုခြင်း၏ အဓိပ္ပါယ်မှာ အရှင်မြတ်သည် ချို့ယွင်းချက်၊ အားနည်းချက်၊ အပြစ်တို့မှ ကင်းစင်ကြောင်းမြွက်ဟခြင်းဖြစ်သည်။

မေး (၂၃)'الْحَمْدُ لِلّٰهِ' ၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ 'الْحَمْدُ لِلّٰهِ' ၏ အဓိပ္ပါယ်မှာ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်း၊ အရှင်မြတ်အားပြီးပြည့်စုံသည့် ဆိုဖာသ်ဂုဏ်တော်များဖြင့် ဂုဏ်မွမ်းခြင်းဖြစ်သည်။

မေး (၂၄) 'اللهُ أَكْبَرُ' ၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ '

اللهُ أَكْبَرُ

' ၏အဓိပ္ပါယ်မှာ အရှင်မြတ်သည် အရာအားလုံးထက် အကြီးမြတ်ဆုံး၊ တန်ခိုးအရှိန်အဝါအကြီးဆုံး ဖြစ်တော်မူသည်။.

မေး (၂၅) 'لاَ حَوْلَ وَلاَ قُوَّةَ إِلاَّ بِاللهِ' ၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ '

لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ'

၏အဓိပ္ပါယ်မှာ- လူသားသည် အခြေအနေတစ်ခုမှ နောက်အခြေအနေတစ်ခုသို့ ပြောင်းလဲနိုင်စွမ်းမရှိ ထိုအပေါ် အလ္လာဟ်အရှင်မြတ်က စွမ်းအားပေးမှသာ ဆောင်ရွက်နိုင်သည်။

မေး (၂၆) 'أَسْتَغْفِرُ اللهَ'၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ လူသားသည် မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်ပါးမှ မိမိ၏အပြစ်အကုသိုလ်များကို ခွင့်လွှတ်ချမ်းသာပေးရန်နှင့် မိမိ၏အားနည်းချက်များကို ဖုံးကွယ်ပေးရန် တောင်းခံခြင်းဖြစ်သည်။

## နိဂုံး.

နိဂုံးချုပ်အားဖြင့် ဆိုရသော်

ဤသည် မိဘများအနေဖြင့် မိမိတို့၏သားသမီးများအား မှန်ကန်သောစကားရပ်များ၊ လုပ်ရပ်များ၊ ယုံကြည်ချက်များအပေါ် ကြီးပြင်းလာစေရန် ထပ်ခါထပ်ခါရှင်းပြရမည့် မေးခွန်းများဖြစ်ပြီးဤအပေါ် ပြုစုပျိုးထောင်ပေးရန်မှာ ၎င်းတို့အားကျွေးမွေးခြင်း၊ အဝတ်အစား ဆင်ယင်ပေးခြင်းတို့ထက်ပင် ပို၍အရေးကြီးပေသည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ-﴿

﴿يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ قُوٓاْ أَنفُسَكُمۡ وَأَهۡلِيكُمۡ نَارٗا وَقُودُهَا ٱلنَّاسُ وَٱلۡحِجَارَةُ عَلَيۡهَا مَلَٰٓئِكَةٌ غِلَاظٞ شِدَادٞ لَّا يَعۡصُونَ ٱللَّهَ مَآ أَمَرَهُمۡ وَيَفۡعَلُونَ مَا يُؤۡمَرُونَ ٦﴾ [التحريم: 6]

(အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ-(အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ကိုယ်များကိုလည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားတို့ကိုလည်းကောင်း၊ (ငရဲ)မီး (ဘေး)မှ ကင်းလွတ်စေကြလေကုန်။ ယင်း(ငရဲ)မီး၏ လောင်စာများမှာ လူများနှင့်ကျောက်တုံးများ ဖြစ်ကြ၏။ ယင်း(ငရဲ)မီး၌ ညှာတာမှုကင်းမဲ့၊ စိတ်ဓာတ် ခက်ထန်ကြမ်းတမ်းသော၊ လွန်စွာပြင်းထန် ကြံ့ခိုင်သော "မလာအိကဟ်" ကောင်းကင်တမန်များသည် (စောင့်ကြပ်လျက်)ရှိကြကုန်၏။ ထို "မလာအိကဟ်" ကောင်းကင်တမန်တို့မှာ အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်က ၎င်းတို့ကို ပေးတော်မူသော အမိန့်တော်နှင့်စပ်လျဉ်း၍ ဖီဆန်ကြသည် မရှိသည့်အပြင် မိမိတို့ အမိန့်ပေးတော်မူခြင်း ခံကြရသည်ကို (မဆိုင်းမတွ) ပြုလုပ် ဆောင်ရွက်လေ့ရှိကြကုန်၏။)[စူရဟ် သဟ်ရီးမ် အာယသ် - ၆]

အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ﷺ)မိန့်ကြားတော်မူသည်မှာ-အမျိုးသားသည် မိမိ၏မိသားစုထဲတွင် အုပ်ထိန်းသူဖြစ်သည်။ သူသည်မိမိ၏ လက်အောက်ငယ်သားများနှင့်ပတ်သက်၍ မေးမြန်းခြင်းခံရမည်ဖြစ်သည်။ အမျိုးသမီးသည်လည်း မိမိခင်ပွန်းအိမ်တွင် အုပ်ထိန်းသူဖြစ်သည်။ သူမသည်လည်း သူမအုပ်ထိန်းရသောအရာများနှင့် ပတ်သက်၍ မေးမြန်းခြင်းခံရမည်ဖြစ်သည်။(ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း)

ကျွန်ုပ်တို့၏ နဗီတမန်တော် မုဟမ္မဒ် အပေါ် သို့လည်းကောင်း၊ ကိုယ်တော်၏ အိမ်သူအိမ်သားများနှင့် သာဝကတော်များ အားလုံးအပေါ်သို့ လည်းကောင်း အလ္လာဟ်အရှင်မြတ်ထံတော်မှငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာ ကျရောက်ပါစေ။

******

## မာတိကာ

မွတ်စ်လင်မ် ရင်သွေးငယ်များအတွက် သိမှတ်ဖွယ်ရာများ..........1

စကားချီး..........3

ယုံကြည်မှုကဏ္ဍအကီဒဟ် ယုံကြည်မှုဆိုင်ရာ အသိပညာ။အစ္စလာမ့် အကီဒဟ်ယုံကြည်ချက်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်အဖြစ်လည်းကောင်း၊ အရှင်မြတ်တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ခြင်းခံထိုက်ကြောင်းကို လည်းကောင်း၊ အရှင်မြတ်၏ နာမတော်များ ဂုဏ်တော်များကိုလည်းကောင်း၊ အရှင်မြတ်၏ မလာအိကဟ် ကောင်းကင်တမန်များကိုလည်းကောင်း၊ အရှင်မြတ်၏ ကျမ်းဂန်များကိုလည်းကောင်း၊ အရှင်မြတ်၏ ရစူလ်တမန်တော်များကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ သက္ကဒီရ် အကောင်း အဆိုး သတ်မှတ်ချက်ကိုလည်းကောင်း၊ အခြားသောအကွယ်ဆိုင်ရာ ကိစ္စရပ်များနှင့် သာသနာရေး အခြေခံယုံကြည်ချက်များအားလုံးကိုလည်းကောင်း၊ အကီဒဟ် ယုံကြည်ချက်ဆိုင်ရာကဏ္ဍတွင်လည်းကောင်း၊ ‘السلف الصالح’ ရှေးသူမွန်သူမြတ်တို့က တညီတညွတ်တည်း လက်ခံယုံကြည့်ခဲ့သည့်အချက်များကို လည်းကောင်း၊ အခြားယုံကြည်ချက်ဆိုင်ရာ မတ်စ်အလဟ်များကိုလည်းကောင်း ခိုင်မာစွာသက်ဝင်ယုံကြည်ခြင်းဖြစ်သည်။ ..........7

ဖိက်ဟ်ကဏ္ဍ။..........49

တမန်တော်မြတ်(ﷺ)၏ အတ္တုပ္ပတ္တိ ကဏ္ဍ။တမန်တော်မြတ်အတ္တုပ္ပတ္တိဆိုင်ရာ အသိပညာ။တမန်တော်မြတ်၏အတ္တုပ္ပတ္တိဟူသည် ကိုယ်တော်မြတ်(ﷺ) ဖွားမြင်သည့်အချိန်မှစ၍ ဝဖာသ်ဖြစ် ကွယ်လွန်တော်မူသည့်အချိန်ထိ ဘဝဖြစ်စဉ်ကို လေ့လာသည့်ပညာရပ်ဖြစ်သည်။..........99

သဖ်စီးရ် ကဏ္ဍ။ သဖ်စီးရ်ဆိုင်ရာ အသိပညာ။သဖ်စီးရ်ဆိုသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ရှိ အာယာသ်တော်များ၏အဓိပ္ပာယ်နှင့် သက်ဆိုင်သည့် ပညာရပ်ဖြစ်ပြီး ထိုအာယသ်တော်များတွင် ယုံကြည်မှု၊ ခဝပ်ကိုးကွယ်မှု၊ လူမှုဆက်ဆံမှု၊ ကိုယ်ကျင့်တရား၊ ဟလာလ်၊ ဟရာမ်၊ အမိန့်ပေးချက်၊ တားမြစ်ချက်တို့အပြင် အခြားကဏ္ဍများနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များပါရှိသည်။သတိပေးချက် - ဤကဏ္ဍသည် ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်များကို ကျက်မှတ်ရန်နှင့် အဓိပ္ပါယ်များကို သိနားလည်ရန်အတွက်ဖြစ်သည်။..........110

ဟဒီးဆ် ကဏ္ဍ။ဟဒီးဆ် ဆိုင်ရာ အသိပညာ။ဟဒီးဆ်ဆိုသည်မှာ တမန်တော်မြတ်(ﷺ)၏ မိန့်ကြားချက်များ၊ လုပ်ဆောင်မှုများ၊ အတည်ပြုချက်များ၊ တမန်တော်မြတ်(ﷺ)၏ ရုပ်ဆင်းအင်္ဂါနှင့်ကိုယ်ကျင့်တရားများအားလုံးကို ခေါ်ဆိုသည်။..........132

အစ္စလာမ့် ကျင့်ဝတ်ကဏ္ဍ။ကျင့်ဝတ်ဆိုင်ရာ ပညာရပ်။အစ္စလာမ့်ကျင့်ဝတ်ဆိုသည်မှာ-အစ္စလာမ့်ရှရီအဟ်တရားတော်တွင် ဖော်ပြထားသော ကောင်းမွန်သည့်ကိုယ်ကျင့်တရားများ၊ လုပ်ရပ်များနှင့် အပြုအမူများကိုခေါ်ဆိုပြီး ၎င်း၌အလ္လာဟ်အရှင်မြတ်နှင့် သက်ဆိုင်သည့် ကျင့်ဝတ်များနှင့် အဖန်ဆင်းခံများနှင့် သက်ဆိုင်သည့် ကျင့်ဝတ်များပါဝင်သည်။ ........ 146

ကိုယ်ကျင့်တရားကဏ္ဍကိုယ်ကျင့်တရားဆိုင်ရာ အသိပညာ။ကိုယ်ကျင့်တရားဟူသည် ကောင်းခြင်း၊ ဆိုးခြင်း၏အလိုသဘောကို သိရှိနိုင်သောအသိပညာရပ်ဖြစ်ပြီး ယင်းအသိပညာသည် အလ္လာဟ်အရှင်မြတ်နှင့်လည်းကောင်း၊ အရှင်မြတ်၏အဖန်ဆင်းခံများနှင့်လည်းကောင်း ဆက်ဆံရာတွင် မည်သို့ဆက်ဆံရမည်ကို ရှင်းပြပေးသည်။ ........ 196

ဇိက်ရ်တော်များနှင့် ဒုအာများကဏ္ဍ။ဇိက်ရ်ဆိုင်ရာ အသိပညာ။ ဇိက်ရ်ဟူသည်။ဇိက်ရ်ဆိုသည်မှာ နှုတ်လျှာဖြင့် အလ္လာဟ်အရှင်မြတ်၏ ဇိက်ရ်တော်များဖြစ်သည့် လာအိလာဟအိလ္လလ္လာဟ်၊ အလ္လာဟုအက္ကဗရ်၊ စုဗ္ဗဟာနလ္လာဟ်၊ အလ်ဟမ်ဒုလိလ္လာဟ်၊ အတ်စ်သဂ်ဖိရုလ္လာဟ် စသည်တို့ကို ရွတ်ဆိုခြင်း၊ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်း၊ နံနက်နှင့်ညနေတွင် ရွတ်ဖတ်ရသော ဇိက်ရ်တော်များကို ရွတ်ဆိုခြင်း၊ ဆွလာသ်၏ဇိက်ရ်တော်များ၊ အိပ်ရာဝင်သောအခါနှင့် အိပ်ရာထသောအခါရွတ်ဆိုရသည့် ဇိက်ရ်တော်များ စသည်တို့အပြင် အခြားနေရာများ၌ တမန်တော်မြတ်(ﷺ) သင်ပြထားသော ဇိက်ရ်တော်များကို ရွတ်ဆိုခြင်းတို့ဖြစ်သည်။ အကောင်းဆုံးဇိက်ရ်မှာ နှုတ်လျှာနှင့် စိတ်နှလုံးသား တပြိုင်တည်းပြုသော ဇိက်ရ်ပင်ဖြစ်သည်။ ........ 221

အထွေထွေကဏ္ဍအထွေထွေကဏ္ဍအထွေထွေကဏ္ဍတွင် ပညာရပ်အသီးသီးနှင့် သက်ဆိုင်သည့် အရေးပါသော အမေးအဖြေများပါဝင်သည်။ ........ 245

နိဂုံး. ........ 262

မာတိကာ ........ 264